www.burmeseclassic.com

မောင်ညိုမှိုင်း(သန်လျင်)

# မျက်ရည်တောင်မှာထိုးတဲ့ကျောက်စာ

(ပထမပိုင်း)



www.burmeseclassic.com

www.burmeseclassic.com

**စီစဉ်သူ**

ကိုတင်ထွန်း

**ပုံနှိပ်ခြင်း**

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၅၊ ဇန်နဝါရီလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | *Myat Min Han* |
| ကွန်ပျူတာစာစီ | ။ | *Maw Maw (New Idea)* |
| အတွင်းဖလင် | ။ | *Zin Oo & Brothers* |

**ပုံနှိပ်သူ**

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ထုတ်ဝေသူ**

ဦးတင်ထွန်း (မြဲ) (၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၈၀၀ ကျပ်

ရ၉၅ ◆ ၈၃
ညီမှိုင်း၊မောင်(သန်လျင်)
မျက်ရည်တောင်မှာထိုးတဲ့ကျောက်စာ/မောင်ညီမှိုင်း(သန်လျင်)။–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၄၄–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မျက်ရည်တောင်မှာထိုးတဲ့ကျောက်စာ(ပထမပိုင်း)

## စာရေးသူ၏အမှာစာ

(၁)

ကျေးဇူးရှင် စာဖတ်ပရိသတ်များကို အထူးမေတ္တာရပ်ခံချင်သည်မှာ ဤအမှာစာကို ဦးစွာဖတ်ပြီးမှ ဝတ္ထုရှည်ကို စတင်ဖတ်ရှုပါရန် လေးစားစွာ မေတ္တာရပ်ပါတယ်ခင်ဗျား . . .

ဝတ္ထုရှည် ဖတ်မည်ဆိုပါလျှင်လည်း တစ်မျက်နှာချင်း စိတ်ရှည်ရှည်နှင့် သည်းခံဖတ်ရှုသွားပါလို့လည်း ပြောပါရစေ။

ကျေးဇူးတင်ပါတယ်။

(၂)

ကျွန်တော် စာတွေကို အရူးအမူးဖတ်စဉ်ကာလက စာရေးဆရာကြီး ဆရာသော်တာဆွေရေးတဲ့ "ပုဂံသူရဲကောင်းများ" ဝတ္ထုကို အလွန်အဘောကျခဲ့ရပါတယ်။

အဲဒီဝတ္ထုကို ဖတ်ပြီး စာရေးနည်း အတတ်ပညာလည်း ရရှိခဲ့တယ်လို့ မှတ်ယူခဲ့ပါတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

ဆရာသော်တာဆွေက ပုဂံသူရဲကောင်းများဝတ္ထုကို ရေးသားရာမှာ ပုဂံခေတ်ရဲ့ အပြောအဆို လေသံအစား မျက်မှောက်ခေတ်အရေးအပြောနဲ့ ပြန်ဆိုသရုပ်ဖော်သွားတော့ ပုဂံခေတ်သူရဲကောင်းတွေ ဆက်စပ်သူတွေရဲ့ ဘဝဖြစ်စဉ်ရသကို ရှင်းရှင်းကွင်းကွင်း ဖတ်ရှုနားလည်ခဲ့ရပြီး ရင်ထဲမှာ ကျေနပ်အားရခဲ့ရပါတယ်။

ဆရာ့ကို ကျေးဇူးတင်လိုက်ပါဘိ။

(၃)

တစ်နေ့ ... ကျွန်တော် စာရေးဆရာကြီး ဆရာစည်သူမြိုင် (သုတေသန) ရေးသားပြုစုတဲ့ (၃၇) မင်းနှင့် တိုင်းရင်းသား ရိုးရာနတ်များဆိုတဲ့ စာအုပ်မှ "မယ်ဖြူမယ်ညိုနတ်" ဆိုတဲ့ ပျဉ်းမနားနယ်၊ ဆင်ဖြူတောင်နှင့် လေ့တွင်းတောင် (လေ့ထွင်းတောင်) က တောင်စောင့်နတ်ညီအစ်မနှစ်ဦးရဲ့ ဖြစ်စဉ်သမိုင်းအကျဉ်းကို ဖတ်လိုက်ရပါတယ်။

ဇာတ်လမ်းဖြစ်စဉ်က ပုဂံခေတ် အနော်ရထာမင်းကြီး လက်ထက်တော်တုန်းက အရှေ့ပေါင်းလောင်းမြစ်အနီး ကျည်တောင်ရွာအနီးက တောင်တစ်တောင်မှာ ဆင်ဖြူတော်သုံးစီးပေါ်လို့ မင်းမိန့်နဲ့ အောက်မားဆင်ဖမ်းသမားတွေ ဆင်ဖြူတော်လာဖမ်းကြတယ်။ သည်မှာ ကျည်တောင်ရွာသူ မိန်းမချောနှစ်ဦးဖြစ်တဲ့ မယ်ဖြူ၊ မယ်ညို (ခေါ်) ရှင်ဖြူ၊ ရှင်ညိုတို့နှင့် အောက်မား ဆင်ရှာဖမ်းသူ ညီအစ်ကိုတို့ ချစ်သူဘဝ ရောက်သွားပြီး နောက်ပိုင်း ကြေကွဲရင်နင့်စရာ ဖြစ်ခဲ့ရတဲ့ ဇာတ်လမ်းပါ။

သစ္စာတရားကြီးမားတဲ့ အချစ်နှင့် ဂုဏ်သိက္ခာ ဖြစ်ရပ်ဆန်းကြယ် ဖြစ်ရပ်ပါ။ အဲဒီဇာတ်လမ်းတိုလေးဖတ်ပြီး ရင်ထဲမှာ ခံစားမှု ဖြစ်ပေါ်လာရာက ဂုဏ်သိက္ခာဖြစ်ရပ်ဆန်းကြယ်ဝတ္ထု ရေးဖြစ်သွားခဲ့ရတာပါခင်ဗျာ။



(၄)

ကျွန်တော်သည် ပုဂံခေတ်ရဲ့ ရေမြေတောတောင် အနေအထားကို မျက်စိမှာ မြင်တွေးကြည့်ပြီး စိတ်ကူးစိတ်သန်း ဖြည့်စွက်ချက်များနှင့် ဤဝတ္ထုကို ကြိုးစားရေးဖွဲ့ခဲ့ပါတယ်။

ပုဂံခေတ်ရဲ့ လူတန်းစားအဆင့်ဆင့်တို့ ပြောဆိုခဲ့သည့်လေသံကို အတိအကျ ကျွန်တော်မသိပါ။

ခေတ်ပေါ် အများသုံး စကားပြေဖြင့်သာ သူတို့ဘဝကို စာဖတ်သူအများ နားလည်ခံစားနိုင်ဖို့ ကြိုးစားသရုပ်ဖော် ရေးဖွဲ့လိုက်ရပါတယ်။ ပုဂံခေတ်နောက်ခံ ဝတ္ထုရေးပြီး ပုဂံခေတ်ရဲ့ လေယူလေသိမ်း မပါသည်ကိုမှု ခွင့်လွှတ်ပေးကြပါရန်လည်း အထူးမေတ္တာရပ်ခံပါသည်။

(၅)

ကျွန်တော် ဆင်ကို မြင်ဖူးပါသော်လည်း ဆင်အမျိုးမျိုးတို့ဘဝကို အသေးစိတ် မသိပါဘူး။ တောနှင့်တောင်ကို အနည်းအကျဉ်း မြင်ဖူးရောက်ခဲ့ပါသော်လည်း ပုဂံခေတ်ကောင်းစားစဉ် အရှေ့ပေါင်းလောင်းမြစ်အနီးက ဆင်ဖြူတောင်၊ လေ့ထွင်းတောင်နဲ့ တောတို့ ဘယ်အတိုင်းအတာအထိ ကြီးအကျယ်ပြန့် ရှည်လျားမြင့်မား နက်ရှိုင်းခဲ့သနည်း ဆိုသည်ကိုမှု စိတ်ကူးနဲ့ မှန်းဆရင်းသာ လိုလိုပိုပို ဖြည့်ရေးဖွဲ့ပါတယ်လို့ ရိုးသားစွာ ဝန်ခံလိုပါတယ်။

မေတ္တာရပ်ခံချင်သည်မှာ မျက်မှောက်ခေတ် ပြောင်းလဲသွားပြီဖြစ်တဲ့ တောတောင်ရေမြေ သဘာဝနှင့် ထင်ဟပ်မကြည့်ကြဖို့လည်း အထူးမေတ္တာ ရပ်ခံပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီဝတ္ထုထဲမှာ အဓိကကျတဲ့ ဆင်ဖြူတော်နှင့် အောက်မားဆင်ဖမ်းသမားတွေရဲ့ အလုပ်အကိုင် ဘဝလေးကို သိချင်လို့ ဖတ်ရှုလေ့လာမေးမြန်း မှတ်သားခဲ့ရပါတယ်။

ဒီမှာ ကျွန်တော့်ဆရာ စာရေးဆရာ (ဦး) အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) ရေးသားပြုစုပြီး ၁၉၉၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ပထမဆုရရှိ ချီးမြှင့်ခံရတဲ့ "မြန်မာ့ဆင်" ဆိုတဲ့ စာအုပ်ကို ဖတ်ရှုပြီး ကိုးကားရေးသားမှ ဖြစ်မယ်လို့ မှတ်ယူပြီးနောက် ..

ဆရာ (ဦး) အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)ထံ ဖုန်းဆက်လို့ မေတ္တာရပ်ခံရပါတယ်။ ဆရာစိုးသည် စာပေဆုပေါင်းများစွာ ရရှိထားတဲ့ နိုင်ငံကျော် စာရေးဆရာ သုတေသီပညာရှင်တစ်ဦးပါ။ ဆရာခင်ဗျား ကျွန်တော် ပုဂံခေတ်နောက်ခံ ဆင်ဖြူတော် လိုက်ရှာဖမ်းတဲ့ ဆင်ဖမ်းသမား ဘဝဝတ္ထု ရေးချင်လို့ ဆရာရေးသားပြုစုခဲ့တဲ့ "မြန်မာ့ဆင်" စာအုပ်မှ ဆင်နှင့်ဆိုင်ရာ အကြောင်းအချို့ကို မှီငြမ်းကိုးကား ရေးသားဖော်ပြခွင့်ပြုပါလို့ မေတ္တာရပ်ခံတော့ ...

လွန်စွာ စိတ်သဘောထားပြည့်ပြီး အကူအညီကောင်းတွေ ပေးလေ့ရှိတဲ့ ဆရာ (ဦး) အောင်စိုးက ကျွန်တော့်မေတ္တာရပ်ခံမှုကို လှိုက်လှိုက်လှဲလှဲ လိုလိုလားလား ခွင့်ပြုခဲ့သည့်အတွက် ...

ဆင်ဖြူတော်နှင့်စပ်လျဉ်းသည့် ဗဟုသုတများ၊

ရှေးခေတ် အောက်မားဆင်ဖမ်းသမား၊

မနက်ပလာ ဆင်ဖမ်းသမားတို့ဘဝနှင့် ရိုးရာဓလေ့တွေကို ကိုးကားရေးသားခွင့်ရလို့ ဆရာ (ဦး) အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်–စာပေဆုများရှင်) ကို လွန်စွာ ကျေးဇူးတင်ရပါကြောင်း ဂုဏ်ယူမှတ်တမ်းတင်ရေးသားရပါတယ် ဆရာ။ ဆရာ ကျန်းမာ ချမ်းသာပါစေ။

ဒီနေရာမှာ ထပ်မံ မေတ္တာရပ်ခံချင်တာကတော့ ...

ပုဂံခေတ် အနော်ရထာမင်းကြီး လက်ထက်တော်ကာလက အောက်မားအမှုထမ်း၊ မနက်ပလာအမှုထမ်းဆိုသည့် ဝေါဟာရ ပီပီပြင်ပြင် မရှိသေးဖွယ် ဖြစ်ပါသော်လည်း ...



အနော်ရထာမင်းကြီးမှာ စစ်အင်္ဂါလေးပါးအနက်က ကြီးမားသည့် ဆင်တပ်တော်ကြီးရှိပြီး စစ်ရေးစစ်ရာကိစ္စမှာ အဓိက အသုံးပြုခဲ့ဖူးတာ ရာဇဝင်သမိုင်းစာအုပ်တွေမှာ ဖတ်ခဲ့ရပါတယ်။

မြောက်မြားလှစွာသော တိုက်ပွဲဝင်ဆင်၊ ဝန်တင်ဆင်၊ မင်းသုံးဆင်များအတွက် တောဆင်ရိုင်းများကို အောက်ငင်ဖမ်းယူလေ့ကျင့်စုဆောင်းအသုံးပြုရမည်မှာ အဓိကကျသည်ဟု ယူဆမိပါတယ်။

သို့ဖြစ်ပါသောကြောင့် အောက်မားဆင်အမှုထမ်းများနှင့် မနက်ပလာဆင်အမှုထမ်းတို့ရဲ့ ဘဝနှင့် ရိုးရာဓလေ့အစဉ်အလာတို့ကို ဤဝတ္ထုရဲ့ နောက်ခံ ပုဂံခေတ်မှာပဲ ထည့်သွင်းဖော်ပြ သရုပ်ဖော်လိုက်ရပါတယ်။

ဒေသန္တရဗဟုသုတနှင့်သော်လည်းကောင်း၊

ဆင်ဖမ်းသမားတို့ရဲ့ဘဝ သရုပ်ဖော်ရာမှာသော်လည်းကောင်း၊

ဝတ္ထုဇာတ်ကြောင်းကို ဖြည့်စွက်ဖွဲ့သီ သရုပ်ဖော်ရေးသားရာမှာသော်လည်းကောင်း အားနည်းချက်၊ ကွဲလွဲချက်၊ လွဲချော်ချက်များ ပိုသွားခြင်း၊ လိုသွားခြင်း အနည်းနှင့်အများ ရှိနိုင်ပါပေသည်။

ဤအားနည်းချက် ကွဲလွဲ လွဲချော်မှုများနှင့် သရုပ်ဖော် မပီပြင်မှုကိစ္စရပ်များသည် ကျွန်တော် မောင်ညိုမှိုင်းရဲ့ အားနည်းချက်၊ ညံ့ချက်များ ဖြစ်ပါကြောင်း ကြိုတင်ဝန်ခံပါတယ်ခင်ဗျာ။

ဆရာဦးအောင်စိုး အပါအဝင် အမျိုးမျိုး အနယ်နယ်မှ စာဖတ်ပရိသတ်များ၊ စာပေလုပ်ငန်းနှင့် ဆက်နွယ်သူအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေဟု မေတ္တာပြု၍ ...

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူတော်ယုံကြည်မှု

မဇ္ဈိမဒေသယဉ်ကျေးမှုမှ ဆင်းသက်လာသော မြန်မာနိုင်ငံ ယဉ်ကျေးမှုနယ်ပယ်တွင် ဆင်မည်းထက် ဆင်ဖြူကို ပိုမို၍ မြန်မာရှင်ဘုရင်တို့ အရေးတယူ ဂုဏ်ယူဝင့်ကြွား တန်ဖိုးထားခဲ့ကြသည်။

ဆင်ဖြူတော်သည် ကျက်သရေမင်္ဂလာ ပြုရေးအတွက်လည်းကောင်း၊ စစ်မက်ရေးရာအတွက်လည်းကောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက်သော်လည်းကောင်း အလွန်အရေးပါခဲ့သည်။

ပျူလူမျိုးဒေသ၊ သရေခေတ္တရာပြည်တွင် သံတောင်တစ်ရာမြင့်သော ဆင်ဖြူရုပ်ရှိ၍ ဘေးဥပါဒ်တစ်စုံတစ်ရာ ကျရောက်သောအခါ ပြည့်ရှင်မင်းနှင့် တိုင်းသူပြည်သားတို့သည် ဆင်ဖြူရုပ်ကို ပူဇော်ပသလျက် ဆုမွန်ကောင်းတောင်းကြသည်ဟု တရုတ်တို့မှတ်တမ်းများက ဖော်ပြကြသည်။

ကျမ်းကိုး –

၁၉၉၂ခုနှစ်၊ စာပေဗိမာန်စာမူဆု(ဝိဇ္ဇာပညာရပ် ပထမဆု)ရ'မြန်မာ့ဆင်'

အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

## ဆင်ဖြူတော်နှင့် ငွေစည်းခုံစေတီတော်

ဂန္ဓလရစ်တိုင်း၊ တရုတ်နိုင်ငံမှရခဲ့သော စွယ်တော်ပွား၊ မြဆင်းတုံ၊

ကမ်းယံပြည်မှ ရခဲ့သော နဖူးသင်းကျစ်တော်၊ ညှပ်ရိုးတော်၊ ဒလမြို့မှရခဲ့သော ဆံတော်များ၊ ဓာတ်တော်များတို့ကို ရတနာပန်းတောင်းတွင် ထည့်လျက် ရွှေကကြိုး ထီးဖြူတို့ဖြင့် တန်ဆာဆင်အပ်သော ရတနာဆင်ဖြူထက်သို့ တင်ပြီးလျှင် ဗုဒ္ဓဓာတ်တော်မွေတော်များ ကိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူတော်ဝပ်ပါစေသားဟု၍ အဓိဋ္ဌာန်ပြု၍ ဆင်ဖြူတော်ကို လွှတ်ခြင်းဖြင့် ပုဂံရွှေစည်းခုံ စေတီတော်မြတ်ကြီးကို တည်ခဲ့သည်။

ကျမ်းကိုး –

မြန်မာ့ဆင်

အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

www.burmeseclassic.com

www.burmeseclassic.com



ရောဝတ်ဆင်သည် ယူဇနာ (၁၅၀) ရှိပြီး ကိုယ်တစ်ခုပေါ်မှာ သိကြား(၃၃)ယောက်ထိုင်ရန် ဦးကင် (၃၃) လုံး ဖန်ဆင်းပါသည်တဲ့။ တစ်ခုသော ဦးကင်သည် သုံးဂါဝုတ်ယူဇနာခွဲရှိပါသည်။ သိကြားမင်းထိုင်သည့်နေရာ အလယ်ဦးကင်သည် ယူဇနာသုံးဆယ် ရှိပါသည်တဲ့ဘုရား။ သိကြားမင်းစီးသည့်အတွက် ရောဝတ်ဆင် မည်ပါသည်မင်းမြတ် ...

ပြီး ... နာဠာဂီရိဆင်မျိုးတစ်စီး ရှိပါသေးသည် မင်းမြတ်။

နာဠာဂီရိဆင်သည် အရွှေ၊ အဝါ၊ အပြာ၊ အစိမ်း၊ ချိပ်ရည်စသည်ဖြင့် အဆင်း (၆) ပါး ရှိပါသည်တဲ့ဘုရား။

အရပ်သည် (၁၅) တောင်ကျော်မြင့်ပြီး အစောက်နှင့်အလျား တူညီပါသတဲ့ဘုရား။ နေခြင်း၊ စားခြင်း၊ အိပ်ခြင်း အလွန်သန့်ရှင်းပါသည်။ အဆင်တန်ဆာ မဆင်ရဘဲ (၆)ပါးသောအဆင်းက တန်ဆာဖြစ်သည်လို့ ကျမ်းက ဆိုပါတယ် မင်းမြတ်။

ထို နာဠာဂီရိဆင်မျိုးကို ဝဿဝရောနတ်မင်းစီးပြီး ရတနာအတိပြီးသည့်ဆင်တော်ကို မြင်တဲ့အခါ ငါ့ရဲ့စီးတော်ဆင် နာဠာဂီရိဆင်ရဲ့ (၆)ပါးသောအဆင်းကို လိုက်မမီဟုဆို၍ နှစ်သက်တော်မူပါသတဲ့ဘုရား။

နောက်ထပ် နာဠာဂီရိဆင်တစ်မျိုးကား မြတ်စွာဘုရားသခင်ကို သတ်ရန် ဒေဝဒတ်စေခိုင်းသဖြင့် အဇာတသတ်မင်းကြီးက အမိန့်ပေးစေလွှတ်သည့် နာဠာဂီရိဆင်တစ်မျိုးပါဘုရား။ ၎င်းဆင်သည် ကြမ်းကြုတ်ရက်စက် ခက်ထန်ပြီး လူကိုသတ်ပါသည်ဘုရား။ ရတနာသုံးပါးကျေးဇူး မသိတဲ့ ဆင်မျိုးပါဘုရား။

နာဠာဂီရိဆင်မင်းမြတ်နေတဲ့အရပ်က ဝေဘူလတောင်နှင့် စန္ဒလိကတောင်နှစ်တောင်အကြားက မဟာပုပ္ပလိကမည်တဲ့ ကံ့ကော်၊ သာနီးပင်တို့ အတိပြီးသည့် တောအုပ်မှာ နေပါသည်တဲ့ဘုရား။

အဲဒီနေရာမှာ ကြာမျိုး(၅)ပါးနှင့် ပြည့်စုံသော အိုင်ကြီးရှိပြီး ဆင်စွယ်ခန့်ရှိသည့် ကြာဖြူသည် ပေါက်ရောက်ရှိနေသတဲ့။ အထူးထူးသော စားကောင်းသောက်ဖွယ်များ ရှိရာအရပ်မှာ နေပါသတဲ့ မင်းမြတ်။





ဒို့အပြင် ဆင်ဖြူ (၄)မျိုးရှိပါသည် အရှင်မင်းမြတ်။

ပထမအမျိုးအစားမှာ ...

မာတင်္ဂဆင်ပါဘုရား ...အာဇာနည်ဆင်မျိုးဖြစ်ပြီး ခြေသည်း၊ လက်သည်း၊ ကိုယ်၊ အစွယ်၊ မျက်စိ၊ ပုလဲအစွယ်ရှိပြီး အမွေးက စာမရီအမွေး ရှိပါတယ်ဘုရား။

ဒုတိယဆင်ဖြူမျိုးကတော့ ...

ကာလာသဟတ္ထိဆင်လို့ ခေါ်ပါတယ်မင်းကြီး။ မျက်စိ ပတ္တမြားအဆင်းရှိပြီး ကိုယ်လုံးက ငွေတောင်အဆင်းနဲ့ တူပါသတဲ့ဘုရား။

တတိယဆင်ဖြူမျိုးက ...

ပုဏ္ဍရိကဆင်ပါဘုရား ...ပုဏ္ဍရိတ်ကြာဖြူကဲ့သို့ ဖြူစင်သော အသားအရည် ရှိပါသည်တဲ့ မင်းမြတ်။

စတုတ္ထဆင်ဖြူအမျိုးအစားက ...

အရုဏဟတ္ထိဆင်ဖြူမျိုးပါဘုရား ...မျက်စိမှာ နီလာကျောက်မျက်အဆင်းရှိပြီး၊ ကိုယ်မွေးမှာ နေအရုဏ်အရောင် ရှိပါသည်ဘုရား။ ဆင်ဖြူကို လက်ဝယ်ပိုင်ပိုင်ရသောမင်းတို့သည် ဘုန်းတန်ခိုးသြဇာလည်းကြီးပါသည်။ မိုးလေဝသလည်း မှန်ကန်၍ တိုင်းပြည်အေးချမ်းသာယာပါသည် ...အရှင်မင်းမြတ်။

ဆင်တို့ရဲ့ ကြန်အင်လက္ခဏာအမျိုးအစား၊ ဂုဏ်ရည်နှင့် အသုံးဝင်ပုံများ၊ အကျိုးအပြစ်များက ရေးသားပြဆို ကဲ့ရဲ့ချီးမွမ်းရလျှင် ဆုံးအံ့မထင်ကြောင်းပါ မင်းကြီးဘုရား"

အနော်ရထာမင်းကြီးသည် ပညာရှိအမတ်ကြီးရဲ့ ဆင်အကြောင်းလျှောက်ထားတင်ပြချက်များကို ကြားရပြီး လွန်စွာအားရ ကျေနပ်တော်မူခဲ့သလို ...

အနီးမှာ ခစားနားထောင်နေကြတဲ့ မှူးကြီး၊ မတ်ကြီးတို့ကလည်း ပညာရှိအမတ်ကြီးကို လေးစားစွာ ကြည့်လိုက်ကြလေရဲ့။

"မင်းကြီးတို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . ."

"ကျွန်ုပ်သည် အရှေ့ပေါင်းလောင်းအရပ်မှာ ပေါ်တော်မူတဲ့ ဆင်ဖြူတော်သုံးစီးကို အလိုရှိပေတယ်"

"မှန်ပါဘုရား"

"အမိန့်တော်မှတ်မယ် . . . နာခံကြ။ ပေါက္ကံရာမ ပုဂံပြည့်ရှင် အကျွန်ုပ်အနုရုဒ္ဓါအရှင်သည် အရှေ့ပေါင်းလောင်းအရပ်မှာ ပေါ်တော်မူသည့် ရတနာဆင်ဖြူသုံးစီးကို အလိုရှိတော်မူတယ်။ ဒါကြောင့် မှူးကြီးမတ်ကြီးတို့က ဆင်ဝန်ဦးဆောင်၍ အောက်မားဝန်၊ မနက်ပလာဆင်ဝန်၊ ဆင်အမှုထမ်းတို့နှင့် ဆင်ဖြူတော်သုံးစီးကို ရွှေတော်မှောက်အရောက် ဆက်သနိုင်ရန် ယခုအချိန်ကစလို့ ဆောင်ရွက်တော်မူစေ"

အနော်ရထာမင်းကြီး၏ အမိန့်ပေးစေခိုင်းမှုကြောင့် ဝန်မင်းတို့က ဆင်ဖြူတော် ဖမ်းယူရရှိရေးကိစ္စကို အလျင်အမြန် ဆောင်ရွက်ကြရတော့တယ်။

ဆင်ဖြူတော်ပိုင်ဆိုင်လိုခြင်းက မင်းကေရာဇ်တွေမှာ လွန်စွာအာသီသရှိသည့် ဆန္ဒပဲ ဖြစ်တယ်လေ။

ဗုဒ္ဓမြတ်စွာဘုရားအလောင်း၊ သိဒ္ဓတ္ထမင်းသား၊ မယ်တော်မာယာဒေဝီရဲ့ဝမ်းကြာတိုက်မှာ ပဋိသန္ဓေယူစဉ်က ဝမ်းကြာတိုက်ထဲကို ဆင်ဖြူတော်ဝင်သည်လို့ အိပ်မက်တော် မြင်မက်တဲ့အတွက် ဆင်ဖြူတော်ကို ဗောဓိသတ္တ(ဘုရားအလောင်း)အဖြစ် လက်ခံယုံကြည်ခဲ့ကြတာရှိတယ်။

ဆင်ဖြူတော်ကို စွဲလမ်းလေ့ရှိတာ တန်ဘိုးကြီးမြတ်စွာ ထားရှိတာသည် ရှေးမြန်မာမင်းတို့ရဲ့ အယူအဆ အစွဲအလမ်းပါပဲ။

ဆင်ဖြူတော်ပိုင်သည့်မင်းဟာ ဘုန်းတန်ခိုးကြီးတယ်။ ဒီလို ဆင်ဖြူတော်ကို နတ်သိကြားတွေက မင်းရဲ့ဘုန်းကံကို အလေးထားပြီး ဆက်သတာလို့လည်း မှတ်ယူကြတယ်။

စကြဝတေးမင်းဟာ ဆင်ဖြူတော်ကို ပိုင်တယ်။





ဒါကြောင့် ဆင်ဖြူတော်ပိုင်သည့်မင်းသည် စကြဝတေးနှယ် ဖြစ်တော်မူတယ်လို့ ယုံမှတ်ကြတယ်လေ။

အခု . . . အနုရုဒ္ဓါမင်းကြီးကလည်း ဆင်ဖြူတော်သုံးစီးကို အဆောတလျင် အလိုရှိနေပြီဆိုတော့ တွံ့နှေးလို့ မရဘူး။

သည့်နောက် ဆင်ဝန်ကိုခေါ်ပြီး လေးလေးနက်နက် တာဝန်ပေးရတော့တယ်။

ဆင်ဖမ်းရာမှာ တာဝန်တွေက အသီးသီးရှိတယ်လေ။

မြန်မာမင်းတွေရဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ စစ်သုံးဆင်၊ မင်းမှုထမ်းဆင်၊ အခမ်းအနားသုံးဆင် စသည်တို့ရှိတယ်။

လိုအပ်တဲ့ဆင်တွေကို ဖမ်းဆီးဖို့အတွက် အမှုတော်ထမ်းတွေ ဖွဲ့ရာမှာ –

အောက်မားဝန်၊

အောက်မားစာရေး၊

ဆင်အစီအရင်၊

ဆင်ရုံသား၊

ဆင်မှူး၊

ဆင်ကဲ၊

ဆင်ကြားသား၊

ဆင်စမ်းသား ဆိုတာရှိတယ်။

အောက်မားဝန်က ဆင်ဖမ်းတဲ့ လုပ်ငန်းအဝဝကို တာဝန်ခံရတဲ့ အကြီးအမှူးပဲ။ ဆင်ကြားသား၊ ဆင်စမ်းသားတို့က အောက်မားစာရေး ဆင်မှူးတို့နှင့်အတူ တောတောင်ထဲမှာ ဆင်တွေကို ရှာဖွေဖမ်းဆီးရတယ်။

'ဆင်ကြားသား'ရဲ့တာဝန်က တောတောင်အထပ်ထပ်ကိုလှည့်ပြီး ဘယ်နေရာ ဘယ်အရပ်မှာ ဆင်ကောင်းဆင်မွန်တွေ ရှိတယ်ဆိုတာ နားစွင့်ရတယ်၊ လေ့လာရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကောင်းဆင်မွန်တွေ တွေ့ပြီဆိုရင် 'ဆင်စမ်းသား'ကို လာရောက်တင်ပြရပြီး ဒီသတင်း ဟုတ်မဟုတ်ကို 'ဆင်စမ်းသား'က သွားရောက်ကြည့်ရှု စုံစမ်းရတယ်။

သေချာတယ်၊ ဟုတ်မှန်တယ်ဆိုရင် ...

အောက်မားတော် ဆင်ဝန်အကြီးအကဲ တာဝန်ရှိသူတွေထံ တင်ပြရတယ်။

သည့်တော့မှ ဆင်ဖမ်းရန်ကိစ္စအဝဝကို စီစဉ်ပြီး တောထဲတောင်ထဲကို သွားရတယ်။

အောက်မားဦးဆောင်တဲ့ ဆင်ဖမ်းအဖွဲ့မှာ ပါဝင်ရတဲ့ ဆင်ဖမ်းအဖွဲ့ဝင်တွေက ...

ဆင်ဦးစီး၊ ပဲ့ကိုင်၊ ဆင်ထိန်း၊ ဆင်ကွပ်၊ ဆင်ပိုက်၊ အောက်မထိန်း၊ ယရည်း၊ ဆင်ကန်ကျွေး စတဲ့လုပ်သားတွေ ပါရတယ်။

အောက်မားဆင် အမှုထမ်းတို့ကို ဆင်ဝန်နဲ့ အောက်မားဝန်တို့က အုပ်ချုပ်ရတယ်။

အောက်မားဝန်လိုပဲ 'ခနက်ပလာဝန်' ဆိုတာ ရှိသေးတယ်။ ခနက်ပလာစုကလည်း ဆင်ဖမ်းတဲ့အဖွဲ့ပဲ။ သူ့အစုမှာလည်း ခနက်ပလာဆင်ဝန်၊ ခနက်ပလာဆင်စာရေး၊ ဆင်မှူး၊ ဆင်အစီအရင်၊ ဦးစီး၊ နောက်ပဲ့၊ လုံ့ကိုင်၊ လွှန်ပစ်အမှုထမ်း၊ ရွှေလွှန်ဆိုတဲ့ အစုသားတွေရှိတယ်။

သူတို့အားလုံးကို ခနက်ပလာဆင်ဝန်က အုပ်ချုပ်ရတယ်။

ခနက်ပလာဆင်ဖမ်းအဖွဲ့နှင့် အောက်မားဆင်ဖမ်းအဖွဲ့တို့ မတူတဲ့အချက်က –

အောက်မားဆင်ဖမ်းအဖွဲ့က ဆင်ဖမ်းထွက်ရာမှာ စနစ်တကျ လေ့ကျင့်သင်ကြားထားတဲ့ အောက်မားအဖွဲ့ဆင်မနှင့် ကျော့မျှားပြီး ဖမ်းတယ်။

တောဆင်ရိုင်းအထီးတွေဟာ ဆင်မဆိုရင် ခမ္မတာအတိုင်း သဘောကျတော့ ကျော့ဆင် (အောက်မားဆင်မ) သွားရာနောက်ကို တကောက်





ကောက်လိုက်ရင်းက ဆင်ကျုံးရှိရာကို မျှားခေါ်လာရင်း ဆင်ရိုင်းကို ကျုံးသွင်းဖမ်း ဖမ်းတာ အောက်မားရဲ့ ခလေ့ပဲ။

ခနက်ပလာဆင်ဖမ်းအဖွဲ့ရဲ့ ဆင်ဖမ်းနည်းကတစ်မျိုး။

လွှန်ပစ်ပြီး ဆင်ဖမ်းတာရယ်။

လိမ္မာကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးထားတဲ့ စွယ်စုံကျော့ဆင်ပေါ်မှာ လွှန်ပစ်အမှုထမ်းက သက်စွန့်ဆံဖျား လိုက်ပါပြီး ဆင်ရိုင်းအုပ်နောက်ကို လိုက်ရတယ်။ စွယ်စုံကျော့ဆင်တွေကလည်း (၃၀) (၄၀) မျှ ရှိတယ်။

သူက ဆင်ရိုင်းငယ်တွေကို အထူးဦးစားပေး ဖမ်းရတာ။

လိုချင်တဲ့ဆင်နဲ့ နီးကပ်လာရင် စွယ်စုံဆင်ပေါ်က လွှန်ပစ်သမားက လွှန်ကြိုးကြိုးကွင်းနဲ့ ဆင်ငယ်ဦးခေါင်းကို စွပ်အောင်ပစ်ပြီး ဖမ်းရတာ။

အန္တရာယ်ပြုမည့် တောဆင်ရိုင်းကြီးတွေကိုကျတော့ စွယ်စုံကျော့ဆင်တွေက ဝိုင်းခြောက်လှန့်ပြီး အုပ်စုကွဲအောင် ဝိုင်းရ လိုက်ရ ကာပေးရတယ်။

မြန်မာမင်းလက်ထက်တော် ကာလက 'ရွှေလွှန်ပစ်' တယ်လို့ ခေါ်သလို လွှန်ပစ်အမှုထမ်းကိုလည်း 'ရွှေလွှန်အမှုထမ်း'လို့ ခန့်ညားစွာ ခေါ်ကြတယ်။

ဆင်ငယ်သာမကဘူး ဆင့်ပေါက်ကြီးတွေကိုလည်း ရွှေလွှန်စီးပစ်ဆင်ယဉ်နဲ့ ကျော့ပြီး ဖမ်းရတာပဲ။

ရှေးမြန်မာမင်းများ လက်ထက်တော်ကာလက –

လွှန်ပစ်ကြိုးကို ကျစ်ရာမှာ အလွှန်စည်းစနစ် ကြီးလှပါပေရဲ့။ အံ့ဩစရာလည်း ကောင်းလှပါပေရဲ့။

လွှန်ကြိုးကျစ်ဖို့အတွက်

စာမရီသားရေ၊ သစ်နက်ရေ၊ ပြောင်သားရေ၊ ဆတ်သားရေ၊ ကျွဲသားရေ၊ နွားရေ၊ ဝံသားရေ စတဲ့ သားရေခုနစ်မျိုးကို လှီးဖြတ်ပေါင်းစုပြီး



www.burmeseclassic.com

www.burmeseclassic.com



*ရွှေလွန်ကြိုးကျစ်တဲ့ အမှုထမ်းတွေက ကျစ်လစ်ခိုင်မာစွာကျစ်ပြီး ခနက်ပလာ*
ဆင်ဝန်ထံ အပ်ရတယ်တဲ့။

အဲဒီလို လွန်ကြိုးကျစ်ဖို့အတွက် ခနက်ပလာဆင်ဝန်က လိုအပ်တဲ့ သားရေအမျိုးအစားတွေ အလုံအလောက်ပေးရတယ်။

လွန်ကြိုးကို စွယ်စုံဆင်ပေါ်ကနေ ကြိုးပစ်ဖမ်းပြီးရင် ဆင်ကျုံးရှိရာကို အရောက်ပို့ပေးရပြီး ကျုံးမှူး၊ ယရည်း၊ ဆင်ပိုက်၊ ကျုံးစောင့်၊ ဆင်ကိုင်၊ ဆင်သားတို့ရဲ့ ကျုံးကိစ္စ အဝဝမှသည် ဆင်ရိုင်းကနေ ဆင်ယဉ်ဖြစ်အောင် တာဝန်ယူဆောင်ရွက်ရတာ ခနက်ပလာဆင်ဖမ်းအဖွဲ့ရဲ့ အလုပ်တွေပဲ။

ကျုံးဝင်လာတဲ့ဆင်တွေ လိမ္မာယဉ်ကျေးပြီး အသုံးချလို့ရအောင် လေ့ကျင့်ပေးဖို့ကတော့ ...

ဆင်ဝန်၊ ဆင်ဝန်ထောက်၊ ဆင်လက္ခဏာဖတ်၊ ဆင်စာချီ၊ ဆင်အစီအရင်၊ ဆင်ဆေးသမား၊ ဆင်သွေးသောက်ကြီး၊ ဆင်ဆော်၊ ဆင်ကဲ၊ ဆင်ကိုင်၊ ဦးစီးကုန်းလယ်၊ နောက်ပဲ့၊ ဆင်ကိုင်ခေါင်း စသည်တို့က ပြီးမြောက်သည်အထိ အဆင့်ဆင့် ဆောင်ရွက်သွားကြရတယ်။

အခု ဆင်ဖြူတော်ရှာဖွေစုံစမ်းဖို့ ဆင်ရဲသား၊ ဆင်စမ်းသား၊ စုံစမ်းထောက်လှမ်းရေးနှစ်ဦးကို တာဝန်ပေးလိုက်တယ်။

ရဲသီဟနှင့် ရဲဒိဗ္ဗတဲ့။

အောက်မားဆင်ဖမ်းအဖွဲ့က နာမည်ကျော် ဆင်ရှာဖွေစုံစမ်းထောက်လှမ်းရေး ကျွမ်းကျင်သူ ညီအစ်ကိုနှစ်ဦးပေါ့။

အောက်မားဆင်ဝန်က သူတို့ညီအစ်ကိုနှစ်ဦးကို ခေါ်ပြီး ...

"ရဲသီဟနဲ့ ရဲဒိဗ္ဗ ..."

"မှန်ပါ ... ဝန်မင်းကြီး"

"အရှေ့ပေါင်းလောင်းမြစ်အရပ်မှာ ဆင်ဖြူတော်သုံးစီး ပေါ်တော်မူတယ်လို့ သတင်းရရှိတယ် မောင်မင်းတို့"

"မှန်ပါ ... ဝန်မင်းကြီးဘုရား"





"ဆင်ဖြူတော် ဟုတ်၊ မဟုတ် မောင်မင်းတို့ညီအစ်ကို သေချာသေကျစွာ စုံစမ်းပြီး အမြန်သတင်းပို့ရမယ်ကွယ့်"

"မဆုတ်မနစ်ဆောင်ရွက်ပါမည် ... ဝန်မင်းကြီးဘုရား"

"ငါတို့အရှင်မင်းကြီး နော်ရထာက ဆင်ဖြူတော်သုံးစီး ပေါင်းလောင်းမြစ်အရှေ့မှာ ပေါ်တော်မူတာ ကြားသိရလို့ လွန်စွာ ဝမ်းမြောက်တော်မူနေရှာတယ်ကွယ့်။ မင်းတို့ညီအစ်ကို ဆင်ဖြူတော် ဟုတ်၊ မဟုတ် အရွယ်အစား ဘယ်လိုအရွယ်ကနေ ဆင်ဖြူတော်တို့ရဲ့ သွားလမ်း၊ လာလမ်း စသည်တို့ကို အတိအကျစုံစမ်းပြီး ငါ့ထံ အမြန်သတင်းပို့ပါ"

"မှန်ပါ ... ဝန်မင်းကြီးဘုရား"

"သေချာပြီဆိုရင် အောက်မားအဖွဲ့တွေကို ခေါ်ဆောင်ပြီး လက်ရဖမ်းရမယ်ကွယ့်"

"မှန်ပါ"

"အကယ်၍သာ ဆင်ဖြူတော်သုံးစီးကို လက်ရဖမ်းမိပြီး မင်းကြီးနော်ရထာမင်းမြတ်ထံ ဆက်သနိုင်ခဲ့ရင် မင်းတို့အောက်မားအဖွဲ့ ဆုတော်လာဘ်တော်များ ချီးမြှင့်ခံရပြီး သူကောင်းပြုခံရမှာ ... ငါ့သားတို့။ ဒါကြောင့် ယခုချက်ချင်း ခရီးထွက်ပြီး ကိစ္စပြီးမြောက်အောင် ဆောင်ရွက်ကြရော့"

✿ ✿ ✿

www.burmeseclassic.com

# [၄]

❑

ကိုရင်ဖြိုးနဲ့ မယ်မင်းသာတို့ ဇနီးမောင်နှံဟာ သမီးချောနှစ်ဦး ဖြစ်သည့် မယ်ဖြူ၊ မယ်ညိုတို့နှင့် တောင်ယာလုပ်ရမည့်နေရာကို ရောက် ရှိလာခဲ့ကြတယ်။

နေရာက ကျည်တောင်ရွာအနောက်ဘက်က ညောင်ပင်ကြီးအနီး ရှိ မြေနေရာပါ။

ခများများ လွန်စွာ ဆင်းရဲကြတယ်လေ။ အသက်အရွယ်ကလည်း ကြီးလာကြပါပြီ။ သမီးချောနှစ်ယောက်ကိုပဲ သားများကဲ့သို့ အားကိုးပြီး တောင်ယာခုတ်တောရှင်းပြီး အသီးအနှံလေးများ စိုက်ပျိုး ကြီးစားနေရရှာ တယ်။

အရင်လုပ်စားနေကျ ယာခင်းက ကာလအတန်ကြာလို့ မြေဆီ မြေနှစ်က ခန်းခြောက်စပြုနေပြီလေ။

ဒါကြောင့် ကျည်တောင်ရွာအနောက်ဘက်က ညောင်ပင်ကြီး အနီးမှာ အရဲစွန့်ပြီး သားအမိသားအဖ ဓားကိုယ်စီနဲ့ တောခုတ်ကြရတယ်။ တောင်ယာခုတ်ရင်း ရင်တထိတ်ထိတ်လည်း ဖြစ်နေကြရဲ့။





ဘာကြောင့် ရထိတ်ရတာလည်းဆိုတော့ . . .

ဒီနေရာဝန်းကျင်မှာ ဘယ်သူမှ တောင်ယာမခုတ်ရဲလို့ပဲ။

သူတို့ အရဲစွန့်ခုတ်ရတာက အကြောင်းရှိလို့ ခုတ်ရတာ။

မိုးလင်းကတည်းက ခုတ်ကြတာ ကိုရင်ဆွမ်းခံကြွချိန်တောင် ရောက်လာပြီ။

အမေကြီးမယ်မင်းသာကတော့ ကျောက်တုံးတွေဆိုင်ပြီး မြေခရား အိုးနဲ့ ရေနွေးကျိုနေရဲ့။

အဖေလုပ်သူ ကိုရင်ဖြိုးနှင့် သမီးမယ်ဖြူ၊ မယ်ညိုတို့ကတော့ ချုံတွေ၊ အပင်တွေ ရှင်းရင်း ခုတ်ရင်း စုပုံရင်း ချွေးဒီးဒီး ကျနေတယ်။

မယ်ဖြူရော၊ မယ်ညိုရော နှစ်ဦးစလုံး လုံးကြီးပေါက်လုတွေ ရယ်။

အသားဖြူပေမင့် အလုပ်ကြမ်းလုပ်ရလွန်းလို့ နေလောင်စပြုပြီး အသားညိုလုဘက် ရွေ့နေတယ်။

သမီးနှစ်ဦးကလည်း အသားဖြူဖြူ၊ ချောချောလှလှလေးတွေ။ ရှမ်းမလေးတွေနဲ့တူလို့ ရှမ်းဖြူ၊ ရှမ်းညိုလို့တောင် ရွာထဲကမိန်းမသားတွေ က ခေါ်ကြတယ်။ ဒီအရပ်ကလည်း ရှမ်းလူမျိုးရော၊ မြန်မာရော ရောနှော နေထိုင်ကြတာကိုး။

"အဖ . . ."

"ဟူး . . . ဘာတုံး . . . မယ်ဖြူ"

"အဖ . . . နားတော့။ တစ်ကိုယ်လုံး ချွေးတွေနစ်နေပြီ"

မယ်ညိုကလည်း ဖအေလုပ်သူကို ကြည့်ပြီး . . .

"ဟုတ်တယ် . . . အဖ၊ အဖ နားလိုက်တော့။ သမီးတို့ညီအစ်မ ဆက်ခုတ်လိုက်မယ်။ သွားနားချေ . . . သွား . . . သွား . . ."

"ရပါတယ် . . . သမီးရယ်၊ အဖ မမောပါဘူး။ ဒီအစွယ်လေး ခုတ်လိုက်ဦးမယ်ဟေ့"

"မခုတ်နဲ့ သမီးတို့ ခုတ်မယ်။ နားပါတော့ . . . အဖ"



www.burmeseclassic.com

www.burmeseclassic.com

## ဘာကြောင့် ဆင်ဖြူတော် ပိုင်ဆိုင်ချင်သနည်း

တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်မှန်ရင် ဆင်ဖြူတော်ကို အလွန် တပ်မက်လို ချင်ကြတယ်။ ပိုင်ဆိုင်ချင်ကြတယ်၊ ဘုန်းကံကြီးတဲ့ မင်းအစိုးရ သာ ဆင်ဖြူတော်ကို ရတယ်လို့ ယုံကြည်ကြတယ်။

ဆင်ဖြူတော်ကို မဆိုထားနှင့် နားရွက်မှာဖြစ်စေ၊ အမြီးဆံမှာဖြစ်စေ အဖြူရောင်ပါတဲ့ (ထူးဆင်) (ထူးခြားသောဆင်) ကိုတောင် တန်ဖိုးထားပြီး မင်္ဂလာမော်ကွန်းထိုးတယ်။

မြန်မာ့ရာဇဝင်မှာ တစ်စီးရှင်သီဟသူမင်းသည် ရေထဲမျောပါလာတဲ့ ဆင်ဖြူအသေကောင်ကို မ,ဆယ်ချီယူပြီး ဆင်ဖြူရှင်ဘွဲ့ကို ခံယူသတဲ့။

ကျမ်းကိုး –

မြန်မာ့ဆင်

အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

## အရေးပါတဲ့ ဆင်ဖြူတော်

ယဉ်ကျေးမှုအနုပညာဆိုင်ရာ အမြင့်သဘင်ခေါ်တွင်သည့် ရုပ်သေး င်တော်တွင် 'ဆင်' သည် ကမ္ဘာတည်အခန်း၌ ပါဝင်ထွက်ရသည့်အပြင် ဇာတ်လမ်းဇာတ်ကွက်များတွင်လည်း ပါဝင်ကပြရလေသည်။

ရုပ်သေးရုပ် (၂၈)ရုပ်တွင် ဆင်(အဖြူ+အမည်း) နှစ်ရုပ်ပါဝင်ရသည်။ အမြင့်သဘင်တွင် ထီးနန်းစိုက်မည့်ဘက်မှ ဆင်ထွက်ရသည်။

ဆင်ထွက်လာလျှင် တီးဝိုင်းမှ ဤသို့သောသီချင်းမျိုး တီးရသည်။

''ရွှေမြို့မှာတဲ့၊ ဆင်ဖြူတော်၊ ဘုန်းတောက်လို့ပေါ်၊

ဆင်ဖြူတော် ပေါ်သည့်ခိုက်မှာလှ၊

စပါးဆန်ရေ တိုးလို့မောက်မယ်၊

ဘုန်းတောက်တဲ့မင်း''

ကျမ်းကိုး –

မြန်မာ့ရုပ်စုံသဘင်

စာရေးဆရာ မောင်သိန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



အဖက မနားဘူး။

ဓားမကြီးနဲ့ ခြေသလုံးခန့်သစ်ပင်ကို ဖိခုတ်နေလို့ အငယ်မရှင်ညို က အဖလုပ်သူလက်က ဓားမကို ဆွဲယူပြီး အမိဒေါ်မယ်မင်းသာရှိရာကို ဆွဲခေါ် နားထိုင်စေရတော့တယ်။

"သမီး ... ရှင်ညို"

"ရှင် ... အမိ"

"သမီးတို့လည်း နားတော့"

"ဟောဟိုချုံလေးခုတ်ပြီးမှ နားမယ်အမိ"

"ခြေခင်းလက်ခင်းလည်း ကြည့်ခုတ်ကြနော်"

"အင်းပါ ... အမိ စိတ်ချ"

သူတို့ညီအစ်မ ချုံပင်၊ နွယ်ပင်တွေနဲ့ သစ်ပင်ပေါက်တွေကို ခုတ် လိုက်၊ ထောင့်နေရာမှာ စုပုံလိုက်၊ နဖူးကချွေးတွေကို သပ်ချလိုက် ...

ပြီး ... လေးခင်းဓားနဲ့ ခုတ်ပစ်လိုက်။

ငါးလံပတ်လည်လောက်တော့ ရှင်းသွားပြီ။

နက်ဖြန်၊ သန်ဘက်ကျရင် ယာမီးရှို့လို့ ရနိုင်ပြီ။

ယာမီးရှို့ပြီးရင် မြေပြုပြင်ရမယ်။

ရေအတွက်တော့ ပူစရာမလိုဘူး။ ရှေ့နားမှာ ရေကန်ကြီးတစ်ခု ရှိတယ်။

ဒို့အပြင် ရေကန်ရဲ့အနီး မလှမ်းမကမ်းမှာ ကျောက်ဘီလူးမရုပ်တု ကြီးရှိတယ်။

ကျောက်ဘီလူးရုပ်တုကြီးက ဘယ်တုန်းကတည်းက ရှိတာလဲမသိ ဘူး။ အချို့ကပြောတော့ ရေကန်ကြီးကိုစောင့်တဲ့ ကျောက်ဘီလူးမကြီးလို့ ပြောကြတာပဲ။ ပုဂံစတည်ကတည်းက ရှိတာလို့လည်း ပြောကြရဲ့။

ကျည်တောင်ရွာ ညောင်ပင်ကြီးနဲ့ တောအုပ်ကို စောင့်တဲ့ ကျောက် ဘီလူးမကြီးလို့လည်း ပြောကြတယ်။

တော်ရုံလူလည်း ဒီနေရာကို မလာဝံ့ကြဘူး။





ကျောက်ဘီလူးမကြီးက ကြောက်လန့်စရာရုပ်ကြီးကိုး။

မျက်လုံးကပြူးပြီး အန်ထွက်နေသလို ရှိတယ်။

ဆံပင်က ဖားလျားကြီးချလို့။ ပါးစပ်ကို ဖြဲဟထားတော့ ရေညှိ တက်နေတဲ့ အစွယ်မည်းမည်းကြီးတွေက နှာခေါင်းပြားပြားကြီးအောက်မှာ ကြောက်စရာကြီး။

အခွံမချွတ်ရသေးတဲ့ အုန်းသီးတမျှရှိတဲ့ နို့နှစ်လုံးကလည်း ချက် တိုင်အောင် တွဲကျနေတဲ့ဟန်။

ဘယ်ဘက်ကနို့သီးမှာ နို့သီးခေါင်းက ပဲ့လို့။

ဆောင့်ကြောင့်ထိုင်ပြီး ဘယ်လက်က ဒူးပေါ်တင်၊ ညာလက်က လက်ညှိုးကြီး ဆန့်တန်းထားတော့ ...

မြန်းစားကြီးသာမြင်ရင် သွေးလန့်ပြီး သေသွားနိုင်တယ်။

သို့သော် အဖေတို့အမေတို့က မကြောက်ခဲ့ပါဘူး။ ကျောက် ဘီလူးမကြီးနဲ့ သူတို့ အကြောင်းဆုံရတဲ့ ဂမ္ဘီရဖြစ်ရပ် ရှိဖူးတာ သူတို့ပဲ သိကြတာကိုး။ တောထဲ ယာလုပ်လို့ ကောင်းမည့်နေရာရှာရင်းက ဒီကျောက် ဘီလူးမရုပ်တုကြီး စတွေ့ကတည်းက ...

'သားတို့၊ သမီးတို့ ရောက်လာပြီ ... အမေ၊ သားတို့သမီးတို့ကို စောင့်ရှောက်ပါ ... အမေ' လို့ ပြောပြီး ခန္ဓာကိုယ်ပေါ်တက်နေတဲ့ ချုံနွယ် တွေကို ရှင်းလင်းပေးခဲ့တယ်။

ထမင်းစားခါနီးရင် စားဦးစားဖျားလေးများလည်း ရှိရှိသေသေ ဆင်မြှောက်ပသကျွေးခဲ့တော့ အန္တရာယ်ကင်းတာပေါ့။

အရင်လူတွေပြောပုံဆို ...

ဒီရေကန်ဝန်းကျင်မှာ အပေါ့အလေး သွားလို့မရဘူးတဲ့။

တစ်ခါ မုဆိုးတစ်ဦး အမဲလိုက်ရင်း ကျောက်ဘီလူးမရုပ်တုအနီး ဆီ ရောက်လာတာ။

အပေါ့အလေးက သွားချင်လာလို့ ရလာတဲ့ချေသေကို မြေပြင် မှာ ပစ်ချပြီး အပေါ့သွားတုန်းရှိသေး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ဟင်း . . ."

"ဟော့ . . . ဘယ်သူလဲ၊ ငါ့ကို ဟင်း ဟင်း ဟင်း ဟင်း လုပ်တာ"

"ဟင်း . . . ဟင်း . . . ဟင်း . . ."

"အလို . . . ကျောက်ဘီလူးမရုပ်တုက များလား၊ ဟုတ်ရဲ့လား။ ဟော့ . . . ငါ့ကို ဟင်းဟင်းလုပ်တာ ကျောက်ဘီလူးမ နင်လား"

"ဟင်း . . . ဟင်း . . . ဟင်း . . ."

"ဟင် . . . ကျောက်ဘီလူးမထံကပါလား။ ဘာလဲ . . . ကျောက်ဘီလူးမ ငါ ရှူးရှူးပေါက်တာ မကျေနပ်လို့လား၊ ဟုတ်လား . . . ဘာလဲ မကြည့်ဝံ့လို့လား . . . ဟုတ်လား . . . မကြည့်ဝံ့ရင် မျက်စိမှိတ်နေ ကျောက်ဘီလူးမ . . . အပျိုကြီးရေ . . . ဟား ဟား ဟား ဟား ဟား . . ."

သို့ကလို ရွှတ်တွတ်တွတ် ပြောဆိုပြီး အပေါ့သွား အလေးသွားနေတုန်းမှာပဲ . . .

"ဝုန်း . . ."

"ဟင်း . . ."

"ဝရော . . . ဝရော . . ."

"ဟာ . . . ဟာ . . . ဟာ . . . ငါ့ချေသေ . . . ငါ့ချေသေ . . . ဘယ်နှယ့်ထပြေး"

အံ့ဩစရာကောင်းတယ်တဲ့။

မြားတန်းလန်းနဲ့ အသက်ပျောက်နေတဲ့ ချေအသေကောင်ဟာ သေရာကနေ ကုန်းထပြီး ဝုန်းခနဲ၊ ဝေါခနဲ ထပြေးတာကို မြင်ရရော . . .

"ဟဲ့ . . . ဟဲ့ . . . ဒါ ဘယ်လိုဖြစ်ရတာတုံးဟဲ့"

အိပ်မက်များလား။

အိပ်မက်မဟုတ်ဘူး။

သေနေတဲ့ချေသေ အခုပဲ အသက်ဝင်ပြီး တောထဲကို ပြေးဝင်လို့ မျက်စိအောက်က ပျောက်သွားပြီ။

စိတ်ကူးသစ်စာပေ



"ဟဲ့ . . . ကျောက်ဘီလူးမ၊ ဒါ နင်ပြုစားလိုက်တာလား။

နင်က ငါလိုမုဆိုးကို ဘာထင်လို့ ဒီလိုလုပ်တာလဲ။ အခု ငါ့ချေသားကောင် အပမှိုပြီး အသက်ဝင်လို့ ပြေးပြီဟ။ ဒါ နင်လိုကျောက်ဘီလူးမြို့တွာကလွဲပြီး ငါ့ကို ဒီလိုလုပ်မည့်သူ မရှိဘူး။ နင် ငါ့အကြောင်း သိရောပေါ့ဟာ . . . ကဲ . . . ကဲ . . . ကဲ . . ."

မုဆိုးအဂ္ဂိက စိတ်လည်းဆိုး၊ ဒေါသလည်းထွက်ပြီး ကျောက်ဘီလူးမကြီးကို အပြစ်ပြောပြီးနောက် . . .

ကျောက်ဘီလူးမကြီးကို သေးနဲ့ကော့ပန်းပါရော။

"မှတ်ထား . . . မုဆိုးအဂ္ဂိဟ . . . အဂ္ဂိ . . . နောက်တစ်ခါဆိုရင် နင့်ကို စိစိညက်ညက်ကြေအောင် ထုခွဲပစ်မယ် . . . ကြားလား"

သို့ကလို . . . ညစ်ညစ်ညမ်းညမ်းပြုပြီး ပါးစပ်ကလည်း အယုတ္တအနတ္တတွေ တိုင်းထွာဆဲရေး ကြိမ်းဝါးပြီး သားကောင်မပါဘဲ ပြန်လာခဲ့လိုက်တယ်။

သားကောင်မပါတော့ မယားလုပ်သူက အပြစ်ပြောတာပေါ့။ မုဆိုးအဂ္ဂိကလည်း ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြလိုက်တယ်။

"ဒါကြောင့် သင်းကို ငါသေးနဲ့ ပန်းပစ်ခဲ့လိုက်တာဟ"

"ဒီမှာ . . . ကိုအဂ္ဂိရဲ့"

"ဘာတုံးဟာ . . . လူက ညစ်နေရတဲ့အထဲမှာ . . . တောက်"

"ရှင် မကြားဘူးလား။ ဒီကျောက်ဘီလူးမ နယ်မြေဟာ မြေကြမ်းချေကြမ်းဆိုတာ ဟင်"

"သောက်ဂရုစိုက်စရာလား . . . ရှင်မရဲ့ ဟင်း"

"ရှင် သောက်ဂရုမစိုက်လို့ မြားတန်းလန်းစိုက်နေတဲ့သားကောင် ထပြေးတာပေါ့။ အဲဒါ ရှင် ကျောက်ဘီလူးမနေတဲ့ဝန်းကျင်မှာ မတောင်းပန်ရှင်မတောင်းဘဲ သေးပေါက်လို့ အပဝင် တောခြောက်တာပဲ"

"တော်တော့ဟာ နားညည်းတယ် . . . တိတ်တိတ်နေ . . . ဖွီ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သေရည်အိုးကို မ,လို့ အားရပါးရ မော့သောက်ပြီး ပိုးလိုးပက်လက် အိပ်ပျော်သွားတော့တယ်။

မုဆိုးအဂ္ဂိရဲ့မယား ဆံပင်နီကြောင်၊ ထဘီစုတ်ကွဲ နားပေါက်ပောင်းလောင်းကြီးက မြေထမင်းအိုးကို ယောက်မနဲ့မွှေလိုက်၊ မီးကို နာနာထိုးလိုက် ...

ပြီး .. လက်ကျန်အသားခြောက်ကို ရေစိမ်ပြီး ဟင်းရွက်တွေကို သင်နေလိုက်တယ်။

ဒီလိုနဲ့ ကွမ်းသုံးရာညက်ခန့်မှာ ထမင်းဟင်းကျက်လို့ ရှူးခပ်ပြီး လင်တော်မောင် ကိုရွှေမုဆိုးကို နှိုးရတယ်။

"အဂ္ဂိ ... ထ ... ထမင်းစားမယ်တော့"

"အင် ... ဟင် ..."

"မြန်မြန်ထ ... သေကြောဆွဲမနေနဲ့ လူပျင်းကြီးရဲ့ ... လာ"

"အား ... အာ ... အ ..."

"အဂ္ဂိ ... တော် ဘာဖြစ်နေတာလဲ ... ထဆို ... ထနော်။ တော်မစားရင် ခွေးကျွေးပစ်လိုက်မယ် ... သိလား"

"အား ... သေပါပြီဗျ"

လင်လုပ်သူရဲ့ နာနာကျင်ကျင် အော်သံကြောင့် စားရင်းတန်းလန်းက လှမ်းကြည့်တော့ ...

အဂ္ဂိရယ် ... ပေါင်နှစ်ချောင်းကို ကားပြီး ခြေတဆတ်ဆတ်တုန်လို့ တအားအား တအီးအီး အော်ဟစ်နေတာကို မြင်လိုက်ရရော ထမင်းစားရပ်ပြီး လင်လုပ်သူအနီးကို အမြန်တိုးလာကြည့် မေးလိုက်ရတော့တယ်။

"အဂ္ဂိ ..."

"အား ... အား ..."

"တော် ဘာဖြစ်လို့တုံး"





"ငါ ... ပေါင် ... ပေါင်ကြားက ... ဟို ... ဟို ... အား ... အား ... အောင့်တယ် ... နာတယ် ... အမယ်လေးဗျ .. အမယ်လေး"

ပေါင်ကြားကလို့ လင်လုပ်သူက နာကျင်သံနဲ့ ပြောနေလို့ အသာပုဆိုးကို ဟကြည့်လိုက်ရော ...

"အမယ်လေးတော့ ..."

"အား ... အား ... ငါ့ကိုကယ်ပါ ... ရှင်မိပုံ ... ငါ့ကိုကယ်ပါ ... ရှင်မိပုံရယ်"

မယားလုပ်သူရှင်မိပုံ မြင်လိုက်ရတာက ...

လင်လုပ်သူရဲ့ မအား (ဖွားဖက်တော်ရွှေဥ) ဟာ အရင်တုန်းက တောကြက်ဥခန့်မျှသာ ရှိတာ။

အခု လင်လုပ်သူရဲ့ မအား(ရွှေဥ)ဟာ ဘူးသီးအလုံး အကြီးစားတမျှ ကြီးထွားနေပြီး ပေါင်နှစ်ချောင်း စေ့လို့မရအောင် တင်းဖောင်း ကြီးထွား မို့မောက်နေတာကို မြင်ရရော ...

လန့်ဖြန့်သွားခဲ့ပြီး အိမ်နီးနားချင်းတွေကို 'လာကြပါဦးတော့'လို့ အသံကုန် ဟစ်ရတော့တယ်။

ရှင်မိပုံအသံကြားတော့ ဦးစွာ ခြေရင်းအိမ်က မမင်းယာနဲ့ မယ်မင်းဆုံရယ် အိမ်ပေါ်ကို ပြေးတက်လာလိုက်ကြတာ ...

"ရှင်မိပုံ .. ဘာ ... ဘာဖြစ်လို့တုံးဟဲ့ ... ဟင် ... ဟင်"

"ဟို ... ဟိုမှာ ... အဂ္ဂိ ... ဂိ ... ..."

"ဟင် ..."

"အမယ်လေးတော့ ... ဘယ့်နှာကြီးတုံး"

"ရှင်ကြီးဗုဒ္ဓ ... ကယ်တော်မူပါဘုရား"

"မိယာ ... မိယာ ..."

"ဘာ ... ဘာတုံး ... မိဆုံ ... ဟင် ... ဟင်"

"အ ... အကြီးကြီးပဲ ... အကြီးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြေး ... ပြေးကြစို့ ... ဒါ ... ဒါမျိုး ... ငါ ... ငါတစ်ခါမှ မမြင်ဖူးဘူး။ ကြောက် ... ကြောက်စရာကြီး ... သွား ... သွားကြစို့"

မိမင်းယာနဲ့ မိမင်းဆုံတို့နှစ်ဦးဟာ ကျောက်ဖရုံသီးမက၊ ပြည်တောင်းသုံးလုံးသာသာ ဘူးသီးအကြီးစား(မုတ္တာ)ကြီးကို မြင်ပြီး အိမ်ပေါ်ကနေ ဒရောသောပါး ဆင်းပြေးကြပါရော။

ဒီမှာ မယ်ဆုံက ပြေးဆင်းရင်းက ရပ်ပြီး အိမ်ပေါ်က အဂ္ဂိကို လှမ်းကြည့်လိုက်သေးတယ်။

"ဟဲ့ ... မယ်ဆုံ"

"အေး ... ဟော ... ဟော ..."

"ညည်း ဘာပြန်ကြည့်နေတာတုံးဟဲ့"

"ဟို ... ဟိုဟာကြီးကို ... မှတ် ... မှတ်မိအောင် ... ပြန်ပြန်ကြည့် ..."

"ဟဲ့ ... အနာကျမရဲ့ အဲဒါကြီးကြည့်ပြီး ညည်းက ဘာလုပ်မလို့တုံး ... ပြော ... မှန်မှန်ပြောနော်"

"ဟို ... ဟိုအေ ... အဲ ... အဲ ... ငါ ... ငါတို့ ... မုတ္တအကြီးကြီး ရွှေဖရုံသီး ... အဲလေ ... ဟုတ်ပါဘူး ... ငါတို့ ဟိုဒင်းအကြီးကြီး မြင်ဖူးတယ်ဟေ့ဆိုတာ ကြွားလို့ရအောင်ပါဟဲ့"

"ညည်းနော် ... မိဘုံ၊ ညည်း မရိုးဘူးနော်"

"ဟဲ့ ... အဗှာမရဲ့၊ ဒီပစ္စည်းနဲ့ ရိုးချင်တော့ရော ... အဲလေ ... စကားတွေလည်း မှားကုန်ပါပြီအေ ... ငါက ရိုးတယ်။ နင်သာ ရိုးမရိုးသိ"

"ဘာရိုးတာ ..."

"အဲ ... အဲ ... ဟိုဟာအေ ... လူစိတ် ရိုးတာ၊ မရိုးတာကို ပြောတာအေ့"

"ငါက ရိုးပြီးသားအေ့"





"သိပါတယ်ဟယ် ... နင်က နေ့ရောညရော ရိုးတာဥစ္စာ ... အပ်"

"ဟယ် ... အရည်းကြီးမယားရယ်၊ ငါနော် ... ငါနော်"

မယ်ဆုံတို့အော်ချက်ကြောင့် ရွာထဲကလူတွေသိကုန်ပြီး ယောက်ျား မိန်းမတွေ လာလာကြည့်ကြတာ။

"အမယ်လေး ... နည်းတာကြီးမဟုတ်ဘူးတော့"

"ပြောင်တင်းနေတာပဲဟ"

"အထဲမှာ ဘာတွေရှိလဲမသိဘူးနော်"

"ဓားနဲ့ ခွဲကြည့်ပါလား ... မောင်ကြီးငပုရဲ့"

"ရှားရှားပါးပါးပဲကွ"

"သူ့မိန်းမတော့ သေမှာပဲဟေ့"

"သူ့မိန်းမသေရင် မင်းမိန်းမနဲ့ ဆက်ပေးစားလိုက်ပေါ့"

"ဒီမှာ ... ကိုရင်ပိန်ရဲ့၊ ကျွန်မတော့ မယူနိုင်ဘူး။ ရှင့်ကြီးတော် ဆိုးမ ဒေါ်သင်တုန်းနဲ့မှ အံကိုက်မှာ တော်ရေ"

"ဟော့ ... ပေါက်ကရပြောမနေကြနဲ့၊ တိတ်ကြ။ ဟိုမှာ ဆေးဆရာကြီး ဦးကြိမ်ပျော့လာနေပြီ ... တိတ်ကြ"

ဒီမှာ ငကျိုးဆိုတဲ့ကောင်က ...

"နောင်ကြီးကိုမောင်ရှင် ..."

"ဘာတုံး ... ငကျိုး"

"ကျွန်တော် ကိုင်ကြည့်လို့ ရမလားဟင် ... ဟင်လို့"

"ဘယ်ဟာကို ကိုင်ချင်လို့တုံး"

"ဟို ... ဟို ... မှဆိုးအဂ္ဂိရဲ့ ... မှတ် .. မုတ္တာကြီးကိုပါခင်ဗျ"

"ငကျိုး"

"ခမျာ ... နောင်ကြီးမောင်ရှင်"

"မင်းကိုင်ချင် မုဆိုးအဂ္ဂိရဲ့မုတ္တာကို ကိုင်မကြည့်နဲ့။ ငါ့ပစ္စည်းကိုပဲ ...င် ... ရော ... ရော ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ . . . အော . . . ဝေါ့ . . . ဝေါ့ . . . ယုတ်တဲ့လူကြီးဗျာ"

အရေးအကြောင်းဆို အဲလို လူပေလူရွှတ် လူပြောင်တွေက ပ
လာ နှောက်ကြသေးရဲ့။

ဒီမှာ . . . ဆေးဆရာကြီး ဦးကြိမ်ပျော့က လူနာရဲ့မှတ္တကြီးကို လ
နဲ့ ဖိနှိပ်ကြည့်ရင်းက . . .

"မင်း ဘာနဲ့ထိမိလဲ . . . အင်္ဂ"

"ဘာနဲ့မှ မထိမိပါဘူးဗျာ"

"တရော်စေးလိုမျိုး အစေးနဲ့ ထိမိရင်လည်း အဲဒါကြီးတယ်"

"ဒါဆို ပသံ၊ ပထုတ်ပနီ၊ ပျားကိုက်ခံရသလား"

"ဟင့် . . . ဟင့်အင်း"

"ဒါ မှတ်ရောဂါလို့ခေါ်တယ်။ မှတ်ရောဂါမှာ ရေမှတ်၊ လေမှ
ရယ်လို့ ရှိတယ်။ ရေမှတ်က ခွဲထုတ်ရင် ရေထွက်တယ်။ လေမှတ်
ကြက်သွန်ဖြူနီနဲ့ မတည့်ဘူး။ အနံ့ရရင် အသံထွက်တယ်။ ခုဟာက အ
ထိမိတာလည်း မဟုတ်၊ အကောင်ပလောင်ကိုက်တာလည်း မဟုတ်ဆို တေ
မရှိးဘူးနဲ့ တူတာပဲ"

ဒီမှာ မုဆိုးအင်္ဂရဲ့မိန်းမ မယ်ပုံက . . .

"ဆရာကြီးရှင် . . ."

"ပြော . . . မယ်ပုံ၊ ဘာတုံးဟဲ့"

"သူ . . . သူ . . . နေ့ခင်းတုန်းက ကျည်တောင်ရွာတောင်ဘက်
ကျောက်ဘီလူးမရှိတဲ့နေရာမှာ အပေါ့သွားမိပါတယ်တဲ့ . . . ဆရာကြီး။
သူပစ်ထားတဲ့ သားကောင်အသေလည်း ပြန်အသက်ရှင်ပြေးသွားတာ
ဒေါသထွက်ပြီး ကျောက်ဘီလူးမကြီးရုပ်တုကို သေးနဲ့ကော့ပန်းခဲ့သတဲ့ .
ဆရာကြီးရယ်"

"ဟေ . . ."

"မြတ်စွာဘုရား . . ."

"အလိုလေး . . . ရိုင်းလှချည်တော်"

စိတ်ကူးသစ်စာပေ



"အမိုက်သားပါလားဟရို့"

"မသေကံကောင်းပေါ့ . . . လူမိုက်သားရယ်"

ကြားရသူများ အံ့ဩ ကြောက်ရွံ့သွားကြတယ်။ ဒီကျောက်
ဘီလူးမကြီး ကျည်တောင်ရွာရေကန်ကြီးတောင်ဘက် ချုံတွေအောက်ရှိနေ
တာ ဘယ်တုန်းကာလကတည်းကလည်း သူတို့ မသိ။

ဘုရားစောင့်ဘီလူးမလား။

ကန်စောင့်ဘီလူးမကြီးလား။

တောအုပ်ကိုစောင့်တဲ့ ကျောက်ဘီလူးမကြီးလား။

သူတို့ မခန့်မှန်းတတ်ကြ။

ဘယ်သူအစောင့်ထားခဲ့လဲ၊ တည်ခဲ့ လုပ်ခဲ့သလဲ မသိကြ။

ဒီတောက နက်တယ်။

အနောက်မှာ အလွန်မြင့်တဲ့ တောင်တွေ၊ တောင်တန်းတွေ ရှိနေ
တယ်။ တောအုပ်ကြီးတွေ ဆက်နေတာလည်း တစ်မျှော်တစ်ခေါ်။

သို့သော် . . .

ဒီဘီလူးမကြီးက သူရှိရာနေရာဝန်းကျင်မှာ အမှားအယွင်း လုံးဝ
မခံတာ။ ရွာကလူအချို့ သိကြတယ်။ လူငယ်အချို့က မယုံကြဘူး။

ဒီကျောက်ဘီလူးမကြီးကို ကျိန်စာတိုက်ပြီး ထားခဲ့တာလို့လည်း
ရှေးလူတွေက ပြောကြသေးသကိုး။

ပုဂံခေတ်တစ်လျှောက်လုံးမှာလည်း ဘုရားတည်တည်၊ ကျောင်း
ပဲဆောက်ဆောက် ဘာပဲလုပ်လုပ် ကျိန်စာထားခဲ့ကြတာ များတယ်။

အလှူရှင်ရဲ့ကောင်းမှု အရှည်မတည်တံ့အောင် အကျိုးဖျက်သူကို
အလှူရှင် မင်း၊ မြို့စား၊ ရွာစား၊ ကတော်မယားကလည်း ကြောက်အောင်
ကျိန်စာရေးထိုးထားခဲ့ကြတယ်။

ဒီလိုပဲ . . .

အစောင့်ရုပ်တုတွေလည်း ထားခဲ့ကြတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အနော်ရထာမင်းနှင့် ရုပ်တုများ

အနော်ရထာမင်းစောသည် အလုံးအရင်းနှင့် တိုင်းခွင်လှည့်တော်မူ၍ ကုလားပြည် ဘင်္ဂလားသို့ ရောက်သောအခါ . . .

"နောင် လာလတ္တံ့သော ငါ၏ သားတော်၊ မြေးတော်၊ မြစ်တော်တို့သည်၊ ဘုန်းတန်ခိုးကြီး၍ ဤအရပ်သို့ရောက်လာလျှင် တီးမှုတ်စေ . ."

ဟူ၍ ကျောက်ကို လူရုပ်ထု၍ စည်၊ စောင်း၊ ညှင်း၊ လင်းကွင်း၊ စည်းစုတ်၊ စည်းပုတ်၊ မုရိုး၊ တံပိုး၊ ခရာများစွာ၊ နှဲ၊ ပြွေ၊ ကချေအရုပ်တို့ကို ထားတော်မူခဲ့၏။

မှန်နန်းရာဇဝင်ကြီး

[ ၁ ]

❑

မောင်ကြီးရယ် . . .

ကျွန်မတို့ညီအစ်မ မောင်ကြီးတို့နှစ်ဦးအပေါ်မှာ အသက်သွေးနဲ့ သစ္စာစောင့်သိခဲ့တာ မောင်ကြီးတို့ သိပါပြီနော်။

ကျွန်မတို့ အချစ်ကို မြတ်နိုးယုံကြည်ခဲ့တယ်၊ စွဲလမ်းကြီးစွာ ဖက်တွယ်ခဲ့ကြတယ်။

မောင်ကြီးတို့အပေါ် သစ္စာစောင့်သိ ချစ်ခဲ့တဲ့ အချစ်အပေါ်မှာ အညစ်အကြေး မြူတစ်မှုန်စာမျှ မတင်ခဲ့တာလည်း ဆင်ဖြူတောင်နတ်မင်းကြီးနဲ့ လေ့ထွင်း(ခွင်း)တောင်နတ်မင်းကြီးတို့ကို တိုင်တည်ပြီး သစ္စာဆိုဝံ့ပါတယ်။

မောင်ကြီးတို့ ကျွန်မတို့ ညီအစ်မအပေါ် ချစ်ခင်မြတ်နိုး သစ္စာစောင့်သိ ရောက်ရှိလာတာကိုလည်း ကျွန်မတို့ ဝမ်းသာလို့ မဆုံးခဲ့ပါဘူး မောင်ကြီးတို့ရယ်။

မျက်ရည်မိုးဇာတ်သိမ်းပြီး အပြုံးလေပြည်လေညင်း တသုန်သုန် တိုက်ခတ်ပြီဆိုပြီး အပျော်တွေနဲ့ ကခုန်ခဲ့ပေါ့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



အရည်းရဟန်းတွေက ဂမ္ဘီရမှော်ပညာတွေ တတ်မြောက်တော့ အရည်းတွေရဲ့ ဂမ္ဘီရအစီအရင်တွေလည်း ဖြစ်နိုင်တယ်လို့ ဝေဖန်ကြတယ်။

ကျောင်းကန်ဘုရား၊ စေတီပုထိုးတို့မှာ နတ်ရုပ်၊ သိကြားရုပ်တု၊ ဘီလူးရုပ်တု၊ ဂုမ္ဘာန်ရုပ်တု၊ ကျား၊ ဆင် ရုပ်တုတွေကို အစီအရင်နဲ့ အသက်ဝိညာဉ်သွင်းခဲ့ပြီး အမိန့်ပြန်ထားခဲ့တာတွေလည်း ရှိကြတယ်ကိုး။

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဒီအတိုင်းသာဆို ကျောက်ဘီလူးမကြီး 'ကိုင်'တာနေမှာပဲ။ ငါတို့ ဆေးဆရာကတော့ သွေးသားရောဂါ၊ ပိုးမွှားကိုက်လို့ဖြစ်တဲ့ရောဂါ၊ ဓာတ်ကြီးလေးပါးရောဂါတွေကို ရုက္ခမူဆေးဝါး ဓာတ်စာဆေးဝါး၊ လိမ်းဆေး၊ အုံဆေး၊ သောက်ဆေး၊ စားဆေးနဲ့ ကုလို့ရပေမင့် အနှောင့်ပယောဂ၊ နတ်ဘီလူး၊ ဖုတ်တစ္ဆေ ကိုင်တာ၊ ဖမ်းစားတာကျတော့ ကိုယ်မှားလား၊ သူမှန်လား ... သူမှားလား၊ ကိုယ်မှန်လား ပြန်စဉ်းစား။ ကိုယ့်ဘက်ကမှားရင် ကိုယ်ပြန်တောင်းပန်။ သူတို့ဘက်ကမှား နေရင် ဘုရားဂုဏ်တော်မန္တန်များနဲ့ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ကုကြရမယ်။ ကိုင်း ... အဂ္ဂ"

"ခင်ဗျာ"

"မင်းမှားလား၊ ကျောက်ဘီလူးမကြီးမှားသလား ... ပြော"

"ကျုပ် ... မှား ... မှားပါတယ်ခင်ဗျာ"

"မင်းမှားရင် အမှားကို သွားရောက်ဝန်ချတောင်းပန်။ မင်းရောဂါ မရှိးတာ ငါသိတယ်။ ဘယ်လိုလဲ ... တောင်းပန်မှာလား"

"ဟုတ် ... ဟုတ် ..."

"ဆရာကြီးရှင် ..."

"ပြောဟဲ့ ... မိပုံ၊ ဘာလဲ ... ပြော"

"ဘယ်လိုတောင်းပန်ရမှာလဲ ... ဆရာကြီးရယ် ဟင်"

"ဘီလူးဆိုတာ ဘာအစာကြိုက်တုံးဟဲ့"

"အမဲသားငါးပါရှင့်"

စိတ်ကူးသစ်စာပေ



"ဒါပဲပေါ့ ... အသားငါး စားဖွယ်ထမင်းကို ခေါပန်းတောင်းမှာထည့်။ သောက်ရေနဲ့ အလင်းတိုင်နဲ့ သွားပို့ပြီး ပြောဆိုတောင်းပန်ဟဲ့။ တစ်ကြိမ်တစ်ခါအမှားကို ခွင့်လွှတ်ပါ။ နောင်ကို ဒီလိုရိုင်းပျတဲ့ အပြုအမူ အမှားမျိုး မလုပ်ပါဘူးလို့ ပြောပြီး အစာကျွေး"

"ဟုတ် ... ဟုတ်ကဲ့ပါရှင့်"

"အဂ္ဂ ..."

"ဗျာ ... ဆရာကြီး"

"မင်းလိုက်သွားလို့ ရမလား"

"လမ်း ... လမ်းမလျှောက်နိုင်ဘူးဗျ ... အား"

"ဟုတ်ပြီ ... မင်းကလည်း အိမ်ကနေ တောင်းပန် ... ကြားလား"

"အင်း ... အင်း ... ဟုတ် ... ဟုတ်"

"မယ်ပုံ ..."

"ရှင် ..."

"ကျွေးမွေးပြီးပြန်လာရင် ကျောက်ဒဲဘီလူးမရှေ့က မြေကြီးခဲ၊ ကျောက်ခဲ တစ်ခုခု ကောက်ယူခဲ့"

"ဟုတ်ကဲ့ရှင့်"

"အိမ်ရောက်ရင် ရေနဲ့ဖျော်။ ဒါမှမဟုတ် သွေးပြီး မုဋ္ဌကိုလိမ်းပေး။ မှတ်မိလား"

"ဟုတ်ကဲ့ရှင့်"

"ဆက်လုပ်ကြတော့ ... ငါ့တာဝန် ပြီးပြီဟေ့"

အဲဒါ ဆေးဆရာဦးကျိုးပျော့ စီမံပေးတဲ့အတိုင်း ထမင်းဖြူငါးလုံးချက်ကို နှီးခေါပန်းတောင်းမှာ ငှက်ပျောရွက်ခံပြီးထည့်။ ပြီး အမဲသားဟင်းကို ထမင်းပေါ်မှာပုံ။ မုန့်သုံးမျိုးလည်းပုံ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သောက်ရေနဲ့ ဆီမီးတစ်ခွက်ထွန်းပြီး အဂ္ဂိရဲ့မယား မယ်ပုံက ကျောက်ဘီလူးမရှိရာတောကို အဖော်ခေါ်ပြီး ကြောက်ကြောက်ရွံ့ရွံ့နဲ့ သွား တောင်းပန်ရတယ်။

"အမေ ... ကျောက်ဘီလူးမကြီးရှင် ... ရှင် ... အင်"

"အမေ ကျောက်ဘီလူးမကြီး ... ရှင် ... ရှင် ..."

"ကျွန်မရဲ့လင်သား မုဆိုးအဂ္ဂိသည် အမေကျောက်ဘီလူးမကြီး ကို မရှိမသေ၊ မလေးမစား ယုတ်ယုတ်ညံ့ညံ့ အပြုအမူ အနေအထိုင်များ ပြုမူပြောဆိုမိခဲ့ပါတယ်။

မလိမ်မိုး မလိမ္မာ သားတပည့်အမိုက်အမဲ မှားယွင်းမိတာတွေကို လင်သား အဂ္ဂိနှင့် သမီးကြီး ကျွန်မ မယ်ပုံတို့ စားဖွယ်သောက်ဖွယ် အမဲ ဟင်းလျာမုန့်များဖြင့် ကျွေးမွေးလျှုဒါန်း တောင်းပန်ပါတယ်။ တစ်ခါတစ်ရံ မှားမိတာကို ခွင့်လွှတ်ပေးပါ ... အမေ ဘီလူးမကြီးရှင်။ သားတော်အမိုက် အမဲရဲ့ ရောဂါဝေဒနာကိုလည်း အမေကျောက်ဘီလူးမကြီးမှ နုတ်ယူသိမ်း ဆည်း ဖယ်ရှားပေးပါ ... အမေ။ အမေ့သားအတွက် ဆေးတော်ဆေးဝါး များလည်း ချီးမြှင့်ပါ ... အမေကျောက်ဘီလူးမကြီးရှင် ... အင် အင်"

မယ်ပုံက ဖွယ်ဖွယ်ရာရာ သာယာနာဖွယ်စကားတို့ဖြင့် ပြောဆို တောင်းပန် အရိုအသေပြုပြီးနောက် ...

ကျောက်ဘီလူးမကြီးရဲ့ အောက်ခြေ ကျောက်ခုံပေါ်မှာတွေ့ရတဲ့ ကျောက်ခဲတစ်ခဲကို ဆေးဝါးအမှတ်ဖြင့် ယုံကြည်စွာယူခဲ့ပြီး အိမ်ရှိရာကို မလှမ်းမကမ်းမှာစောင့်နေတဲ့ အဖော် လူစုနဲ့အတူ ခပ်သုတ်သုတ်ပြန်လာခဲ့ လိုက်တယ်။ ကြက်သီးထ ခေါင်းနားပန်းကြီးလိုက်ောမှ ဖြန်းဖြန်းမြည် ရော။

အိမ်စုတ်ကလေးရောက်တာနဲ့ အဖော်မိန်းမသားတွေကို ပြန် လွှတ်လိုက်ပြီး ပါလာတဲ့ ဆေးဥအမှတ် ကျောက်ခဲကို ကျောက်ပျဉ်ပေါ်မှာ ရေနှင့် ခပ်ပျစ်ပျစ်သွေးလိုက်တယ်။





ခပ်ပျစ်ပျစ်လေးရလာတော့ လက်ဝါးပေါ် သုံ့တင်ပြီး လင်သား တိုမုတ်ကြီး ပက်လက်ရှိတဲ့နေရာကို လာခဲ့လိုက်တယ်။

"အဂ္ဂိ ..."

"အေး ..."

"တော် ကျောက်ဘီလူးမကြီးကို တောင်းပန်ရဲ့လား"

"တောင်းပန်ပါတယ်ဟာ ... ငါ့ဝေဒနာ မသက်သာသေးပါလား မယ်ပုံရဲ့ ဟင်"

"စိတ်ကောင်းကောင်းထားတော်။ ဟောဒါ ဆရာကြီးဦးကြိမ်ပျော့ ပြောတဲ့အတိုင်း ကျောက်ဘီလူးမကြီးကို ပြောဆိုတောင်းပန်ယူလာခဲ့တဲ့ ဆေးကျောက်ခဲသွေးရည်ပဲ။ ကဲ ... တော့်ပုဆိုးကို လှန်လိုက်"

အဂ္ဂိက သူ့ပုဆိုးကို အသာလှန်မပေးလိုက်တယ်။ မယ်ပုံက ..

"အမေကျောက်ဘီလူးမကြီး ချီးမြှင့်လိုက်တဲ့ ဆေးတော်ပါရှင့်။ ရောဂါပျောက်ကင်းပါစေသတည်း"

ပါးစပ်ကလည်းပြော ...

လက်ကလည်း ကျောက်သွေးရေကို ကျောက်ဖရုံသီးခန့် မုဋ္ဌကြီး ကို လူးပေးလိုက်ပြီး ပုဆိုးနဲ့ ပြန်အုပ်ထားလိုက်ာယ်။

"အဂ္ဂိ ..."

"ဟေ ... အေ ..."

"ဘယ်နှယ့်နေတုံးတော်"

"ပူစွေးစွေးကြီးဟ ... ငါအိပ်ချင်တယ် ... မယ်ပုံ"

"အိပ်လိုက်ပေါ့တော် ... အိပ် ... အိပ်"

အလွန့်ကို အံ့ဩဖို့ကောင်းပါပေရဲ့။ အိပ်ရာကနိုးတော့ မုဆိုးအဂ္ဂိ ဆီးအလွန်သွားချင်နေတယ်။ ဒါနဲ့ အိပ်ရာကထလိုက်ရော ...

"ဟင် ..."

"မယ်ပုံရေ ... မယ်ပုံ ..."

"ထမင်းချက်နေတယ်တော့် မအားသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လာစမ်းပါဟာ ... မြန်မြန်လာစမ်းပါဟ"

ဒါနဲ့ ဘာဖြစ်လို့ပါလိမ့်ဆိုပြီး ထမင်းချက်ရာကနေ စိုးရိမ်တကြီး ပြေးလာလိုက်တယ်။

"အဂ္ဂိ ... တော် ... ဘာဖြစ်လို့တုံး ... ဘာဖြစ်လို့တုံး"

"ငါပျောက်သွားပြီ ... မယ်ပုံ ... ငါပျောက်သွားပြီဟ ... ပျောက်သွားပြီ ... သိလား"

လင်လုပ်သူဟာ ငုတ်တုတ်ထိုင်ရင်း ဝမ်းသာအားရ ပြောနေတာ ရယ်။

"အဂ္ဂိ ... ရှင်ဘာပျောက်လို့တုံး ဟင် ဟင်"

"ငါ့မုတ္တကြီးရောဂါ ပျောက်ကင်းသွားပြီဟ ... ပျောက်သွားပြီ မယုံရင် ဒီမှာကြည့်ဟ"

အဂ္ဂိဟာ ဝမ်းသာအားရဖြစ်ပြီး သူ့ပုဆိုးကို ရှောချပြလိုက်ရော-

"ဟယ် ... ဟုတ်တယ်တော့ ... ကျုပ် ... ကျုပ် ဝမ်းသာလိုက်တာ ... ကိုအဂ္ဂိရယ်၊ ကျုပ် ဝမ်းသာလိုက်တာ။ အဲဒါ ဟို ... ဟို ... ကျောက်ဘီလူးမကြီးကို သွားတောင်းပန်ပြီး ဆေးကျောက်ခဲယူလာလိမ်းပေး လို့တော့"

"ဟုတ်တယ် ... မယ်ပုံ၊ ငါ့ကို ဘီလူးမကြီးကိုင်တာဟ"

"တော်လည်း နောင်ကို တောထဲတောင်ထဲ စော်စော်ကားကား မဟုတ်မဟပ် မလုပ်နဲ့၊ မရွတ်နဲ့တော့ နော်"

"အေးပါ ... ငါ မလုပ်တော့ပါဘူး .. မယ်ပုံရာ၊ စိတ်ချပါဟာ"

မုဆိုးအဂ္ဂိ မုတ္တရောဂါ ကောင်းသွားတယ်ဆိုတဲ့သတင်းကို မိန်းမ သားတွေရော၊ ယောက်ျားသားတွေပါ ကြားသိပြီး ဒွဲ့ဩဝမ်းသာ ဖြစ်ကြ တာပေါ့။

"ကျောက်ဘီလူးမကြီးကိုင်တာ သေချာသွားပြီပေါ့ကွာ"

"ငါတို့တော့ အဂ္ဂိလိုမျိုး မလုပ်ရဲပါဘူးကွာ"

"လုပ်ရင်လည်း အကြီးကြီး ဖြစ်သွားမှာပဲ ... ကိုဝလာ"

စိတ်ကူးသစ်စာပေ



"ကြီးရင် ဝလာ့မိန်းမတော့ သေပြီပေါ့ကွာ"

"ဝလာကလည်း သေစေချင်နေတာဗျ ... ငလုရ"

"ဘာ ... ဝလာက ဘာလို့ သူ့မိန်းမ သေစေချင်ရတာတုံး .. မောင်ငညောင်ရ"

"ဒီမိန်းမသေမှ နောက်မိန်းမ ရမှာကိုးဗျ"

"ဟ ... ငညောင်ရ၊ ဝလာ့ရဲ့ပစ္စည်းက အဂ္ဂိရဲ့ပစ္စည်းလို ကြီး ထွားကြီးဖြစ်နေမှတော့ နောက်မိန်းမရော ရှင်ပါဦးမလားကွ ဟင် ဟင်"

"နောက်မိန်းမသေရင် ပုဂံက မယ်ညှပ်ကြီးနဲ့ ပေးစားရတာပေါ့ ကွာ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

✿ ✿ ✿

www.burmeseclassic.com

[၅]

❑

ပြောရရင်တော့ ဒီကျည်တောင်ရွာအနောက်ဘက် ရေကန်ကြီးအနီးက ရှေးဟောင်းကျောက်ဘီလူးမ ရုပ်တုကြီးကို လူတိုင်းလိုလို ကြောက်ရွံ့လို့ ဒီနားကတောင် ဖြတ်သွားဖြတ်လာ မလုပ်ကြဘူး။ တောလိုက်ရင်တောင် ဝေးဝေးက ရှောင်ကွင်းသွားကြတယ်လေ။

အချို့ကတော့ အရည်းရဟန်းတွေ ပယောဂအစီအရင်နဲ့ ထားခဲ့တဲ့ ကျောက်ဘီလူးမကြီးတဲ့။

ဘာကြောင့် ဒီလိုတောစွန်ရေကန်ကြီးအနီးမှာ ကြောက်စရာရုပ်တုကြီး လုပ်ခဲ့ကြမှန်း ဘယ်သူမှ မသိကြဘူး။

ပြီး ... ရေကန်ကြီး။

ဒီရေကန်ရဲ့ ကန်ဘောင် ရေစပ်နံဘေးမှာ ကျွဲခြေရာခွက်တွေ တွေ့ရတာပဲ။

ကျည်တောင်ရွာမှာ ကျွဲမရှိဘူး။

ကျုတ်ကုန်း၊ စေဦထောင်ရွာ၊ လေယ်ကုန်းရွာမှာလည်း ကျွဲမရှိဘူး။ နွားတွေနဲ့ပဲ လယ်လုပ်၊ ယာလုပ် လုပ်ကြတာရယ်။





အချို့က ကျွဲရိုင်းတွေ နေမှာပဲတဲ့။

သို့သော် ... ဘယ်မှဆိုးမှ ကျွဲရိုင်းမမြင်ဖူးကြဘူး။

နောက်တစ်ခု ...

ကျွဲခြေရာကန်မှာ ဘယ်နွားမှ ရေလာမသောက်ဘူး။ လမ်းမှားဝင်လာတဲ့ နွားတွေမှန်သမျှ ကျွဲခြေရာကန်ခေါ် ဘီလူးမရေကန်မှာ ဘယ်လောက်ပဲ ရေငတ်ရေငတ် ရေဝင်မသောက်ဘူး။

ငါးဖမ်းလို့လည်း မရဘူး။

ငါးဖမ်းချင်ရင်လည်း ကျောက်ဘီလူးမကြီးကို စားဦးစားဖျား တင်မြှောက်ကျွေးမွေးပြီးမှ ဟင်းစားတောင်းရတယ်။

ဥပမာ –

"အမေဘီလူးကြီးခင်ဗျာ ... သားတွေသမီးတွေ ဟင်းစားမရှိလို့ ငါးရဲ့ နှစ်ကောင်သုံးကောင် ဟင်းစားလေးပေးပါ၊ ဖမ်းခွင့်ပြုပါ ... အမေဘီလူးမကြီးခင်ဗျာ"

အဲဒီလိုပြောပြီး ငါးဖမ်းမယ်လုပ်ရင် ...

ရေကန်ကမ်းစပ် မြေပြင်ပေါ်ကို ငါးရဲ့ လက်မောင်းလုံးခန့် နှစ်ကောင်၊ ဒါမှမဟုတ် သုံးကောင် ခုန်တက်လာတာပဲ။

အဲဒီငါး ကောက်ယူချက်စား။

နောက်တစ်ခါ လာမတောင်းနဲ့။

ရလေလိုလေ အိုတစ္ဆေ မလုပ်နဲ့။ လူမြင် ခံရရော။

တစ်ခါမှာ ငါးလယ်ကုန်းရွာသား ချေစ်ရာဆိုတဲ့ ရေတံငါရယ် မှုစ်ချို၊ မိုရှာရင်း ကျောက်ဘီလူးရေကန်ကို ရောက်လာတယ်။

တဝုန်းဝုန်းနဲ့ ငါးတွေမြူးခုန်နေတာမြင်ပြီး ဝမ်းသာနေတာတဲ့။ နောက်နေ့လည်းကျရော ကြားဖူးနားဝရှိတဲ့အတိုင်း ကျောက်ဘီလူးမရုပ်တုကြီးကို မုန့်ဖြူငါးချပ်တင်မြှောက်ပြီး ဟင်းစားတောင်းတယ်။

ဘယ်လိုတောင်း မှန်လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... ငါးဘတ်ကြီးကြီးတစ်ကောင် ဟင်းစားပေးပါ ... အမေ။ ငါးဘတ်ကြီးကြီး ရခဲ့ ပေးခဲ့ရင် ဝမ်းပျဉ်းသားနဲ့ ထမင်းဦးပေါင်း လာတင်ပါ့မယ် ... အမေကြီးခင်ဗျာ"

တင်မြှောက်ပြီး ငါးအုပ်ဆောင်းနဲ့ ရေကန်စပ်မှာ အုပ်ဆောင်းအုပ်မယ်လို့ ဆင်းလာတုန်းရှိသေး ...

"ဝုန်း ..."

"အမလေး ..."

ရေစပ်ကနေ ဝုန်းခနဲ အသံကျယ်ကြီးကြားလို့ လန့်ဖျပ်ပြီးလှည့်ကြည့်လိုက်တာ ...

"ဟာ ..."

"ဟာ ... ငါး ... ငါးဘတ်ကြီး ... ငါးဘတ်ကြီး"

ပြောရင်လည်း ယုံမှာမဟုတ်ဘူး။ ရွာထဲရောက်တော့လည်း ပြောတာပဲ။ ဘယ်သူမှ မယုံကြဘူး။

အလိုလေး ... ကြည့်စမ်း ...

ငါးဘတ်ကြီး ကြီးပုံနှယ် ... အရှည် တစ်လံကျော်တယ်။ အလုံးအထည်က လူကြီးတစ်ဖက်ခန့်ကို ရှိတာတဲ့။

ငါးဘတ်ရဲ့ နှုတ်ခမ်းမွေးကြီးပုံဟာ တစ်ပင်တစ်ချောင်းဆို လူကြီးလက်ညှိုးခန့် တုတ်တာဆိုပဲ။

ရောမငါးဘတ်ကြီးဟာ ရေစပ်ကခုန်လိုက်တာ ကန်ဘောင်မြေပြင်ပေါ်ကို ရောက်သွားပြီး တဖြုန်းဖြုန်းနဲ့ ခုန်နေပုံကိုကြည့်ပြီး ချေစ်ရာကြောက်လည်းကြောက်၊ အံ့လည်းအံ့ဩ။

ငါးဘတ်ကြီးက ရွှေရောင်ဝင်းပြီး ဝမ်းဗိုက်ဖြူဖြူကြီးထဲက လှုပ်လှုပ်လှုပ်လှုပ် ဖြစ်နေပုံဟာ ...

မွေးခါနီး ကိုယ်ဝန်ဆောင်မိခင် ဝမ်းဗိုက်ထဲကနေ ကလေးလှုပ်နေလွန့်နေပုံမျိုးတဲ့။

ပါးစပ်ကိုဖြဲပြီး အသက်ရှူနေပုံနှယ် ...





ပါးစပ်ထဲက ငါးသွား။ ငါးစွယ်တွေဟာ မိကျောင်းပါးစပ်ထဲကသွားတွေကို မြင်ရသလိုပဲတဲ့။ ဖွေးချွန်နေဆိုပဲ။

အိအိ ကွိကွိနဲ့ အော်နေတဲ့အသံကလည်း ကလေးငိုနေသလား ထင်ရရဲ့တဲ့။

ချေစ်ရာ ကုန်းပေါ်ကို ပြန်တက်လာပြီး တစ်သက်နဲ့တစ်ကိုယ် မြင်ဖူးတဲ့ တစ်လံကျော်ရှည် လူကြီးကိုယ်လုံးခန့် ငါးဘတ်ကြီးကို မလှမ်းမကမ်းကကြည့်ပြီး တုန်လှုပ်နေတာ။

အနီးလည်း မကပ်ရဲဘူး။

ငါးဘတ်ရဲ့ ပါးစပ်ပြဲက လက်ဝင်သွားရင် လက်ပြတ်သွားနိုင်တယ်။ ငါးဘတ်ကလည်း တဝုန်းဝုန်း တဖြန်းဖြန်းခုန်ရင်း ငချေစ်ရာကို မျက်လုံးပြူးကြည့်နေတာ။

ဒီမှာပဲ ...

ကျောက်ဘီလူးမကြီးရှိရာကနေ အသံထွက်လာတာ။

"ဟဲ့ကောင် ... ယူသွား"

"ဟင် ..."

"ဟဲ့ကောင် ... ယူသွား၊ အဲဒါ နင်တောင်းတဲ့ ငါးဘတ်ကြီးကြီးပဲတဲ့"

အလို ... ကျောက်ဘီလူးမကြီးများ စကားပြောနေတာလား။ ချေစ်ရှိနေတဲ့နေရာနဲ့ ကျောက်ဘီလူးမကြီးနေရာ ဝါးနှစ်ပြန်ခန့် ဝေးတာလေ။

သို့သော် စကားသံကို ပီပြင်ထင်ရှားစွာ ကြားလိုက်ရတာ။ အနီးအနားမှာ လူနဲ့တူတာ ဘာမှမရှိဘူး။

သေချာတယ်။

ဒါ ကျောက်ဘီလူးမရုပ်တုရှိရာက ပြောလိုက်တဲ့ စကားသံ။

"ဟဲ့ကောင် ... ယူသွား။ အဲဒါ နင်လိုချင်တဲ့ ငါးဘတ်ကြီးကြီးပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးတို့ရယ် . . .

ကျွန်မတို့တစ်တွေရဲ့ ဘဝများ သံကန့်လန့်ကာခြားသလို ခြားခဲ့ပေမင့် မောင်ကြီးတို့နှင့် ကျွန်မတို့ရဲ့အချစ် သစ်လွင်နေဆဲပါ။ စိမ်းစိုနေဆဲပါ။ နုပျိုနေဆဲပါ . . . မောင်ကြီးတို့ရယ်။

ငါတို့ရဲ့ ဘဝသစ်မြစ်ရှိုရာအရပ်ကို လူသားစင်စစ်ဘဝမှာ ရှိနေတဲ့ မောင်ကြီးတို့ကို မရောက်အရောက် ခေါ်မဟဲ့ဆိုတဲ့ တစ်ကိုယ်ကောင်းအတ္တစိတ် ကျွန်မတို့မှာ စိုးစဉ်းမျှ မရှိခဲ့ရိုးပါမောင်။

အချစ်ကို လက်နက်နဲ့ ရယူပြမယ်ဆိုတဲ့ အာဏာရှင်၊ အာဏာရူးတွေရဲ့ . . .

မြင်းခွာသံ

တောက်ခတ်သံ

ဓားကြိမ်းသံ

မြားပစ်သံတွေသာ ဆင်ဖြူတောင်ခြေမှာ မရှိခဲ့ဘူးဆိုရင်ဟောဒီ ဆင်ဖြူတောင်ကြီးဟာ ကြည်နူးချမ်းမြေ့ အချစ်တွေနဲ့ သစ်လွင် စိမ်းစိုနုပျိုနေမှာပဲ။ ဟောဟို လေ့ထွင်းတောင်ဟာ အသည်းနှလုံးလှပသူ၊ အချစ်အပေါ် သစ္စာရှိသူတွေရဲ့ မေတ္တာတရား၊ သစ္စာတရားနဲ့ တင့်တယ်ခမ်းနား ဝံ့ဝံ့ကြွားကြွားရှိနေမှာပါ . . . မောင်ကြီးရယ်။

ခုတော့ . . .

အဆိပ်လူးမြားနှစ်စင်းက ကျွန်မတို့ချစ်ခြင်းကိုခွဲ ရင်ကွဲကြေမွ ဆင်ဖြူတောင်,တောင် မျက်ရည်ကျခဲ့ပေါ့။

လေ့ထွင်းတောင်ရှိုက်သံ အက်ခဲ့ရပေါ့။

ကျွန်မတို့အချစ်ကို ရာဇဝင်တိုင်း၊ ခေတ်တိုင်း အချစ်စာမျက်နှာသစ် မျက်ရည်တောင်မှာ ကျောက်စာထစ်ပြီး မော်ကွန်းထိုးလှစ်လိုက်စမ်းပါ . . . မောင်ရယ်နော်။

✿ ✿ ✿

[၂]

❑

အနော်ရထာမင်းစောက နောင်တော်စုက္ကတေးမင်းကို မြင်းကပါ မှာ စီးချင်းထိုးပြီး နန်းတက်ခဲ့တယ်။

ပုဂံမင်းနေပြည်တော်လို့ အမည်သမုတ်တော်မူတယ်။

သမုတိရာဇ်မင်း စတည်ထောင်ရာအရပ်မို့ ပေါက္ကံလို့လည်း ခေါ် သတဲ့။

ရွှေစည်းခုံသမိုင်းမှာတော့ ပေါက်ပင်နှင့် ရေကန်ရှိလို့ ပေါက္ကံလို့ ပြန်သတဲ့။

နောင်တော့လည်း . . .

ပေါက္ကာရာမ၊ ပေါဂ္ဂါရာမ၊ ပုဂါရာမလို့လည်း လှပခန့်ထည်စွာ ကြခဲ့ဖူးရဲ့။

ဤမျှသော အမည်နာမနှင့်မျှ မကသေး။

ဆန်းကြယ်မွန်မြတ်တဲ့ အမည်တွေက ဟောဒီလို။

ပေါက္ကာရာမ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ . . . စောစောက သူ မုန့်ဖြူငါးချပ်တင်ပြီး ငါးဘတ်ကြီး ကြီးတစ်ကောင်ပေးပါအမေကြီးလို့ ပြောခဲ့တာ။

အခု ငါ့ကို ငါမမြင်ဖူး၊ မကြားဖူးတဲ့ ငါးဘတ်ကြီး ပေးနေတာ သူများတွေပြောတာ ဟုတ်နေတာပဲကိုး။ တောင်းရင်ပေးတယ်၊ ခိုးရင် ရဘူး။

ဟော . . . ဟော . . . ငါးဘတ်ကြီး ငြိမ်သွားပြီ။ မခုန်တော့ဘူး

သေသွားပြီနဲ့တူရဲ့။ လုံးဝကို မလှုပ်ရှားတော့ဘူး။

ဝါးကိုင်းတစ်ခုနဲ့ထိုးပြီး လှုပ်ကြည့်တယ်။ လုံးဝပဲ။

ဒါနဲ့ ငါးဘတ်ကြီးကို အမြီးကနေကိုင်ပြီး ဆွဲကြည့်တယ်။ အကောင် ကြီးပြီး လေးလွန်းလို့ သူ့ဆွဲအားနဲ့ မနည်းဆွဲရတယ်။

ဘယ်လိုလုပ်ရမလဲ။

ရွာနဲ့ကလည်း အတော်ဝေးတယ်။ မျှစ်ချိုး၊ ဟင်းရွက်ချိုးတွေလည်း မတွေ့။ မုဆိုးတွေလည်း မတွေ့။ တွေ့ရင် သူတို့ရဲ့အကူအညီနဲ့ သယ်သွား လို့ ရနိုင်တယ်လေ။

မဖြစ်ပါဘူး။

ရွာပြန်ပြီး လူကူခေါ်မှ။ ဒါဆို ဒီငါးဘတ်ကြီး ဘယ်လိုလုပ်ရမှာ တုံး။ သိပြီ။

ချစ်ရာ နွယ်ကြိုးတစ်ချောင်းခုတ်ပြီး ငါးဘတ်ကြီးရဲ့အမြီးကို ချည်လို့ နီးရာသစ်ပင်နဲ့ ကြိုးရှည်ရှည် ချည်ထားခဲ့လိုက်တယ်။

ပြီး . . . သူနေတဲ့ ငါးလယ်ကုန်းရွာကို ပြန်ပြေးပြီး အိမ်နီးနားချင်း တွေပြော၊ ငါးဘတ်ကို ဝိုင်းသယ်ပေးဖို့ အကူအညီတောင်းခဲ့တယ်။

ဘယ်သူမှ ချစ်ရာရဲ့စကားကို မယုံဘူး။ ဝိုင်းရယ်ကြလေရဲ့။

''ချစ်ရာ . . . တစ်လံခွဲကျော်ရှည်ပြီး လူသုံးယောက် ထင် လောက်ကြီးတဲ့ငါးဘတ် ငါတို့မမြင်ဖူးဘူး။ မနောက်ပါနဲ့ကွာ''





''ကျုပ် နောက်ပြောင်နေတာမဟုတ်ဘူး . . . အဘနဂါး။ ကျုပ် သစ်ပင်မှာ နွယ်ကြိုးနဲ့ ချည်ထားခဲ့ပါတယ်ဗျာ။ လိုက် ကူသယ်ပေးကြပါ။ ဟင်းစားလည်း ပေးမှာပါဗျ . . . လာကြပါဗျာ''

''မင်း ဘယ်လိုရတုံး . . . ချစ်ရာ''

ချစ်ရာက ဘီလူးမကြီးထံ ဟုတ်၊ မဟုတ်သိချင်လို့ ဟင်းစား တောင်းပုံအကြောင်း ပြောပြရော . . .

''ဖြစ်နိုင်ပါ့မလား . . . ချစ်ရာရယ်''

''ဩော် . . . မယုံလိုက်ကြည့်ကြပါ ဆိုနေ။ ကျုပ် မနိုင်လို့ အကူ အညီတောင်းတာပါဗျာ''

''မင်း ဟင်းစားများများပေးရမယ်နော် . . . ချစ်ရာ''

''ဝမ်းပျဉ်းသားကလွဲရင် ကြိုက်တာပြောဗျာ။ ဝမ်းပျဉ်းသားက ဘီလူးမကြီးကို ကျွေးရမှာဗျ''

''ဒါဆို သွားစို့''

အားကောင်းမောင်းသန် (၅)ယောက် ကြိုးတွေ၊ ဝါးထမ်းပိုးတွေ နဲ့ ချစ်ရာခေါ်ဆောင်ရာနောက် လိုက်ခဲ့ကြတာ။

တောထဲကို အတန်ကြာကြာဝင်မိတော့ ရေကန်ကြီးကို မြင်ရ တယ်။ ကြာညိုတွေနဲ့ ငါးတွေမြူးနေတာ မြင်ရတယ်။

''ဘယ်မှာတုံး . . . မင်း ငါးဘတ်ကြီး''

''ဟောဟို . . . သစ်ပင်အောက်မှာဗျ . . . လာ''

''ဘယ်မှာတုံးဟ . . . ချစ်ရာ''

''ဟင် . . .''

ချစ်ရာ အလွန်အံ့ဩသွားခဲ့ရပြီ။ စောစောက နွယ်ကြိုးနဲ့ချည် ထားခဲ့တဲ့ ရောမငါးဘတ်ကြီး မရှိတော့ဘူး။

ကျန်ရစ်ရှိနေတာက . . .

ငါးကြီးရဲ့အရိုးနဲ့ အသားမရှိတော့တဲ့ ဦးခေါင်းကြီး။

''ဟာ . . .''



www.burmeseclassic.com

www.burmeseclassic.com



"အလို ..."

ချစ်ရာအပါအဝင် လူ (၅)ဦး တစ်လံကွဲသာသာရှည်တဲ့ ငါးမိုး ကြီးနဲ့ ရှစ်လုံးဝင်ပြည်တောင်းနှစ်လုံးစာ ဝန်းကျင်ခန့်ရှိမည့် ငါးဦးခေါင်းခွံ ကြီးကိုကြည့်ပြီး လွန်စွာ အံ့အားသင့်နေကြလေရဲ့။

"အသားမရှိပါလား ... ချစ်ရာ"

"အေးကွာ ... ငါချည်ခဲ့တုံးက ငါးက သေခါစပါကွာ"

"ခွေးအတို့၊ တောခွေးတို့များ စားသွားရော့သလား"

"ငါးစိမ်းနံ့တော့ ရနေတာပဲ"

"ချစ်ရာ ..."

"ဗျာ ..."

"ငါ သိပ်မသက်ာဘူး ... ချစ်ရာ"

"ဘာကိုမသက်ာတာတုံး ... အဘနဂါး"

"လာဟေ့ ... ကျောက်ဘီလူးမကြီး ရုပ်တုရှိရာ သွားကြည့်ရ အောင်ဟေ့"

ဒါနဲ့ သူတို့ (၅)ယောက် ရေကန်ကြီးနဲ့ ဝါးနှစ်ပြန်ကျော်ခန့်ရှိ (၉) တောင် (၁၀)တောင်ခန့်မြင့်တဲ့ ကျောက်ဘီလူးရုပ်တုရှိရာကို ရောက်လာကြ တယ်။

ပါးရှည်နပ်ရှည်ရှိတဲ့ အဘဦးနဂါးက ကျောက်ဘီလူးမကြီးရုပ်တု အောက်ခြေကျောက်တုံးကို စူးစူးစိုက်စိုက် လိုက်ကြည့်ရင်းက ...

"ချစ်ရာ ..."

"ဗျာ ... ဘ နဂါး"

"ဒီမှာ အသားစတွေနဲ့ အရေပြားတွေဟေ့"

"ဟင် ..."

"ဟုတ်ရဲ့လား ... အဘ"

"ဒီမှာကြည့်လေ ..."





ရေညှိတွေတက်နေတဲ့ ဘီလူးမဆောင့်ကြောင့်ထိုင် အောက်ခံ ကျောက်တုံးပြားပေါ်မှာ လတ်လတ်ဆတ်ဆတ် ငါးအသားစတွေနဲ့ ငါးအမြီး ရှားကြီးကို မြင်ကြရရော ...

"အလိုလေးဗျာ ..."

"မွ မွ ... မွ မွ ... ဟဲ့"

"ဘနဂါး ... ဘနဂါး ..."

"ဘာတုံး ... ဘာတုံး ..."

"ပြန် ... ပြန်ကြပါစို့ဗျာ။ ခေါင်းနားပန်းတွေ ... ကြီး ... ကြီး ထိုပါဗျာ"

"အဘ ..."

"အေ ..."

"အဘ ဘယ်လိုထင်တုံးဗျ"

"ရွာရောက်မှ ပြောတာပေါ့ကွာ။ ပြန်ကြစို့ ... ချစ်ရာရေ"

ချစ်ရာတို့ ငါးရိုးကို သက်သေပြဖို့တောင် မယူခဲ့တော့ဘဲ ကျောက် ဘီလူးမကြီးရုပ်တုရှေ့ကနေ အမြန်ပြန်လစ်ခဲ့ကြတယ်။

ဒီမှာ ချစ်ရာ နောက်ပြန်လှည့်ကြည့် ဟိုက်ရော ...

"အမလေး ..."

"ဟာ ... ဟာ ... ချစ်ရာ ... ဘာဖြစ်လို့တုံးဟ"

"ဟို ... ဟို ... ဘီ ... ဘီလူး ... မ .... မကြီး"

"ဘီလူးမ ... ဘာဖြစ်လို့တုံး ... ချစ်ရာ ... ဟင်"

"ကျုပ် ... ကျုပ်ကို လက်ယပ် လှမ်းခေါ်နေတယ်ဗျ ... ဗျ"

"အမယ်လေး ... မြွတ်စွာဘုရား"

"မြန်မြန်သွားပါဟ ... နောက်ကနေ လိုက်လာဦးမယ်ဟ"

အရေးထဲ ခလုတ်ဟိုက်ပြီး လဲသူကလဲ၊ ဒါနဲ့အတူ လေထဲမှာ ရယ်သံလိုလို ကြားရတော့ တောပြင်ရောက်အောင် အပြေးနှင်ခဲ့ကြသော။ တောပြင်လည်းရောက် ခွေးသံရွဲရွဲနဲ့ လျှာထွက်ပြီး ဟိုက်လို့။



www.burmeseclassic.com

www.burmeseclassic.com



"အဘနဂါး"

"အေ ... ဟေ ... ဘာ ... ဘာတုံး"

"ဟိုလေ ... အဘကရော ဘာကို မြင်လိုက်လို့လဲဟင်"

"မင်းရတဲ့ ငါးဘတ်ကြီးကို "

"ဘာဖြစ်လဲ ... အဘ"

"သူ ... သူ စားတာကွ"

"ဘယ်သူတုံး ... အဘနဂါးရယ်။ ရှင်းရှင်းပြောပါဗျ"

"ဟို ... ကျောက်ဘီဘူးမကြီးပဲကွ"

"ဗျာ ..."

"ဟင် ... အဟုတ်"

"ကျောက်ဘီလူးမကြီးရဲ့ ပါးစပ်မှာ သွေးတွေပေကျံပြီး တစ်စက်ချင်း နှုတ်ခမ်းဦးကြီးပေါ် ကျနေတာကို ငါမြင်လိုက်ရသလိုပဲဟေ့"

"မြတ်စွာဘုရား ..."

✿ ✿ ✿

။၆။

❏

ကိုရင်ငဖြိုး၊ မယ်မင်းသာတို့ မိသားစုက ဒီနေရာမှာ တောင်ယာခုတ်ဖို့ မြေကောင်းတာနဲ့ တောရှင်းတောင်ယာခုတ်နေကြတာက အကြောင်းထူးလို့ လာလုပ်ကြတာ။

"ကိုရင်ဖြိုး ..."

"ဘာတုံး ... မယ်သာ၊ ပြော"

"ရော့ ... စားဦးစားဖျား အမေကျောက်ဘီလူးမကြီးကို သွားထင်မြှောက်ဦးတော့"

"အေး ... အေး .. ပေး"

ကိုရင်ဖြိုးက ငှက်ပျောရွက်ညွန့်အပိုင်းပေါ်မှာ ထမင်းဟင်းအချို့ကို ထည့်ပြီး ကျောက်ဘီလူးမကြီးရုပ်တုရှိရာကို လာခဲ့လို့ အောက်ခံကျောက်ဆိုင်ပြားပေါ်မှာ စားဦးစားဖျား ပန်းကန်ငှက်ပျောရွက်ကို တင်လိုက်ရင်းက ...

"အမေ ကျောက်ဘီလူးမကြီးခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"အမေ ကျောက်ဘီလူးမကြီးခင်ဗျာ့ သားတို့သမီးတို့၊ မြေးမလေးနှစ်ဦးတို့က ဒီတောဒီရေကာန်အနီးမှာ တောင်ယာများ လုပ်ကိုင်နေကြပါပြီခင်ဗျား။ အမေဘီလူးမကြီးကိုလည်း စားဦးစားဖျားများ တင်မြှောက်ပ,သပါတယ်။ သားများသမီးများ လုပ်ငန်းကိုင်ငန်း လုပ်ကိုင်ဆောင်ရွက်ရာမှာ အဆိပ်ရှိသော အန္တရာယ်ရှိသော ပိုးမွှား၊ မြွေဆိုးသားရဲများ အန္တရာယ်မကျရောက်ရအောင် အမေက စောင့်ရှောက်ကာကွယ်ပေးတော်မူပါ။ မြေကောင်းယာကောင်းဖြစ်ထွန်းအောင် အသီးအနှံများ ပေါပေါများများ ဖြစ်ထွန်းအောင် ကူညီမှိုင်းမပါ . . . အမေကျောက်ဘီလူးမကြီးခင်ဗျား။

စားဦးစားဖျားများကိုလည်း အမေကျောက်ဘီလူးမကြီးရှေ့ရောက်သည်နှင့် တင်မြှောက်ကုသိုလ်ပြုပါမည်ခင်ဗျား"

ကျောက်ဘီလူးမကြီးကို စားဦးစားဖျား တင်မြှောက်ဒါနပြုပြီးမှ မိသားစု ဝိုင်းဖွဲ့ပြီး မောမောပန်းပန်း အားရပါးရ ထမင်းစားကြတော့တယ်။

ထမင်းစားပြီးတော့ ကိုရင်ငဖြိုးနဲ့ မယ်မင်းယာက ကွမ်းထုပ်ကိုဖြေပြီး ကွမ်းယာနေတယ်။

မယ်ဖြူနှင့် မယ်ညိုတို့ကလည်း ထမင်းအိုး၊ ဟင်းအိုး မြေအိုးများကို စမ်းတွင်းလေးကရေနှင့် ဆေးကြောနေတုန်းမှာပဲ . . .

"ဗျို့ . . . ငဖြိုး . . . ငဖြိုးရေ . . . ဝေ့ . . . ငဖြိုး . . ."

နာမည်ခေါ်သံ။

ခေါ်သံက တောအစပ်နေရာက ခေါ်နေတဲ့အသံ။

"ကိုရင် . . ."

"မယ်သာရေ . . . ငါ့နာမည်များ ခေါ်သလားလို့"

"ဟုတ်တယ်တော့ . . . ကိုရင့်နာမည်ကို ခေါ်နေတာ"

"ထူးလိုက်ရမလား ဟင်"

"အိုး . . . တောထဲတောင်ထဲတော့။ တော်နေကြာ . . . ကျတ်တစ္ဆေတို့၊ သင်းခွေချပ်တို့ အမည်ခေါ်တာမျိုးဖြစ်နေရင် အကျိုးနည်းဦးမှာပေါ်။ နေ . . . နေဦး"





လူသံနဲ့ခေါ်သံက နီးနီးလာတယ်။

"ငဖြိုးရေ . . . မယ်သာရေ . . ."

"မိဖြူတို့၊ မိညိုတို့ရေ . . ."

"ကျုပ်တို့နာမည်ခေါ်နေတာ ဘယ်သူတုံးတော့"

"ဖိုးကော်လုပါဟ"

"အဖေရေ . . . အဖေ . . ."

"ဟဲ့ . . . လုံမတို့၊ ဘယ်သူတဲ့တုံးဟဲ့"

"သူကြီးဖိုးကော်လုတို့တဲ့တော်"

"ဟေ . . . ပဇာများဖြစ်ပါလိမ့်ဟာ . . . ဗျို့ . . . သူကြီး၊ ကျုပ်တို့ ကျောင်းထဲမှာဗျ။ ဒီဘက်ကို လာခဲ့ပါဗျို့"

မကြာခင် ကျည်တောင်ရွာအကြီးအကဲ ရွာသူကြီးဖိုးကော်လုနှင့် ရွာသားသုံးဦး လှံရှည်ကိုယ်စီနဲ့ ရောက်လာကြတယ်။

"သူကြီး . . ."

"ဝေ . . . မင်းတို့က ဒီလောက်ဝေးပြီး ကြောက်စရာကောင်းတဲ့ နေရာမှာ ဘာလာလုပ်နေကြတာတုံးဟ . . . ငဖြိုးရ"

"ဒီနေရာလေးက ရေကောင်း၊ မြေကောင်း ယူဆပြီး အရဲစွန့် တောင်ယာခုတ်၊ ယာကွက်ဖော်နေတာပါဗျ . . . သူကြီးရ။ ဒါနဲ့ မားတွေ၊ ဆုံတွေနဲ့ ဘယ်လိုအကြောင်း ပေါ်လို့တုံး"

"မင်း တစ်ခါတုန်းက ဆေးစုံတောင်မှာ ဆေးမြစ်သွားရှာခဲ့မဟုတ်လား"

"ဟုတ်တယ်လေ . . . ဆေးဆရာကြီး ဦးဂုဏာက အဆိပ်ဖြေဆေးမြင် သွားရှာပါဆိုလို့ ကျုပ် သွားရှာတာပဲ။ အဲဒါ ပဇာဖြစ်လို့တုံး . . . သူကြီး"

"ဆေးစုံတောင်ပေါ် မင်းရောက်တော့ ဘာတွေတွေ့ခဲ့တုံး"

"ဆေးမြစ်၊ ဆေးဥ၊ ဆေးပင် တွေ့တာပေါ့ဗျ . . . သူကြီးရ"

"ဟုတ်သေးပါဘူး . . . နောက်ထပ်တွေ့တာ ရှိတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟိုဒင်းနဲ့ တူတယ်ဗျ"

"အေးပေါ့ . . . အဲဒီ ဟိုဒင်းကိုပြောတာပေါ့ . . . ငဖြိုးရ။ အခု အရေးကြီးနေပြီ . . . ငါ့လူရေ"

"သူကြီး . . ."

"အေး . . . ပြော၊ အဲဒီဟိုဒင်းက ဘာလဲ"

"ဆင်ဗျ . . . ဆင် . . . ဆင် . . ."

"အေး . . . ဟုတ်ပြီ။ ဆင်က ဘာဆင်တဲ့တုံး"

"ဆင်ဖြူဗျ . . . ဆင်ဖြူ"

"အဲဒါ ဆင်ဖြူတော်ခေါ်တာပေါ့ဟ . . . ငတုံးရ။ နေပါဦး . . . မင်း ဆင်ဖြူတော် ဘယ်နှကောင်တွေ့ခဲ့တုံး"

"သုံးကောင်ဗျ . . . သုံးကောင်"

"ဟုတ်ပြီပေါ့ . . . မင်း အခု ငါတို့နဲ့လိုက်ခဲ့တော့"

"ဗျာ . . . သူကြီး၊ ကျုပ်က ဘာ . . . ဘာလို့ . . . လိုက် . . ."

"အခု ပုဂံနေပြည်တော်ကအထောက်တွေ ငါတို့ကျည်တောင်ရွာကို ရောက်နေကြတယ်။ မင်းကိုတွေ့ချင်လို့တဲ့၊ အဲဒါ လာခေါ်တာ။ မြန်မြန် လိုက်ခဲ့"

"ကျုပ် . . . ကျုပ် . . ."

"ဟ . . . ငတုံးရ၊ မင်းကောင်းစားတော့မှာဟ။ မြန်မြန်လုပ်ကွာ ကြာတယ် . . . ချီးမှပဲ"

ဒါနဲ့ပဲ ကိုရင်ငဖြိုးတို့မိသားစု ကြောက်ရွံ့စွာနဲ့ ကျည်တောင်ရွာထဲကို ရွာသူကြီး ငဖိုးကော်လုတို့နဲ့ လိုက်ခဲ့ရတော့တယ်။

ရှင်မယ်ဖြူတို့ညီအစ်မလည်း လန့်နေတာပေါ့။ မင်းနေပြည်တော်က အထောက်တော်တွေ လာတာတဲ့။ ဘာများဖြစ်လို့ပါလိမ့်။ ပုဂံနေပြည်တော်ကဆိုတော့ ဘယ်လိုလူတွေများပါလိမ့်။ ရင်ထိတ်လိုက်တာ။





မင်းအထောက်တော်ဆိုတာလည်း တစ်ခါမှ မမြင်ဖူးဘူး။ ဒီလိုနဲ့ ရွာသူကြီးအိမ်ကိုရောက်တော့ မြို့ကြီးသားနဲ့တူတဲ့ လူငယ်၊ လူသန့် လူရွယ် နှစ်ဦးကို ကိုရင်ငဖြိုးတို့ တွေ့ရတော့တယ်။

"ဆင်ရုံကြီး . . ."

"တွေ့ခဲ့ပါပြီလား . . . ရွာသူကြီး"

"ဟောဒါ ဆင်ဖြူတော်ကို ပထမဦးဆုံးတွေ့ခဲ့တယ်ဆိုတဲ့ ငဖြိုး ပါ"

"ဒါက ငဖြိုးရဲ့မိန်းမ မယ်သာပါတဲ့။ ဟောဟိုမိန်းကလေးနှစ်ယောက်က မယ်ရှင်ဖြူနဲ့ မယ်ရှင်ညိုလို့ ခေါ်ပါတယ်ဗျာ။ ရွာမှာတော့ မယ်ဖြူမယ်ညိုလို့ ခေါ်သဗျ"

လူရည်သန့်နှစ်ဦးဟာ မိသားစုများကို အကဲခတ်ရင်းက တောသူဆိုသော်လည်း ရွှေမြို့တော်က မိန်းမပျိုတွေထက် ချောမောလှပတဲ့ မယ်ဖြူနဲ့ မယ်ညိုတို့နှစ်ဦးကို ကြည့်ပြီး လွန်စွာနှစ်ခြိုက် ရွှင်လန်းသလို ရှိနေကြ တယ်။

"ဦးကြီးခင်ဗျ . . ."

"မိန့်ပါဗျ"

"ကျွန်တော့်နာမည်က ရဲသီဟလို့ ခေါ်ပါသဗျ"

"ဟုတ် . . . ဟုတ်ကဲ့ပါဗျ"

"သူကတော့ ရဲဒိဗ္ဗလို့ခေါ်တယ်။ ကျွန်တော့်ညီအရင်းပါ"

"ဟုတ် . . . ဟုတ်ပါ့ဗျ"

"ကျွန်တော်တို့ညီအစ်ကိုက ပုဂံဘုရင် အနော်ရထာမင်းကြီးရဲ့ အောက်မှာဆင်ဝန်ထမ်းများအနက်က တောဆင်ရိုင်းများကို လိုက်လံ ရှာဖွေ 'အောက်ငင်' ဖမ်းဆီးရတဲ့ 'ဆင်ရုံသား' ခေါ်ပါတယ်ခင်ဗျ။ နောက် ကျာပါတဲ့သူများကတော့ 'ဆင်ကြားသား'နဲ့ 'ဆင်စမ်းသား' တွေပါ့ဗျာ။ ကျွန် တော်တို့တာဝန်က တောတောင်တွေထဲမှာ ဆင်ရိုင်းတွေ အမှန်တကယ် ရှိ၊ မရှိ လိုက်လံစုံစမ်း ကြည့်ရှုရှာဖွေရတဲ့ ဆင်အမှုတော်ထမ်းများပါခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



အရိမဒ္ဒနာ၊ ပုဏ္ဏာကာမ။

တမ္ပဝတီ။

သိရိပစ္စယာ။

သမ္မုဏ္ဏာဂါမ။

ပဏ္ဏာပုလာသ။

နဂရုတ္တမ။

ပရမပူရ။

သမာဓိနာဂရ။

တမ္ပဒေသ။

ဝေဠုကာရာမ။

ပုဂံ . . . . စသည့် အမည် (၁၃)မျိုး ရှိခဲ့တာသည် အနုရုဒ္ဓါ(ခေါ်) အနော်ရထာမင်းကြီး ထီးနန်းစိုးစံတဲ့ ပုဂံပါပဲ။

အလွန်ဘုန်းကြီးတဲ့မင်း . . .။ "သိန်းပြုမြို့" ကို ခေါင်းတည်ပြီး "ထောင်ပြုမြို့"၊ "ရှစ်ရာပြုမြို့"၊ "လေးရာပြုမြို့" ကနေ "နှစ်ဆယ်ပြုမြို့" အထိ အသီးသီးစုဝေး မြို့တည်ခဲ့တဲ့ အမြော်အမြင် ကြီးလှတဲ့မင်း။

အနော်ရထာမင်းရဲ့ ဩဇာသည် တရုတ်နိုင်ငံတောင်ပိုင်းနှင့် ခမာ နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား၊ ယိုးဒယားအထိ ဘုန်းတန်ခိုးဩဇာ လွှမ်းမိုးသတဲ့။

ဖင်းမယ်၊ ကမ္ဘောဒီးယား၊ ကိုချင်ချိုင်းနားအထိ အနော်ရထာမင်းရဲ့ အာဏာစက် သက်ရောက်ခဲ့တယ်။

အနော်ရထာမင်းကြီးက ဆန်ရေစပါး ပေါကြွယ်ဝစေဖို့ သူနန်းတက် အပြီးမှာ မိတ္ထီလာကန်ကို ဆည်ဖို့တော်မူတယ်။ ပျက္ကရွေတောင်၊ ကယွတ် တောင်က ကျတဲ့ရေကို အတန့်တန့် ဆည်ရေသောက်ကန်ပြုလုပ်တယ်။

ပြီး . . . ပန်းလောင်မြစ်နားမှာ 'ကင်းတား၊ ငနိုင်၊ ပြောင်းပြာ ဂူမည်း' စတဲ့ဆည်တွေ တည်တယ်။





မကွရာမြစ် (ဇော်ဂျီမြစ်) အနီးမှာ နွားတက်ကွမ်းဆေးဆည် ဓူတော် (ငပြောင်း) ဆည် စသည်တို့ကို တည်ပြီး ရေလွှဲဆည်တွေပြုလို့ ပုဂံရိုလယ်သမားတွေရဲ့ ဘဝကို မြှင့်တင်ပေးခဲ့တယ်။

ဆန်ရေစပါး ပေါများကြွယ်ဝလွန်းလို့ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ ပေါးတောင်လိုပုံခဲ့ပေါ့။

ကြည့်စမ်း . . .

ပုဂံနိုင်ငံတော်ရဲ့ လုံခြုံရေး။

ရှမ်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြားမှာ ရှမ်းယွန်းတို့ ရောနှောစိမ့်ဝင် ချိုရအောင် ပုဂံရဲ့မြောက်ဘက်နှင့် အရှေ့ဘက်မှာ မြို့ပေါင်း (၄၃)မြို့ကို "သိန်းပြုမြို့"၊ "သောင်းပြုမြို့"၊ "ထောင်ပြုမြို့" ဆိုပြီး တည်လို့ ကာကွယ်ရေး တွေ လုပ်ခဲ့တယ်။

အနော်ရထာမင်းကြီးထံမှာ ခစားကြတဲ့ သူရဲကောင်းစစ်သူကြီးတွေ ကလည်း အဟန့်ကောင်းပဲ့။ သတ္တိရော၊ ဗျတ္တိရော လက်ဖျားခါလောက် များ။

ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး တဲ့။ ကြားကြားသမျှ ဖိန့်ဖိန့်တုန်ရတဲ့ စစ်သူကြီး သူရဲကောင်းတွေ။

ပုဂံမှာ အရည်းကြီးတို့ရဲ့ တန္တရဝါဒကို သန့်စင်ပြီး ရှင်အရဟံ ထေရ်ရဲ့ အကူအညီနဲ့ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ပြန့်ပွား ည်ဝင်အောင် ဆောင်ရွက်တော်မူတယ်။

ဒါကြောင့် . . .

ပြည်ပေါ်က္ကံ မဟာပုဂံဟာ ဆန်ရေစပါး ကောက်ပဲသီးနှံ ပေါကြွယ်ဝ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနဲ့ ဘုရားစေတီကျောင်းကန် တွေနဲ့ သာယာစည်ကားတဲ့ မဟာပုဂံမင်းနေပြည်တော်ကြီးအဖြစ် ခန့်ညား ည်ပါနေပါပေါ့။

သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျည်တောင်ရွာကို လာခဲ့ရတာကလည်း အရှေ့ပေါင်းလောင်းမြစ်အနီးက ပြည်ထောင်ရွာတောင်ပေါ်မှာ ဆင်ဖြူတော် ပေါ်တော်မူတဲ့သတင်းရလို့ အနော်ရထာမင်းကြီးက ဟုတ်၊ မဟုတ် စုံစမ်းနိုင်းလို့ ရောက်လာရတာပါ။ ကြားရတဲ့သတင်းအရ တောင်ပေါ်မှာ ဆင်ဖြူတော်တွေကို ကျည်တောင်ရွာသားဦးကြီးဖြိုး စတွေ့ခဲ့၊ မြင်ခဲ့ဖူးတယ်လို့ သတင်းရတာနဲ့ လာရောက်မေးမြန်း စုံစမ်းရတာပါဗျာ''

''ဟုတ် . . . ဟုတ်ကဲ့ဗျာ''

''ဦးကြီး . . . ဆင်ဖြူတော်များတွေ့ခဲ့တာ ဟုတ်မှန်ပါသလားခင်ဗျ''

''ဟုတ် . . . ဟုတ်ပါ့ဗျာ''

''ဘယ်တောဘယ်တောင်မှာ တွေ့ခဲ့တာလဲခင်ဗျာ''

''ဟိုး . . . အရှေ့ပေါင်းလောင်းမြစ်အနီး ဆေးစုံတောင်မှာ ဆေးပင်ဆေးမြစ် ရှာနိုင်းလို့ သွားရှာရင်း တွေ့ခဲ့တာပဗျာ''

''ဘယ်နှစ်ကောင်တုံး . . . ဦးကြီး''

''သုံးကောင်ပ''

''ဘယ်လိုအသွင်သဏ္ဍာန် တွေ့ခဲ့တာလေး ပြောပြပါဦးဗျာ။ သို့ကလို သတင်းကောင်းပြောပြတဲ့အတွက်လည်း ကျွန်တော်တို့က ဦးကြီးတို့မိသားစုကို အကျိုးပြုမှာပါခင်ဗျ . . . ပြောပြပါဦးဗျ''

''ကျုပ်တို့က ဆေးစုံတောင်ခေါ်တာပ။ ပုပ္ပါးတောင်လိုပဲ ဆေးဖက်ဝင် သစ်ဥ၊ သစ်ဖုတွေ ရှိလို့ပ။ ဆေးဆရာကြီး ဖိုးဂုဏက အဆိပ်ကျဆေးပင် နမူနာပေးပြီး ရှာနိုင်းတာနဲ့ ကျုပ်လည်း ထမင်းထုပ်၊ ဓားနဲ့တောင်ပေါ်ကို တက်ခဲ့တယ်ဗျ။

ဒီလိုနဲ့ တောင်ကြောမကြီးပေါ်က အပင်တွေကြားမှာ လိုက်ရှာတုန်းမှာပဲ တောင်မကြီးပေါ်က ကျွန်းပင်ကြီးတွေဝိုင်းနေတဲ့ အရှေ့ကုန်းပြင်မှာ ဆင်ပေါက်ကြီးသုံးကောင် နေစာလှုံသလိုမျိုး မြင်ရပြီး ကျုပ်လည်း





ထန့်ဖျပ်လို့ ကျွန်းပင်ကြီးအကွယ်မှာ ပုန်းရင်း အံ့ဩလို့ ငေးကြည့်နေမိတယ်ကွယ့်။

ထူးခြားတာက ဆင်ကြီးသုံးကောင်ဟာ ဆင်မည်းကြီးတွေမဟုတ်ဘူး။ ဘော်ငွေရောင်အဆင်းနဲ့ နေရောင်အောက်မှာ ပြိုးပြိုးပြောင်ပြောင် အဆင်းရှိနေတယ်ကွယ့်။ ဒါ . . . ဆင်ဖြူတော်နေမှာပဲလို့ ယူဆပြီး ကျုပ်လည်း ဆင်ဖြူတော်သုံးကောင်ကို လက်အုပ်ချီပြီး တောင်းပန်လိုက်တယ်။

ဆေးမြစ်ဆေးပင်ရှာရင်း မျက်စိလည်လို့ ရောက်ခဲ့ရတာပါ။ အသင်ဆင်မင်းတို့ . . . ကျွန်ုပ်ကို အန္တရာယ်မပြုပါနဲ့ တောင်းပန်လိုက်ရော . . . ဆင်ဖြူတော်သုံးစီးဟာ ကျုပ်ရှိရာကို လှည့်ကြည့်ပြီး နှာမောင်းတယမ်းယမ်းလုပ်နေကြတယ်ကွယ့်။ ကျုပ်လည်း လန့်လွန်းလို့ ပါးစပ်ကနေ ဗုဒ္ဓ ဗုဒ္ဓနဲ့အရှားတနေတုန်းမှာပဲ ဟိုး . . . တောင်မြင့်ကြောကြီးပါက သစ်တောထဲကို အရှေ့ရှေ့ဝင်သွားကြတာကို မြင်ရတာပဲကွယ့်''

''နောက်ထပ်ရော ဆင်ဖြူတော်တွေကို တွေ့သေးလား . . . ဦးကြီး''

''ကျုပ်လည်း ကြောက်လို့ တောင်ပေါ်မှာ ဆေးသွားမရှာတော့ဘူးကွယ့်''

''ဦးကြီးတွေ့ခဲ့တဲ့ ဆင်ဖြူတော်သုံးစီးမှာ အစွယ်ရောထွက်တာမြင်ရလားခင်ဗျ''

ရဲသီဟဆိုသူက ဦးကြီးငဖြိုးကို ထပ်မေးတယ်။

''အစွယ်ထွက်နေတာ နှစ်ကောင်ပါတယ်ကွယ့်''

''ကျေးဇူးအများကြီးတင်ပါတယ် . . . ဦးကြီး။ ဟောဒါ ဦးကြီးတို့သုံးစွဲဖို့ ငွေစင်တစ်ပိဿာပါ။ ယူပါ ခင်ဗျ''

''မ . . . မယူ . . . ပါရစေနဲ့ . . . မောင်တို့ရယ် . . . မယူပါရစေနဲ့''

''ရဲရဲသာယူပါ . . . ဦးကြီးရယ်၊ ဦးကြီးပြောသလို ဆင်ဖြူတော်လည်း ရှိမယ်။ ကျွန်တော်တို့ အောက်မားဆင်အဖွဲ့ကလည်း ဆင်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



တော်များကို လက်ရဖမ်းမိပြီး ပုဂံပြည့်ရှင်မင်းကြီးကို ဆင်သနိုင်ခဲ့သ ဦးကြီးတို့မိသားစု သူကောင်းပြုခံရမှာ အသေအချာပဲခင်ဗျ။ ရော့ . . . ရဲ့ ယူ။ ကြိုက်သလိုသုံးပါ . . . ဦးကြီး''

''ကျေး . . . ကျေးဇူးတင်ပါ့ မောင်တို့ရယ်၊ ကျေးဇူးအများကြီး''

''ကျွန်တော်တို့ကလည်း ကျေးဇူးလွန်စွာ တင်ရပါတယ် . . ဦးကြီး ကဲ . . . ကဲ . . . ဦးကြီးတို့ ပြန်လို့ရပါပြီဗျာ''

ရှယ်မယ်သာရော၊ ရှင်ဖြူနဲ့ ရှင်ညိုတို့ပါ စိုးရိမ်ပူပန်မှုလျော့ပြီး အလွန့်ကို ဝမ်းသာနေကြတာပေါ့။ ဘုရားရေ . . .

ငွေစင်တစ်ပိဿာတဲ့။ ချီးမြှင့်တာတဲ့တော်။

တစ်သက်နဲ့တစ်ကိုယ် ငွေစင်ငွေသားများ ဒီလို များများမကိုင်ဖူး ဘူးလေ။

ကျည်တောင်ရွာ သူကြီးဦးဖိုးကော်လုနဲ့ အနီးရှိ သက်ကြီးရွယ်အို ကြီးတွေလည်း ဝမ်းသာအံ့ဩဖြစ်ကြပေါ့။ ဒီမှာ ကိုရင်ဖြိုးက . . .

''ဆင်ရံကြီးတို့ခင်ဗျား . . .''

''ဆင်ရံကြီး မခေါ်ပါနဲ့ . . . ဦးကြီးရယ်၊ ကိုယ့်တူသားလို သဘော ထားပြီး ဆွေမျိုးသားချင်းလိုပဲ ခေါ်ပါခင်ဗျ''

''မောင်သီဟလို့ ခေါ်ပါရစေ . . . လူကလေးရယ်''

''ခေါ်ပါ . . . ခေါ်ပါ . . . ဦးကြီး၊ ကျွန်တော့်ကို မောင်သီဟလို့ ခေါ်ပါ။ ကျွန်တော့်ညီကိုတော့ မောင်ဒိဗ္ဗလို့ခေါ်ပါ . . . ဦးကြီး။ ကျွန်တော် တို့မှာလည်း ဦးကြီး၊ ဒေါ်ကြီးတို့ ဒီက နှမလေးတို့ . . .''

ရဲသီဟက ချောမောလှပလွန်းလှတဲ့ မယ်ဖြူနဲ့မယ်ညိုကို ကြည့်ပြီး ပြောတာရယ်။

''ဦးကြီးတို့ ကျည်တောင်ရွာ၊ ပြည်ထောင်ရွာသူရွာသား လူကြီး သူမများကို အမှီပြုပြီး ဆင်ဖြူတော်ရှာရမှာပဲခင်ဗျာ။ ကျွန်တော်တို့ ဆင် ဖမ်းအဖွဲ့သားတွေကိုလည်း ဆွေးရင်းသားရင်းတွေလို မှတ်ယူပြီး ဝိုင်းကူကြ ပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျ''

---

စိတ်ကူးသစ်စာပေ



''မောင်သီဟနဲ့ မောင်ဒိဗ္ဗ . . .''

''ဟုတ်ကဲ့ . . . ဦးကြီး၊ ပြောပါခင်ဗျား''

''ဦးကြီးတို့ကလည်း မောင်တို့ကို စွမ်းသမျှ ကူညီပါ့မယ်ကွယ်။ ဦးကြီးတို့အိမ်လည်း ဝင်ပါထွက်ပါ၊ စားကြပါ။ ဟောဒီ သမီးတွေကိုလည်း မောင်တို့နှမတွေလို သဘောထား၊ လိုတာခိုင်းပါကွယ်''

''ကောင်းပါပြီ . . . ဦးကြီးရယ်၊ ကျေးဇူးပါပဲခင်ဗျာ''

ဒီမှာ လှပုံချောချော၊ အသားဖြူဖြူ၊ ဗလကောင်းကောင်း ညီလုပ် သူ ရဲဒိဗ္ဗက . . .

''ဦးကြီးတို့၊ ဒေါ်ကြီးတို့ကတော့ ဖိတ်ခေါ်ပါရဲ့ဗျာ။ ကျွန်တော် တို့က အကူအညီလိုအပ်လို့ ပြောရင်ရော ဟိုနှမလေးတို့က လိုက်လိုက် လဲလဲ ကူညီနိုင်ကြပါ့မလားဗျ''

''ကူညီမှာပါ . . . မောင်ကြီးရဲ့''

အာသွက်လျှာသွက် အကြီးမ ရှင်မယ်ဖြူက ပြုံးပြုံးရယ်ရယ်နဲ့ ပြောလိုက်တော့ ရဲဒိဗ္ဗက ပြုံးလိုက်ပြီး . . .

''ဟိုနှမလေးကရော''

''အစ်မလိုပါပဲရှင်''

''ဝမ်းသာလိုက်ပါဘိ . . . နှမတို့ရယ်၊ မောင်ကြီးတို့ ဒီရွာမှာ အတန်တော့ ကြာဦးမှာဗျ။ ရွာသူကြီးအဘကော်ခင်ဗျ . . .''

''ပြောပါ . . . အောက်မားတို့ . . . ပြောပါ''

''ကျွန်တော်တို့အတွက် တဲသုံးလုံးတော့ လိုအပ်တယ်ခင်ဗျ။ အဲဒါ ရွာသူကြီးတို့ကလည်း နေရာကောင်းလေးများ ညွှန်ပါဗျ''

''စိတ်ချပါ . . . ဆင်ရံကြီးတို့၊ ဆင်ရံကြီးတို့အတွက် တောင်ခြေ ရင်းမြေကောင်းနေရာများ လိုက်ပြပါ့မယ်ဗျာ''

''မောင်ကြီးတို့ရှင် . . . နှမတို့ ပြန်ပါဦးမရှင့်''

''ဟုတ်ကဲ့ပါဗျာ . . . ပြန်ပါ . . . ပြန်ပါ . . . ကျေးဇူးပါ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဖြူ၊ ရှင်ညိုတို့မိသားစု ပြန်သွားကိုကြည့်ပြီး ဆင်ရုံသား အောက်မားအမှုထမ်း ရဲသီဟနှင့် ဆင်စမ်းသား ရဲဒိဗ္ဗတို့ညီအစ်ကို ခေါင်း တညိတ်ညိတ် လုပ်နေကြရဲ့လေ။

"ဆင်ရုံကြီးဗျ ..."

"ဘာတုံး ... ဘသူကြီး"

"ဘာတွေကြည့်ပြီး ပြုံးပြုံးပြုံးပြုံးနဲ့ ခေါင်းတညိတ်ညိတ် လုပ်နေကြတာတုံးဗျ ... ဆင်ရုံကြီးရ ... အဟဲ ဟဲ"

"အဲ ... အဲ ... ဟိုဗျာ ... အဲ ... ဘသူကြီးတို့ ကျည်တောင်ရွာသူတွေရဲ့ လုပသန့်စွမ်း ချောမွေ့ယဉ်ကျေးပုံက ကျုပ်တို့ ပုဂံရွှေမြို့တော်သူတွေအတိုင်းလိုပဲလို့ တွေးပြီး ..."

"ဟုတ်ရဲ့လား ... အောက်မားဆင်ရုံကြီးရာ ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟုတ်ပါတယ်ဗျာ ... ဘသူကြီး ကတော်လည်း ပုဂံမြို့သူလို အချောအလှပဲဗျ"

"ဟား ဟား ဟား ဟား ... အောက်မားတို့ကတော့ စားကောင်းသောက်ကောင်းအောင် ကျုပ်မိန်းမကို မြှောက်နေပါပြီဗျာ။ ဟဲ့ ... ရှင်မ"

"ရှင် ..."

"အောက်မားတို့၊ ဆင်ရုံကြီးတို့ပြောတာ ဘယ့်နှယ်တုံး"

"ချောလို့ခန့်လို့ ချောတယ်ခန့်တယ်ပြောတာဥစ္စာ။ တစ်နေကုန်ပြောတော့ရော နာစရာလား ... အိမ်ဦးနတ်ကြီးရဲ့ ... မဟုတ်ဘူးလား ... အောက်မားတို့ရယ် ဟင်"

"ခုလို ထပ်ပြောလိုက်တော့မှ အမိက ပိုပြီး ကျက်သရေရှိတာဗျ အမိရ"

"ဟား ဟား ဟား ဟား ဟား"

"ပုဂံသားတွေနော် ... ရှင်မ ... ဒါ ပုဂံသားတွေ"

"ရှင်လည်း ချောခန့်ကြီးပါပဲ ကိုရင်သူကြီးမင်းရဲ့ ... အဟီး"

---

စိတ်ကူးသစ်စာပေ



"ဟော ... မင်းက ..."

"ဟုတ် ..."

"ငါ့ကို ..."

"ဟုတ်တော်"

"ခန့်တယ် ... ဟုတ်လား"

"ဘုရားစူးပါ့တော် ... ကိုရင်ကော်"

"ဟား ဟား ဟား ဟား ... အောက်မားတို့ရေ ကျုပ်တို့အိမ်ထောင်ကျလာတာ စုက္ကတေးမင်း နန်းတက်ချိန်ကတည်းကဟေ့။ ပုဂံအနော်ရထာမင်းလက်ထက်ရောက်မှ ကျုပ်ကို ခန့်ချောကြီးလို့ ပြောတော့တယ်ဟေ့ ... ဟား ဟား ဟား ဟား"

"အဲဒါ မကြိုက်ဘူးလား ... ဘသူကြီးရဲ့"

"တောက် ... သေကာနီး အရွယ်ကျမှ ခန့်ချောကြီးပြောတော့ ဘာလုပ်မှာတုံး ... အောက်မားတို့ရဲ့။ အရွယ်ကောင်းတုန်းကသာ ခန့်ချောကြီး၊ ချောခန့်ကြီးများ ပြောရင်လား"

"ဘသူကြီးက ဘာလုပ်မယ်တုံးဗျာ"

"ဒီကတော်မယားကြီး အရိုးကျိုး အမှုန့်ဖြစ်ပေ့ါ ... အောက်မားတို့ရဲ့ ... ဟား ဟား ဟား ဟား ..."

ရွာသူကြီးဘကော်လုရဲ့ အိမ်ကြီးအောက်မှာ ရယ်သံဟေ့ စီစီလျှံသွားခဲ့တယ်။ သူတို့ ပုဂံမြို့ကြီးသား မင်းမှုထမ်းတွေနဲ့ ခုမှ တွေ့ဆုံကြတာပါ။ တစ်ခဏအတွင်းမှာပဲ ...

ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း ဖြစ်သွားကြရဲ့။ သူတို့က ကျေးသူကျေးသားတွေပါ။

ဒါပေမင့် ပွင့်လင်းတယ်။ ရိုးသားတယ်။ ဟန်မဆောင်တတ်ဘူး။ မလိမ်မညာဘူး။ ပွင့်လင်းဖော့်ရွှေတဲ့ အရိုးခံသက်သက်ကြီးတွေ။

ဒါကြောင့် ရင်းနှီးမှု သွက်လက်မြန်ဆန်သွားခဲ့ကြတာပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၇]

❑

အရင်ကတော့ ဆေးဖက်ဝင် အသီးအဖု အမြစ်အပင်အရွက်တွေ ရှိလို့ 'ဆေးတောင်'၊ 'ဆေးစုံတောင်'၊ 'ဆေးမင်းတောင်' ရယ် အလွယ် ခေါ်ကြတယ်။

ခုတော့ ...

ဆင်ဖြူတော် သုံးကောင်ရှိတယ်လို့ သတင်းရလို့ တောင်နာမည် ပါ ပြောင်းသွားခဲ့ပြီ။

ဆင်ဖြူတောင်တဲ့။

ရဲသီဟနဲ့ ရဲဒိဗ္ဗတို့ အောက်မားဆင်စုံစမ်းရေးအဖွဲ့ဝင်များဟာ ဓား၊ လှံ၊ လေး၊ မြား တွေ ကိုင်စွဲထားကြပြီး ဦးကြီးဦးရင်ဖြိုးကို လမ်းပြသဘောနဲ့ လမ်းပြစေပြီး တောင်ကြောပေါ်ကို တရွေ့ရွေ့ တက်လာခဲ့ကြတယ်။

တောင်ပေါ်ကနေ ငုံ့ကြည့်ရင် ပေါင်းလောင်းမြစ်ကို မြင်ရတယ်။ တောင်တွေ တောင်တန်းတွေဟာ တစ်သွယ်တစ်လျား ဆက်လျက် မြင်နေရတယ်။





ဆင်ဖြူတောင်ဟာ ကျွန်းပင်၊ ပျဉ်းကတိုးပင်များ အပါအဝင် ဝါးတောကြီးတွေ၊ ချုံအုပ်ကြီးတွေနဲ့ တောစိမ်းထူထပ်လို့နေတယ်။

တောင်က တဖြည်းဖြည်း မတ်နေလို့ နီးရာအပင်တွေ ဆွဲပြီး တက်ခဲ့ကြတယ်။ အောင်လောင်းငှက်ကြီးတွေရဲ့ အော်သံ၊ ယောက်ဖခွေးခေါ် ငှက်များရဲ့ အော်သံတွေအပြင် ခပ်ဝေးဝေးက မျောက်အုပ်ရဲ့ အော်သံတွေ လည်း ကြားရတယ်။

တစ်ချက်တစ်ချက် ချေနဲ့ သမင်တွေ ဖြတ်ပြေးတာမြင်လို့ ဆင် ကြားသားထဲက တစ်ယောက်က လေးနှင့်ပစ်မလိုလုပ်လို့ ခေါင်းဆောင် ရဲသီဟ တားထားရတယ်။

"ဆင်ရဲကြီး ဟင်းစားရမှာလေ"

"မပစ်နဲ့။ ငါတို့ အခု တောင်ပေါ်လာတဲ့ ရည်ရွယ်ချက်က ဆင် ဖြူတော်ရှာဖို့ လာခဲ့တာ။ သားကောင်သတ်ဖို့ လာတာမဟုတ်ဘူး။ တော လန့်သွားမယ်။ မလုပ်နဲ့"

"အပြန်ကျရော ဆင်ရဲကြီး"

"မောင်ကြိမ်"

"ခင်ဗျာ"

"ငါ အမိန့်ပေးမှ လုပ်။ ငါတို့လာ... သည် မင်းပိန့်နဲ့ ဆင်ဖြူ တော် ရှိ၊မရှိ၊ ဟုတ်၊မဟုတ် ပဏာမ စုံစမ်းဖို့လာတာ။ ခုနေ ...သားကောင် ဒဏ်ရာရပြီး အော်တဲ့အသံကို အခြားသားကောင်ရော၊ ဆင်ဖြူဆင်မည်း တွေရော ကြားသွားရင် တောလန့်သွားမယ်။ တောလန့်လို့ သားကောင်တွေ ဝှန်းဒိုင်းကြဲပြေးရင် မင်းတို့ငါတို့အတွက် အသက်အန္တရာယ်များတယ်။ နား လည်လား"

"ဟုတ် ... ဟုတ် ..."

"ဦးကြီး"

"မောင်သီဟ ... ပြော"

"ဦးကြီး စတွေ့တဲ့နေရာ မရောက်သေးဘူးလားခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့တစ်မျှော်ဆို ရောက်ပါပြီ ... မောင်သီဟ။ ဒီမှာ ကျုပ် ဓား ထစ်ခဲ့တဲ့ သစ်ပင်ပဲ။ ဒါ အပြန်လမ်းအတွက် မှတ်သားထားတဲ့ သင်္ကေတ။ ရှေ့မှာ တောင်ကြားနဲ့ ကျောက်ဂူရှိတဲ့နေရာ။ လမ်းတော့ ကျဉ်းတယ်။ လာ"

လမ်းရယ်လို့ မရှိဘူး။ ကျောက်ကမ်းပါး လမ်းကျဉ်းတွေ ကျော် ခဲ့ကြတယ်။ နောက်ပြန်လှည့်ကြည့်တော့မှ ကိုယ်တက်ခဲ့တဲ့ တောင်တွေ အတော်မြင့်မှန်း သိရတယ်။

သစ်ပင်ကြီးတွေကြားနဲ့ တိရစ္ဆာန်သွားတဲ့ လမ်းကြောင်းတွေကို နင်းပြီး လာခဲ့ကြတာ။ သူတို့ တောင်သုံးလုံး ကျော်ခဲ့ကြပြီ။

"မှဆိုး ... ငကျန်"

"ဟုတ်ကဲ့ ... ခေါင်းဆောင်၊ 'အမိန့်ရှိပါ"

"ခြေရာတွေကို ကြည့်စမ်းပါ ... မုဆိုး"

မုဆိုးငကျန်က ဖက်ရွက်ဟောင်းတွေရဲ့ အနေအထား၊ အနီးရှိ သစ်ပင်ရဲ့ အနေအထား၊ မြေပြင်ပေါ်က အနေအထားကို ကြည့်ရှုစစ်ဆေး ပြီး ...

"ခေါင်းဆောင် ..."

"ပြော ... မုဆိုး၊ ဘာထူးလဲ"

"ဒီနေရာက သားကောင်ကြီးသွားတဲ့လမ်း မဟုတ်ဘူး။ ဆင် တို့၊ ဆတ်တို့၊ ပြောင်တို့သွားတဲ့လမ်း မဟုတ်ဘူး။ ချေတို့၊ သမင်တို့၊ တောဝက် တို့လို သားကောင်ငယ်တွေ သွားတဲ့လမ်းပဲ။ ဆင်ခြေရာ မတွေ့ဘူး'

"ဦးကြီး ..."

"မောင်သီဟ"

"ရောက်တော့မလားဟင်"

"ဟိုရှေ့က ကျွန်းပင်အုပ်ကြီး တွေ့လား"

"တွေ့တယ် ... ဦးကြီး"





"အဲဒီနေရာ ရောက်ရင် အသံမထွက်ကြနဲ့။ ကျုပ်တွေ့ခဲ့တာ အဲဒီ ကျွန်းပျဉ်းကတိုးပင်ကြီးတွေရဲ့ ရှေ့က မြေဇာပင်ကွက်လပ်မှာပဲ ... မောင် သီဟ"

"ဟုတ်ပြီ ... ဦးကြီးရေ၊ အားလုံး နားထောင်ကြဟေ့။ ရှေ့က ကျွန်းပင်ကြီးအုပ်အုပ်ကို ငါတို့ သွားကြမယ်။ စကားမပြောကြနဲ့။ ခြေသံ လုံလုံသွား။ ချောင်းဆိုးတာ၊ သလိပ်ဟပ်တာ၊ အပေါ့သွားတာ လုံးဝမလုပ် နဲ့။ ဓားချင်း၊ လှံချင်း ထိခတ်မိတဲ့အသံမျိုး မပေါ်စေနဲ့။ ရှေ့တိုးကြစို့"

သူတို့ငါးဦး ချောက်လမ်းကျဉ်း ကွေ့ကွေ့ကောက်ကောက်ကို အချိန်အတန်ကြာ ချွေးဒီးဒီးကျ တက်ခဲ့လိုက်ရော ...

ဒီလိုနဲ့ တတိယမြောက်တောင်မြင့်ကြီးရဲ့ ကုန်းကြောပေါ်ကို ရောက် ခဲ့ကြတော့တယ်။ ဘယ်လောက်မြင့်မြင့် ရောက်နေမှန်းတော့ မသိရဘူး။ သစ်ကြီးဝါးကြီးတွေကလည်း ထူထပ်သလို၊

ဆူးနွယ်ပင်ချုံတွေ ...

ကြိမ်တောကြီးတွေကလည်း ဥဒဟိုမှာ ရှိနေတော့ နောက်ကို အောက်ကို ပြန်မှန်းဆလို့ ကြည့်လို့ မရဘူး။

"ရှူး ... ရှူး ..."

"ဘာလဲ ... ဦးကြီး၊ ဘာတွေ့လို့လဲ ခင်ဗျာ"

"ရှေ့ကဟာ ကျွန်းပင်အုပ်ပဲ။ အဲဒီကျွန်းပင်အုပ်ကြီးရှေ့က ကွက်လပ်မှာ တွေ့တာပဲ ... မောင်သီဟ"

သူတို့ တောင်မကြီးကျောပေါ် ရောက်နေပုံရတယ်။ မြေပြင်က ပြေပြေပြန့်ပြန့်သဘောရှိတယ်။ ကျွန်း၊ ပျဉ်းကတိုးပင်ကြီးက ယှက်နေတာ ပဲ

"ကျွန်တော်တို့ ကျွန်းအုပ်ထဲကို ဝင်ရင်ရမလား ဦးကြီး"

"အခြေအနေကြည့်ပေါ့ ... မောင်သီဟ"

"မှဆိုး ... ငကျန်"

"အမိန့်ရှိပါ ... ခေါင်းဆောင်"



www.burmeseclassic.com

www.burmeseclassic.com



မဟာပုဂံမှာ မျက်ရည်ဟောင်းတွေ မခြောက်သေးတာရှိသလိုပဲ။

မျက်ရည်အသစ်တွေလည်း အုံ့မှိုင်းစွေရွာ လှိုင်းထန်လာခဲ့ရပါ့လေ။

ဒီလိုနှင့် . . .

ရဲသီဟ၊ ရဲဒိဗ္ဗ၊ ရှင်ဖြူ၊ ရှင်ညိုဆိုတဲ့ သမုဒယပန်းပွင့်တွေကိုလည်း ဆင်ရိုင်း၊ ကျားရိုင်းလို အဓမ္မသားတွေက နင်းခြေမြေခ အသည်းနှလုံး ကြေမွအောင် ရက်စက်ခဲ့ကြတာပေါ့။

✿ ✿ ✿

[၃]

❑

တစ်နေ့ . . .

ပုဂံရဲ့ညီလာခံမှာ ဆင်ဖြူရတနာတွေ့တယ်ဆိုတဲ့သတင်း ရောက်ရှိလို့လာခဲ့တယ်။

"အမတ်ကြီး . . ."

"ဘုရား . . ."

"ဆင်ဖြူတော်များ တွေ့တယ်ဆိုတာ ဘယ်အရပ်၊ ဘယ်ဒေသများပါလဲ အမတ်ကြီး"

"မှန်ပါ . . . အရှင်မင်းမြတ်ရဲ့ ရွှေဘုန်းတော်ကြောင့် အရှေ့ပေါင်းလောင်းမြစ်အနီး ပြည်ထောင်ရွာ၊ ကျည်တောင်ရွာအနီးက တောင်တစ်တောင်မှာ ဆင်ဖြူတော်ငါးစီး ပေါ်တော်မူတယ်လို့ အထောက်တော်များမှ သတင်းပေးပို့ကြောင်းပါဘုရား"

"ဆင်ဖြူတော်သုံးစီးတဲ့လား . . . အမတ်ကြီးရဲ့"

"မှန်ပါ . . . မင်းကြီးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာ နားစွင့်ပြီး အကဲခတ်စမ်း။ ဒီနားဝန်းကျင်မှာ သားကောင်ကြီးမျိုးတွေ ရှိသလားလို့"

မုဆိုးငကျန်က မြေပြင်အနံ့ကို လိုက်ကြည့်တယ်။ တွေ့တဲ့ပဖွည်းကို လက်နှင့်ယူပြီး နမ်းကြည့်တယ်။ အနီးရှိ သစ်ပင်ဝါးပင်တွေရဲ့ အနေအထားကိုလည်း ကြည့်ရှုစစ်ဆေးတယ်။

သည့်နောက် ...

ဝါးပိုးဝါးပင်မြင့်ကြီးပေါ်ကို ဖက်တက်သွားပြီး အနီးအဝေးကို ငုံ့ကြည့် မျှော်ကြည့် လုပ်ပြီး ပြန်ဆင်းလာခဲ့လိုက်တယ်။

"ဘာထူးလဲ"

"ဟောဒါ ဆင်ခြေရာဟောင်းပဲ ခေါင်းဆောင်"

"ဟုတ်တယ်ဟေ့ ... ခြေရာက မှိန်နေတယ်ကွ"

"လွန်ခဲ့တဲ့ သုံးလေးငါးရက်က ဆင်တွေ လာသွားပုံပဲ။ ဟောဒါ ဆင်ချေးဟောင်း ပြန့်ကြဲနေတာ။ အခြားသားကောင်းတွေပါ နင်းသွားတဲ့ပုံ။ ချေးပြန့်ပေါ်က ခြေရာက ပြောင်ခြေရာပဲ။ ဒီမှာတွေ့လား ဝါးရွက်တွေ ပြတ်နေတာ"

"ဟုတ်သဟ ... ဒါ ဆင်စားသွားလို့တာ ပြတ်တာကွ"

"ဟိုမှာကြည့် ... ဝါးနုတွေ အရင်းပဲကျန်တယ်။ ဒါ ဆင်အုပ်စားသွားလို့ပဲ ခေါင်းဆောင်"

"ဒါဆို ဒီနေရာဝန်းကျင်မှာ ဆင်အုပ်ရှိတာ သေချာပြီပေါ့ ... မုဆိုး"

"သေချာတာပေါ့ ... ခေါင်းဆောင်။ ကျုပ်နှာခေါင်းထဲမှာ ဆင်နံ့ရနေတယ်"

"ဦးကြီး ..."

"အေး ..."

"ကျွန်တော်တို့ ကျွန်းတောထဲဝင်ပြီး အခြေအနေကို စောင့်ကြည့်ရင် ကောင်းမယ်။





"ဖြစ်ပါ့မလား ... မောင်သီဟတို့"

"လေအောက်ကနေဝင်ရင် ဆင်အုပ်လာလည်း လူနံ့ မရနိုင်ပါဘူး ... ဦးကြီးရဲ့"

ဒီမှာ ညီလုပ်သူ ရဲဒိဗ္ဗက ...

"အကယ်လို့ လူနံ့ရလို့ အန္တရာယ်ပြုရင် ဝါးဆစ်တွေ၊ ဝါးပင်တွေ ခေါက်သံပေးပြီး ခြောက်လှန့်ပစ်ရမှာပေါ့ ... ဦးကြီး"

"ပြေးမလွတ်ရင် ..."

"ပြေးလို့လွတ်ပုံမပေါ်ရင် လူခွဲပြီး ပြေး။ သစ်ပင်ကြီးကြီးပေါ်တက်။ ပြီးရင် သေးသာပေါက်ချ"

"ဘာလို့ သေးပေါက်ရတာတုံး ... မောင်ဒိဗ္ဗရယ် ဟင်"

"တောဆင်တွေက တောခွေးရဲ့သေးကို အလွန်ပဲ ကြောက်ကြတယ် ... ဦးကြီးရဲ့။ တောခွေးတွေက ကြံ့ရာချုံပုတ်တွေကို သေးပန်းသွားကြတာလေ။ တောခွေးတွေရဲ့ သေးများ အစာဆွဲစားတဲ့ဆင်ရဲ့ မျက်စိကို ထိပေသွားရင် ဆင်ဟာ မျက်စိ စူးစူးဝါးဝါးစပ်ပြီး အမြင်အာရုံ ခဏဆိုင်းသွားရောခင်ဗျ။

အဲဒီလို အမြင်အာရုံ ခေတ္တဆိုင်းငံ့ယမ်းနေချိန်မှာမှ တောခွေးအုပ်က ဆင်ရဲ့ ဒူးခေါက်ကြောတို့ လိင်တံ (သို) နဲ့ ဆင်မျက်စိတွေကို ကိုက်ဆွဲထိုးဖောက်ပြီး အသေပိုင်းသတ် စားသောက်ကြတာလေ။ တောခွေးရဲ့သေးနံ့နဲ့ ကျွန်တော်တို့ လူတွေရဲ့ သေးနံ့က အတူတူနီးပါးပဲ။ ဒါကြောင့် ဆင်လိုက်ထိုးလို့ ပြေးမလွတ်ရင် ရှူးရှူး(သေး)သာ ပေါက်ချ။ ဒီမှာ ဆင်ရိုင်းက တောခွေးသေးနံ့မှတ်ပြီး ကြောက်လို့ ပြေးရော ... ဦးကြီးရေ"

"ဟုတ်လား ... ဒါဆို လူသေးက သက်ကယ်ဆေးပဲပေါ့"

"ဒါပေါ့"

"ရှူး ... စကားမပြောနဲ့တော့။ ငါတို့ ကျွန်းတောထဲရောက်ပြီး အရေးအကြောင်းရှိရင် တက်လို့ရမည့် သစ်ပင်ကြီးတွေလည်း ကြည့်ထား။ ပြေးလမ်းလည်း ကြည့်ထား။ လူစုကွဲရင် နာမည်မခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရာဇဝင်အိုးမကာ ကြီးမားတုတ်ခိုင် ဖြောင့်စင်းတဲ့ ကျွန်းပင်နဲ့ ပျဉ်းကတိုးပင်ကြီးတွေကို အကာအကွယ်ယူပြီး ဆင်သွားဆင်လာကို လေအောက်ကနေ ချောင်းမြောင်းလေ့လာနေလိုက်ကြတယ်။

ရှေ့မှာ မြက်ပင်စိမ်းစိမ်းစိုစိုနှင့် နေရောင်ခြည် ကောင်းစွာရတဲ့ မြေစာကွက်လပ် ရှိနေတာ မြင်ကြတယ်။

ရွက်နုစိမ်းစိုနဲ့ အပင်ပုပုလေးတွေကလည်း မြေကွက်လပ်ရဲ့နံဘေး အနားသတ်မှာ ပေါက်နေလိုက်တာ ...

နေရောင်ကျနေတော့ စိမ်းရောင်စိုလဲ့ အသွေးထလို့။

ကွက်လပ်ရဲ့တောင်ဘက် ကျွန်းတောအုပ်ဘက်မှာ လမ်းစတစ်ခုနှင့် မြက်ရိုင်းပင်၊ ကိုင်းပင်တောကို တွေ့ရတယ်။

''ဟောဟိုကွက်လပ်မှာ ဆင်ဖြူသုံးကောင် နေစာလှုံတာ ... မောင်သီဟာရဲ့''

''ဆင်ဝင်လမ်းကရော ... ဦးကြီး''

''မသိဘူး၊ ကျုပ်တွေ့တာက နေစာလှုံပြီး ဆော့ကစားနေတာ''

''စောင့်ကြည့်ရအောင်ဗျာ''

အောင်လောင်းငှက်ကြီးတွေရဲ့ အသံတွေနဲ့အတူ မျောက်အုပ်ရဲ့ အစာလုသံ အော်သံတွေကို အတိုင်းသား ကြားနေရတယ်။ တစ်ခါတစ်ရံ သိန်းငှက်နဲ့ စွန်ရဲကြီးတွေ ကျွန်းပင်ပေါ်လာနားပြီး ထိုးဆိတ်ရန်ဖြစ်နေကြတဲ့ တိုက်ခိုက်သံတွေနဲ့အတူ ...

ကျွန်းရွက်တွေ ပြတ်ကျလာတာလည်း မြင်ရတယ်။

ကွမ်းတစ်ယာညက်ခန့် ကြာသည့်တိုင် ဘာမှ မထူးခြားဘူး။ ဆင်ဖြူတော်တွေ နေစာလာလှုံတဲ့နေရာလည်း သူတို့သွားကြည့်လို့ မဖြစ်ဘူးလေ။

ဆင်တွေရဲ့ အသိဉာဏ်ဟာ လူလောက်နီးနီးကို ရှိတာရယ်။

လူခြေရာတွေကို တွေ့သွားရင် ...





လူနံ့ကို ရသွားရင် ... သူတို့ လာနေကျနေရာကို လာချင်မှ လာကြတော့မှာ။ စောင့်ကြည့်တာပဲ သင့်တယ်။

ပြီး ... ဆင်တွေမှာ ထူးကဲတဲ့ အာရုံအသိရှိတယ်။

ဆင်ဖြူတော်က ပိုပြီး ထူးခြားတော့ ရှင်ဘုရင်မှန်ရင် ဆင်ဖြူတော်ကို လိုချင်ဆန္ဒ အလွန်ပြင်းပြတယ်။

ဆင်ဖြူတော်ရှိမှန်းသိရဲ့သားနဲ့ မိအောင်မဖမ်းနိုင်ရင်လည်း အပြစ်တော်က ရှိဦးမယ်။

ဆင်ဖြူတော်ပေါ်တယ်ဆိုတာ ဘုန်းရှိတဲ့မင်းကြောင့်လို့ ခံယူကြတာကိုး။ စကြာဝတေးမင်းက ဆင်ဖြူတော်ပိုင်ဆော်မူတယ်။ ကိုယ်လည်း စကြာဝတေးမင်းမှန်လို့ ဆင်ဖြူတော် ပေါ်တော်မူတာ။

ဒါကြောင့် ဆင်ဖြူရှင်အဖြစ် ခံယူလိုစိတ် ပြင်းတယ်။

မိမိတို့ရဲ့ အရှင်သခင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးမှာ 'သန်မြန်စွာ' အမည်ရှိ ဆင်ဖြူတော်အပါအဝင် ဆင်ဖြူ (၃၈)စီး ပိုင်ဆိုင်ထားရှိတယ်။

သထုံဘုရင် မနူဟာမင်းကြီးဆိုရင် ဆင်ဖြူ (၃၉)စီး ပိုင်သတဲ့။

(မှတ်ချက် – မြန်မာမင်းများ ရာဇဝင်အရမှ အလောင်းစည်သူမင်းကြီးသည် ဆင်ဖြူ (၃၉)စီး။ တစ်စီးရှင် သီဟသူသည် အေဒီ (၁၂၁၂) ခုနှစ်က စမုန်မြစ်၌ မျောပါလာသော ဆင်ဖြူအသေကောင်ကို ဆယ်ယူ၍ တစ်စီးရှင်ဘွဲ့ ခံယူခဲ့တယ်။

ငါးစီးရှင်ကျော်စွာမင်းက အေဒီ (၁၃၄၄–၁၃၅၀)ခုနှစ်မှာ ဆင်ဖြူငါးစီးပိုင်တယ်။

မြန်မာမင်းအားလုံးဟာ ဆင်ဖြူမှန်ရင် ဆင်ဖြူတော်လို့ သတ်မှတ်တရင်းသွင်းကြတာကိုး။

ဟံသာဝတီဆင်ဖြူများရှင် အေဒီ (၁၅၅၀–၁၅၈၁) ဖြစ်တော့ ဆင်ဖြူတော်များစွာ ပိုင်တော်မူတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်ခေတ်အလောင်းမင်းတရားကြီးကတော့ ဆင်ဖြူတော်များစွာ ပိုင်ခဲ့ပေမင့် 'ဆင်ဖြူရှင်ဘွဲ့' မခံယူခဲ့ဘူး။ မြန်မာ့သမိုင်းမှာ အလွန်ထူးခြားတဲ့မင်းလို့ ပြောရမှာပဲ။

မြေဒူးမင်း (အေဒီ–၁၇၇၀) ကလည်း ခုနှစ်တွင် မကွေးမြို့က ဆက်သတဲ့ ဆင်ဖြူတော်ကို 'ဆဒ္ဒန်ပြောင်ကျော်'ဘွဲ့အမည်တပ်ပြီး ဆင်ဖြူရှင်ဘွဲ့ ခံယူတော်မူတယ်။

စဉ့်ကူးမင်း အေဒီ (၁၇၇၆–၁၇၈၁) ကလည်း 'ရွှေဘုန်းမင်းရဲ့ ဆင်ဖြူတော်' ကို 'ဆဒ္ဒန်မင်္ဂလာဘွဲ့' တပ်ပြီး ဆင်ဖြူရှင်ဘွဲ့ ခံတော်မူတယ်။

ဘိုးတော်မင်းတရားကြီးကတော့ ကုန်းဘောင်ခေတ်မှာ ဆင်ဖြူတော်အများဆုံး ပိုင်ဆိုင်တဲ့ မင်းရယ်လို့ ကျော်စောခဲ့သတဲ့။

စစ်ကိုင်းမင်း အေဒီ (၁၈၁၉–၁၈၃၇) ကလည်း ဆင်ဖြူတော်များစွာ ပိုင်ဆိုင်ခဲ့ပြီး သူ့ရဲ့ ရတနာပြောင်မွန်ဆင်ဖြူတော်ဟာ အလွန်နာမည်ကျော်သည်လို့ ရေးထားတယ်။

မင်းတုန်းမင်း (အေဒီ–၁၈၅၂) လက်ထက်တော်မှာ သောင်ဘွတ်စော်ဘွားက ဆက်သတဲ့ ဆင်ဖြူတော်ကို 'မောရိယပစ္စယ–နာဂရာဇာဘွဲ့' တပ်ပြီး ဆင်ဖြူရှင်ဘွဲ့ကို ခံယူခဲ့တယ်။

ကုန်းဘောင် နောက်ဆုံးမင်း သီပေါမင်း (၁၈၅၂–၁၈၅၅) လက်ထက်မှာ ရန်အောင်မြင်တောရ ဆင်ဖြူတော်နှင့် ဆင်ဖြူရှင်ဘွဲ့ကို ခံယူတော်မူတယ်တဲ့။

မှတ်သားဖို့ကောင်းတာ တစ်ချက်ရှိပါသေးတယ်။

ဗဒုံမင်းမှာလည်း ဆင်ဖြူတော်တွေ အများကြီးရှိတယ်။ ရှိတဲ့ ဆင်ဖြူတော်များအနက်က ကမ္ဘာကျော်အောင် ထင်ရှားခဲ့တဲ့ ဆင်ဖြူတော်ကတော့ (အေဒီ–၁၈၀၆) ခုနှစ်မှာ ဟံသာဝတီတောင်ဘက်အရပ် 'နိဗ္ဗာန်ရွာ' မှ ရရှိခဲ့တဲ့ ဆင်ဖြူတော်ပဲဖြစ်တယ်။ ၁၈၀၇ ခုနှစ်မှာ အဲဒီ ရရှိခဲ့တဲ့





ဆင်ဖြူတော်ကို ဆင်ဖြူတော်ကျမ်းဂန်မှာ ပါရှိတဲ့အတိုင်း ဆယ်ပါးအစီအရင်တို့နဲ့ ခမ်းနားကြီးကျယ်စွာ စီရင်ကျင်းပပြီး ဆင်ဖြူတော်ကို 'နိဗ္ဗာနပစ္စယနာဂရာဇာ' ဘွဲ့အမည်တပ်ပြီး ဗဒုံမင်းကိုယ်တော်၌ကလည်း 'ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူရှင်ဘွဲ့'ကို ခံယူခဲ့တယ်လို့ ဆိုတယ်။ ဆင်ဖြူတော်သိမ်းမင်္ဂလာကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့တယ်တဲ့။

ဆင်ဖြူတော်သိမ်း မင်္ဂလာအခမ်းအနားဆိုင်ရာ အစီအရင်ဆယ်ပါးကတော့ ...

(၁) ဆင်တော်ထားရန်တင်းကုပ်။
(၂) ဆင်တော်အဆောင်အယောင်။
(၃) ဆင်တော်တင်ရန် တန်ဆာပလာ။
(၄) ဆင်တော်အစောင့်အရှောက် အခြံအရံ။
(၅) ဆင်တော်ယူဆောင်လာသော မြို့လမ်းခရီးအစီအရင်။
(၆) ဆင်တော်ကို ရွှေနန်းတော်သို့ယူဆောင်သော အစီအရင်။
(၇) ဆင်တော်ကို ဘိသိက်သွန်းသော အစီအရင်။
(၈) ဆင်တော်ကို ဘွဲ့နာမည်တပ်သော အစီအရင်။
(၉) ဆင်တော်ကို ခြေတော်တင်သည့် အစီအရင်။
(၁၀) ဆင်တော်၏ ရိက္ခာလေးပါး အစီအရင် ...

စသည့် အစီအရင် (၁၀)ပါးနဲ့ ဆင်ဖြူတော်ကို မင်္ဂလာယူ အမှတ်ပြုတယ်။

ရာဇဝင်ရဲ့ အဆိုအရတော့ ...

ဗဒုံမင်းက ဆင်ဖြူတော်ကို သို့ကလို ခမ်းနားကြီးကျယ်စွာ စီရင်ပြီး 'ဆဒ္ဒန်မင်းသခင်ဘွဲ့' ခံယူတာကို မင်းအပါးက မှူးကြီးမတ်ကြီးများက မြှောက်စားဂုဏ်ပြုနေချိန် ...

ရဟန်းရှင်လူ ပညာရှိအချို့ကလည်း ဆင်တော်မင်္ဂလာ မော်ကွန်းများ ဖွဲ့သီဂုဏ်ပြုနေချိန် ...

မြန်မာပညာရှိကြီး အချို့ကတော့ မနှစ်မြို့ကြဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



*သို့သော် ... သက်ဦးဆံပိုင် အာဏာရှင်ခေတ် ဖြစ်နေတော့* ပြောင်ပြောင်ရဲတင်း ဖွင့်မပြောရဲကြဘူး။

'လယ်ဘော်ကျောင်းဆရာတော်' ကတော့ ခပ်ရဲရဲ ဝေဖန်တယ်။ ဒီဝေဖန်ချက်ကို ဗဒုံမင်းကြားတော့ ဆရာတော်ကို အလိုမကျဘူးတဲ့။ ငြိုငြင်တော်မူသတဲ့။

ဆရာတော်က 'ဂဇဝိနိစ္ဆယ' ကျမ်းနဲ့ ဆင်ဖြူတော်ဆိုတာကို သိုးသိုးသိသိ အရိပ်ပြ ဝေဖန်သလို ရေးသားတာလို့ ဖတ်သိခဲ့ရပါတယ်။

သို့သော် ...

မောင်းထောင်ဆရာတော်ကတော့ မင်းလိုလိုက် မင်းကြိုက်ဆောင်ပြီး ၎င်းဆင် နိဗ္ဗာနပစ္စယနာဂ ဆင်တော်မော်ကွန်းကို ခံ့ညားစွာ ရေးသားခဲ့လို့ ရှင်ဘုရင်က ရွှေဘောတော်ကျ နှစ်မြို့က်တော်မူပါသတဲ့။

ရာဇဝင်မှာတော့ ...

ကုန်းဘောင်နောက်ဆုံးမင်း သီပေါအရှင်ရဲ့ ဆင်ဖြူတော်ဘဝက ဇာတ်သိမ်းမလှခဲ့ရှာဘူး။

မြန်မာနိုင်ငံပါတော်မူပြီး အင်္ဂလိပ်အစိုးရလက်ထက်မှာ သီပေါမင်းရဲ့ ဆင်ဖြူတော်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ စောင့်ရှောက်ထားရှိတုန်း ၁၉၀၈ ခုနှစ်မှာ ဆင်ဖြူတော်က မုန်ယိုပြီး ထိန်းသိမ်းလို့မရအောင် အန္တရာယ်ရှိလာလို့ တာဝန်ရှိသူတွေက သေနတ်နဲ့ ပစ်သတ် အဆုံးစီရင်လိုက်ရတယ်လို့ ဆိုပါတယ်။

ကျွန်တော်တို့ခေတ်ကို ရောက်တော့ ဆင်ဖြူတော်တစ်စီးက ဆင်ထိန်းကို အစွယ်နဲ့ ထိုးသတ်တာကို မြင်သိ ကြားခဲ့ရတယ်။ ဒါ ... ဆင်ဖြူတော်နဲ့ စပ်လျဉ်းတဲ့ သိမှတ်ဖွယ်ရာများအနက်က အချို့ပါပဲ။)

ကျမ်းကိုး ။ ။ မြန်မာဆင်

(ရေးသူ–အောင်စိုး တိရစ္ဆာန်ဆေးကုဆရာဝန်)

ရဲသီဟတို့ ပုန်းကွယ်ချောင်းမြောင်းနေစဉ်မှာပဲ ...

---





တောင်ဘက်ကိုင်းပင်တောနဲ့ ဝါးတောရှိရာအရပ်ကနေ ဆင်အော်သံတွေ ကြားရပြီးအားလုံး မျက်လုံးတွေ ကျယ်ကုန်ကြတယ်။

"ခေါင်းဆောင် ..."

"ဘာတုံး ... မုဆိုး"

"ဒါ ဆင်အုပ်ရဲ့ အသံတွေပဲ။ သိပ်မဝေးဘူး"

"ဘယ်နှကောင်လောက်ရှိမလဲ ... မုဆိုး"

"သုံးလေးငါးကောင်ခန့် ရှိမယ်ထင်ပါတယ်"

"သူတို့ ဘယ်ကို ဦးတည်နေတယ်ထင်လဲ မုဆိုး"

"ဒီဘက်ကိုလာနေတဲ့ အသံမျိုးပဲ ခေါင်းဆောင်"

"စောင့်ကြည့်ကြတာပေါ့ကွ။ ညီလေး ဒိဗ္ဗ"

"ပြော ... အစ်ကို"

"အခြေအနေမဟန်ရင် သစ်ပင်ကြီးတွေပေါ် တက်နေကြနော်"

"စိတ်ချပါ အစ်ကို"

သူတို့ ရောမ ကျွန်းပင်၊ ပျဉ်းကတိုးပင်ကြီးတွေကို အကာအကွယ်ယူပြီး ပုန်းချောင်းနေတုန်းမှာပဲ ကျိုးကျိုးဂူးဂူးနဲ့ ဆင်အော်သံတွေ တရွေ့ရွေ့ နီးနီးလာခဲ့တယ်။

ဟိုးတောင်အရပ်က ဆင်နှစ်ရပ်နီးပါးမြင့်တဲ့ ကိုင်းတောထဲကို ဝင်လာနေပုံပဲ။ ကိုင်းပင်တွေ ယိမ်းထိုးနေတာ မြင်နေရပြီ။

"ကိုင်းတောထဲ ရောက်နေပြီ ... အစ်ကို"

"ဟုတ်တယ် ... သူတို့ နေစာလှုံ့နေကျနေရာကို လာတာလည်း ဖြစ်မယ်။ သတိရှိကြ"

နားစွင့်စောင့်ကြည့်နေတုန်းမှာပဲ ဆင်တွေရဲ့အသံ ရုတ်ခြည်း ငြိမ်သွားတာကို၊ ကိုင်းပင်တွေရဲ့ လှုပ်ရှားမှုလည်း တန့်သွားတာကို ရဲသီဟရော၊ ရဲဒိဗ္ဗရော၊ မုဆိုးကျော်နံရော သတိပြုမိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန် ကွမ်းနှစ်ယာ သုံးယာညက်ခန့် စောင့်ကြည့်ပေမင့် ဆင်တွေရဲ့ လှုပ်ရှားမှုကို စိုးစဉ်းမျှတောင် မကြားရတော့ဘူး။ ထူးလိုက်တာဘာများဖြစ်ကြလို့ပါလိမ့်။

"ဘယ်လိုလဲ ... အစ်ကို"

"အရမ်းထူးဆန်းတယ် ... ညီလေး။ ဘာလှုပ်ရှားသံမှ မကြားရတော့ဘူး"

"အံ့ဩစရာပဲ"

"အစ်ကို ... ဘယ်လိုလုပ်မလဲ။ ဆင်ဖြူဆိုတာရော၊ ဆင်မည်းဆိုတာရော မမြင်ရဘူး"

"ပြန်ကြမယ်။ ဒီတောင်ပေါ်က တောကြီးဟာ ထူးခြားမှုတော့ ရှိနေတယ်။ နောက်နေ့မှ တို့ညီအစ်ကို လာစုံစမ်းကြတာပေါ့။ ကိုင်း ... အားလုံးပဲ ခြေသံလုံလုံနဲ့ ပြန်ဆုတ်ကြစို့"

သူတို့ ဆင်ဖြူရှိတယ်ဆိုတဲ့ ဆင်ဖြူတောင်တန်းကြီးပေါ်ကနေ ပြန်ဆင်းလာခဲ့လိုက်ကြတယ်။ ညနေစောင်းမှ စခန်းကို ပြန်ရောက်ကြတယ်။

"အဖေတို့ ပြန်လာပြီ ... အမေရေ"

"အမေ ... အဖေတို့ ပြန်လာကြပြီ အမေရေ"

မရှင်ဖြူ၊ မရှင်ညိုတို့နှင့် ရွာလူကြီးဖိုးငကော်လုတို့ဟာ ဆင်ဖြူတောင်ပေါ် တက်သွားကြတဲ့ အောက်မားအမှုထမ်းနဲ့ ဖြိုးတို့ အချိန်ကြာသည့်တိုင် ပြန်မရောက်ကြသေးလို့ စိုးရိမ်ပြီး တောင်ခြေကနေ စောင့်မျှော်နေကြတာ။

ရဲသီဟတို့၊ ရဲဒိဗ္ဗတို့ အောက်မားအဖွဲ့ခေါင်းဆောင်တွေနဲ့အတူ ဖခင်လုပ်သူကို မြင်လိုက်ရတော့မှ စိုးရိမ်ပူပန်တာတွေ ပျောက်ပြီး ဝမ်းသာအားရ ဖြစ်လို့ အော်ဟစ်လိုက်ကြတာလေ။

"အဖေ ..."

"သမီး ရှင်ဖြူ၊ ရှင်ညို ... သမီးတို့ လာစောင့်ကြိုနေတာလား"





"ဟုတ်တယ် ... အဖေ၊ အချိန်ကြာနေလို့ စိုးရိမ်ပြီး စောင့်နေတာ"

"နှမလေး ..."

ဒီမှာ ရဲသီဟက ခပ်ပြုံးပြုံးမျက်နှာပေးနဲ့ ...

"ရှင် ... မောင်ကြီး"

"အဖကိုပဲ စိုးရိမ်ပြီး မောင်ကြီးတို့ အောက်မားဆင်ရဲသားတွေတော့ မစိုးရိမ်ဘူးပေါ့ ... ဟုတ်လား"

"အို ... အို ... သလိုမဟုတ်ပါရိုး ... မောင်ကြီးရယ်၊ နှမတို့က အားလုံးကိုပါ စိုးရိမ်ပူပန်လို့ပါ ... မောင်ကြီးရဲ့"

"ဒါဆို တော်သေးပေါ့ ... အစ်ကိုရေ"

ဖြတ်ပြောလိုက်သူက ညီလုပ်သူ ရဲဒိဗ္ဗလေ။

"ဟား ဟား ဟား ဟား ... မစိုးရိမ်ပါနဲ့ ... နှမတို့ရယ်။ မောင်ကြီးတို့က ဦးကြီးကို တာဝန်ယူပြီး ခေါ်သွားခဲ့တာပါကွယ့်။ မောင်ကြီးတို့ အကြောင်းရှိရင် အသေခံပြီး ကာကွယ်ပေးမှာပေါ့ ... နှမတို့ရယ်"

"ဟုတ်လား ... ဒါဆို တော်သေးတာပေါ့နော် ... ရှင်ညို"

"ယုံရမှာပေါ့ ... အစ်မရဲ့"

"ဟား ဟား ဟား ဟား ... ဦးကြီးရေ ... နှမတို့ကတော့ ညီလေးရဲဒိဗ္ဗ ပြောစကားနဲ့ ပြန်နှိပ်တာပါလားဗျ"

"'အေး ... ဟေး ဟေး ... နှုတ်သီးကောင်း လျှာပါးလေးတွေ မွေးထားမိတယ် ... မောင်သီဟတို့ရေ"

"ကဲ ... ကဲ ... အဖေရော၊ မောင်ကြီးတို့ရော စကားတွေရပ်ပြီး ခြေလက်သန့်စင်ကြတော့။ ထမင်းစားဖို့ ပြင်လိုက်တော့မယ်"

"ဟော့ ... နှမတို့ ဝိုင်းချက်ကြတာလားဟော့"

"ဟုတ်တယ် ... မောင်ကြီး၊ အဖေပါ လာကြိုရင်းနဲ့ ဒီမှာ ဝိုင်းချက်လိုက်ကြတာ။ ထမင်းဟင်းအားလုံး ကျက်သွားပြီ။ စားဖို့ အသင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲဗျာ။ ကိုင်း ... ညီလေးရေ၊ ငါတို့ ခြေလက်သန့်စင်ပြီး ..."

"အားရပါးရ စားကြတာပေါ့ အစ်ကိုရာ နော်"

"ဗိုက်ကားလန်အောင် စားကြတာပေါ့ဟေ့"

"စား ... စား ... မောင်ကြီးရေ ... ကားလန်မကဘူး ... ကွဲထွက်အောင် စားတော့ ... စား ..."

"ဟား ဟား ဟား ဟား ... ငါ့နှမတွေ စကားပြော ကြွယ်သဟေ့ ကိုင်း ... ဘာဟင်းများ ချက်ထားပါလိမ့်ဗျာ"

"ဆင်ကောင်လုံးချက်ပါ ... မောင်ကြီးရှင့်"

"ဟေ ... ဆင်ကောင်လုံးချက် ... ဟ ... ညည်းတို့ ဆင်တစ်ကောင်လုံး ဘယ်လိုချက်တုံး"

"ဆင်တစ်ကောင်ချက်တောင် မောင်ကြီးတို့ ဝပါ့မလား မသိဘူးတော့"

"ဟဲ့ ... နှမရဲ့ ... ဘာဆင်မလို့တုံးဟဲ့"

"ရေဆင် ... မောင်ကြီး"

"အလိုလေးဗျာ ... ရေဆင်တဲ့။ ဘူးသီးဆယ်လုံးနဲ့ ရောချက်မှ စားလောက်ရုံရှိမှာပဲဟေ့"

"ကိုင်း ... ဝင်ကြ ... စား ... ကြ ... ပါရှင့် ... အဖေရော လာ ... ဒီမှာ ထိုင်"

အောက်မားတို့အဖွဲ့ အဲဒီနေ့က စားလို့ အလွန်မြိန်ခဲ့တယ်။ တောင်တက်တောင်ဆင်းကလည်း ပင်ပန်းခဲ့တာကိုး။

စားလို့ကလည်း ပင်ပန်းဆာဆာမို့လား မသိဘူး။

ကောင်းလိုက်တာနှယ်။

တောဝက်သား ဆီပြန်ဟင်း၊ ငါးပိဖျော်ရည်၊ ဘူးရွက်ဟင်းချိုတို့စရာ အစုံများများနှင့်မို့ မြိန်လိုက်တာ။

"မောင်ကြီး ..."





"အေးဟေ ... နှ ... မ ... ဘာ ... ဘာတုံး"

"ကွဲထွက်ဦးမယ်တော့"

"ဟား ဟား ဟား ... အဟွတ် ... အဟွတ် ... အဟွတ်။ လျှော့စားတာပါ ... နှမရယ်၊ လျှော့စားပါတယ်ဗျာ့ ... အဟွတ် ... အဟွတ်"

ထမင်းဝိုင်းက ရယ်စရာ ရွှင်စရာလေးနဲ့ ရင်းနှီးမှုကို ပိုမိုတိုးမြှင့်သွားခဲ့တယ်။

ဒီရင်းနှီးမှု၊ အလိုက်သိမှု၊ စေတနာကောင်းမှုတွေ၊ ရိုးသားပွင့်လင်းမှုတွေကို အခြေတည်ပြီး ...

သူတို့ ချစ်သူဘဝကို ရောက်ရှိခဲ့ကြတယ်။

စွဲစွဲလမ်းလမ်း မြတ်မြတ်နိုးနိုး ချစ်မြတ်နိုးကြတဲ့ ချစ်သူတွေဘဝကို ရောက်သွားတာ။

အချစ်ပင်တွေ စိမ်းစိုရှင်သန် သီးပွင့်ဖွံ့ဖြိုးလိမ့်မယ်လို့ အကြွင်းမဲ့ ယုံကြည်ခဲ့ကြတာ။

မုန်တိုင်းကြောင့် အချစ်ပင် ထက်ပိုင်းကျိုးခဲ့လေမလား။

ငြိမ်းချမ်းမိုး၊ မေတ္တာမိုးကြောင့် အချစ်တွေ စိမ်းစိုနုပျိုပြီး ဆင်ဖြူတောင်ခြေမှာ ချစ်ရနံ့တွေ သင်းထုံမွှေးပျံ့နေမှာလား။

အနာဂတ်ကို သူတို့ ကြိုသိခဲ့ကြရင် ...

လုပခြင်းကြောင့် ကြုံရမည့်အန္တရာယ်ဆိုး ...

အာဃာတရှင်ကြောင့် အသည်းကြွေခဲ့ရတဲ့ ရင်နာဆိုး ...

မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းဆက်ဆံရဖို့ တုန်လှုပ်ချောက်ချားရတဲ့ ရင်နာဆိုး။

ချစ်သူနဲ့ ကွေကွင်း ဆင်းရဲရခြင်းဒုက္ခ။

အမေ ကျောက်ဘီလူးမကြီးကို သမီးတို့ ကျေးဇူးတင်ပါတယ် ... အမေ။



www.burmeseclassic.com

www.burmeseclassic.com



အမေ ကျောက်ဘီလူးမကြီးကြောင့် သမီးတို့ ဘဝက် အချ...

ပြောင်းခဲ့ရပေမင့် ...

ချောမောလှပတဲ့ဘဝအပေါ် အုံ့ဆိုင်းကျရောက်လာတဲ့ ကောင်းကင်...

ပြိုမိုး။

ဒီကောင်းကင်ပြိုမိုး မသည်းထန်အောင်၊ ရေမကြီးအောင်၊ မိုးကြိုး...

မပစ်ရအောင် ...

အရှင်မြတ်ဘုရား ...

ဘဝဆက်တိုင်း ရုပ်ရှည်ချောမောလှပ သန့်စင်တဲ့ဘဝကို ဘုရား...

တပည့်တော်မတို့ ...

✿ ✿ ✿

[၈]

❑

ရဲသီဟတို့ ဆင်ဖြူတော်နောက်ကို လိုက်လံစုံစမ်းနေတာ ရက်...း အတန်ရနေပြီ။ သို့သော် ဆင်ဖြူတော်နဲ့ လွဲနေတယ်။

ဆင်ဖြူတော်ဝန်းကျင်က မုဆိုးတွေလည်း ဆင်ဖြူတော်တွေကို ...ရှာတယ်တဲ့။ ပေါင်းလောင်းမြစ်ဝန်းကျင်က တောင်တန်းတွေပေါ်မှာ သွား...ကျက်စားနေတာဆိုပဲ။

သို့သော် လျှပ်တစ်ပြက်ပဲမြင်ရပြီး မျက်စိရှေ့မှာ လှစ်ခနဲ ပျောက်...သွားတာပဲတဲ့။

အချို့ကပြောတယ် ...

တောစောင့်၊ တောင်စောင့်နတ်ကြီးတွ တောင်ပေါ်မလာရဲအောင် ...ဆင်ဖြူတော်ယောင် ဖန်ဆင်းပြတာတဲ့။

အချို့ကတော့ တောထဲမှာ အမြင်မှောက်တာမျိုး ဖြစ်တာနေမှာ...း သို့သော် အခု ဦးကြီးကိုရင်ငဖြိုးတွေ့ခဲ့တဲ့ နေစာလှူတောင်မြင့်ပေါ်...တော်ရုံလူ မသွားကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြိုးသာ ဆေးပင်ရှာ တောတိုးရင်း မမျှော်လင့်ဘဲ တွေ့ခဲ့တာ။

ဟော ... ကံကောင်းချင်တော့ ...

ရဲသီဟတို့ ဆင်ဖြူတော် စုံစမ်းရေးအဖွဲ့ ဆင်ဖြူတော်မတွေ့ခဲ့ အလွန်ချောမောလှပတဲ့ ရှင်ဖြူ၊ ရှင်ညိုဆိုတဲ့ ရွာကျက်သရေ မိန်းမချောနှစ်ဦး နဲ့ ချစ်သူဘဝ ရောက်ခဲ့ရတယ်။

ဒါ ရှေ့လျှောက် ကံကောင်းမဲ့လက္ခဏာပဲ။

ရဲသီဟက အကြီးမ မခင်ဖြူ (ခေါ်) ရှင်မယ်ဖြူနှင့် ချစ်သူ ရည်းစားဖြစ်။

ညီလုပ်သူ ရဲဒိဗ္ဗက မခင်ညို (ခေါ်) ရှင်မယ်ညိုနှင့် ချစ်သူရည်းစား ဖြစ်သွားခဲ့ကြတယ်။

ကိုရင်ဖြိုးနဲ့ ရှင်မယ်သာတို့ကလည်း ဘုရင့်အမှုတော်ထမ်း အောက်မားဆင်ဖမ်းအဖွဲ့ လူရည်သန့်တွေနဲ့ သူတို့သမီး ချစ်သူဘဝရောက် တာကို ကျေနပ်ကြတယ်။

ကျည်တောင်ရွာက လူရွယ်လူကြီး အပျိုအချို့တွေလည်း သိ တယ်။ ရွာကလည်း သဘောတူ ကြည့်ရှုကြလေရဲ့။

ပုဂံအောက်မားနှစ်ဦးနဲ့ ဒီရွာသူ အချောအလှနှစ်ဦး ချစ်သူ ရောက်တာကို မလိုသူလည်း ရှိတာပေါ့။ သူ့နာမည်က တေရောင် တေရောင်က ရှင်ဖြူတို့ အောက်မားနှစ်ဦးနဲ့ ရင်းနှီးနေတာကို မလိုလား သူ့ကိုလည်း ရှင်ဖြူတို့က အရေးမလုပ်ပါဘူး။ လူက ရမ်းရမ်းကားကား ထိုင်လို့ပေါ့။ လမ်းမှာတွေ့ရင်တော့ ရိတေ့တေ့၊ သရော်တော်တော် ... သေးတယ်။ ရှင်ဖြူတို့က သည်းခံခဲ့ကြတယ်။

ဟော ... ချစ်သူရည်းစားလည်းရပြီးရော ရဲဟီဟတို့ ကံကော လာပါရော။

ထုံးစံအတိုင်း သူတို့ ဆင်ဖြူတွေလာတယ်လို့ သတင်းရရာနေရာ ကို မဆိုင်းကျန်ပါခေါ်ပြီး လိုက်ခဲ့တာ ရက်အတန်ကြာနေပြီ။ တောင်တွေ





တောတွေရော နှံနေပြီ။ တစ်နေ့ တောင်မကြီးပေါ် တရွေ့ရွေ့တက်လာပြီး တွန်းမြင့်ပေါ်က စောင့်ကြည့်နေတုန်းမှာပဲ ...

ကိုင်းပင်ရှည်တောကြီးအစပ်က နေရောင်ကျ မြေစာကွင်းထဲကို ဆင်သုံးကောင် ဝင်လာတာ တွေ့ကြပါရော ...

"ခေါင်းဆောင် ..."

"ရှူး ... အသံမထွက်နဲ့ တွေ့တယ်"

"အစ်ကို ..."

"တိုးတိုးပြော ... ဖြစ်နိုင်ရင် လက်ဟန်ပဲပြ"

"တွေ့လား ... သုံးကောင်၊ အဖြူတွေဗျ ... အစ်ကိုရ"

"ဟုတ်တယ် ... ညီလေး ... သေချာပြီ ... ဒါ ဆင်ဖြူတော် ဆင်စစ်ပဲဟေ့။ သိပ်အသံမထွက်စေနဲ့"

သူတို့ ဆင်ဖြူဆင်ပေါက်ကြီး သုံးကောင်ကို အထင်းသား မြင်နေ ရတယ်။ အသွေးက ပုလဲလို ဖွေးနေတာပဲ။ တစ်ကောင်သောအစွယ်ဖြူ ဆင်ပေါက်ရဲ့ အမွေးအရောင်က နေရောင်ထိုး လှုပ်ရှားသွားရင် ရွှေရောင် သန်းသလို ငွေရောင်လက်သလို လင်းလက်သွားတာ မြင်ရရော ရဲသီဟ တို့ အလွန်ကို အံ့သြနေကြတာ။

ဒါနဲ့အတူ ရင်ထဲမှာလည်း အတိုင်းမသိ ဝမ်းသာနေကြရဲ့။

ဆင်ဖြူတော်သုံးကောင် တစ်နေရာတည်းမှာ တစ်ကြိမ်တည်း တွေ့ဖို့ဆိုတာ အလွန်ကံကောင်းလို့ တွေ့ရတာ။ ဒါ ရှားပါးဖြစ်ခြင်းပဲ။

ဒီသတင်းကိုသာ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးများ ကြား သိက်ရင် အလွန့်ကို ဝမ်းသာအားရ နှစ်ထောင်းပီတိဖြစ်လိုက်မည့် ဖြစ် ခြင်း။

မိမိတို့လည်း ဆုတော်လာဘ်တော်များ ထိုက်တန်စွာ ချီးမြှင့်မှာ ... ဆင်ဖြူတော်သုံးစီး တစ်ကြိမ်တည်းနှင့် လက်ရဖမ်းဆီးမိနိုင်ရင်။

မိမိတို့ ရာထူးလည်း တိုးမယ်။



www.burmeseclassic.com

www.burmeseclassic.com



*ဆုတော်လာဘ်တော်များ ရခဲ့ပြီးရင် ချစ်သူနှစ်ဦးကို မိမိတို့* ညီအစ်ကို ထိုက်တန်စွာ တင်တောင်းလက်ထပ်ပြီး ပုဂံရွှေမြို့တော်ကို ခေါ်သွားမှာ။ ရည်ရွယ်ချက် ရှိပြီးသား။

အခု ... ဆင်ဖြူတော်သုံးစီး အရွယ်ကောင်းတွေကို မျက်စိနှင့် တပ်အပ်သေချာ မြင်ရပြီ။

ဒီကိစ္စကို အောက်မားဆင်မှူးနဲ့ ပါရင့်ဆင်ရဲကြီးတွေကို အမြန်ဆုံး အစီရင်ခံရမယ်။ သူတို့ ဆင်ဖြူတော်သုံးစီး နေစာလှုံပြီးနောက်၊ တစ်ကောင်နှင့်တစ်ကောင် ကျီစယ်ကစားပြီး ပြန်ဝင်သွားသည့် ဆင်ဝင်လမ်းနဲ့ ဆင်သွားလမ်းတို့ကို အသေအချာ မှတ်ထားလိုက်ကြတယ်။

သည့်နောက် ဆင်ဖြူတောင်ပေါ်ကနေဝမ်းသာအားရ ပြန်ဆင်းလာပြီး ဆင်တဲရှိရာကို ခြေလှမ်းသွက်သွက်နဲ့ ပြန်လာခဲ့ကြတယ်။

အားလုံးရဲ့မျက်နှာတွေ ရွှင်နေတာ မြင်လို့ မယ်ဖြူတို့အုပ်စုက လှမ်းမေးရတယ်။

"မျက်နှာတွေ ရွှင်လို့ မှို့ရလာလို့လား ... မောင်ကြီးတို့"

"ဟုတ်သပေါ့။ မှို့မှ မှို့ဖြူကြီးတွေဗျား ... နှမရေ"

"ဟုတ်လား ... မောင်ကြီး၊ မှို့ရရင် ကန်စွန်းရွက်နဲ့ ချက်မယ်တော့။ မောင်ကြီးတို့ ရွှေယမားတွေတော့ စားလောက်မှာပေါ့တော်"

"ရှင်မယ်ဖြူရ ..."

"ဘာတုံး ... မောင်ကြီးသီဟ ... ပေး ... မှို့ ..."

"ဟဲ့ ... မောင်ကြီးတို့ပြောတဲ့ မှို့ဖြူက စားတဲ့မှို့မဟုတ်ဘူးဟဲ့ ရှင်မယ်ဖြူလေးရဲ့"

"သဟာဖြင့် ဘာမှို့ဖြူတုံးတော့"

"ဆင်ဖြူတော်သုံးစီး တွေ့ခဲ့ပြီဗျာ ... တွေ့ခဲ့ပြီဟေ့"

"ဟင် ... အဟုတ်"

"ဟုတ်ပေါ့ဗျာ"





ဒီမှာ ရှင်မယ်ညိုက သူ့ချစ်သူ ရဲဒိဗ္ဗကို ဝမ်းသာအားရ လှမ်းမေးတယ်။

"မောင်ကြီးဒိဗ္ဗ ..."

"ပြော ... နှမ ... ဘာလဲ၊ ငတို့ ဆာနေပြီနော်"

"ဆင်ဖြူတော်သုံးစီးတွေ့ဆိုတာ ... ဟုတ်လားဟင် ဟင်"

"ဟုတ်တယ် ... နှမရေ၊ ဖွေးဖြူပုံနှယ် ပုလဲရည်ဖြန်းထားသလိုပါပဲဗျာ။ အစွယ်စုံ အရွယ်ကောင်းတွေဗျား"

"ဒါဆို မောင်ကြီးတို့ ကံကောင်းပြီပေါ့နော်"

"ကြေးရုပ်လေးလို ချောမွတ်လှပတဲ့ နှမလေးတို့နှင့် စတွေ့လာတတည်းက မောင်ကြီးတို့ ကံကောင်းနေတာ ... နှမရဲ့ ... ဟုတ်ရဲ့လားဟေ့ ... ညီလေးဒိဗ္ဗ"

"ရှင်ဖြူ၊ ရှင်ညိုတို့ ညီအစ်မနှင့် ကျွန်တော်တို့ညီအစ်ကို အိမ်ထောင်ပြုပြီးရင် ရွာစားဘွဲ့တောင်ရမလား မသိဘူးဗျ ... အစ်ကိုရ ... ဟား ဟား ဟား"

"တော်ပါတော့ ... အစ်ကိုတို့ရယ်၊ နောက်ဆုံးတော့ ဒီရွာပဲ ဆိုက်ဆိုသလို ဖြစ်နေပြီ ... ဟွန်း"

အကြီးမ မရှင်ဖြူက ချစ်သူရဲသီဟတို့ကို ချစ်မျက်စောင်းထိုးပြီး ပြောလိုက်လို့ သူတို့ ကြည်နူးသွားခဲ့ကြတယ်။ ပင်ပန်းတာတွေ ပြေကုန်တယ်။

သူတို့အားလုံး တဲရှည်ကြီးမှာ စုဝေးပြီး ဆင်ဖြူတော်ဖမ်းဆီးရေးကိစ္စ တိုင်ပင်ကြတယ်။

"ညီလေး ... ဒိဗ္ဗ"

"ပြော ... အစ်ကို"

"ဆင်ဖြူတော်သုံးစီး ဆင်ဖြူတောင်ပေါ်က သစ်တောထဲမှာရှိ တာတို့များ မျက်မြင်ပဲ ... ညီလေး"

"ဟုတ်တယ်လေ ... ဆင်ကောင်းဆင်သန့်တွေပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



“ဒီတော့ အစ်ကို ရွှေမြို့တော်ကို သွားပြီး ဆင်မှူးကို ဦးစွာ သွားတင်ပြရမယ်။ ဆင်မှူးက အောက်မားဝန်ကနေ ဆင်ဝန်ကို ထပ်တင်ပြပြီး အနော်ရထာမင်းကြီးကို လျှောက်တင် အမိန့်ခံရမှာ”

“အစ်ကို ဘယ်နေ့ ရွှေမြို့တော်ကို သွားမှာလဲ”

“နက်ဖြန်မနက် စောစောထွက်မယ်”

“ဒါဆို ကျွန်တော်က ဒီဆင်ဖြူတောင်အနီးက ရွာသားတွေကို ဆင်ဖြူတော်ဖမ်းဆီးရေးအတွက် စည်းရုံးထားလိုက်မယ်။ ဆင်လမ်းကြောင်းကိုလည်း ပိတ်ဆို့ထားလိုက်မယ်”

“ကောင်းတယ် ... ကြိုစည်းရုံးထား။ ကိုင်း ... ထမင်းစားကြစို့ ... ရှင်ဖြူရေ ... နှမလေး ...”

“ရှင် ... မောင်ကြီး”

“ဒီနေ့ ဘာဟင်းများချက်တုံး ... ရှင်ဖြူလေးရေ”

ဒီမှာ ထမင်းဟင်း ဝိုင်းကူခပ်နေတဲ့ ဒေါ်ကျွဲမကြီးက ...

“ခေါင်းဆောင် ...”

“အဲ ... အဲဒါ ဘယ်သူ့အသံတုံးဟဲ့”

“မကျွဲမပါရှင့်”

“ဒေါ်ကျွဲမ ... ဘာပြောမလို့တုံး ပြောဗျ ... ပြော”

“ဒီနေ့ ဟင်းကောင်းတယ် ... ခေါင်းဆောင်ရေ”

“ဟုတ်လား ... ဘာဟင်းတွေများ ချက်ပြုတ်ပါလိမ့်ဗျာ။ ဟင်းနံ့က ဒီကတောင် ရတယ်ဗျ။ သွားရည်တောင် ကျလာပြီဗျို့”

“ခေါင်းဆောင်ရေ ... အဲဒီဟင်းနံ့က ကျွန်မတို့ ထမင်းချက်ရုံက မဟုတ်ဘူး။ အဲဒါ ရှင်ဖြူတို့အဖေအိမ်က ချက်ယူလာတဲ့ ငါးဟင်းနံ့”

“ဟင် ...”

“ဒါ ... ဒါဆို ... ဟို ... ဟို ... ယောက်ခမလောင်း ... အိမ် ... အိမ် ...”

ဒီမှာပဲ ရှင်ဖြူက ဟင်းပန်းကန်ကိုင်လာရင်းက ...





“ဒီမှာရှင့် ... ပုဂံရွှေမြို့တော်ကြီးက ကိုရွှေအောက်မားရဲ့”

“အဲ ... အဲ ... အ ... အမိန့်ရှိပါ ... ခင် ... ခင်ဗျာ့”

“ယောက်ခမလောင်းလို့ ကိုအောက်မားက ပြောရအောင် နားဖောက်ပြောဆိုပြီးလို့လားရှင့် ... ဟင်”

“အဲ ... အဲ ... နားဖောက်ရင် ... နား နာမှာစိုး ... စိုးလို့ ... အဲ ...”

“အောက်မားရဲ့ချစ်သူကရော ချစ်ရုံမျှပဲ ချစ်တာပါ။ လင်မတော်ချင် မယူချင်ဘူးဆို ဘယ်လိုလုပ်မတုံး”

“နှ ... နှမလေး ... လေး ... ရှင်ဖြူ ... ရှင် .. ရှင် .. ဖြူ”

“ပြော ...”

“အဲ ... အဲလို ... မ ... မလုပ်ပါနဲ့ နော် နော် ... နှမ ... အဟဲ။ မောင်ကြီးက အောက်ကျခံပြီး ရိုး ... ရိုးမြေကျ ပေါင်းမှာမို့ ခုကတည်းက ယောက် ... ယောက်ခမလောင်းလို့ ပြောရတာပါ ... နှ ... နှမလေးရဲ့ ... အဟဲ”

“ဟွန်း ... မလှုပ်တိုင် တက်တက်ပြမနေနဲ့။ မလှုပ်တိုင်ကျိုးရင် လဲရင် ပုဆိုးပါ လန်ရော”

ရှင်ဖြူက စကားတတ်တော့ ပုဂံသားအောက်မား ဘာမှ ပြန်ပြောလို့ မရဘူး။ အောက်မားတပည့်တွေလည်း သူတို့ခေါင်းဆောင်ကို ခေါင်းဆောင်ရဲ့ချစ်သူက တွယ်နေလို့ ဝိုင်းပြောကြတယ်။

“လင်နေစ ဆင်သေမှဆိုတာကို နိဒါန်းပျိုးနေတာကွ”

“မပူစမ်းပါနဲ့ကွာ ... ငါတို့အောက်မားက ဆင်တောင်နိုင်သေးတာဥစ္စာ။ ဒီလို သုံးတောင်ဝတ် မိန်းမလောက်ကတော့ ...”

“နိုင်နိုင်နင်းနင်းပဲ ဟား”

“ငတို့ခေါင်းဆောင် အရိုးကျိုး လျှာထွက်လို့ ပြောတာဟေ့”

“ဟား ဟား ဟား ဟား ဟား”

“ခစ် ခစ် ခစ်”



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ဖြူတော်ဆိုတာ ရတနာခုနစ်ပါးမှာ တန်ဖိုးကြီးလှတဲ့ ရတနာတစ်ပါးပဲကွယ့်"

"မှန်ပါဘုရား"

"ငါတို့ဘုရားရှင် ဝေသန္တရာမင်းကြီးဘဝက သီရိပစ္စယာဆင်ဖြူတော် ပိုင်ဆိုင်ခဲ့သတဲ့။ မိုးခေါင်တဲ့အရပ်မှာ သီရိပစ္စယာဆင်ဖြူတော်ရောက်ရှိရင် မိုးများ ချက်ချင်းရွာသတဲ့။ စပါးဆန်ရေ ရွှေငွေကျောက်သံ ကောက်နှံ ပေါကြွယ်ဝသတဲ့။ ဒါနှင့်အတူ ဆင်ဖြူတော်ရှိသောမင်းတို့သည် ဘုန်းတန်ခိုးလည်း ကြီးသတဲ့"

"မှန်ပါ ဘုရား"

"ကျွန်ုပ်လည်း ဘုန်းကြီးသောမင်းတို့ရဲ့ မင်းအင်္ဂါနဲ့အညီ ဆင်ဖြူတော်များ အလိုရှိတာပဲ ... မင်းကြီးတို့"

"အချိန်အခါလည်းရောက်ပါပြီ ... မင်းကြီးဘုရား"

"မင်းကြီးတို့ .... ကျွန်ုပ်သည် ဆင်ဖြူတော်နှင့် စပ်လျဉ်းသည့် မင်္ဂလာရှိသော ဆင်တော်များအကြောင်း ကြားသိလိုတယ် လျှောက်တင်ကြစမ်း ... ပညာရှိအမတ်ကြီးတို့"

ဒီမှာပဲ ပညာရှိအမတ်ကြီးက ...

"မှန်ပါဘုရား ... မင်္ဂလာရှိသော ဆင်တော်များအပါအဝင် ဆင်တို့ရဲ့အကြောင်းကို လျှောက်တင်ရပါမူ ဒိသာဂဇဆင်ပေါက်(၈)မျိုး၊ ဒိသာဂဇဆင်မ(၈) မျိုး၊ ပိဋကတ်ကျမ်းလာ ဆင် (၁၀)မျိုး၊ အဋ္ဌဒိသာဆင် (၈)မျိုး၊ အဋ္ဌကဇ ဆင်(၈)မျိုး၊ သာမညသုဘလက္ခဏာဆင် (၁၄)မျိုး၊ ရာဇဝါဟန ဆင်(၆)မျိုး၊ သီဟဝါဟန ဆင်(၆)မျိုး၊ ဆင်ဖြူ (၄)မျိုးရယ်လို့ ရှိကြောင်းပါဘုရား။

တစ်ဖန် ဗေဒင်ကျမ်းလာ ဆင်က (၁၄)စီး၊ ရတနာဆင် (၁၂)စီး၊ ဟိမဝန္တာ၌ဖြစ်သော ဆင်က (၁၃) မျိုး၊ ဗေဒင်ကျမ်းလာ မာတင်ဆင် (၅)စီး၊ ဘဒ္ဒရဆင်က (၄)မျိုး၊ ရောဝဏ်ဆင် (၃)မျိုး၊ အဥ္ဇနဆင် (၂)မျိုး၊





သံတိတ္ထဆင် (၁၀)မျိုး၊ မင်္ဂလာဆင်ဖြူ (၇)မျိုး၊ ယိုးဒယားဆင်ကျမ်းထွက် တစ်ဆယ့်ကိုးစီး၊ မင်းစီးထိုက်သောဆင် (၉)စီး၊ ယိုးဒယားကျမ်းလာ ဆင်ဖြူ (၁၉)မျိုး၊ ဂေါတမရသေ့ဟောဆင် (၉)မျိုး၊ ပေါင်းရုံးလျှင် စုစုပေါင်း (၅၀၃) မျိုးမျှ ရှိကြောင်းပါဘုရား။

ဒါ့အပြင် ဆင်တို့၏ ကြန်အင်လက္ခဏာသည် အကျဉ်းအားဖြင့် (၆၄)ပါး၊ အကျယ်အားဖြင့် (၃၁၅)ပါး ခွဲခြားထားပါသေးသည်ဘုရား။

ပိဋကတ်တော်လာ ဆင် (၁၀)မျိုးမှာတော့ –

(၁) အာဠာဝကဆင်၊
(၂) ဂင်္ဂေယျဆင်၊
(၃) ပဏ္ဍာရဆင်၊
(၄) တမ္ဗဆင်၊
(၅) ပိင်္ဂလဆင်၊
(၆) ဂန္ဓဆင်၊
(၇) မင်္ဂလဆင်၊
(၈) ဟေမဆင်၊
(၉) ဥပေါသထ
(၁၀) ဆဒ္ဒန်ဆင်ရယ်လို့ ဆင်မျိုးများ ရှိကြောင်းပါဘုရား။

ဆဒ္ဒန်ဆင်သည် ငွေရောင်အဆင်းရှိပြီး အစွယ်သည် အရောင်ခြောက်ပါးနှင့်ပြည့်စုံပါသည် မင်းကြီး။ ဆောင်းအခါကာလမှာ 'သုပတိဋ္ဌ ညောင်ပင်ရွှေလိုဏ်'၊ မိုးကာလမှာ 'သုဒဿနအင်ကြင်းတော'၊ နွေကာလမှာ 'ဆဒ္ဒန်အိုင်'၌ နေထိုင်ပါသည်ဘုရား။ ဆဒ္ဒန်ဆင်၏ ခွန်အားသည် ဥပေါသထဆင် (၁၀)စီးရဲ့အားနဲ့ ညီပြီးလျှင် ကောင်းကင်သို့ ပျံတက်နိုင်ပါသည် အရှင်မင်းမြတ်။

ရောဝဏ်ဆင်ကား နတ်တို့ဖန်ဆင်းသည့်ဆင် ဖြစ်ပါသည်။

'ဒေဝလောကသ္မိံ ၊ ဟိ ကိရိဠာ နာဂတော နာမံဟောန္တိ'

ဟူ၍ အဋ္ဌကထာမှာ ဖွင့်ဆိုပါသည်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



"အဟိ ..."

"ဟိုကောင်တွေ ... ဘာကျိတ်ရယ်နေကြတာတုံးဟေ့"

မသက်ာလို့ ရဲသီဟက ကျိတ်ရယ်နေတဲ့ မောင်စိုင်နဲ့ မောင်ပြောင်တို့ဘက် လှည့်ပြီး မေးရော ...

"ပြောလေ ..."

"ဟို ... ဟို မဏ္ဍာပ်တိုင် ကျိုးလဲပြီး ပုဆိုးပါလန်ဆိုတာ ..."

"အဲဒါ ဘာဖြစ်တုံး"

"တပည့်တို့ ... မကြည့်ရဲဘူးလို့ ပြောပြီး ကျိတ်ရယ်ကြတာပါဗျာ"

"ဟား ဟား ဟား ဟား"

"ဟီး ဟီး ဟီး ဟီး"

ဒီမှာ ညီလုပ်သူ ရဲဒိဗ္ဗက ရှင်ဖြူကို လှမ်းကြည့်ပြီး ...

"မရီးခင်ဗျ"

"အမ်မယ် ... ငါ့ကို 'မရီး' လို့ ခေါ်တယ်"

"အစ်ကို့ရဲ့ ဇနီးလောင်းဥစ္စာ၊ ကျွန်တော့်အစ်မပေါ့။ အစ်မ မရီးပေါ့ ... ဟဲ ဟဲ ဟဲ ဟဲ"

"ကဲ ... ပြော ... မင်းက ဘယ်လို ပြောချင်လို့တုံး"

"အစ်ကိုရဲသီဟ လန်ရင် အစ်မ မရီးလည်း မျက်စိမှိတ်ထား။ ကျွန်တော်တို့လည်း မျက်နှာလွှဲထားမှာ ... မရီးရေ ... ဟား ဟား ဟား ဟား"

"ကြည့်စမ်း ... ကြည့်စမ်း ... ပုဂံသား ညီအစ်ကိုတွေ ကြွားစရာရှိ ... အဲ ... အဲ ... ကြံဖန်ကြွားနေကြလို့တော်ရေ ..."

"ဟား ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

"အဟတ် အဟတ် အဟတ် ... အဟွတ် အဟွတ်"

✿ ✿ ✿

[၉]

❑

ဆယ်ရက်မြောက်တော့ ရဲသီဟနှင့်အတူ ပုဂံရွှေမြို့တော်ကြီးက အောက်မားဆင်ဖမ်းအဖွဲ့တွေ ဆင်ဖြူတောင်ခြေ ဆင်သမားတဲစုရှိရာကို မြင်းတွေ၊ ဆင်တွေနှင့် ရောက်လာကြတယ်။

အောက်မားဆင်ဖမ်းအဖွဲ့က ပထ...န်း ဆင်ရုံသားကြီးဖိုးရွှေကံက အောက်မားဆင်မကြီးကို စီးပြီး လာနေတာ။

အောက်မားဆင်ချည်း (၁၀) ကောင်ပါတယ်။ စွယ်စုံဆင်ပေါက်ကြီးတွေရော၊ ဝါရင့်ဆင်မကြီးတွေပါတယ်လေ။

အောက်မားစာရေးဦးဒီပ။

ဆင်မှူးကြီး ဦးတောရ။

ပွဲကိုင်၊ လုံကိုင်တွေပြီးတော့ ဆင်မှူးကြီး ဦးတောရရဲ့နောက်မှာ ဆင်ကဲများ၊ ဆင်ထိန်းများ လိုက်ပါလာကြတယ်။ အောက်မားစခန်း လှကို စိုနေတာပဲ။ စကားပြောသံတွေလည်း ညံနေတာပေါ့။

ရွာကလူတွေကလည်း ဆင်တွေကို ဝိုင်းကြည့်၊ အံ့သြကြလို့။

www.burmeseclassic.com



တောဆင်ရိုင်းကို ဖမ်းတော့မယ်ဆိုရင် ဆင်ရုံသားတွေ၊ တောဆင်ရိုင်းကို ငင်မည့် လေ့ကျင့်သားရ အောက်မားဆင်တွေနဲ့ တောတောင်အထပ်ထပ်ကို ဝင်ရတာ၊ အောက်ရတာ။ ဒီမှာ ဆင်မှူးကြီးတွေ၊ ဆင်ဦးစီး၊ ဆင်ကဲ၊ ပဲ့ကိုင်၊ ဆင်ထိန်း၊ ဆင်ကွပ်တွေ လိုက်ရတာ။

ဆင်မှူးကြီးက ဆင်ရုံသားတွေကို ကြပ်မတ်ပြီး တောဝင်ရတယ်။ သူ့အောက်မှာ ဆင်ဦးစီး နောက်ပဲ့၊ အမှုထမ်းတွေက ရံပြီး လိုက်ရတယ်။

တောဆင်ရိုင်းဖမ်းရတာ အလွန်အသက်နှင့် ရင်းရတဲ့အလုပ်။ တောတွေ၊ တောင်တွေ နက်ရှိုင်းရှည်လျားရာမှာ ကျားမကြောက်၊ ဆင်မကြောက် လိုက်ရတာ။ တစ်ခါတစ်ရံ ရက်ကြာသွားတာရှိတယ်။

တောဆင်အုပ်နဲ့တွေ့ရင် လိုချင်တဲ့ ဆင်ပေါက်တွေကို ဆင်အုပ်ထဲက ခွဲထုတ်တဲ့အခါ မျှားဆင်၊ လိုက်ဆင်နဲ့ လိုက်ရင် လိုချင်တဲ့ ကျုံးရှိရာ အောက်ငင်ထိန်းခြောက်ရရတာ။ ပညာပါရသလို ကျွမ်းကျင်ရဲရင့်ဖို့ အရေးကြီးတယ်။

ရန်ပြုမည့် ဆင်အုပ်ထဲက စွယ်စုံဆင်ကြီးမျိုးနဲ့ ကြုံရင် ကာကွယ်ရမည့် အောက်မားစွယ်စုံဆင်ကြီးတွေ အကင်းပါးမှု၊ အထိုးအပာန်၊ အခြောက်အလှန့်ကလည်း ဆင်မှူး၊ ဆင်ကဲ၊ ဆင်ဦးစီးတို့ရဲ့ ပါးနပ်မှုနဲ့ အတွေ့အကြုံ ကြွယ်ဝမှုပေါ် အလွန်မူတည်တယ်။

ကြည့်စမ်း . . .

ချစ်သူရဲသီဟက စွယ်စုံဆင်ကြီးကို စီးပြီး ရှေ့ကနေ ဦးဆောင်လာနေတာ။

ရွာသူရွာသားတွေကလည်း ပုဂံရွှေမြို့တော်ကြီးက ဆင်ဖြူတော်ဖမ်းမည့် အောက်မားဆင်ဖမ်းအဖွဲ့ကြီး ဆင်တွေစီး၊ ဆင်လုံတွေထမ်း တန်းစီးဝင်လာနေကြတာ မြင်တော့ ရွာဝကနေ ထွက်ကြည့်ကြ။

ရဲသီဟကို လှမ်းမြင်တော့ အားရဝမ်းသာ အော်ဟစ်နှုတ်ဆက်ကြ။

ရွာခွေးတွေကလည်း မလှမ်းမကမ်းကနေ ဟောင်။





ဆင်ကြီးတွေရဲ့ တဝူးဝူး နှာမောင်းမြှောက် အော်တဲ့အသံကြောင့် ကလေးငယ်တွေက လန့်ပြီး ငိုကြ။

ခုလို ဆင်ကြီးတွေ မမြင်ဖူးကြတဲ့ ရွာသူရွာသားတွေကလည်း အောက်မားဆင်အဖွဲ့ကို ကြည့်ပြီး အံ့သြကြ။

"မောင်ကြီး . . ."

"မောင်ကြီး . . ."

ရှင်ဖြူနဲ့ ရှင်ညိုတို့ကလည်း ဖခင်ကြီးနှင့်အတူ လက်ပြအော်ဟစ်နှုတ်ဆက်၊ မျက်နှာမှာ ဂုဏ်ယူအပြုံးတွေလှိုင်။

ဒီလိုနဲ့ ဆင်ဝိုင်းမှာ အောက်မားဆင်တွေကို နေရာချပြီး အစာကျွေး ရေတိုက်။ ရွာသူကြီးနှင့် မိတ်ဆက်။

ရောက်လာတဲ့ ဆင်ဖမ်းအဖွဲ့ စားရေးသောက်ရေးကိုလည်း ရှင်ဖြူတို့ ရွာသူတွေက အားတက်သရော လုပ်ပေးကြတယ်။ ဆင်တွေစားဖို့ ငှက်ပျောပင် ခုတ်ယူလာပေးကြတာလည်း ပုံနေတာပဲ။ အောက်မားအဖွဲ့နဲ့ ရွာသူရွာသားတို့က ဆွေမျိုးရင်းချာအလားပဲ။

အားချင်းဆိုသလိုပါပဲ။

အောက်မားမှူးကြီးရဲ့ အစီအစဉ်နှင့် ဆင်ဖြူတော်များကို ကျုံးရှိရာ ငင်သွင်းရန်အတွက် ကျုံးလုပ်ရမည့်နေရာတွေ ကြည့်ဖို့ အစီအစဉ်တွေ ချမှတ်ရေးဆွဲကြတယ်။

ပြီး . . . ဆင်ဖမ်းအဖွဲ့သားတွေ လိုက်နာရှောင်ကြဉ်ရမည့်အချက်တွေကို အောက်မားဆင်မှူးကြီး၊ ဆင်ရုံကြီးတွေက ထပ်မံရှင်းပြတယ်။

ဒီကိစ္စက အောက်မားဆင်ဖမ်းလိုက်မည့်သူတွေအတွက် အလွန်အရေးကြီးတဲ့ စည်းကမ်းချက်တွေပဲ။ မဖြစ်မနေ လိုက်နာရတဲ့ အချက်တွေပဲ။

ဆင်ကျော့သွားရော၊ ရှောင်အပ်စွာကား၊ ပမာမမှတ်၊
လင်ပန်းခတ်လျှင်၊ စီးသည့်ဆင်ကို၊ တောဆင်တိုးရှေ့။
ယောက်မရိုးကို၊ အိုးမှာတုံလျှင်၊ ကန်လန့်တင်မူ၊



www.burmeseclassic.com

www.burmeseclassic.com



တောဆင်လိုက်ရာ၊ တုတ်ဆီးကာ၏၊ တစ်ဖြာယောက်မ၊
အိုးကစိုက်လျှင်၊ စီးသည့်ဆင်မူ၊ တွင်းတွင်ကျံအံ့။
အိုးစွပ်စားဘိ၊ ဆင်ရိုင်းမိလျှင်၊ ဆွဲငင်လူကို၊ ယူလိုတတ်ငြား၊
ကျားကိုက်သားကို၊ စားလေတာပြီး၊ စီးဆင်ရှေ့ပါး၊
သစ်ကျားနေ့တမ်း မဖမ်းရတတ်၊ ဘူးလည်ပြတ်လို၊
စားမှတ်သောနှိုင်း၊ ဆင်ရိုင်းတစ်မူ၊ လူကိုမီနီး၏၊
ကရိုးကိုက်တွန်၊ ကျော့သည့်လွှန်ကို၊ ပြင်းဝှန်တိုက်ရှောင်း၊
ဦးခေါင်းဆီပင့်၊ လိမ်းကျင့်သမှတ်၊ လွန်ကျွတ်တတ်၏။
ပညတ်တိုမျှ၊ ဆင်ပေါ်မှလည်း၊ ဩတပ္ပဝတ်စား၊
သွားတုံရှေ့ဟောင်း၊ ပြုလေရှောင်းက၊ လူကိုချ၍၊
သတ်ထမနေ၊ နှုတ်ကြမ်းချေက၊ ဆင်ရိုင်းရလည်း၊
ချက်ကျဥပဒေ၊ မသေမချာ၊ ရှိတတ်ရာသည်၊
ကမ္ဘာစဉ်ဆက် လမ်းကြောင်းတည်း . . . တဲ့”

ဒီလို ဆင်ကျော့ ဆင်အောက်သွားတဲ့ ဆင်မှူထမ်းတွေ လိုက်နာ ရှောင်ကြဉ်ရတဲ့ အချက်တွေရှိသလို ဆင်အမှုထမ်းတို့ရဲ့ ရွာမှာ ကျန်ရစ် ဇနီးမယားတို့ကလည်း လင်သား ဆင်အောက်သွားစဉ်မှာ လိုက်နာရှောင် ကြဉ်ရတဲ့ စည်းကမ်းတွေ ရှိသေးတယ်။

ကျန်ရစ်သူ ဇနီးမယားသည် . . .
ဦးခေါင်းလျှော်ခြင်း မပြုရဘူး။
ဆံပင်ဖားလျားချ မထားရဘူး။
အိမ်ခြံရှိ ဘူးသီး၊ ကင်းပိတ်သီး မစားရဘူး။

ရက်တက်ပုန်းရည်ကို သူတစ်ပါးအိမ်ကလည်း မတောင်းရ ကိုယ့်အိမ်ကလည်း မပေးရဘူး။

အိမ်သစ်တက်ကိစ္စတို့၊ အသုဘအခမ်းအနားတို့ကိုလည်း မသွား ရဘူး။ အထူးရှောင်ကြဉ်ရတယ်။





ပိုအရေးကြီးတာက အခြားသော ယောက်ျားများနှင့် ကာမဂုဏ် ကျူးလွန်ရဘူး။ မျောက်မွေး နောက်မီးလင်း မဖောက်ပြန်ရဘူး။

အဲဒီအချက်တွေကို ဆင်ကျော့သွားတဲ့ အမှုထမ်းရော၊ အိမ်နေ မယားရော လိုက်နာခြင်း၊ ရှောင်ကြဉ်ခြင်း မပြုဘဲ ကျူးလွန်ခဲ့ရင် ဆင် သွားတဲ့ လင်သားအမှုထမ်းဟာ ဆင်ကျော့ရင်း ကြီးစွာသော ဘေးဒုက္ခ ရာယ်နှင့် ကြုံတွေ့ရင်ဆိုင်ရလေ့ရှိတယ်လို့ ရှေးအစဉ်အဆက် ယုံကြည် တယ်။

ဒါ့အပြင် မြန်မာမင်းရဲ့ ဥပဒေမှာ အောက်မားအမှုတော်ထမ်းတို့ အခွင့်အရေးကောင်းတွေ သတ်မှတ်ပေးထားလေ့ရှိတယ်။

အောက်မားအမှုထမ်းအားလုံးကို ဆင်ဝန် (အောက်မားမှူး) တို့ ကြပ်အုပ်ချုပ်ရတယ်။ သူ့အောက်မှာ ဆင်ရုံကြီးက အုပ်ချုပ်ရတယ်။

သူတို့ကို မြို့ပြ ပြည်ရွာအုပ်ချုပ်ရေးက စွက်ဖက်ပိုင်ခွင့်မရှိဘူး။ ားစီရင်ပိုင်ခွင့် မရှိဘူး။ အခွန်အတုပ် ကြပ်မတ်ပိုင်ခွင့် မရှိဘူး။ ကျွန် ဘာက် ကောက်ခွင့်လည်း မရှိဘူး။

ပြီး . . . အောက်မား အမှုတော်ထမ်းတွေရှိတဲ့ နေတဲ့ရွာကို ဘုရင့် သည်များက မား၊ လုံ၊ လက်နက်ကိုင်ဆောင်ပြီး ဝင်မလာရဘူး။

တ်ချက် – ပုဂံခေတ်လွန်ကာလများမှာ ပို၍ အရေးပေးခဲ့သည်။)

ရာဇဝတ်အမှုအခင်း ဖြစ်ခဲ့သည့်တိုင် တရားရုံးတော်ကို နှောင်ကြိုး နှောင်ပြီး မခေါ်ရဘူး။ တရားရုံးမှာ ကျမ်းမကိုင်ရဘူး။ အကောက်အပေး နှစ်မှု မင်းတိုင်း ကင်းလွတ်ခွင့်ရတယ်။

အမှုအခင်းဖြစ်ခဲ့ရင်တောင် အောက်မားဝန်ကြီးမှ တရားစွဲဆို ဆုံး ရတယ်လို့ အခွင့်ထူးတွေ ပေးထားတယ်။

ဘာလို့လဲဆိုတော့ သူတို့ဘဝက တောကြီးတောင်ကြီးထဲမှာ ကစွန့်ပြီး ဆင်ရိုင်းဖမ်းတဲ့အလုပ်၊ ဆင်ရိုင်းကို ဆင်ယဉ်ဖြစ်အောင် လေ့



www.burmeseclassic.com

www.burmeseclassic.com



**ရွှေနီနီး တန်ခိုးရှိ** အသုံးဝင်တဲ့ ဆင်တွေဖြစ်အောင် လုပ်ရလို့ပါပဲ။ တိုင်းပြည် **အုပ်ချုပ်တဲ့ခင်းမှာ** အင်အားများတဲ့ ဆင်တပ်ရှိဖို့ သူတို့အောက်မားတွေက **ဆင်ဖမ်းပေးရတာ**။

ညနေစောင်းတော့ ရဲသီဟတို့ ညီအစ်ကိုနဲ့ ရှင်ညိုတို့ညီအစ်မ ဆင်စခန်းနံဘေးက စမ်းချောင်းလေးမှာ တွေ့ကြတယ်လေ။

"မျှော်လိုက်ရတာ ... မောင်ကြီးရယ်"

"လွမ်းလို့လား ... နှမ"

"သိဘူး"

"မျှော်တာ လွမ်းလို့ ဟုတ်ဘူးလား"

"အင်း ..."

"ဟင်း ဟင်း ဟင်း ဟင်း"

"မောင်ကြီး ... ဘာလို့ ရယ်တာလဲလို့"

"လွမ်းတာကို 'အင်း'လို့ ပြောလို့ပေါ့ဗျာ"

"မောင်ကြီးနော် ... မနောက်နဲ့ ... သိလား။ နှမတို့က ပုဂံရွှေ မြို့တော်သူတွေလို မောင်ရဲ့ ဘရဲ့ ချဲကာပတ်ကာ နပ်ကာတွန့်ကာ မပြော တတ်ပေါင်တော်"

"အဲဒါကြောင့်လည်း မောင်ကြီးက ချစ်တာပေါ့ဗျာ"

"မပြောနဲ့တော့"

"ဘာလို့တုံး ... နှမရဲ့ ... ဟင် ... ဟင်လို့"

"နားရှက်လို့"

"ကဲ ... ကဲ ... ရှက်ဦး ... ရှက်ဦး ..."

"အို ... မောင်ကြီး"

ရဲသီဟက နားရှက်တယ်လို့ ခေါင်းငုံ့ပြောနေတဲ့ ချစ်သူမယ်ခင်ပြု ရဲ့ ပခုံးလေးကို လှမ်းကိုင်ပြီး ရင်ခွင်ထဲဆွဲသွင်း ဖက်ထားလိုက်တော့ တောသူ အချစ်ရိုင်းမကလေးရဲ့ အလန့်တကြား အော်သံနှင့်အတူ ...





မလှမ်းမကမ်း ညောင်ပင်ကြီးအောက်မှာ ချစ်ကြည်နူးနေကြတဲ့ ရဲဒိဗ္ဗနှင့် ညီမငယ်ရှင်ညိုတို့ တခစ်ခစ် လှမ်းကြည့်ရယ်သံကို ကြားလိုက်ရ လို့ ...

ရှင်ဖြူလေးက ရင်ဘတ်ကျယ်ကြီးထဲ ခေါင်းဝှက်ပြီး ရဲသီဟရဲ့ ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်ပါရော။

"အား ... နာတယ် ... ကဲ ... ကဲ ..."

တိုး၍ ဖက်လိုက်တာပါ။

တင်းတင်းကျစ်ကျစ် ဖက်ထားလိုက်တာပါ။

ပုဂံရွှေမြို့တော်သား အောက်မားဆင်ဖမ်းသမားလေးရဲ့ ရင်ထဲ လှိုက်လှိုက်လှဲလှဲ အချစ်သရုပ်ပြပါ။

ကောက်ကျစ်ခြင်းမရှိ။

စဉ်းလဲခြင်းမရှိ။

လှည့်ပတ်ခြင်းလည်း အလျဉ်းမရှိ။

ဆင်ဖြူတော်ကို လက်ရဖမ်းပြီး ပုဂံပြည့်ရှင် မင်းကြီးအနော်ရထာ ထံ ဆက်သပြီးရင် ...

ဟောဒီ ကျည်တောင်ရွာ တောသူအချောအလှလေးကို လူကြီး စုံရာနဲ့ လာတောင်းပြီး ကြင်သူသက်ထားအဖြစ် သစ္စာထားမှာပါလေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၀]

❑

ခေါင်းဆောင်ဆင်ရုံကြီး ဦးရွှေကံနှင့် ရဲသီဟတို့ညီအစ်ကို အပါအဝင် ဆင်စမ်းသား၊ ဆင်ကြားသားတွေဟာ ဆင်ဖြူတောင်ပေါ် ဆင်ဖြူတော်ရှိရာနေရာကို တရွေ့ရွေ့ တက်လာခဲ့ကြတယ်။

ရိုးမတောင်ကြီးတွေမို့ တစ်တောင်နှင့်တစ်တောင်ဟာ ညို့ညို့စိမ်းစိမ်း၊ သစ်ကြီးဝါးကြီးတွေနဲ့ နွယ်ယှက်ဆက်နေကြတယ်။

သူတို့ မြင့်မားရှည်လျားတဲ့ ဆင်ဖြူတောင်ပေါ်ကို တောလမ်း ဆင်သွားလမ်း၊ သားကောင်သွားလမ်းသွယ် လမ်းကျဉ်းတွေကနေ တဖြည်းဖြည်း တက်ခဲ့ကြတာ။

ရာဝင်အိုးခန့်ကြီးမားတဲ့ ကျွန်းပင်ကြီးတွေဟာ တောင်မြင့်တောင်စောင်း တောင်ခြေတွေမှာ သဘာဝအလျှောက် ပေါက်နေကြတာကို တွေ့ရတယ်။ အချို့နေရာမှာ အပင်ချင်းယှက်လို့။

တစ်နေရာမှာ တောင်ပေါ်က စီးကျနေတဲ့ ရေအိုင်ကြီးတစ်ခုကို တွေ့ရပြီး ...





လူသံကြားလို့ထင့် ရေသောက်ဆင်းနေတဲ့ သားကောင်တွေ တဝုန်းဝုန်း တောထဲဝင်ပြေးသွားသံလည်း ကြားရ မြင်ရတယ်။

မုဆိုးငကျွန်ကတော့ လေးတပြင်ပြင်နှင့် လက်ယားနေရဲ့။ ဆင်မှူးကြီး ဦးတောရက မပစ်ရဘူးလို့ ပြောထားလို့သာပေါ့။

ဒီလိုနှင့် ဆင်ခြေရာဟောင်းတွေ ထင်နေတဲ့ ဆင်သွားလမ်းကို သွားတွေ့ကြတယ်။

"ဒါ ဆင်အုပ်သွားထားတာကွယ့်"

"ဆင်မှူး ... ဟိုမှာ ဆင်ချေးပုံဗျ"

"အေးဟ ... ကြည့်ကြစမ်းဟေ့"

ဆင်ချေးပုံက မနေ့လောက်က ယိုသွားပုံရတဲ့ ချေးပုံပဲ။ အနီးက ဆင်တစ်လှမ်းမီ ဝါးရွက်တွေ ပြတ်နေတာ တွေ့ရသလို၊ ဆင်ခြေရာတွေကလည်း ထပ်ယှက်နေတာ မြင်ရတယ်။

"ဒီလမ်းဟာ ဆင်သွားလမ်းပဲ ... ရဲသီဟ။ ငါတို့ ဒီလမ်းကြောင်းအတိုင်းလိုက်ရင် ဆင်အုပ်နဲ့ တိုးနေမယ်။ လေအောက်ကနေ ပန်းပြီး တက်ကြ"

သူတို့အားလုံး ပင်ပန်းကြပါသော်လည်း သစ်ပင်ငယ်တွေကို လှမ်းလှမ်းဆွဲ တက်ခဲ့ကြတယ်။

နံနက်မိုးလင်းကတည်းက ထွက်ခဲ့လိုက်ကြတာ အခု နေမွန်းတည့်ချိန် ရောက်နေပြီ။

"ရှူး ... ရှူး ..."

"ဘာတုံး ... ရဲသီဟ"

"နားထောင် ... ဆင်ရုံကြီး၊ အားလုံး သစ်ပင်တွေမှာ ကွယ်နေကြ။ အသံမထွက်နဲ့"

"မုဆိုး ..."

"ပြော ... ကိုသီဟ"

"ငါ့နားထဲမှာ တောတိုးသံ ကြားရတယ်။ မင်း နားစွင့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကျေန်က နားစွင့်လိုက်တယ်။

ပြီး ... မြေပြင်မှာ လှဲချပြီး မြေကြီးကို ရင်ဘတ်နှင့်တစ်မျိုး၊ နားဖြင့်တစ်မျိုး ကပ်ပြီး နားထောင်နေတယ်။

''လာနေကြပြီဗျ''

''ဘယ်သူလာနေတာတုံး''

''ဆင်အုပ်ဗျ ... ဒီဘက်ကို တရွေ့ရွေ့လာနေတာ။ မြေကြီးနင်းသံ တရွေ့ရွေ့ နီးလာသလိုရှိတယ်''

''မုဆိုး ...''

''ဗျာ ... ကိုသီဟ''

''ငါတို့ ဆင်ဖြူတွေ နေစာလှုံတဲ့ တောင်ကုန်းပြန့်ရှိရာကို သွားမှ သင့်မယ်''

''သွားရင် လေအောက်က သွားပါ ကိုသီဟ။ ပက်ပင်းတိုးရင် လှုန့်ရရင် မလွယ်ဘူး''

''ဆင်မှူးကြီး ...''

''အေး ... ပြော''

''ရှေ့တစ်ခေါ်သွားရင် ဆင်ဖြူတွေနေစာလှုံတဲ့ တောင်ပြန့်ကို ရောက်တော့မယ် ခင်ဗျ''

''သူတို့ အဲဒီကို လာလေ့ရှိသလား ... မောင်သီဟ''

''ဒါကတော့ ကျိန်းသေမသိဘူး။ သူတို့လာတဲ့နေရာကို ပြမလို့ပါ။ ရှေ့တက်ကြစို့ဟော့''

သူတို့ စုစုပေါင်း ငါးယောက် ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ အင်ကညင်ပင်ကြီးတွေကို ကွယ်ကာ၊ ဝပ်ကာ တက်လာခဲ့လိုက်ကြတာ ဆင်ရုံကြီး၊ ဆင်မှူးနဲ့ ရဲသီဟ၊ ရဲဒိဗ္ဗ၊ မုဆိုးတို့ရယ်။

ဆင်ရုံကြီးက ဆင်ဖြူတော်များဖမ်းဖို့ တာဝန်ခံပေါ့။

''ရုပ် ...''

''ဘာတွေ့လို့တုံး ... သီဟ''





''ရှေ့က တောင်ကတုံးကွင်းပဲ ... ဆင်ရုံကြီး''

ဆင်ရုံကြီးက ရှေ့တစ်မြင်က တောင်ကတုံးလိုလို ပြန့်ပြန့်ပြူးပြူးနေရာကို လှမ်းကြည့်လိုက်တယ်။

နေရာက သစ်ပင်ကြီးတွေ မရှိဘူး။

မြေစာမြက်တွေနဲ့ ကိုင်းပင်ပုပုတွေ ရုံထားသလိုမျိုး ဖြစ်နေတဲ့ လယ်နုစိကွက်ခန့် အကွက်နေရာလေ။

တောင်ဘက်မှာတော့ ဆင့်တစ်ရပ်မက ကိုင်းတော။

ဒီမှာဘက်မှာ ဆူးချုံကြီးများ၊ နဘူးချုံများ။ အရွက်ဖားဖား အပင်ကြီးများ။

သူ့ရှေ့မှာ တောင်ဆင်းကုန်း။

''အဲဒီနေရာမှာ ဆင်ဖြူတွေ နေစာလှုံတယ်''

''ဟုတ်ရဲ့လား''

''ကျွန်တော့်ညီနဲ့ မုဆိုးကို မေးကြည့်''

''ဟုတ်တယ် ... ဆင်ရုံကြီးနဲ့ ဆင်မှူးကြီး''

''ရှူး ... ရှူး ...''

''မုဆိုး ... ဘာတုံး''

''ဟိုမှာ ... ကိုင်းတောထဲမှာ ကိုင်းပင်ဖျားတွေ လှုပ်နေတယ်။ အသံမထွက်နဲ့နော်''

''ဟင် ... ဟုတ်ရဲ့လား''

''ဟိုမှာလေ ... ကြည့် ... ကြည့်''

ရဲသီဟ ကျောက်တုံးတစ်တုံးပေါ်ကနေ တက်ကြည့်လိုက်တော့ ဟုတ်တာပဲ။ တစ်ပြန့်တစ်ပြူး ကိုင်းပင်တွေ၊ ငါးပင်တွေရဲ့ အဖျားအချို့ဟာ တစ်စုံတစ်ခုသော သားကောင်ကြီးမျိုးတို့ မွေ့ကစားနေလို့ လှုပ်ခါနေတယ်။

''မုဆိုး ...''



www.burmeseclassic.com

www.burmeseclassic.com



''ခေါင်းဆောင် ...''

''သစ်ပင်ပေါ်က တက်ကြည့်စမ်း''

''ဟုတ် ... ဟုတ် ...''

မုဆိုးကျော် ဝါးပိုးပင်ကြီးတစ်ပင်ပေါ်ကို မျောက်တစ်ကောင်လို ခုန်တက်သွားလိုက်တာ ဝါးပိုးပင်ဖျားပေါ် ရောက်သွားတယ်။

မကြာဘူး ကျော် ပြန်လျှောဆင်းလာတယ်။

''ဘယ့်နှယ်တုံး ... မုဆိုး''

''လာနေပြီဗျ''

''အဖြူတွေပဲလား''

''ဟုတ်တယ်ဗျ ... သူတို့နောက်မှာ အမည်းတွေက ခပ်လှမ်းလှမ်းက လိုက်လာနေတာဗျ''

''ဟင် ... ဒါဆို ဆင်ဖြူတစ်အုပ်၊ ဆင်မည်းတစ်အုပ်ပေါ့''

''ဟုတ်တယ် ... တောင်ပြန့်ရှိရာကို ဦးတည်လာနေတာဗျ''

သူတို့အားလုံး စဉ့်ကြီးတမျှကြီးလှတဲ့ ကျွန်းပင်ကြီးတွေနှင့် လူတစ်ဖက်စာမက ကြီးမြင့်တဲ့ ဝါးပိုးပင်တွေကြားမှာ ပုန်းဝပ်ပြီး ချောင်းနေကြတုန်းမှာပဲ ...

''ကျီ ... ကျီ ...''

''အူး ... ဝူး ... အူး ... ဝူး ...''

''ဖြုန်း ... ဖြိုး ... ဖြိုး ... ဝေါ ဝရော''

''ကျီ ... ကျီ ... ဝူး ... အူး ...''

''အစ် ... အစ် ... အစ် ... ကျီ ... ဝူး ...''

ဆင်အော်သံနှင့် တောတိုးသံ၊ သစ်ပင်ကိုင်းပင်တွေကို ရိုက်ခါ တွန်းလှဲသံတွေနှင့်အတူ ဆင်တွေ တရွေ့ရွေ့ တိုးလာ နီးလာနေတာကို ခေါင်းဆောင်ဆင်ရုံကြီးအပါအဝင် ဆင်ရုံလေး ရဲသီဟတို့ ရင်တမမနှင့် ကြည့်နေစဉ်မှာပဲ ...

စိတ်ကူးသစ်စာပေ



လှုပ်ရှားယိမ်းထိုးနေတဲ့ ကိုင်းပင်တွေ ရုတ်ခြည်း ငြိမ်ကျသွားတယ်။ ဒါနှင့်အတူ ဆင်အော်သံ၊ တစ်ကောင်တစ်ကောင် အသံပေးသံ၊ တောတိုးသံတွေ ငြိမ်သွားတယ်။

အဝေးက မျောက်အုပ်ရဲ့ အော်သံတွေ ကြားနေရရဲ့။

''ငြိမ်သွားတယ်''

''ဟုတ်တယ်''

''ထွက်မလာကြဘူးကွယ့်''

''စောင့်ကြည့်တာနေမှာပါ ... ဆင်ရုံကြီး''

ကွမ်းတစ်ယာညက် မရှိခင်မှာပဲ ကိုင်းတောအုပ်ထဲကနေ ဆင်တစ်ကောင် ရွေ့ပြေးထွက်လာတာကို ဆင်မှူးကြီးဦးတောရ မြင်ပြီး အလွန် အံ့သြသွားခဲ့တယ်။

''ရဲသီဟ ...''

''ဗျာ ... ဆင်မှူးကြီး''

''မွေးဥနေတာပါလား ဟင်''

''နောက်ထပ်ရှိသေးတယ် ... ဆင်မှူးကြီး''

''ရှူး ... တိုးတိုးဟေ့''

ရှေ့ပြေး ဆင်ဖြူတော်ကြီးက ဆင်ပေါက်ကြီးပဲ။ အငယ်ကလည်း လက်လေးသစ်သာသာ ထွက်လို့။

ဖြူပုံက နှာမောင်းကနေ မြီးဖျားတိုင်အောင် ဖြူဖွေးနေတာ။ ကျက်သရေရှိလိုက်တာ။ ဒါမျိုးမှ ဆင်ဖြူတော် ခေါ်တာနေမှာပဲလို့ ဆင်ရုံကြီး အသံတိုးတိုးနဲ့ ပြောပြီး အံ့သြလို့။

ဆင်ရုံကြီးဟာ နှာမောင်းတယမ်းယမ်း လုပ်ပြီး အရုပ်လေးမျက်နှာကို အနံ့ခံသလို စူးစမ်းလိုက်ကြည့်နေတဲ့ ဆင်ဖြူတော် ဆင်ပေါက်ကြီးကို ကြည့်ပြီး ဝမ်းသာနေလေရဲ့။

ဆင်ဆိုတဲ့ သတ္တဝါက ကိုယ်ရေကိုယ်သား မည်းတဲ့ သတ္တဝါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အစွယ်နဲ့သွားက လွဲလို့ပေါ့။ ဆင်စွယ်နက်ဆိုတာ ရှိတယ်။ ရှားတယ်။

ဆင်အမည်းတွေကြားမှာမှ ဆွတ်ဆွတ်ဖြူတဲ့ ဆင်ဖြူရောင် ပေါ်လာတာ အလွန် အံ့သြစရာကောင်းတာပဲ။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလိုက်ပါဘိ။ ဒါကြောင့် ရှင်ဘုရင်တွေ မက်မောကြတာပဲလို့။

မိမိ ဆင်မှူးကြီးဘဝနှင့် မင်းအဆက်ဆက် ဆင်နောက်လိုက်ခဲ့ဖူးတယ်။ တစ်နှစ်ကို နှစ်ကြိမ် ဆင်ဖမ်းထွက်ပြီး ရတဲ့ ဆင်တွေကို ကျုံးသွင်း၊ လိမ္မာယဉ်ကျေးအောင် သင်ပြီးနောက် ဆင်ဝန်က ရွှေနန်းတော်ကို ဆက်သရတာ။

ထူးဆင်၊ စီးစုဆင်မတော်၊ ထူးဆင်မတော်၊ စီးတော်ကြီး၊ ရွေးဆင်၊ ဝင်းဆင်၊ ထမ်းဆင်တော်၊ ဝန်ရည်ဆင်တော်၊ မိန်းသစ်ဆင်၊ ကျင်းဆင်ရယ်လို့ ဆင်အမျိုးအစား ခွဲခြားထားတယ်။

ဒါ မြန်မာ့ဆင်ရတနာ အဆင့်တွေပဲ။

ဆင်ပေါက်ဆိုတာ ဆင်ကောင်းတို့ရဲ့ ကြန်အင်လက္ခဏာနှင့် ပြည့်စုံပြီး သန်မြန်ကြော့ရှင်းတဲ့ ဆင်ကိုခေါ်တာ။

အဲဒီဆင်ပေါက်ကို ထူးဆင်တော် လို့ ခေါ်တယ်။

ဒီလို ဆင်ပေါက် ထူးဆင်တော်ကို မင်းရှင်ဘုရင် စီးထိုက်တယ်တဲ့။

စီးတော် ကြီးဆိုတဲ့ ဆင်မျိုးကလည်း ထူးဆင်တော်လို ဆင်ကြန်အင်လက္ခဏာမျိုးကဲ့သို့ မပြည့်စုံပေမင့် ...

မင်းရှင်ဘုရင်များ စီးထိုက်တဲ့ ကြန်အင်လက္ခဏာပါလို့ မင်း စီးထိုက်တဲ့ စီးတော်ကြီးလို့ အမည်ရတယ်။

ဆင်ရဲ့လက္ခဏာကလည်း အသေးစိတ်တယ်။

ဆင်လက္ခဏာ အကျဉ်း (၆၄)ပါး။

အကျယ်က (၃၁၅) ပါး ရှိတယ်။

ကျင်းဆင်ဆိုတာက ...





ထီးဖြူ၊ သန်လျင်းနှင့် စည်တော်ရွှမ်းပြီး အခမ်းအနားအစုံအလင်နှင့် ကျင်းပခွင့်ရတဲ့ မသာတော်။

ကတ္တီပါရွှေမော်ကြဲ၊ ခါသာရွှေမော်ကြဲ၊ ကြေးတစ်ဝန်း၊ တီးမှုတ်ပြီး မသာတော်ချခွင့်ရတဲ့ မသာတော်တွေမှာ၊ အရိုးတော်ကောက်က မောင်းဖြူမျောက်မြီး၊ ဝတ်ဖြူကောင်းဆင်လျှက်၊ အစွယ်တစ်ဖက်ကျိုးဆင်ပေါက်ပေါ်က စီးပြီးလိုက်ရတယ်။ အဲဒီနောက်က ဆင်မလိုက်ရတယ်။ အဲဒါကို ကျင်းဆင်လို့ ခေါ်တယ်။ မသာတော်ဆင် ခေါ်တာပေါ့။

"ဆင်မှူးကြီး ..."

"အဲ ... အဲ ... ဆင်ရုံကြီး ... ပြောပါဦး"

"မတွေးနဲ့ ... အန္တရာယ်များတယ်"

အထက်လူ ဆင်ရုံကြီးရဲ့ သတိပေးစကားကြောင့် ဆင်မှူးကြီး ဦးတောရ အတွေးကိုဖြတ်ပြီး ဆင်ရုံကြီးကို ကြည့်နေလိုက်တယ်။

"ဆင်မှူးကြီး ... တွေ့ရဲ့လား"

"ဗျာ ... အဲ ... အဲ ... ဟို ... ဟို ... ဆင်ဖြူခင်ဗျာ ... ဆင်ပေါက်ကြီး"

"ဘယ်မှာတုံး"

"အဲ ... အဲ ... ဟို ... ဟင် ..."

ဆင်မှူးကြီး ကျူတောစပ်ကို လှမ်းကြည့်တော့ စောစောက မြင်လိုက်ရတဲ့ ဆင်ဖြူတော် မရှိတော့ဘူး။

"ဟင် ... ဆင်ဖြူတော် ဘယ်ရောက် ..."

"ကျူတော၊ ကိုင်းတောထဲ ပြန်ဝင်သွားပြီ ... ဆင်မှူးရဲ့"

"ဒါ ... ဆို ... ကျုပ်တို့ ဘယ်လိုလုပ်မတုံး ... ဆင်ရုံကြီး"

"နောက်နေ့တွေ ဆက်စုံစမ်းရမှာပဲ။ သူတို့ အသွားအလာကို ခြေရာခံပြီး မတွေ့တွေ့အောင် ရှာရမှာပဲ ... ဆင်မှူးကြီး၊ ဆင်ဖြူတော်ရှိမှန်းလည်း မင်းကြီး သိပြီးပြီ။ ကျုပ်တို့ရော၊ မြင်ကြပြီးပြီ။ ဒီတော့၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တောမှာ ဆင်ဖြူတော် အတိအကျ ရှိရဲ့သားနဲ့ ဖမ်းမမိဘူးဆို ကျုပ်တို့ ခင်ဗျားတို့ကို မင်းတရားကြီး ငြိုငြင်အမျက်ရှရင် မလွယ်ဘူး ‥ မောင်ရဲသီဟရေ"

"ခင်ဗျာ . . . ဆင်ရုံကြီး"

"ငါကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်ရလို့ ယုံပြီပေ့။ ဒီနေ့ တို့ ပြန်ကြမယ်။ နောက်နေ့ ဆက်ရှာမယ်။ ပြန်ကြစို့"

"ဟုတ်ကဲ့ပါ . . . ဆင်ရုံကြီး"

သူတို့အားလုံး ရှည်လျားမြင့်မား သစ်ကြီးဝါးကြီး ထူထပ်လှတဲ့ တောင်တန်းပေါ်က ပြန်ဆင်းခဲ့ကြတယ်။

ကျုပ်တော့၊ ကိုင်းတောထဲကို ပြန်လှည့်ဝင်သွားတာ အသေအချာ မြင်လိုက်ရတာ။

စွယ်စုံဆင်ပေါက် ဆင်ဖြူတော်ရယ်။

ပြီး . . . အထီး။

ပုလဲရောင်တောက်နေတဲ့ ဆင်ဖြူ။

နားရွက်ဖြူ၊ အမြီးဖြူ၊ ခြေလေးဘက်ဖြူမှုသာ ဖြူသော ဆင်ဖြူ အမည်ခံ ဆင်မျိုးမဟုတ်။

ရုတ်ခြည်း မြင်လိုက်ရသည်နှင့် အဖိုးတန် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတဲ့ ဆင်ဖြူတော်စစ်စစ်မှန်း ဆင်ရုံကြီး သိတယ်။

ဦးခေါင်းပိန်၊ ပါးချိုင့်၊ နားထင်ပေါက်၊ ပိန်ရှည်၊ လည်ပင်းသိမ်၊ ရင်အုပ်ကျဉ်း၊ ခြေသေးလက်သေး၊ ကိုယ်လုံးပြား ဆင်လက္ခဏာ ညှိုးညှိုး မျိုးမဟုတ်ဘူး။

ကိုယ်လုံးလည်း ကြီးတယ်။

ဦးခေါင်းကြီးကြီး၊ ပါးရိုးပါးသားလည်း ပြည့်တာ မြင်ရတယ်။

နှာမောင်းအနေတော်ရှိပြီး လည်ပင်းတုတ်တုတ်၊ ရင်ဘတ်ကျယ် ကျယ်ရှိပြီး ကိုယ်လုံးရဲ့ နောက်ပိုင်းက ပေါင်နှင့်တင်ပါး အသားအရေ ပြည့်ပြည့်ဝဝရှိနေတာလည်း မြင်လိုက်ရတယ်။





အမြီးကလည်း အမြီးရှည်ရှည် မြီးဆံဖြူဖြူ။

အစွယ်က စွယ်စုံထွက်ပြီးစ။

စွယ်စုံပြီးအဆင့်ကို ရောက်သွားရင် ဆင်မည်းတွေကို ဆင်ပြောင်ကြီးလို့ ခေါ်ကြတယ်။

စွယ်စုံဆိုတာ အစွယ်ရှည်ရှည်နှစ်ချောင်းက ရှေ့မှာ ခပ်ကော့ကော့ ဖြစ်နေတဲ့ ဆင်ကို စွယ်စုံခေါ်တာလေ။

ဆင်မှာတောင် အမျိုးမျိုး ကွဲပြားသေးတယ်။

စွယ်စုံဆင်၊

ဟိုင်းဆင်၊

ဟန်ဆင်၊ တည်ဆင် ရယ်လို့ ရှိသေးသကိုး။

ဟိုင်းဆင်ဆိုတာ အစွယ်ဖုံးလေးမျှ တိုတိုလေးရှိတယ်။

အချို့က အစွယ်မမြင်တမြင်မို့ ဟိုင်းဆင်မှာ အစွယ်မရှိဘူးဆိုကြတာ . . .

ဟိုင်းဆင်က ဆင်ကောင်ကြီးတယ်။ မြင့်တယ်။ အားသန်တယ်။ သူ့နှာမောင်းက သူ့အတွက် အရေးပါဆုံး ခွန်အားပဲ။

ဟိုင်းဆင်ရဲ့ နှာမောင်းရိုက်ဒဏ်ကို တော်ရုံဆင် မခံနိုင်ဘူး။ ကြောက်ကြတယ်။

ဟိုင်းဆင်ရဲ့ ရန်ဘက်တွေဖြစ်တဲ့ စွယ်စုံဆင်တို့၊ ဟန်ဆင်တို့၊ တည်ဆင်တို့နဲ့ ရင်ဆိုင်တွေ့ရင် ဟိုင်းဆင်က သူ့ရဲ့ခွန်အားကြီးမားတဲ့ နှာမောင်း တုတ်တုတ်ရှည်ရှည်ကြီးနဲ့ အစွယ်ကို လိန်ချိုး၊ နှာမောင်းနှင့်ရိုက်၊ ကြမ်း ကြမ်းစွာ ပြန်တိုက်ခိုက်နိုင်လေ့ရှိတာကိုး။

တည်ဆင် က ရှားပါးဆင်မျိုး။

အစွယ်တစ်ချောင်းတည်းရှိတယ်။ ဒီအစွယ်ကတော့ ဟိုင်းဆင်ရဲ့ နှာမောင်းလို တည်ဆင်တွေ အားကိုးတဲ့ အစွယ်ပဲ။

သူတို့ဟာ ဆင်အုပ်တွေနဲ့ အတူမနေကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



သင်းကွဲနေတဲ့ဆင်။ ဘယ်ဆင်အုပ်မှာမှလည်း ခေါင်းဆောင်မလုပ်ကြဘူး။ ညာဘက်မှာ အစွယ်တစ်ချောင်းရှိရင် ညာတည်။ ဘယ်ဘက်မှာ အစွယ်တစ်ချောင်းတည်းရှိရင် ဘယ်တည် ခေါ်တယ်။

ဟန်ဆင် က အစွယ်နှစ်ချောင်းတော့ပါတယ်။

အစွယ်က မထွားကျိုင်းဘူး။ မလှပဘူး။ မမှန်ဘူး။ သစ်ခေါက်ခွာရင်း အစွယ်ကျိုးလေ့ရှိတယ်။ သူ့ကိုလည်း အစွယ်ကျိုးသွားလို့ ဘယ်ဟန် ညာဟန် ခေါ်ကြတာရှိတယ်။ အစွယ်ကုပ်နေရင် ဟန်ကုပ်လို့ ခေါ်သေးရဲ့။

မိမိတို့ ဆင်ပေါင်းစုံကို တွေ့ခဲ့ဖူးတယ်။

ရိုးမကြီးတွေ စုံအောင်ရောက်ပြီး ဆင်ဖမ်းထွက်ခဲ့ဖူးတယ်။ မိမိတို့ ဆင်နှင့် တွေ့ကြုံခဲ့ရသမျှ ဆင်တွေ သားပေါက်ပုံဟာ ဆန်းတော့ ဆန်းတာရှိမှန်း သိကြတယ်။

ဘယ်ဆင်မျိုးက ဘာဆင်ပေါက်တယ်ဆိုတာ ပုံသေမရှိဘူး။ စွယ်စုံဆင်အုပ်ကလည်း ဟိုင်းဆင်၊ ဟန်ဆင်၊ တည်ဆင် ပေါက်ဖွားနိုင်တာပဲ။

ဒီလိုပဲ ...

ဟိုင်းဆင်အုပ်စုကလည်း စွယ်စုံဆင် ပေါက်ဖွားနိုင်တာပဲ။

အခုတွေ့ခဲ့ရတဲ့ ဆင်ဖြူ။

အလွန် အံ့ဩစရာကောင်းတယ်။

ဘယ်ဆင်အုပ်စုက ပေါက်ဖွားမှန်း မသိရဘူး။

တောဆင်ရိုင်းလေ။

သူ့မှာ အဖေအမေရှိတယ်။ သူ့အဖေအမေရော ဖြူသလား။ ဖြူချင်ဖြူမယ်၊ မညီးချင်မညီးမယ်။

သို့သော် ...

အဖြူမွေးလာတဲ့အတွက် ဆင်လောကမှာ အဘိုးတန်ဆင်၊ ဘုရားအလောင်းဆင်ဖြူတော်လို့ ခေါ်ကြတယ်။

စိတ်ကူးသစ်စာပေ



စကြဝတေးမင်းရဲ့ စီးတော်ဆင်ဖြူတော် စသည့် ဘုန်းကြီးတော်မှီး မြင့်မြတ်သော ပုဂ္ဂိုလ်တို့သာ ပိုင်ဆိုင်ခွင့်ရှိတာကို အစဉ်အဆက် သိကြတော့ ...

မင်းရှင်ဘုရင်တွေသည်လည်း ဆင်ဖြူတော်ပိုင် ဖြစ်ချင်ကြမယ်။ ဆင်ဖြူရှင်မင်းဘွဲ့ ခံချင်ကြတယ်။ ဒီလိုနဲ့ မိမိတို့ ဆင်ဖြူတော်ကို ရဖို့ မင်းမိန့်နဲ့ တောကြီးတောင်ကြီးတွေရှိရာ ကြားရာမှာ ဆင်ဖြူတော်ကို မရရအရ လိုက်ရှာ ဖမ်းဆီးကြရတာပဲ။

ဘယ်လိုပဲရှိစေ ...

မိမိတို့ အခုတွေ့ခဲ့ရတဲ့ ဆင်ဖြူတော်ကို လက်ရမိအောင် ငင်ရမှာပဲလေ။

မိမိတို့ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးကို ဆင်ဖြူတော်ရှင် ဆဒ္ဒန်သခင် ဖြစ်စေချင်တယ်။

မင်းကြီးက ဘုန်းကြီးသော မင်းမြတ်ပါ။

မင်းကျင့်တရားဆယ်ပါးနှင့် လျော်ညီစွာ အုပ်ချုပ်တဲ့ မင်းကောင်းမင်းမြတ်ပါ။

အရည်းကြီးရဟန်းတု ရဟန်းယောင်တွေရဲ့ တန္တရဝါဒ အယူကို ဆယ်ရှားပြီး ထေရဝါဒ သာသနာတော်ကို ရှင်အရဟံ ရဟန်းမြတ်နဲ့ ပုဂံမှာ ပြန့်ပွားကြည်ညိုလေးစားလောက်အောင် စတင်တည်ထောင်တဲ့ မင်းမြတ်ပါ။

သထုံဘုရင် မနူဟာမင်းထံက ပိဋကတ်သုံးပုံကို ဆင်ဖြူတော်တွေပေါ်တင်ပြီး ပုဂံအရောက် ပင့်ဆောင်ခဲ့တာပါ။

မင်းကြီးမှာ ဆင်ဖြူတော် (၃၂) စီးရှိတယ်။

မြန်မာမင်းတွေက ဆင်ဖြူတော်အစစ်ကို မဆိုထားနှင့်၊ နားရွက်မှာ မြီးဆံမှာ ဖြူနေရင်ပဲ ထူးဆင်(ထူးခြားသောဆင်)အဖြစ် ဆင်ဖြူတော်အဖြစ် တန်ဘိုးထား ဆင်ဖြူရှင်ဘွဲ့ခံကြတာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



[မှတ်ချက် ။ မြန်မာမင်းများ လက်ထက်တော်တွင် အုပ်ချုပ်ရေး မင်း (ရှင်ဘုရင်) ကိုယ်တော်တိုင် ဆင်ကျော့ဖမ်းခြင်း ရှိပါသည်။ မင်းကြီးဖွား အင်းဝမင်း မဟာဓမ္မရာဇာတို့ လက်ထက်မှာ ဆင်သင်းများဖွဲ့စည်း၍ ကိုယ် တော်တိုင် ဆင်ဖမ်းထွက်ကြပါသည်။]

မွန်ဘုရင် ရာဇာဓိရာဇ်သည်လည်း ဆင်ကျော့နိုင်သူဖြစ်၏။

ဆင်ဟာ မြန်မာမင်းအတွက် အလွန်အရေးကြီးတယ်။

စစ်ပွဲမှာ သုံးဖို့၊ ရှင်ဘုရင်စီးတော်မူဖို့၊ စစ်တိုက်ရာ တိုက်ဆင် အဖြစ် သုံးဖို့၊ ကုန်ပစ္စည်း ရိက္ခာ သယ်ဆောင်ဖို့ ဆင် အရေးပါတယ်။

ဆင်ဖြူတော်ကျတော့ ကျန်သော တိုင်းပြည်အသီးသီးက မင်း တွေ ခန့်ညားလေးစားဖို့ လိုအပ်တာလေ။

ပျူလူမျိုးတွေ နေထိုင်ကြတဲ့ သရေခေတ္တရာမှာ သံတောင်တစ်ရာ မြင့်တဲ့ ဆင်ဖြူရုပ်တုကြီး ထုလုပ်ထားသတဲ့။

ဘေးဥပါဒ် အန္တရာယ်တွေကျရောက်လာရင် ပြည့်ရှင်မင်းနှင့် တကွ တိုင်းသူပြည်သားတွေ ဆင်ဖြူတော်ရုပ်တုကြီးကို စားဖွယ်များနှင့် ပူဇော်ပသပြီး အန္တရာယ်ကင်းဝေးဖို့ ဆုတောင်းကြရသတဲ့။

အခု . . . မိမိတို့ အရှင်မင်းမြတ်ကြီးအတွက် ဆင်ဖြူတော် အရှာ ထွက်ခဲ့ကြတာ ဆင်ဖြူတော်ကို တွေ့ခဲ့ပြီ။

သက်စွန့်ကြိုးပမ်း ဖမ်းရတော့မှာပေါ့။

ယောက်ျားဖောင်စီး မိန်းမမီးနေတဲ့။

အသက်နဲ့ရင်းရတဲ့ဘဝ။ မိမိတို့ တောထဲ တောင်ထဲ ဆင်ဖမ်း ထွက်ရတဲ့ အောက်မားဘဝက ပိုဆိုးတာပေါ့။

အသက်ကို တောထဲဝင်ကတည်းက အပ်လိုက်ရပြီ။

ဆင်ရိုင်းအုပ်စုက အနိုင်ရသွားလျှင် မိမိတို့ဘဝက သေကျေပြား ချပ် တစ်စစီ ရုပ်ပျက်ဆင်းပျက် မြင်ရတဲ့ဘဝ။

ကျန်ရစ်သူ အိမ်သူသက်ထား ဇနီးမယားတို့ ရင်တမမနှင့် ဘုရား မှာ ဆုတောင်းပြီး မျှော်နေရတဲ့ဘဝ။





အနေမှားလို့မရ။

အစားမှားလို့မရ။

အပြုအမူ မှားလို့မရတဲ့ဘဝ။

ဟယ် . . . တတ်နိုင်ဘူးလေ။

ဒီ ဆင်ကျော့၊ ဆင်ငင်၊ ဆင်အောက်တဲ့ အလုပ်က မိမိတို့ ကျွမ်း ကျင်တဲ့ ဝမ်းစာအလုပ်။ ဝါသနာလည်းပါတဲ့ အလုပ်။ မိရိုးဖလာလည်း လုပ် ခဲ့တဲ့ အလုပ်။ သေကာမှ သေရော။

အသက်မသေဘဲ လိုချင်တဲ့ ဆင်ဖြူဆင်မည်း ရရှိခဲ့ရင်တော့ အရှင် မင်းကြီး ပေးသနားတော်မူတဲ့ ဆုတော်လာဘ်တော်လေးများ ခံစားရပြီး အိမ်သူသက်ထား ဇနီးမယားနှင့် သမီးသားတို့ ပြုံးပြုံးပျော်ပျော် သုံးစွဲရ တာပေါ့။

✿ ✿ ✿

www.burmeseclassic.com

## | ၁၁ |

ရည်းရဟန်းက လက်ထဲက ကြေးပေလွှာကို အခေါက်ခေါက် အခါခါ စိတ်ဝင်တစား ဖတ်နေတယ်။ ဖတ်လိုက်၊ စဉ်းစားလိုက်၊ ခေါင်းညိတ်လိုက်၊ ပြုံးလိုက်။

ပေစာထဲမှာ ရေးထားတာက သိုက်ညွှန်းစာ။

တစ်နည်း သိုက်စာ . . .

"ကျည်တောင်ရွာအနောက် တည့်တည့်လျှောက် . . .

ညောင်ပင်ကြီးနီး ဘီလူးမကြီး နို့ပျဉ်းကြီးကျ ထိုင်နေရ . . .

လက်ကမလွှတ်၊ မန်းကွင်းစွပ်၊ ဘီလူးမကြီး ဦးခေါင်းညွတ် . . .

ရေကန်ကိုလှူပ် မန္တန်စုပ် ကျွဲရုပ်လူးထ ပေါ်လိမ့်မည် . . .

ချည်မန်းကွင်းချုပ် ကျွဲကိုတုပ်၊ ကျွဲရုပ်ကြိမ်နှင့် မရိုက်နှင့် . . .

ဂါထာ (၇) အုပ်၊ ကျွဲကို စုတ်သော် . . .

ရွှေရုပ်လောင်းလှေ ရေအောက်မနေ . . .

ကန်ရေပြင်ခွဲ၊ ရွှေလှေ့ရွှဲ . . .





ရွှေလှေ့ထဲမှာ ရွှေကြုတ်ပါအံ့ . . .

ရွှေကြုတ်ထဲမှာ၊ ပြဒါးပြာ . . .

ပြဒါးတစ်မှုန်စားသော် လူကားမသေ အသက်ရှည် . . .

ကမ္ဘာတီတော နေရမည် . . .

ဘီလူးမငို၊ ကျွဲလည်းငို၊ ရွှေလှေ့ရေစို ပြန်အိပ်မည် . . . ."

ရဟန်းကြီးဂုတ္တ ဒီသိုက်စာကို ဖတ်နေတာ (၇)ရက်ရှိသွားပြီ။ ဖတ်ရင်း အရသာတွေ့နေတယ်။

ကံကောင်းချင်လို့လား မသိ။

သူနေတဲ့ ရဟန်းကျောင်းရှေ့က ညောင်ပင်ကြီး လေပြင်းတိုက်လို့ ရုတ်တရက် ပြိုလဲကျသွားတယ်။

ညောင်ပင်ကြီးက လူယောက်ျား ငါးဖက်စာခန့်ကြီး။

အဲဒီညောင်ပင်ကြီးကို တပည့်ကပ္ပိယမောင်ကျောက်ဖားနှင့် ပွဲကျောင်းသားငါးဦးတို့ကို ဖြတ်တောက်စွန့်ပစ်နိုင်းလိုက်လို့ . . .

ကျောက်ဖားနဲ့ ပွဲကျောင်းသားငါးဦးတို့ဟာ ဓားမကြီးတွေ၊ ပုဆိန်ကြီးတွေနဲ့ ခုတ်ဖြတ်ကြစဉ်မှာ . . .

ညောင်ခေါင်းထဲကနေ ဦးစွာ ပျားရည်တွေ ကျလာတယ်။ ပျားရည်တွေကို မြေဖလုံ အိုးခွက်တွေနဲ့ ခံယူခပ်ယူလိုက်တာ။ ထန်းရည်မြူအိုး ငါးလုံးခန့် ရခဲ့ကြတယ်။ ချိုလိုက်တဲ့ ပျားရည်နှယ်။ လျှာကို စွဲရော။ ပျားရည်တွေ ကုန်လည်း ကုန်သွားရော။

အထဲက ကြေးပြားမှာ ပျူစာနဲ့ ရေးထားတဲ့ ကြေး (ပေ)လွှာ တစ်ချပ်ကို ထူးခြားစွာ ရခဲ့ကြတာပဲ။

"ဟဲ့ . . . ကပ္ပိယ ဖော။ နင်တို့ အလုပ်မလုပ်ဘဲ ဘာတွေ ကြည့်နေတာတုံး"

"ကိုယ်တော်ကြီးဘုရား"

"ဘာတုံး . . . ဖော"



www.burmeseclassic.com

www.burmeseclassic.com



''ကြေးပေလွှာပါဘုရား ... ကြေးလွှာပေါ်မှာ ပျူစာလိုလို၊ သက္ကတစာလိုလို မှေးမှေးမှိန်မှိန် တွေ့ရပါဘုရား''

''ပေးစမ်း ...''

ရဟန်းကြီးဂုတ္တ ကြေးပေလွှာကို ယူကြည့်လိုက်တော့ ကြေးညှိတက်ပြီး စာတွေက မှိန်မှိန်ဝါးဝါး ဖြစ်နေတာကို မြင်ရတယ်။

ဒါနဲ့ ကျောင်းပေါ်တက်ပြီး မန်ကျည်းသီးနဲ့ ပွတ်တိုက်ရေဆေးသန့်စင်လိုက်ရော ...

စာတွေ ပေါ်လာတော့တာပဲ။

စာက ပျူဘာသာနဲ့ ရေးထားတဲ့စာ။

''ကိုယ်တော် ...''

''ဘာတုံး ... ကပ္ပိယ''

''ဘာတွေရေးထားတုံးဘုရား''

''သိုက်စာကွယ့်''

''သိုက်စာ ... ဟုတ်လား ဘုရား ... ဟုတ်လား''

''အိမ်း ...''

''ပဖာတွေများ ရေးထားတုံးဘုရား။ ဥစ္စာသိုက်ကို ညွှန်းတဲ့ သိုက်စာလားဘုရား။ ဥစ္စာသိုက်ဆိုရင် တပည့်တော်တို့ ချမ်းသာပြီပေါ့ဘုရား။ ရှင်ကြီးလည်း အုတ်ကျောင်းကြီးနဲ့ တပည့်တပန်းတွေနဲ့ ကျွတ်ရာလွတ်ရာအရပ်မှာ ချမ်းသာတဲ့ရဟန်းကြီး ဖြစ်ပြီပေါ့ဘုရား''

သူတို့နေတဲ့အရပ် ရှင်မထီးအရပ်။

နဂိုတုန်းကတော့ သူတို့အားလုံး ပွဲကျောင်းတွေဖွင့်ပြီး ဆရာမထီးတွေနဲ့ တပည့်တပန်းတွေနဲ့ ကိန်းခန်းကြီးစွာ နေခဲ့ကြဟာပါ။

သို့သော် ...

ပေါက္ကံပြည်ကို ရှင်အရဟံဆိုတဲ့ ရဟန်းတစ်ပါး ကြွရောက်လာပြီးနောက်ပိုင်း ...

ပေါက္ကံရာမရဲ့ဘဝ ပြောင်းလဲသွားခဲ့တယ်။

စိတ်ကူးသစ်စာပေ



သိုက်တိုင်မင်း၊ ထွန်ခြစ်မင်း၊ ညောင်ဦးစောရဟန်းမင်း၊ စုက္ကတေးမင်းလက်ထက်အထိ အားကောင်းခဲ့တဲ့ အရည်းကြီးရဟန်းတို့ အယူဝါဒဟာ အနော်ရထာမင်းနဲ့ ရှင်အရဟံ ရဟန်းရောက်လာ ပူးပေါင်းပြီး နောက်ပိုင်း ဖြိုကွဲပျက်စီးခဲ့ရတယ်။

ရဟန်းကြီးဂုတ္တတို့လည်း ရောရောလိမ်းလိမ်း နေခဲ့လို့ ကျန်ရစ်ခဲ့ရတာ။

သို့သော် ဆရာအရှင်အရည်းတို့ထံက သင်ကြားတတ်မြောက်ထားတဲ့ အင်းအိုင်ခါးလှဲ့၊ လက်ဖွဲ့၊ မန္တန်၊ မှော်ပညာ အတတ်တွေကတော့ သင်ကြားတတ်မြောက်ထားတုန်းပါ။

လျှို့လျှို့ဝှက်ဝှက် တပည့်တပန်းတွေကို ဖြန့်ဝေတုန်းပါ။

ရှင်လူထွက် ရဟန်းအရည်းတွေနဲ့လည်း တွေ့ဆုံနေတုန်း လျှို့လျှို့ဝှက်ဝှက် ပညာယူတုန်းပါ။

ပေါက္ကံမှာ လျှို့ဝှက်လှုပ်ရှားနေကြဆဲဖြစ်တဲ့ အရည်းရဟန်းအချို့တို့လည်း တိုးတိုးတိတ်တိတ် ပုန်းပုန်းကွယ်ကွယ် ပူဇော်ဆည်းကပ်သူတွေလည်း ရှိတုန်းပါပဲ။

ရှင်းအောင်ပြောရရင် ...

ပုဂံဘုရင် အနော်ရထာမင်းအနေနှင့် အရည်းကြီးတို့အပေါ် အဓိကနှစ်သက်ရတဲ့ အချက်တွေရှိတာကိုး။

တစ် ... ပန်းဦးလွှတ်တာ။

နှစ် ... သူ့အသက်ကို သတ်ခဲ့ပြီးပါက အရည်းရဟန်းတို့ သင်ကြားပေးတဲ့ ဂါထာမန္တန်ကို ရွတ်ရင် အပါယ်မကျဘူး။

သုံး ... အရည်းရဟန်းတွေ သိုင်းဗန်တိုဗန်ရှည်မှသည် ဆင်စီးမြင်းစီး စစ်ချီစစ်တက် စစ်ရေးဗျူဟာတွေကို အရည်းတပည့်တွေ သင်ကြားပြသပေးတာ မကြိုက်ဘူး။

ပန်းဦးလွှတ်တဲ့ အယူဝါဒ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ပန်းဦးလွှတ်တယ်ဆိုတာ ယဉ်ယဉ်ကျေးကျေး လှလှပပသုံးတာ။ အမှန်က မင်္ဂလာလက်ထပ်မည့် သတို့သမီးရဲ့ အပျိုစင်ကာမကို အရှည်းကြီးရဟန်းတို့က ပထမလက်ဦး ကြိုတင်လှည့်ဖျား ရယူ၊ ကာမဂုဏ်ခံစားတာကို ပန်းဦးလွှတ်တယ်လို့ ခေါ်တာ။

မင်္ဂလာလက်ထပ်ပြုမည့် မိန်းကလေးကို (သတို့သမီးရဲ့ မိဘများက မင်္ဂလာလက်ထပ်ခြင်းမပြုမီ (၇) ရက်ကြိုပြီး အရှည်းတို့ထံ သတို့(သမီး)ရဲ့ ကာမပန်းဦးကို သွားလှူပေးအပ်ရတယ်။

အဲဒီလို သမီးပျိုရဲ့ ကာမပန်းဦးအလှူကို (၇)ရက် ပေးအပ်လှူဒါန်းဖို့ သွားရာမှာလည်း မိဘသားသမီးများက အိုးစည်ဗုံမောင်းများ တီးမှုတ်ပြီး ပျော်ရွှင်စွာ သွားအပ်ရတယ်။

အရှည်းကြီးရဟန်းက သို့ကလို မင်္ဂလာဦး ပန်းဦးအလှူကို ပေးအပ်လှူဒါန်းရခြင်းရဲ့ အကျိုးကျေးဇူးက ...

သားကောင်းသမီးမြတ်များ ရရှိမွေးဖွားခြင်း၊

မွေးဖွားလာသော သားသမီးသည် အသက်ရှည်၍ အနာကင်းသည်။ အမှောင့်ပယောဂ မဖမ်းစားနိုင်ခြင်း။

ပန်းဦးလှူရသည့်အကျိုး ပန်းဦးဒါနကို လက်လွှတ်လှူဒါန်းရခြင်းအကျိုးကြောင့် လင်ရော၊ မယားပါ အသက်ရာကျော်ရှည်ပြီး ဘေးဥပါဒ်ပယောဂ ကင်းစင်ကာ စီးပွားဥစ္စာတို့ တိုးပွားပြီး သေသည်၏အခြားမဲ့ ဘဝ၌လည်း ကောင်းမြတ်သော ဘုံဘဝကို ရောက်ရှိတယ်လို့ စည်းရုံးကာ ပြောတော့ ...

ထေရဝါဒ အစစ်အမှန် ဗုဒ္ဓဘာသာ မရောက်ရှိ၊ မသိနားမလည်သေးတဲ့ ပုဂံသူ ပုဂံသားတွေ၊ မင်းဆက်အတန်ကြာ ပန်းဦးလွှတ်ပူဇော်သည့် အပြုအမူ ဓလေ့ဆိုးကို အဟုတ်အမှန်မှတ်ပြီး အရှည်းတို့ ဟောပြောစည်းရုံးသည့်အတိုင်း လိုက်နာပြုမူ ဆောင်ရွက်ခဲ့ကြတယ်။

အနော်ရထာမင်းလက်ထက် ...





ပုဂံကို ရှင်အရဟံဆိုတဲ့ နန္ဒင်းဆိုးသင်္ကန်းဝတ် ရဟန်းတစ်ပါး ကြွရောက်လာပြီး ရတနာမြတ်သုံးပါးရဲ့ အကျိုးဘာဝကိုလည်းကောင်း၊

ငါးပါးသီလခေါ် ပဥ္စသီလရဲ့ အကျိုးအပြစ်ကိုလည်းကောင်း သိရှိနားလည်ပြီးနောက်ပိုင်းမှာ ...

ထေရဝါဒနှင့် အရှည်းတို့ရဲ့ တန္တရဝါဒ၊

အရှည်းကြီးတို့ရဲ့ ရုပ်သွင်နှင့် ...

ရှင်အရဟံမထေမြတ်ရဲ့ ရုပ်သွင်တို့ကို နှိုင်းယှဉ်ကြည့်ပြီးနောက်ပိုင်း သထုံဘုရင် မနူဟာမင်းထံကနေ ပိဋကတ်သုံးပုံကို ဆင်ဖြူတော် (၃၂) စီးနဲ့ ပင့်ဆောင်လာခဲ့ပြီး ပုဂံတစ်ပြည်လုံးကို ထေရဝါဒ ဗုဒ္ဓဘာသာကို ယူဆလို့ အမိန့်ထုတ်ပြန်တယ်။

သမထီးအရပ်မှာရှိတဲ့ အရှည်းကြီးသုံးကျိပ်နှင့် တပည့်ခြောက်သောင်းကိုလည်း ဖမ်းဆီးပြီး လူဝတ်လဲပြီး လိုအပ်တဲ့ မင်းမှုများကို ထမ်းရွက်စေတယ်။

ခုခံတဲ့ အရှည်းကြီးတွေကို ထောင်သွင်းအကျဉ်းချတယ်။

အချို့ ဆင်ချေးကျုံး၊ မြင်းချေးကျုံး၊ အဲမောင်းလှံကိုင် ဘဝကို ရောက်ခဲ့ကြတယ်။

အချို့ အရှည်းကြီးတွေက စစ်ကိုင်း၊ အင်းဝဘက်ထိ ရောက်ရှိပြီး သူတို့ဝါဒကို တည်တံ့အောင် ကြိုးစားနေဆဲပဲ။

အခု ရဟန်းဂုတ္တ ကံကောင်းချင်တော့ ဆရာ အရှည်းကြီးတို့ ထွက်ပြေးတိမ်းရှောင်ရာက သစ်ခေါင်းထဲဝှက်ခဲ့ပုံရတဲ့ သိုက်စာကြေးပေလွှာ တစ်ချပ်ကို ရရှိပြီး စဉ်းစားခန်း ဝင်နေရပြီ။

''ဆရာအရှင်''

''ဘာတုံး ... ကျောက်ဖား''

''သိုက်စာရဲ့အဖြေကို သိပါပြီလား ... ရှင်ကြီး''

''သိပြီ ... ကျောက်ဖား''



www.burmeseclassic.com

www.burmeseclassic.com



"သိရင် အမိန့်ရှိပါဦး။ ဘုရားရှင်ကြီးရဲ့ တပည့်တို့ ချမ်းသာဖို့ကိန်းရော ရှိရဲ့လား ... ဖ ... ဖ ... ရား ..."

"ရှိမှာပေါ့ ... တပည့်ရာ ... ရှိရမှာပေါ့ ... ဟင်း ... ဟင်း ဟင်း ..."

"ရှင်ကြီး ... သိုက်စာထဲက အဓိပ္ပာယ် နားလည်တယ်မဟုတ်လားဟင်"

"အိမ်း ..."

"နားလည်ရင် ပြောလေ။ ရှိတာမှ ရှင်ကြီးနဲ့ ဒီတပည့်နှစ်ယောက်တည်းမဟုတ်လား ... ရှင်ကြီး ..."

"အေးပါ ... ငါသိပါတယ်။ မင်းက ပါးစပ်မလုံလို့ပါ။ ပြောသင့်မပြောသင့် စဉ်းစားနေတာပါ ... ကျောက်ဖားရဲ့"

"ရှင်ကြီး ... ရှင်ကြီးနဲ့ တပည့် လက်တွဲလာတာ နှစ်ပေါင်းမနည်းပါဘူး ... ရှင်ကြီး။ ဒီသိုက်စာကရော ဘယ်သူ့ကြောင့် ရခဲ့တာလဲ"

"အေးပါ ... မင်း စတွေ့တာ ငါနားလည်ပါတယ်။ ရော့ ... မင်း ဖတ်တတ်ရင် ဖတ်"

"မဖတ်တတ်မှန်းသိလို့ ဖတ်နိုင်းတာမဟုတ်လား ... ရှင်ကြီး။ ကိုယ် မဖတ်တတ်လည်း အခြားရဟန်းအိုကြီးတွေ ဖတ်နိုင်းမှာပေါ့"

"တိုးတိုးပြောစမ်းပါ ... ငကျောက်ဖားရယ်။ တကယ်ခက်တာပဲ"

"ရှင်ကြီးက မပွင့်လင်းလို့ပါ ... ဆရာ"

"သူများကြားသွား သိသွားရင် လာလုလိမ့်မယ်၊ မင်း နားလည်ရဲ့လား ... ငတုံးကောင်ရဲ့ ဟင်"

"ဒါ ... ဒါဆို ... သိုက်စာက ရတနာသိုက် ဟုတ်နေတယ်ပေါ့ ဟုတ်လား"

"အိမ်း ..."





"ဟုတ်ရင် တပည့်တို့ အမြန်သွားရှာရမယ်လေ ရှင်ကြီး။ ရှင်ကြီး ဘာတွေ စဉ်းစားနေတာတုံး"

"ငကျောက်ဖား"

"ဘုရား ..."

"ဒီသိုက်စာထဲမှာပါတဲ့ မန္တန်တွေကို ငါ နှုတ်ငုံကျက်ရဦးမှာဟ"

"ဒီတိုင်း သွားရှာယူရင် ရရောမဟုတ်လား ... ရှင်ကြီးရာ"

"ထွီ ... မင်း ငတုံးပဲ ... ငကျောက်ဖား။ ငါ့တပည့်တွေထဲမှာ မင်း အတုံးဆုံးပဲ။ ဘယ်လိုမှ သုံးစားမရတဲ့ကောင်ပဲ ... ဖွီ ..."

ရှင်ကြီးဂုတ္တ လောဘဇောပင်နေတဲ့ တပည့်ငကျောက်ဖားကို ကြည့်ပြီး ပျစ်ပျစ်နှစ်နှစ် ပြောပစ်လိုက်တယ်။

"မင်းကို ငါ အနည်းအကျဉ်း ပြောပြမယ် ... မှတ်ထား။ အဲဒီသိုက်က ကျည်တောင်ရွာ အနောက်မှာတဲ့။ အဲဒီမှာ ကျောက်ဘီလူးမကြီး ရှိတယ်။ သူ့ကို မနှောင့်ယှက်နိုင်အောင် ခြေမန်းကွင်းနဲ့ ချုပ်ရမယ်။ ဒါ ငါလုပ်နိုင်တယ်။ နောက်ထပ် ရေကန်ထဲက ကျွဲရုပ်ပေါ်အောင်က မန္တန်စုတ်ရမှာ။ ပြီး ... ကျွဲရုပ်ကို ကြည့်ပြီး မန္တန် (၇)အုပ် ရွတ်ရမတဲ့။ မန္တန် ရွတ်လိုက်တာနဲ့ ရေကန်ကြီးထဲကနေ ရွှေသားအတိပြီးတဲ့ လောင်းလှေကြီးတစ်စင်း ပေါ်လာမယ်။

အဲဒီ လောင်းလှေပေါ်ကို ငါတို့ တက်ရမယ်ကွယ့်။ လှေပေါ်မှာ ရွှေကြုတ်နဲ့ ထည့်ထားတဲ့ ပြဒါးပြာရှိတယ်။

အဲဒီပြဒါးပြာဟာ အနည်းငယ်စားလိုက်တာနဲ့ အသက်ဟာ ကမ္ဘာတည်အောင် ရှည်မယ်တဲ့။ အသက်ရှည်သလို လူရဲ့အရွယ် ရုပ်ဆင်းအင်္ဂါတော့ ပျိုရွယ်တဲ့ အရွယ်အတိုင်းပဲ ရှိနေမယ်တဲ့"

"ရွှေလှေကြီးလည်းရ ... ရ ... မှာပေါ့ ... နော် ... နော်"

"ရတာပေါ့ ... အရေးကြီးတာ ဒီသိုက်စာထဲမှာပါတဲ့ ဂါထာမန္တန်ကို အလွတ်ရအောင်ကျက်မှ လုပ်လို့ရမှာ ငကျောက်ဖား ... ငတုံးကြီးရဲ့"

"ရှင် ... ရှင် ... ကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး ...”

"ဒါ ...ဒါ ...အဲ ...အဲ ...သ ...ဟာဆိုလည်း ... ကျက် ...ကျက် ...မြန်မြန်ကျက်ပါဘုရား။ မြန်မြန်အလွှတ်ရ ..ရမှ .. တပည့်လည်း ...ချမ်း ...ချမ်းသာပြီး ...သူဌေးဘွဲ့ ...ရ ...ရမှာ ပါ ...ရှင်ကြီးဘုရား ...အ ...ခု ...ချက်ချင်း ...ကျက် ... ကျက် ...ပါဘုရား"

ငကျောက်ဖားက ရွှေလောင်းလှေကြီးပါရပြီး အသက်လည်း ရှည်ရတော့မှာမို့ အလွန့်ကို ဝမ်းသာနေရဲ့။

အင်း ...စိတ်ကူးထဲမှာ ပုဂံရွှေမြို့သူ ရင်ထွားထွား၊ ပေါင်တံ တုတ်တုတ်ခဲခဲ၊ တင်ပဆုံမို့မို့မောက်မောက်ကြီးတွေကို ပြေးပြေးမြင်နေတာ ကိုး။

သူ ချမ်းသာရင် အိမ်ကြီးရခိုင်ပေါ်မှာ တုတ်တုတ်ခဲခဲ ဖွံ့ဖွံ့ကား ကား၊ ရေဆေးငါးကြီးတွေနဲ့ ပွေ့ဖက်ပျော်ပါးချင်နေတာကိုး။

ရှင်ကြီးဂုဏ္ဍကတော့ ...

ဒီလို လောဘကြီးတဲ့တပည့် ...စိတ်ကူးယဉ်တဲ့တပည့်ကို စက် ဆုပ်ရွံရှာစွာကြည့်ပြီး စဉ်းစားတယ်။

ဒီလို နောက်လိုက်တပည့်မျိုးနဲ့ သိုက်စာဖော်ရင် အကျိုးရှိပါ့မလား။ စည်းမပေါက်အောင် စိတ်ကို ထိန်းနိုင်ပါ့မလား။

ဆရာလုပ်သူရဲ့ ပြောစကား ဆိုစကား နားမထောင်ဘဲ ကိုယ်ထင် ရာ ကိုယ်စိုင်းလုပ်ရင် စည်းပေါက်ရော ...

သိုက်တူး သိုက်ဖော် သိုက်ခေါ် သိုက်ထိန်း လုပ်တဲ့နေရာမှာ စည်းပေါက်သွားရင် ...

အသက်သေရင်သေ ...

မသေရင် ရူးရော ...

အင်း ...ဒီ တပည့်ငတုံးကောင်ကိုတော့ သေသေချာချာ ကြို တင်ဆုံးမ နည်းနာနိဿယကို ပြောပြပြီး ...

စိတ်ကူးသစ်စာပေ



စိတ်ချရပြီဆိုမှ ...

ကျောက်ဘီလူးမသိုက်ကို အရသွားဖော်ရမှာပဲ။

ဟုတ်ကဲ့ ...

သူတို့ ဆရာတပည့်နှစ်ဦး ကျောက်ဘီလူးမသိုက်ကို အဖော် ကောင်းလိုက်တာရယ်။

ကျောက်ဘီလူးမကြီးရဲ့ ကြောက်မက်ဖွယ်ရာ ဟစ်အော်သံ။

ကန်တော်ရှင် နတ်ကျွဲကြီးရဲ့ ဓားဦးလို ချွန်မြနေတဲ့ ကျွဲချိုများ။

ရွှေလှေကြီးရဲ့ ရွက်စုံဖွင့်ပြီး တောင်ထဲကို ဖောက်ဝင်သွားခဲ့တဲ့ဖြစ် ရပ်။ ပြီး ကံကောင်းလို့ သူဌေးဖြစ်သွားတဲ့ မိသားစု။

ချမ်းသာကြပါတယ်။

ကိုးကိုးတက်ချမ်းသာခဲ့ကြပါရဲ့။ သူဌေးဖြစ်ခဲ့ရပါရဲ့။

ချမ်းသာသွားတော့ အန္တရာယ်ကင်းရဲ့လား။

လှတာကရော အန္တရာယ်ကင်းရဲ့လား။

ဒီမှာပဲ ...

အသက်တစ်ထောင်ရှည် ပြဒါးပြာရယ်။

အချစ်ရဲ့ သစ္စာတရားရယ် ...

အလှကို တပ်မက်ခြင်း လောဘရမ္မက်ရယ် ...

ဟောဒီ ဆင်ဖြူတောင်ခြေမှာ ...

ဟောဒီ လှေခွင်းတောင်ခြေမှာ ...

ဓားတွေရဲ့ ထိခတ် မီးတောက်သံများ ...

မျက်ရည်မြစ်စီးမျောခြင်းများ ...

အာဏာရဲ့ ကျဆုံးခြင်းများ ...

သိုက်ဆရာ၊ ဆရာတပည့်တို့ စလိုက်တဲ့ဇာတ်လမ်း ...ပွဲကြမ်း သိုက်ပါဘိ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၂]

❑

ခေါင်းဆောင်အောက်မားဆင်ရဲကြီးရဲ့ ကြီးကြပ်မှုနှင့် ရဲသီဟတို့ ဆင်ကျုံးကြီးတစ်ခုကို အမြန်တည်ဆောက်လိုက်ကြတယ်။

မျောတိုင်ခုတ်သူ။

မြေကောင်းရှာသူ။

ကြိုးကျစ်သူများနှင့် ပျားပန်းခတ်လှုပ်ရှားနေကြတာ။

ကျုံးဆောက်တဲ့နေရာက တသွင်သွင်ကျနေတဲ့ တောင်ကျချောင်းလေးနှင့် မလှမ်းမကမ်းမှာပါ။

ဒီနေရာက ဆင်တွေအတွက် ငှက်ပျောအပါအဝင် ဆင်စာပေါတဲ့ နေရာလေ။

ကျုံးအဖွဲ့တွေဟာ ဆင်ရိုင်းတွေကို မောင်းသွင်းနိုင်မဲ့ လမ်းအနီးမှာ နေရာရွေးပြီး ဆောက်ကြတာ။

မြေပြန့်တော့ မဟုတ်ဘူး။ တောင်စောင်းလည်းမဟုတ်ဘူး။ သို့သော် လျှိုမြောင်တွေနဲ့တော့ နီးတယ်။





အင်အားကောင်းကောင်း၊ ကျွမ်းကျင်သူများနဲ့ ဆောက်လိုက်တော့ တစ်ဖက်ကျဉ်း တစ်ဖက်ကျယ် တံခါးနှင့် ဆင်ဝင်မျှောတန်းပါ ကျုံးတစ်ခု ဖြစ်ပေါ်လာခဲ့တယ်။

ဆင်ကျုံးဆောက်ရင် အကာတိုင်မြေဝင်ကောင်းရမယ်။

ချုပ်တန်းတွေ စေ့ရတယ်။ မခိုင်ရင် ဆင်ခေါင်းနဲ့တိုက်လို့ လဲရော။

နောက်နေ့မှာ သူတို့ ကျုံးတံခါးကို တပ်ဆင်ပြီးသွားကြတယ်။ ဒါနှင့်အတူ ကျုံးတံခါးအနီးရှိ သစ်ပင်ကြီးတွေပေါ်မှာ လင့်စင်တွေ ထိုးလိုက်ကြတယ်။

ကျုံးမှူးနေရန် လင့်စင်က တစ်ခု။

ဝါးကလတက်ခေါက်ပြီး အချက်ပေးဖို့ လင့်စင်က တစ်ခုပဲ။

ဆင်ကျုံးတံခါးက မျောတိုင်တွေချွန်ပြီး စီထားတာလေ။ ကျုံးတံခါးကို ဟိုအမြင့်မှာ ကြိုးနဲ့ ဆွဲတင်ထားရတယ်။

ကြိုးခလုတ်တွေနဲ့ သစ်ပင်မှာ ပတ်ချည်ထားတာ။

ကျုံးထဲကို ဆင်ဖမ်းအဖွဲ့က ဆင်တွေကို အောက်မားဆင်မနဲ့ မျှားခေါ်သွားမယ်။

လိုချင်တဲ့ ဆင်ဖြူတွေလည်း ကျုံးထဲဝင်လာပြီး ...

မျှားဆင် (တည်ဆင်) လည်း ဘေးကင်းပြီဆိုရင် လင့်စင်ပေါ်က အချက်ပြမယ်။

ဒီမှာ ကျုံးတံခါးအနီးမှာလည်း ဆင်စမ်းနှင့် စမ်းထိုးကြည့်လို့ ဆင်ရိုင်းမရှိဘူး။ ကျုံးထဲကိုဝင်တာ သေချာပြီဆိုမှ ဆင်ကျုံးတံခါးကြိုးကို ဖြတ်ချလိုက်ရတယ်။

အလွန်အန္တရာယ်ကြီးတဲ့ အလုပ်ပါ။

အသက်နဲ့ရင်းပြီး လုပ်ရတာ။

ရဲလောင်းထဲကို ဆင်တွေဝင်တာနဲ့ နောက်ကနေ ကလတက်တွေ ခေါက်ပြီး ညာသံပေး ဝိုင်းရတယ်၊ ခြောက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရဲလောင်းထဲ ဝင်ပြီဆိုတာနဲ့ ကျုံးထဲကို တန်းဝင်သွားအောင် ရဲလောင်းနဲ့ ခပ်လှမ်းလှမ်းမှာ ကြိုတင်ပုံထားတဲ့ အမှိုက်သစ်ရွက်တွေကို တစ်ပြိုင်နက် မီးရှို့လိုက်ရတယ်။

ဆင်က မီးရောင်ကို အရမ်းကြောက်ကြတာကိုး။

မီးရောင်မီးပုံမြင်တာနဲ့ ကြောက်လန့်ပြီး ဆင်မသွားရာ လိုက်ကရော။

အောက်မားဆင်မရဲ့အနံ့ကို ရရင် တောဆင်ထီးကလည်း လိုက်လာတွေ့တော့တာပဲ။

အောက်မားဆင်မကြီးကလည်း တောဆင်ကို အသံပေးပြီး မြူခေါ်တော့တာပဲ။

တောဆင်ရိုင်းအထီးရဲ့ သဘာဝက ဆင်မကိုမြင်ရင် မနေနိုင်ဘူး။ ချစ်ရည်ချစ်သွေး ကြွတယ်။ ရာဂစိတ် ကြွတယ်။

ဒီသဘောကို စနစ်တကျ လေ့ကျင့်သွန်သင်ထားတဲ့ အောက်မားဆင်မက သိတယ်။

ဆင်ဆိုတဲ့ သတ္တဝါဟာ လူစကားကို နားလည်နာခံတတ်တယ်။ အဲဒီလို နားလည်အောင်လည်း နှစ်နဲ့ချီပြီး လေ့ကျင့်သင်ကြားပေးရတာ။

ဒီမှာပဲ အောက်မားဆင်မက တောဆင်ထီးကို ညို့မြူပြီး ကျုံးရှိရာကို တဖြည်းဖြည်း သွေးဆောင်ဖြားယောင်း ခေါ်လာတော့တာပဲ။

တောဆင်ထီးနောက်မှာလည်း တောဆင်ကြီးငယ်အချို့လည်း ပါလာတာပဲ။ ဆင်တွေက လေးငါးကောင်ကနေ ဆယ်ကောင်မျှအထိ အုပ်စုနဲ့ နေကြတာလေ။

အလိမ္မာအောက်မားဆင်မက တောဆင်ထီးကို နှာမောင်းချင်း ထိလိမ်ကစားလိုက်၊ ကိုယ်လုံးချင်း တိုက်လိုက်။

သီးရွက်တွေခူးပြီး တောဆင်ဦးကင်းပေါ် ပစ်တင်လိုက်။ အချိုသော အရွက်အညွန့်တွေကို နှာမောင်းနဲ့ ခူးစားလိုက်၊ မြူသံပေးလိုက်။

---

စိတ်ကူးသစ်စာပေ



အခြားသောဆင်တွေကိုလည်း ကျီကျီကျာကျာ အသံပေးပြီး မိတ်ဖွဲ့ခေါ်ဖွဲ့ ကလူကျီစယ်ပြီး သခင်တွေ လမ်းကြောင်းပြထားတဲ့အတိုင်း ကျုံးရှိရာကို မျှားခေါ်လာတာသည် အောက်မားဆင်လိမ္မာရဲ့ အလုပ်ပဲ။

ဒီလိုနဲ့ ကျုံးရှိရာကို မှောင်မှောင်မည်းမည်း ညကြီး မျှားခေါ်လာရာက ...

တရွေ့ရွေ့ အောက်က ဝိုင်းပတ် လိုက်ချောင်းလိုက်လာတဲ့ အောက်မားဆင်အဖွဲ့က သိနေပြီ။

ကျုံးရဲ့ အဝင်ကျယ် ရုပ်ဖျက်ရဲလောင်းထဲ ဝင်ပြီဆိုတော့မှ ...

လူအုပ်က ညာသံပေး၊ တုံးခေါက်၊ ပုံးရိုက်၊ (ယခုခေတ်မှာတော့ ပေါက်အိုးများဖောက်၍ ခြောက်လှန့်သွင်းကြပါသည်။) ပြီး ကျုံးထဲကို လှန့်မောင်းသွင်းတာကို အောက်မားဆင်မနဲ့ ကျုံးသွင်းဆင်ဖမ်းတယ်လို့ ခေါ်တယ်လေ။ ဒီနည်းက အောက်မားဆင်ဖမ်းအဖွဲ့ရဲ့ နည်းလမ်း။

ကျုံးထဲကို ဝင်ပြေးသွားချိန်မှ ကိုယ့်ရဲ့ အောက်မားဆင်ကို အရထုတ်ရတယ်။

အောက်မားဆင် (တည်မျှားဆင်) ကျုံးပြင်ကို ရောက်ပြီဆိုရင် အချက်ပေးသံ နားထောင်။

ကင်းစင်ပေါ်က ကလတက်အချက်ပေးပြီ ...

တံခါးအောက်မှာ ဖမ်းမိဆင်ရိုင်း မရှိဘူး။ တံခါးကြိုးဖြတ်ချလို့ရပြီ။ ဒါ အချက်ပေးသံရဲ့ အဓိပ္ပာယ်။

ဒီမှာ သစ်ပင်ကြီးမှာ ပတ်ချည်ထားတဲ့ ကျုံးတံခါးကြိုးကြီးကို ဓားနဲ့ ဖြတ်ချလိုက်တာနဲ့ ...

'ဝုန်း' ဆိုပြီး သစ်ဂျန်တံခါးကြီး ဝါးတစ်ပြန်အမြင့် (ပေ ၃၀ ကျော်) ကနေ ပြုတ်ကျလို့ မြေဝင်နဟ်နက် စိုက်သွားရော ...

ဒီမှာ ကျုံးမိဆင်ရိုင်းတွေ လန့်ဖျပ် ဝရုန်းသုန်းကားအော်ဟစ် ရုန်းတိုက်လုပ်ကြလိမ့်မယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဆင်ရိုင်းတွေ ဝရုန်းသုန်းကား တွန်းတိုက်တိုးဝှေ့ဖြစ်နေရင် ကျုံးပတ်ဝန်းကျင်မှာ မီးတိုင်တွေ အမြန်ထွန်းညှိလိုက်ကြရတယ်။

မီးရောင်တွေ ပတ်ပတ်လည် လင်းနေတာကို ကျုံးမိဆင်ရိုင်းတွေက သူတို့ကို မီးတွေနဲ့ ဝိုင်းထားမှန်းသိပြီး စိတ်ဓာတ်ကျသွားကြရော …

ဒါ ဆင်ကို ကျုံးထဲသွင်းတဲ့နည်း ခေါ်တယ်။

ညဥ့်အချိန်ကျမှ ဆင်ကျုံးသွင်းဖမ်းရတယ်။

ကျုံးကို ကျုံးမှန်းမသိအောင် သစ်ခက်တွေ၊ နွယ်ပင်တွေနဲ့ ဖုံးအုပ်ရပ်ဖျက်ထားရတယ်။

အောက်မားဆင်ဖမ်း အဖွဲ့တွေဟာ ဆင်ဝင်တော့မယ်ဆိုရင် အောက်မားဆင်မ ဆင်လီမ္မာတွေကို သုံးကြရတယ်။

တောဆင်ရိုင်းအထီးတွေရဲ့သဘာဝက ဆင်မဆိုရင် အလွန်သဘောကျကြတာကိုး။

ဒါကြောင့် အောက်မားဆင်ဖမ်းအဖွဲ့ဟာ အောက်မားဆင်မကြီးကို လိမ္မာယဥ်ကျေးအောင်၊ ဆင်ရိုင်းအထီးကို မြူပြီး ကျုံးရှိရာ မျှားခေါ်လာတတ်အောင် အချိန်ယူပြီး လေ့ကျင့်သင်ကြား ပေးကြရတယ်။

ပြီး … အောက်မားဆင်မအနေနှင့် သန်စွမ်းပြီး တောဆင်ရိုင်းကို အန္တရာယ်ရှိပါက ပြန်လည်တုံ့ပြန်တိုက်ခိုက်နိုင်တဲ့ ဆင်သန်ဆင်စွမ်း သခင့်စကားနားလည်တဲ့ ဆင်မဖြစ်ရမယ်။

လေ့ကျင့်ပြီးသား၊ အတွေ့အကြုံရှိပြီးသား၊ အောက်မားဆင်မတွေကို ဆင်ရိုင်းရှိရာအရပ်ကို လွှတ်ပေးလိုက်ရပြီး ဆင်ဖမ်း အောက်မားတွေက လေအောက်ကနေ လိုက်ချောင်းမြောင်းရတယ်လေ။ လေတင်ထမလိုက်ရဘူး။ ဆင်ရိုင်းက လူနံ့ရရင် ပြေးရင်ပြေး၊ မပြေးရင် လိုက်အန္တရာယ်ပြုရော။

"ကျုံးသမားတွေ ပတ်တန်းတွေ စိပ်ပစေနော်"

"စိတ်ချပါ … ကျုံးမှူး"

"ငတော် …"





"ဗျာ … ကျုံးမှူး …"

"ကျုံးတိုင်တွေ မြေဝင်ကောင်းရဲ့လားဟဲ့"

"အနက်နှစ်တောင်စိုက်ပါ … ကျုံးမှူး"

"အေး … အေး … ဟုတ်ပြီ၊ ဟိုကောင် ငဆိုင်ငယ်"

"ခင်ဗျာ … ကျုံးမှူး"

"ကျုံးတံခါး အတင်အချ စမ်းစမ်း"

ကျုံးမှူးက ဆင်ကျုံးကို စေ့စေ့စပ်စပ် လိုက်ပြီး စစ်ဆေးနေတယ်လေ။

အောက်မားတွေရဲ့ တာဝန်က ဆင်ဖြူတော်သုံးကောင်ကို အောက်ထိပြီး ကျုံးသွင်းကြမှာ။

ကိုယ့်တာဝန်က ကျုံး။

ဆင်ကျုံးဆိုတာ ခိုင်ခန့်စိတ်ချရတယ်။

ကျုံးထဲမိနေတဲ့ဆင် ပြန်လွတ်သွားတယ်ဆိုရင် ကျုံးမှူး၊ သူ့မှာ တာဝန်ရှိတာကိုး။

အကယ်၍များ ကျုံးမိဆင်က ကျုံးကိုဖျက်ပြီး တိုးပြီး ထွက်သွားတဲ့အကြောင်း၊ အောက်မားဝန်က မင်းတရားကြီးကို လျှောက်တင်ခဲ့ရင် အပြစ်က မသေးဘူး။

တစ်ခုတော့ ရှိတာပေါ့။

အလွန်အားကောင်းတဲ့ စွယ်စုံဆင်ကြီးမျိုးနဲ့ဆိုရင် အခန့်မသင့်ရင် ကျုံးပျက်တတ်တယ်။

ဒါကြောင့် အလွန် သတိထားကြရတယ်။ စေ့စေ့စပ်စပ် စစ်ရတယ်။

ကျုံးတံခါးမှူးက အောက်ခြေချွန်သစ်လုံးတံခါးကို အတင်အချစမ်းသပ်ပြတယ်။

"အရှိန်နဲ့ ကြိုးဖြတ်ချရင် မြေဝင်တစ်တောင်မက စူးဝင်မှာပါ … ကျုံးမှူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ"

"ရဲလောင်းနံ့ဘေးမှာရော မီးရှို့ဖို့ မီးပုံ အသင့်ရှိထားလား"

"ရှိပါတယ် ... ကျုံးမှူး"

"လင့်စင်နှစ်ခုရော"

"အသင့်ပါ ... ကျုံးမှူး"

"ကျုံးပတ်လည် မီးတိုင်မီးစာတွေရော အသင့်ရှိရဲ့လားဟဲ့"

"ရှိပါဗျား ... ရှိပါဗျား"

"ငါတို့ကျုံးသမားဘက်က တာဝန်ကျေဖို့ အရေးကြီးသကွယ့်။ အခု ဖမ်းမည့်ဆင်ရိုင်းက သာမန်ဆင်ရိုင်းမဟုတ်ဘူး ... ဆင်ဖြူတော်ကွယ့်။ မင်းတရားကြီး အလွန်အလိုတော်ရှိတဲ့ ဆင်ဖြူတော်ပဲ။ ဆင်ဖြူတော်မှ သုံးကောင်တဲ့၊ အားလုံး ကြိုးစားကြ။ မင်းတို့ ငါတို့ ဆင်ဖြူတော် လက်ရဆက်နိုင်ယဉ်ကျေးလိမ္မာအောင် သင်ကြားပြီး အပ်နိုင်ရင် ငါတို့ မင်းကြီးအနော်ရထာလည်း ဆဒ္ဒန်ဆင်ဖြူရှင်ဖြစ်ပြီး မင်းအပေါင်းခစားလို့ ဘုန်းသမ္ဘာကြီးတဲ့ မင်းကေရာဇ်ဖြစ်မှာပေါ့။ ဒါနဲ့အတူ ငါတို့ အောက်မားအဖွဲ့တွေ ကျုံးအဖွဲ့တွေကိုလည်း မင်းတရားကြီးက ထိုက်ထိုက်တန်တန် ဆုတော်လာဘ်တော်များချီးမြှင့်မှာ ... ငါ့လူတို့ရေ။ ငါ အောက်မားမှူးကြီးတို့ကို အသင့်ဖြစ်နေတဲ့အကြောင်း သွားတင်ပြဦးမယ်ဟေ့"

❁ ❁ ❁

|၁၃|

❑

"ရှူ ... ရှူး ... အသံမထွက်စေနဲ့"

"မြင်တယ်နော် ... ဆင်ရုံကြီး"

"မြင်တယ် ... မြင်တယ် ... မလှုပ်ရှားကြနဲ့"

ရဲသီဟရော၊ ရဲဒိဗ္ဗပါ အလွန် အံ့သြနေကြတယ်။

ဆင်ရုံကြီးဆို အံ့အားသင့်လို့၊ ဆင်မှူးကြီးတော့ မပြောနှင့်။

"ကြည့်စမ်း ...

သူတို့အဖွဲ့ ဖွဲကြီးနဘဲကြီး ရှာဖွေနေတဲ့ ဆင်ဖြူတော်သုံးစီး အခုတွေ့နေရပြီ။

အလွန်မြင့်တဲ့ ပေါင်းလောင်းအရှေ့ ဆင်ဖြူတောင်ကျော တောင်အောက်က ရေအိုင်မှာ ရေသောက်ဆင်းနေတဲ့ ဆင်ဖြူတော်သုံးစီး။

အစွယ်က စွယ်စုံပေါက် အရှယ်တက်တွေ။

အရပ်အနေကလည်း တက်ဆင်အရွယ်ကောင်း။

ဆင်ပေါက်ကြီး မဖြစ်တဖြစ် အရွယ်။ မရှိဘူးဆို အရပ်နေသေးတောင်ကျော် (၆ ပေကျော်) ခန့် ရှိတယ်။ စွယ်စိုက်က တစ်ကောင်၊ စွယ်ကော့က နှစ်ကောင်။

---



www.burmeseclassic.com

www.burmeseclassic.com



ဖွေးပုံနှယ် ဂွမ်းအုပ်ထားသလို ဆိုပါပဲလား။

ပုလဲလုံးတွေကို ထုချေပြီး ကိုယ်လုံးအနှံ့ လိမ်းထားသလိုမျိုးပါ ကလား။

ပြီး . . . အံ့ဖို့ကောင်းတာက . . .

အထီးချည်းပဲ။

ဒီလို ပုလဲလို၊ ဂွမ်းလို ဖြူဖွေးတဲ့ ဆင်ဖြူတော်မျိုး အခုအသက် အရွယ်ကြီးရောက်သည့်တိုင်း မမြင်ဖူးဘူး။

ခုမှ အံ့ဖွယ်ဘနန်း မြင်ဖူး၊ ကြုံဖူးရတာ။

အရင်တုန်းကလည်း မိမိ ငှို့အောက်မားတွေ ဆင်မည်းရော၊ ဆင် ဖြူတော်ဆိုသည်ရော အောက်ငင်ဖမ်းဖူးတယ်။

ဦးကင်းဖြူရုံ၊

နှာမောင်းဖြူရုံ၊ ခွာလေးဘက် ဖြူရုံ၊

အမြီးဖြူရုံ၊ ခန္ဓာကိုယ် အဖြူပေါက်ပေါ်ရုံတွေကိုပဲ ဆင်ဖြူတော် အဖြစ် တန်ဘိုးထား ငင်ကြတာရှိတယ်။

သို့သော် . . .

မိမိတို့အရှင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးမှာ ဆင်ဖြူတော် (၃၈)စီးရှိတယ်။ အဲဒီမှာ 'သန်မြန်စွာ' ဆိုတဲ့ ဆင်ဖြူတော်ကတော့ အလွန် ကို ကျက်သရေရှိအောင် ဖြူဖွေးတော်မူသလို၊ ဆင်မည်းတွေမှန်သမျှက လည်း သန်မြန်စွာ ဆင်ဖြူတော်ကြီးကို ကြောက်ရွံ့ကြတယ်။

ကြည့်စမ်းကွယ်ရို . . .

ရေသောက်ပြီးတော့ နှာမောင်းတွေ လိမ်မြှောက် ဆော့ကစားနေ ကြတာရယ်။ သစ်ရွက်အချို့က သူတို့ကိုယ်ပေါ်မှာ တင်လို့။

ကိုယ်လုံးချင်း ပွတ်တိုက်လိုက်။

နှာမောင်းတွေချင်း ထိလိမ်လိုက်။

ရေတွေကို နှာမောင်းထဲက မှုတ်ထုတ်လိုက်။

နှာမောင်းတွေကလည်း အရင်းတုတ်ပြီး အဖျားရှူးရှူး။





နားရွက်ဖားဖားကြီးတွေ လှုပ်လှုပ်ယမ်းယမ်း လှုပ်ပြီး ကစားနေ ကြတာ။

ကျောကုန်းတွေကလည်း လှမှလှရယ်။

ငုက်ပျောကုန်းကျော မဟုတ်ဘူး။

ငုက်ပျောဘိုင်း ကွေးညွှတ်နေတဲ့ သဏ္ဍာန်မျိုး။

ဒါ အစိုးတန်ကျောကုန်းပဲ။ ကျောကုန်းပေါ်မှာ အဖုအထစ်တွေ ရှိရင် မကောင်းဘူး။ ကျောက်ပြာသာဒ်လို့ ခေါ်တယ်။ အသုံးချလို့ မကောင်း ဘူး။ ဆင်ဟာ ကျောကုန်းနေရာ သုံးလေးနေရာ ကုန်းရိုးကောက်ရင် တော် နှတ်ခေါင်းပါးဘေး ဖြစ်တတ်တယ်။ မကောင်းဘူး။ ဆင်ရဲ့ကျောကုန်းဟာ မြင်းရဲ့ကျောကုံးကဲ့သို့ ကျောကုံးကော့ပြီး ဟ,တတ် ဖြစ်နေရင် ရန်သူမျိုး ဓါးပါးဘေး ကြုံရသတဲ့။ မကောင်းဘူး။

ဆင်နှာမောင်းမှာလည်း ရရှိတဲ့တောင်ဆင်သည် တောထဲမှာ လူ သကောင်ကို နှာမောင်းနဲ့ အစွယ်ဦးကင်းပေါ် ကောက်ပွေ့တင်ရင် အဲဒီ ဆင် မကောင်းဘူး။ ကျက်သရေ မရှိဘူးပေါ့။

"ဆင်ရုံကြီး . . ."

"အေး . . . အေး . . ."

"သူတို့ ပြန်လှည့်ပြီဗျာ"

"ခြေရာခံပြီး လိုက်ကြည့်တာပေါ့"

ဆင်ဖြူတော်သုံးစီးဟာ ရေသောက် ဆော့ကစားပြီးနောက် တောင်ကမ်းပါးယံအောက်ခြေ ဆင်သွားလမ်းအတိုင်း စားရင်း သွားရင်း ရှေ့ ကိုသွားနေတာ မြင်ရတယ်။

ဆင်ရုံကြီး၊ ဆင်မှူးကြီး၊ ဆင်ရုံလေး ရဲသီဟ၊ ရဲဒိဗ္ဗနှင့် မုဆိုး ကျန်တို့ ငါးဦးဟာ ဆင်ဖြူတော်သုံးစီး ဝင်သွားရာလမ်းကြောင်းကို ခြေရာခံ ပြီး လေအောက်က ပတ်လို့ လိုက်ခဲ့ကြတယ်။

ဒီလိုနှင့် ထမင်းအိုးတစ်လုံးချက်ခန့် ကြာအပြီးမှာ ခြေရာပျောက် သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မြင်နေရတာက ကျောက်ဖျာကြီးလို ပြန့်ကျယ်လှတဲ့ ရေညှိခြောက်နေတဲ့ ကျောက်ဖျာကျယ်ကြီးနှင့်အတူ တောင်ကမ်းပါးယံ မတ်မတ်ကြီးကိုလည်း မြင်ရတယ်။

"ခြေရာပျောက်သွားတယ်ဟေ့"

"ဆင်ရဲကြီး . . ."

"ဘာတုံး . . . ရဲသီဟ"

"ဟို . . . ကြည့်စမ်း . . . ဆင်ရဲကြီး"

"ပဇာတုံး . . . ဆင်ဖြူတော်လား"

"ဆင်ဖြူတော်မဟုတ်ဘူး . . . ကျောက်ဂူကြီးတွေ။ နေဦး . . . တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး . . . ငါးဂူတောင်ပဲဗျို့"

"အေးဟ . . . ဆင်ဝင်လို့ ရနိုင်သကွ . . . ရဲသီဟ"

"ဂူထဲကိုများ ဝင်သွားရော့လား . . . အစ်ကိုရဲသီဟ"

"ဖြစ်နိုင်တယ် . . . ညီလေး"

"ဆင်ရဲကြီး . . ."

"ပြော . . . ရဲသီဟ"

"ဒီကျောက်ဂူငါးလုံးထဲက တစ်လုံးထဲကို ဝင်သွားမှာပဲ"

"ဖြစ်နိုင်တယ်"

"ဘယ်လိုလုပ်မတုံး"

"မုဆိုး . . ."

"အမိန့်ရှိပါ . . . ဆင်ရဲကြီး"

"ငါတို့အားလုံး ကျောက်ဂူထဲကို ဝင်ရင် ဒုက္ခရောက်ကုန်လိမ့်မယ်။ အထဲမှာ ဘာသတ္တဝါတွေရှိမှန်း သိတာမဟုတ်ဘူး"

"ဟုတ် . . ."

"မင်းတစ်ယောက်ပဲ အရဲစွန့်ပြီး ခြေရာခံကြည့်။ အထဲကို အရမ်းမဝင်နဲ့။ မသင်္ကာရင် ပြန်လှည့်ခဲ့ . . . နားလည်လား"





"နားလည်ပါတယ် . . . ဆင်ရဲကြီး"

"အခြေအနေကောင်းရင် ငါတို့လည်း လက်ပြခေါ်"

"ဟုတ် . . ."

"မြန်မြန်သွား . . . ဘယ်ဂူထဲဝင်တယ်ဆိုတာ လေ့လာ . . . သွား"

မုဆိုးငကျန် ကျောက်ဂူတွေရဲ့ အနေအထားကို ကြည့်ပြီး တရွေ့ရွေ့ တိုးသွားလိုက်တယ်။ တော်သေးတယ်။

ကျောက်ဖျာကြီးရဲ့ ပက်ကြားအက်ကြီးတွေကြားမှာ အရွက်စိမ်းစိမ်းနှင့် ဆူးပင်တွေ ကျိုးကျိုးကျဲကျဲ ပေါက်နေပေရဲ့။

အပင်တွေကို ကွယ်ပြီး ရှေ့တစ်မြင်အဝေးရှိရာကို ချဉ်းကပ်လာခဲ့လိုက်တယ်။

နွယ်တွေ တွဲလောင်းကျနေတဲ့ ဂူရှေ့မျက်နှာစာကို ငုံ့ကြည့်လိုက်တယ်။ ဆင်ခြေရာ မရှိဘူး။

ဂူထဲကို ခေါင်းဝင်ပြီး အနံ့ခံလိုက်တယ်။

ပထမတစ်ဂူပြီး ဒုတိယမြောက်တစ်ဂူရှေ့ကို ကြည့်လိုက်တော့ . .

"ရှီ . . ."

"ဟင် . . ."

"ရှီ . . ."

"ဟာ . . . မြွေဆိုးတွန်သံဟ"

ဂူဝမှာ ကျောက်တုံးတွေ ပြန့်ကျဲနေပြီး လူနဲ့ရလို့လားမသိဘူး ကျယ်လောင်တဲ့ သံတို မြွေဆိုးတွန်သံကို ငကျန် ကြားလိုက်ရပြီး ကြက်သီးဖြန်းဖြန်းထလို့ ခေါင်းနားပန်း ကြီးသွားခဲ့တယ်။ လှုပ်ရှားရုန်းကန်သံတွေလည်း ကြားရဲ့။

"ဖူး . . . ဖူး . . ."

"ရှီ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သေချာအောင်ဆိုပြီး အမဲလိုက်ဓားမြှောင်ကြီး ညာလက်နှင့် အုပ်ပြီး ဂူဝမှာ တန်းလန်းကျနေတဲ့ နွယ်ပင်တွေကြားကနေ ခေါင်းထိုးကြည့်လိုက်ရော ...

အလိုလေး ...

ထွားကျိုင်းလှတဲ့ သမင်ပြောက်ကြီးတစ်ကောင်ကို စပါးအုံးမြွေကြီးက သူ့အမြီးနှင့် ရစ်ပတ်ဆွဲဆန့်နေတာရယ်။

သမင်ရဲ့ ခန္ဓာကိုယ်က အရိုးတွေကျိုးသလို ကြားရတယ်။

ဂူရဲ့အမိုးက အပေါက်ကြီးတစ်ခု ဖြစ်နေပြီး အလင်းရောင်အချို့က ဂူထဲမှာ ဖြာကျနေတော့ ...

မြွေကြီးနှင့် သားသမင်တို့ရဲ့ ရှုန်းကန်လှုပ်ရှား ဖြစ်ပျက်နေပုံကို မဆိုးကျေနပ် မြင်နေရတယ်လေ။

စပါးအုံးမြွေကြီးရဲ့ ကိုယ်အလုံးဟာ မရှိဘူးဆိုရင်တောင် လူကြီးပေါင်လုံးတစ်လုံးစာမက ရှိနေတယ်။

စပါးအုံးမြွေကြီးက သမင်ကို ပတ်ခြေပြီး လူတစ်ရပ်နီးပါးမျှရှိနေတဲ့ သူ့ခန္ဓာကိုယ်အခွေကြီးကို တရွေ့ရွေ့ ဖြေချနေလေရဲ့။

သမင်ရဲ့ဦးချိုဟာ ပိုင်းပိုင်းကျိုးသလို ...

မြွေကြီးရဲ့ ညှစ်အားကြောင့် အရိုးတွေ ကျိုးကြေသွားတဲ့သမင်ဟာ ပျော့ခွေအသက်ပျောက်နေပါပြီ။

သည့်နောက် စပါးအုံးကြီးက ပါးစပ်ထဲကနေ အကျိအချွဲတွေကို သမင်ပေါ် အန်ချပြီးနောက် ...

ဦးခေါင်းကနေ တစ်ထစ်ခြင်း စမြိုနေပါရော ...

သူနှင့် မလှမ်းမကမ်းမှာတော့ မြွေဟောက်ကြီးအချို့ရဲ့ ခေါင်းထောင်လူးလှည့် အသံပေး မာန်ဖီနေတာကိုလည်း မဆိုးကျေနပ် မြင်လိုက်ရတယ်။

မြွေဆိုးတွေက လူနံ့ ချွေးနံ့ ရလို့လားမသိဘူး။





ပါးပျဉ်းကြီးတွေထောင်ပြီး ဂူပေါက်ဝကို လှမ်းကြည့်နေတာ မြင်ရရော ...

ကျေနှ်အမြန်ပြန်ဆုတ်လိုက်ပြီး ဝါးတစ်ပြန်အကွာမှာရှိတဲ့ ဂူကြီးရှိရာကို ဝင်ကာ၊ လှမ်းကာ အသံနားထောင်ကာ ခြေရာကြည့်ကာ အနံ့ခံကာ လှမ်းခဲ့လိုက်တယ်။

"ဝေါင်း ..."

"ဘုရားရေ ..."

"ဝေါ့ ... ဝေါင်း ... ဂရီး ... ဟီး ..."

သူ အမြန်နောက်ကို ဆုတ်လိုက်တယ်။ ကျားဟိန်းသံ၊ ကျားမာန်ဖီသံ။ ဂူထဲကလား။ ဟို ဂူနောက်တောင်ကြားထဲကများလား။ နည်းနည်းတော့ ဝေးပုံရရဲ့။ ဂူဝမှာ ကျားခြေရာတော့ မတွေ့ရဘူး။

ဂူကြီးတွက တောင်ကမ်းပါးယံအောက်မှာလည်း ရှိနေသလို၊ မြင့်မားတဲ့တောင်ကြီးရဲ့ အောက်ဘက် ကျောက်တောင်ကျောက်တုံး၊ ကျောက်ဆွယ်ကြီးတွေရဲ့ အောက်မှာလည်း ရှိနေတယ်။

ပဌမမြောက်ဂူကတော့ ...

ကျွန်းပင်ကြီးတွေနဲ့ ဝါးရုံတောတွေ ရံနေတဲ့ကြားမှာ ရှိနေတယ်။ အနီးမှာ ဆူးချုံပင်တွေကလည်း အုပ်အုပ်စုစု ရှိလို့။

ကျေနှ် ကျွန်းပင်ကြီးတွေကို ကွယ်ပြီး ဂူရှိရာကို တစ်လှမ်းချင်းလာခဲ့လိုက်တယ်။

ဒီမှာ ကျွန်းပင်ကြီးပင်စည်မှာ အမွေးအချို့ ကပ်နေတာ မြင်လိုက်လို့ လက်နှင့် ယူကြည့်တော့ ဖြူလွလွ အမွေးစလေးတွေ။ ဟုတ်ပြီ ... ဆင်တွေ ကျွန်းပင်ကြီးရဲ့ ပင်စည်ကို ခန္ဓာကိုယ်နှင့် အယားပြေ ပွတ်တိုက်ရာမှ ကျွတ်ကပ်ကျန်ရစ်တဲ့ အမွေး။

နောက်ထပ် သုံးပင်ကျော်မှာတော့ ...

ရာဝင်အိုးမျှ လုံးပတ်ရှိတဲ့ ကျွန်းပင်ကြီးရဲ့အခေါက် ကွာပြီး ကျွန်းပင်အသားပေါ်နေတာကို မဆိုးကျေနပ် မြင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ ...

ဒါ ... ဆင်ဖြူတွေ ကျွန်းပင်ပေါက်ကို အစွယ်နှင့်ထိုးထားတဲ့ လက်ရာ။ အောက်ကကျောက်ရော မြေပြင်မှာလည်း ဆင်ခြေရာတွေ မြင်ရတယ်။

ဆင်ခြေရာတွေက ကျောက်ဂူရှိရာကို ညွှန်နေတယ်။

ကျော်နီ ဂူအဝင်ဝနေရာကို ကြည့်လိုက်တော့ ဆင်ခြေရာနှင့် သစ်ခေါက် လတ်လတ်ဆတ်ဆတ် အပိုင်းအစနှင့် ဆင်ချေးပုံဟောင်း ပြန့်ကျဲနေတာ မြင်လိုက်ရတော့တယ်။

သေချာပြီ။

ဒီဂူကြီးထဲကို ဆင်ဖြူတော်သုံးစီး ဝင်သွားတာ။

ဂူထဲမှာပဲလား။

ဂူကလည်း အဝင်ဝကလွဲရင် မှောင်မည်းလို့။ အထဲမှာ ဘယ်လောက်ကျယ်သလဲ။ ဂူရဲ့ အလျားကရော ရှည်သလား။ ဂူရိုးရိုးလား။ ကျောက်ဂူလိုဏ်ဥမင်လား မပြောတတ်ဘူး။

အထဲကို ဝင်ဖို့ကလည်း အန္တရာယ် သိပ်ကြီးတယ်။

ဝင်ကြည့်လို့ ဆင်တွေနဲ့ တိုးခဲ့ရင် ...

ဖြူဖြူမည်းမည်း တောဆင်ရိုင်းဟာ ဆင်ရိုင်းပဲ။ လူကိုတွေ့ရင် ရန်သူအဖြစ် သတ်မှတ်ပြီး အန္တရာယ်ပြုမှာပဲ။

စဉ်းစားရမှာက ဒီဂူပေါက်ဝက ဝင်လမ်းရော၊ ထွက်လမ်းရောပဲလား။

ဒါမှမဟုတ် ဝင်လမ်းသက်သက်ပဲလား။

လမ်းခွဲဂူပေါက်တွေ ရှိသေးလား။ နောက်ဘက်ထွက်လမ်း ရှိသေးလား။

မပြောတတ်ဘူး။

မုဆိုးကျော်နီ ကြာရှည်နေရန် မသင့်သည်မို့ ဆင်ရုံကြီးတို့၊ ရဲသီဟတို့ရှိရာကို ပြန်လာခဲ့လိုက်တယ်။

စိတ်ကူးသစ်စာပေ



"ကျော်နီ ..."

"ဆင်ရုံကြီး ..."

"ဘယ်လိုအခြေအနေ ရှိသတုံးဟဲ့"

"ဒီကျောက်ဂူထဲကို ဆင်ဖြူတွေဝင်သွားတာ သေချာပါတယ် ... ဆင်ရုံကြီး။ သို့သော် ဂူကျော ဘယ်လောက်ရှည်သလဲ မသိနိုင်ပါဘူး။ ဝင်လမ်းတော့ သေချာပါတယ်။ ထွက်လမ်းက ဘယ်လိုလဲတော့ မသိပါဘူး။ စောင့်ကြည့်မှ သိမှာပါ ... ဆင်ရုံကြီး"

"ဒါပေါ့ ..."

ဒီမှာ ရဲသီဟက ...

"ဆင်ရုံကြီးခင်ဗျ"

"ဘာတုံး ... ရဲသီဟ"

"သေချာအောင် ကျွန်တော်တို့ သွားကြည့်ရင် ကောင်းမယ်ဗျ"

"အေး ... ဟုတ်တယ်၊ သွားကြည့်ကြစို့။ ဒါနဲ့ ... ကျော်နီ"

"ခင်ဗျာ ... ဆင်ရုံကြီး"

"ဂူဝမှာ ဆင်ခြေရာ တွေ့ခဲ့တာ သေချာလား"

"တွေ့ပါတယ် ... ဆင်ရုံကြီး"

"လာဟေ့ ... သတိတော့ရှိပစေ။ စောစောတုန်းက ငါတို့ ကျားဟိန်းသံ ကြားသလိုပဲ ... ကျော်နီ"

"ဟုတ်ပါတယ် ... ဆင်ရုံကြီး၊ ဟိုးအဝေးကပါခင်ဗျာ"

သည့်နောက် ဆင်ရုံကြီး၊ မုဆိုးကျော်နီ၊ ရဲသီဟ၊ ရဲဒိဗ္ဗတို့ လူနှစ်ရပ်သာသာခန့်မြင့်မည့်ပုံရှိတဲ့ နွယ်ဒန်းကျူဂူရှိရာကို တရွေ့ရွေ့ လာခဲ့လိုက်ကြတယ်။

ဂူရှေ့ဝန်းကျင်မှာ ရာဝင်အိုးလုံးခန့် ကြီးတဲ့တုတ်တဲ့ ကျွန်းပင်၊ ဝါးဆယ်ဝင်အိုးခန့် ပျဉ်းကတိုးပင်နှင့် ဝါးပိုးဝါးပင်ကြီးတွေ စိပ်စိပ်ပေါက်နေတာမို့ အကွယ်အကာတော့ စိတ်ချရတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်း၊ ပျဉ်းကတိုးပင်ကြီးတွေက တောင်တန်းကြီးရဲ့ ပြန့်ပြော နှင့် တောင်စောင်းတွေမှာ မိုးထိုးအောင် မြင့်တက်နေကြတယ်။

ဝါးပိုးပင်ကြီးတွေကလည်း တောကြီးတောင်ကြီးထဲမှာ စိတ်လွတ် ကိုယ်လွတ် ပေါက်ခွင့်ရလို့လားမသိ။

လုံးပတ်က ပုဆိုးတစ်ကွင်းစာ။ လူကြီးလက်တစ်ဖက်ခွဲသာသာခန့် လုံးပတ်ရှိတယ်။

ဝါးဆစ်ကိုဖြတ်ပြီး ရေထည့်လျှင်တောင် ရေစဉ့်အိုးကြီးတစ်လုံး စာမျှ ဝင်နိုင်ပါလေရဲ့။

"ဆင်ရုံကြီး ..."

"အေး ... ပြော"

"ဟောဟို ... ကျွန်းပင်ကြီးပဲဗျ။ အခွံနဲ့ အခေါက် ခွာထိုးထား တာဗျ"

ဟုတ်တယ် ... လူကြီးတစ်ရပ်ကျော် အမြင့်မှာ ကျွန်းခေါက် အချို့ စွယ်ထိုးချက်ကြောင့် ပဲ့လန်ကွာနေတာ မြင်ရတယ်။

အချို့သစ်ပင်ကြီးတွေမှာ သူတို့ကိုယ်လုံးနှင့် ပွတ်တိုက်ထားသမို့ နေရာကွက်ပြီး ပြောင်လို့။

မှဆိုးကျေန်ပြောသလိုပဲ ဆင်မွေးအချို့ ကပ်ကျန်နေတာကို ဆင်ရုံ ကြီးရော၊ ရဲသီဟရော အံ့ဖွယ် မြင်ရပါရော။

"ဆင်ရုံကြီး ... ကိုယ်မွေးက အဖြူတွေဗျ"

"ဟုတ်တယ် ... အောက်ခြေမှာ ဆင်ခြေရာတွေ ခပ်ထင်ထင် ကျန်သေးတယ်"

"အထဲမှာ ရှိမလားမသိဘူး"

ဒီမှာ ရဲသီဟက ...

"ကျွန်တော် ဂူထဲကို ဝင်ကြည့်လိုက်မယ် ... ဆင်ရုံကြီး"

"အစ်ကို ... ကျွန်တော်ပါ လိုက်မယ်"

"ကောင်းတယ် ... လိုက်ခဲ့လေ၊ ဝင်ကြည့်မှ ခြေရာခံလို့ရမှာ"





"ရဲသီဟ ... အန္တရာယ်များတယ် ... တပည့်"

"ဆင်ရုံကြီး ... ဝင်ကြည့်မှသာ သူတို့ဝင်သွားတာ သေချာလား ဒါ သိမှာဖြစ်မယ်။ ပြီး ... ဒီဂူက ဂူတိုလား၊ ဂူရှည်လား၊ ကျောက်ပန်းဆွဲဂူ လား။ ထွက်ပေါက်ရှိတဲ့ဂူလား။ ထွက်ပေါက်ရှိရင် ဘယ်ကိုပေါက်တယ်ဆိုတာ သိထားမှ ကျွန်တော်တို့ 'ငင်' လို့ 'လိုက်' လို့ ရမှာပေါ့။ ဆင်ရုံကြီး ... ဒီနေရာဟာ ဆင်အိပ်တဲ့ဂူဖြစ်ရင် ကျွန်တော်တို့ လုပ်ငန်းအတွက် သေချာ ပေါက် အဆင်ပြေမှာလေ"

"မင်းတို့ကို အန္တရာယ်ဖြစ်မှာစိုးလို့"

"အခြေအနေမကောင်းရင် ပြန်လစ်ခဲ့မှာပေါ့ဗျ"

ညီလုပ်သူရဲဒိဗ္ဗကလည်း ဝင်ပြောလိုက်ပြန်တယ်။

"ဆင်ရုံကြီး ... စိတ်မပူပါနဲ့၊ ဆင်ရုံကြီးသိတဲ့အတိုင်း ကျွန် တော်တို့ ဒီအလုပ်ကို လုပ်နေကျပါခင်ဗျ"

သူတို့ညီအစ်ကိုက 'ဆင်ရုံလေး' 'ဆင်စမ်းသား' တွေလေ။ သူ တို့အလုပ်က ဆင်ဖမ်း၊ ဆင်မည်း မည်သည့်တော မည်သည့်တောင်မှာ ရှိ တယ်၊ နေတယ်၊ ကျက်စားတယ်၊ ဆင်အုပ်မှာ ဆင်ထီး ဘယ်နှကောင်၊ ဆင်မ ဘယ်နှကောင်၊ ဆင်ပေါက် ဘယ်နှကောင်ရှိတယ်ဆိုတာကို စွန့် စွန့်စားစား တောထဲတောင်ထဲ ရှိုးမကြီးထဲ စုံစမ်းထောက်လှမ်းရတာ။

သေချာပြီဆိုမှ အကြီးအကဲတွေထံ တင်ပြပြီး အောက်မားနဲ့ဆင်တွေ နဲ့ လိုက်အောက်ဖမ်းရတာ။

ခနက်ပလာအဖွဲ့ကတော့ တောဆင်ရိုင်းနဲ့ သားပေါက်ပြီး တော ထဲကျန်ရစ်ကျက်စားနေတဲ့ ဆင်ပေါက်ဆင်သန့်ကိုမှ လွန်ကြိုးပစ် ကျော့ ဖမ်းရတာ။

မိမိတို့ အောက်မားအဖွဲ့က ဆင်ဖြူတော်ပဲဖြစ်ဖြစ်၊ ဆင်မည်း ဆင်ကောင်း၊ ဆင်သန့်၊ ဆင်ကြန်အင်လက္ခဏာကောင်းနဲ့ ပြည့်စုံတဲ့ ဆင် တွေကို အောက်ငင်ရင် အောက်မားဆင်ယဉ်မနှင့် ငင်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မိမိတို့ဖမ်းဆီးရမည့် ဆင်ဘယ်နေရာ၊ ဘယ်အရပ်မှာ ကျက်စားတယ်၊ ရေသောက်တယ်၊ အဝင်အထွက်ရှိတယ်၊ အမြီလာလေ့ရှိတယ်၊ အမြဲ နားခိုလေ့ရှိတယ်ဆိုတာကို သေချာအောင် စုံစမ်း၊ ထောက်လှမ်း၊ လေ့လာရတာ။ စွန့်တော့ စွန့်စားရတာပေါ့။

အခု ဖမ်းမိန့်ရထားတာက ဆင်ဖြူတော်။

အစွယ်ကောင်း၊ အစွယ်သန့်တွေ ...

ပြီး ... လွန်စွာရှားပါး တန်ဖိုးကြီးလှတဲ့ ဆင်ဖြူတော်တွေ။ ဒီဆင်ဖြူတော်သုံးစီးသာ လက်ရဖမ်းမိခဲ့ပြီး ပုဂံမင်းမြတ်ထံ ဆက်သနိုင်ခဲ့ရင် ...

မှချမလွဲ ဆုတော်လာဘ်တော်တွေ ချီးမြှင့်ခံရမှာ။

ကံကောင်းရင် ရာထူးဌာနန္တရချီးမြှင့်မြှောက်စားခဲ့ရင် ...

ရဲသီဟတို့၊ ရဲဒိဗ္ဗတို့ ညီအစ်ကိုက ရှင်ဖြူနဲ့ရှင်ညိုညီအစ်မ ချစ်သူကိုယ်စီကို တင့်တောင်းတင့်တယ် တင်တောင်းမှာလေ။

ဆင်ဖြူတောင်ခြေ၊ ကျည်တောင်ရွာမှာ ပုဂံမြို့သူနှင့်အပြိုင် လှပတင့်တယ် ကျက်သရေရှိလွန်းလှတဲ့ ညီအစ်မနှစ်ဦး။

ဒီညီအစ်မနှစ်ဦးက ဖူးစာဆုံချင်တော့ ...

မိမိတို့ ညီအစ်ကိုနဲ့ လာပြီး ဖူးစာဆုံကြတာ။

ကြည့်စမ်းပါဦး ...

ချစ်သူများဘဝမှာပင် မိမိတို့ အောက်မားဆင်ဖမ်းအဖွဲ့တွေရဲ့ စားရေးဝတ်ရေးကို အိမ်သူအလား ဝင်ရောက်ချက်ပြုတ် ကူညီလုပ်ကိုင်ပေးကြတာရယ်။ ဆင်သမားတွေအစ ချီးကျူးကြ။

ကျွန်ကုလား၊ မယားတောသူတဲ့။

တောသူမယားက အိမ်မှုကိစ္စဆို လှည့်ကြည့်စရာ မလိုအောင် ထိန်းသိမ်းနိုင်သတဲ့။

"ကျို ..."

"ဟော ... အစ်ကို ဆင်အော်သံမဟုတ်လား ဟင်"





"ကျို ..."

"ဟုတ်တယ် ... ရှေ့ကို အရမ်းမတိုးနဲ့"

ရဲသီဟတို့ မှောင်မည်းနေတဲ့ ဂူကြီးထဲကို ဆင်ထိုးလုံ့ရှည်ကိုယ်စီကိုင်ပြီး တစ်လှမ်းချင်း ဝင်ခဲ့လိုက်တယ်။ နှာခေါင်းထဲမှာ ဆင်နံ့လည်း ရနေတယ်။

သူတို့ ဆင်ထိုးလုံ့ရှည်တွေကို မလင်းတလင်း မှောင်ရီဝိုးဝါး ရှေ့ရှုရာကို ချိန်ပြီး တစ်လှမ်းချင်း ဝင်ခဲ့လိုက်တယ်။ ဂူကြီးက ပိုကျယ်ပြီး မြင့်မြင့်လာသလိုပဲ။

အလို ... တော်ပါသေးရဲ့။

ရှေ့မှာ အလင်းရောင် မြင်နေရတယ်။

ဂူကြီးရဲ့ အမိုးပေါက်ကနေ အလင်းရောင်ဝင်နေတာ။

အလင်းရောင်ဝင်ပေါက်က လှူကြီးတစ်ဖက်စာမက အပေါက်ကနေ ဝင်နေတာရယ်။ ဂူက အလယ်မှာ ပိုမြင့်နေတဲ့ သဘောပါလား။

"ဝရော ..."

"ရှောင်ထားဟေ့"

"ဝရော ... ဂျောက် ... ဝုန်း ..."

"တော်ပါသေးရဲ့ဟေ့ ... ခေါင်းပေါ်သာ ကျရင် သွားရော"

ဟိုးဂူခေါင်မိုးအပေါက်ကနေ ကျောက်တုံးငယ်တစ်တုံး လိမ့်ကျလာတာ။ ခေါင်းပေါ် ကိုယ်ပေါ်သာ ကျလိုက်ရင် အမြင့်ကကျတဲ့ အရှိန်နဲ့ သူတို့ညီအစ်ကို နေရာတင် ပွဲချင်းပြီး သေသွားနိုင်တယ်။

နှစ်ဦးသား နောက်ထပ် ခဲလုံးတွေကျလာဦးမလားလို့ ဂူနံရံကို ကပ်ပြီး မော့ကြည့်လိုက်တယ်။

နောက်ထပ် မကျတော့ဘူး။

ဂူအမိုးပေါက်အပေါ်မှာ သားကောင်တစ်ကောင်ကောင် ဖြတ်သွားကျော်လွှားပြေးရင်းက ကျောက်တုံးကို တိုက်မိပြီး ကျလာတာနဲ့တူရဲ့

သူတို့ ဆင်ထိုးလုံ့တွေချိန်ပြီး နားစွင့်နေတုန်းမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်ရှားရှား အသံအချို့ကို ကြားလိုက်ရတယ်။

"ရှူး ... အသံမပြုနဲ့"

"ကျို ... ကျို ..."

"ဝရော ..."

"ဆင်သံတွေ ... အစ်ကို"

"ဟုတ်တယ် ... ငါတို့ လူနံ့ရလို့ လှုပ်ရှားလာတာ။ နောက်ကို ဆုတ်၊ မြန်မြန်ဆုတ်"

"ကျို ..."

"ကျို ..."

သူတို့ ဂူပေါက်ဝရှိရာကို အမြန်ဆုတ်လာချိန်မှာပဲ ဂူကြီးထဲကနေ လှုပ်ရှားသံတွေ၊ ဆင်အော်သံတွေ ကြားရတော့တယ်။

ဒီမှာပဲ ...

ရဲသီဟတို့ ဂူအမိုးပေါက် အလင်းရောင်အောက်တည့်တည့်မှာ ဆင် သုံးကောင်ကို အထင်းသား မြင်လိုက်ရပြီး အံ့ဩနေတုန်းမှာပဲ ...

ဆင်ဖြူသုံးကောင်ဟာ နှာမောင်းတွေ ဝှေ့ယမ်းထောင် အနံ့ခံရင်း မိမိတို့ညီအစ်ကိုရှိရာကို ခြေလှမ်းကျဲတွေနဲ့ တန်းစီပြေးလာသလိုမျိုး မြင် လိုက်ရရော ...

သူတို့ညီအစ်ကို ဆင်ဂူထဲကနေ အမြန်ဆုံး ပြေးထွက်လာခဲ့လိုက် ကြတယ်။

အပြင်ကိုရောက်သည်နှင့် ...

ဆင်ရုံကြီးတို့ကို နောက်ပြန်အမြန်ဆုတ်ကြဖို့ လှမ်းအော်သတိပေး လိုက်တယ်။

ဆင်လိုက်သမားအဖွဲ့ဟာ ကျွန်းပင်ကြီးတွေ၊ ဝါးပိုးပင်ကြီးတွေကို အကာအကွယ်ယူပြီး လာလမ်းရှိရာကို ခပ်မြန်မြန် ဆုတ်လိုက်ကြတယ်။ အပင်ကြီးတွေကြားကနေ ကွယ်ပုန်းပြီး ပြေးကြတာ။

ဆင်လိုက်နိုင်မည့် လမ်းကြောင်းနဲ့ ဝေးတော့မှ မေးရတယ်။





"ရဲသီဟ ... ဘယ်လိုထူးတုံး"

"သူတို့ ဂူထဲမှာရှိတယ် ... ဆင်ရုံကြီး"

"ဆင်ဖြူတွေလား"

"ဟုတ်တယ်"

"ဘယ်နှကောင် တွေ့ခဲ့တုံး"

"သုံးကောင် ... ဆင်ပေါက်တွေခင်ဗျ"

"ဒါဆို ဒီဂူက ဆင်ဖြူတော်ကြီး သုံးကောင်နေတဲ့ဂူ သေချာပြီ ပေါ့"

"သေချာပါတယ် ... ဆင်ရုံကြီး"

"ငါတို့ အမြန်လုပ်ငန်းစမှ ဖြစ်မယ်ဟ။ ကြန့်ကြာရင် ဆင်တွေ လမ်းကြောင်းရွှေ့သွားနိုင်တယ်။ အားလုံး စခန်းကို ပြန်ကြစို့"

ပြောရရင် သူတို့အောက်မှား ဆင်ဖမ်းအဖွဲ့သားအားလုံး စခန်း အပြန်လမ်းမှာ ပျော်ရွှင်နေကြတယ်လေ။

အခု သေချာသွားပြီ။

ဆင်ဖြူတော်တွေနေတဲ့ စခန်း (ဂူ)ကို ခြေရာခံမိခဲ့ပြီ။ ကြည့်ရတာ ဂူဟာ ဥမင်မရှိတဲ့ ဂူနေလိမ့်မယ်။ ဥမင်ရှိတဲ့ဂူဆိုရင် လူနံ့ရတာနဲ့ လိုက်နေ မှန်းသိတာနဲ့ ဥမင်ဂူလမ်းအတိုင်း လွတ်ရာကို ရှောင်ပြီး တောင်ပေါ်ကို ရှောင်သွားကြမှာလေ"

ဂူက သိပ်မရှည်လို့သာ လူနံ့ရပြီး ဂူထဲကနေ လိုက်သလို ပြုတာ နေမှာ။ ဟူး ... တော်ပါသေးရဲ့။ အပြေးမြန်လို့။ နို့မို့ ...

❁ ❁ ❁

www.burmeseclassic.com

# ၁၄

❑

ရဲသီဟတို့ ဆင်ဖမ်းအဖွဲ့ဝင်တွေ ဆင်စခန်းရှေ့မှာ တန်းစီအသင့် ရပ်နေကြတယ်။ ဆင်ဖမ်းအဖွဲ့မှာ လူအင်အား သုံးဆယ်ပါတယ်။

အောက်မားစာရေး။

ဆင်အစီအရင်။

ဆင်ရုံသား၊ ဆင်မှူး၊ ဆင်ကဲ၊ ဆင်ကြားသား၊ ဆင်စမ်းသားနှင့် ဆင်နောက်လိုက်ဦးစီး၊ နောက် ဆင်ထိန်း၊ ပဲ့လှံကိုင်၊ ဆင်ကံကျွေး စတဲ့ အမှုထမ်းတို့ဖြစ်တယ်။

"အောက်မားတို့ ငါတို့ဆင်ဖြူတော်သုံးကောင်ကို ခြေရာခံမိပါပြီ။ နက်ဖြန် အောက်မားတော်ဆင်မတွေနဲ့ ဆင်အောက်ထွက်မယ်။ တို့များ အောက်မားအဖွဲ့ရဲ့ အစဉ်အလာအတိုင်း ဥတေန နတ်မင်းကြီးရော၊ ပရမေ သူရိန်နတ်၊ တောစောင့်တောင်စောင့်နတ်နဲ့ နယ်ရှယ်မယ်ရှင်နတ်များကို အစဉ်အလာအတိုင်း ပူဇော်ပသကြမယ်။ မောင်တို့အားလုံးသိဖို့က ချိန် ကစပြီး တောဝင် ဆင်ဖမ်းကြရတော့မှာမို့ အားလုံး ရှေးစည်းကမ်းအတိုင်း အနေသန့်ကြတော့"





ရဲသီဟတို့ ဆင်ဖမ်းအဖွဲ့တွေအနေနဲ့ တောထဲမှာ ဆင်ဖမ်းထွက် တော့မှာမို့ အထူးသတိထားရတဲ့ အချက်တွေကို ပြန်စဉ်းစားကြတယ်။

ဆင်ကျော့သွားရင် ...

လက်ပမ်းမခတ်ရဘူး။

ဆင်ဖမ်းသွားတုန်း လက်ပမ်းခတ်ရင် ကိုယ်စီးတဲ့ဆင်ကို တော ဆင်က ထိုးရွှေ့ရော။

ကိုယ်စီးဆင်နိုင်ရင် ကိစ္စမရှိ။

မနိုင်ရင် ကိုယ့်ဘက်က ပြေးရင်းလွှားရင်း ခါချလို့ ကျရင် သေ မှို့ များတယ်လေ။

ပြီး ... ကိုယ်ချက်ပြုတ်စားနေတဲ့ ထမင်းအိုး၊ ဟင်းအိုးကို ဖွင့် ပြီး အသုံးပြုနေတဲ့ယောင်းမကို အိုးဝပေါ် ကန့်လန့်မတင်ခဲ့ရဘူး။

အဲဒီလိုလုပ်ခဲ့ရင် ...

ဆင်ဖမ်းသွားရာမှာ ကိုယ့်ဆင်နောက်ကို တောဆင်တွေလိုက်ပြီး ရှေ့ကနေ ကာသလို တားသလို ပြုကြရော။

အဲဒီလို ကာထားကြရင် ...

ကိုယ်လိုအပ်တဲ့ ဆင်ကောင်းဆင်ပေါက်ကို မျှားလို့ ဖမ်းလို့ ကျော့ လို့ မရတော့ဘူး။

အကယ်လို့ ...

ဆင်ကျော့သွားမှာ သိရဲ့သားနဲ့ စားအိုးစားခွက်မှာ ယောက်မကို စိုက်နစ်ထားရင်လည်း ဆင်ဖမ်းသမား အန္တရာယ်ကြုံရတာပဲ။

အဲဒီလိုလုပ်ခဲ့ရင် ကိုယ်စီးတဲ့ဆင် မြေကျင်းတွင်းကျွံရော၊ အိုးစွပ် လည်း မစားရဘူး။

တောထဲမှာ ကျားစားထားတဲ့ သားကောင်ရဲ့ ကျန်အသားကိုလည်း မစားရဘူး။ ဦးခေါင်းကို ဆီလူးမသွားရဘူး။

ကျားကိုက်သားကောင်သေရဲ့ အသားကို စားမိရင် လွှန်ကျူတ် တတ်တယ်။ လွှန်ကျူတ်တယ်ဆိုတာက ...



www.burmeseclassic.com

www.burmeseclassic.com



ခနက်ပလာအဖွဲ့က ဆင်ဖမ်းရင် လွှန်ကြိုးနှင့် ဆင်ဦးခေါင်းကို ဖမ်းရတာ။ လိုချင်တဲ့ဆင်ကို ကိုယ့်ရဲ့လိုက်ဆင်နဲ့ လိုက်ရင်း ကိုယ့်စီးတော် လိုက်ဆင်ကနေ လွှန်ကြိုးပစ်ဖမ်းမိခဲ့သည့်တိုင် ...

စောစောက ရိုးရာစည်းကမ်းထဲက အစားအမှားကို ကျူးလွန်ခဲ့ရင် ...

မိထားတဲ့ဆင်ရိုင်း လွှန်ကြိုးပြုတ်ရော ...

ဒါမှမဟုတ် လွှန်ကြိုးချည်ထားတဲ့ မိမိလိုက်ဆင်က လွှန်ကြိုး ပြတ်ပြီး ဆင်ရိုင်းလွတ်သွားရော။

ဒါကြောင့် ...

ဆင်ဖမ်းသွားရင် ကျားကိုက်လို့ သေနေတဲ့ သားကောင်ရဲ့အသား ကို မစားရဘူး။ ထားခဲ့၊ မယူနဲ့၊ မကိုင်နဲ့။

ဆင်လိုက်ရင် မလုံမခြုံ မဝတ်စားရဘူး။

ညစ်ညစ်ညမ်းညမ်း မဆဲရေးရဘူး။

အချင်းချင်း ရန်မဖြစ်ရဘူး။ မသတ်ပုတ်ရဘူး။

ဒီစည်းကမ်းတွေက ပုဂံခေတ်မတိုင်ခင်ကနေ ယနေ့ မျက်မှောက် ခေတ်တိုင်အောင် ဆင်ဖမ်းသမားတွေ လိုက်နာရတဲ့ စည်းကမ်းပဲ။

ဆင်ဖမ်းသွားတဲ့သူတွေပဲ စည်းကမ်းလိုက်နာရမှာလားတဲ့။

မဟုတ်သေးဘူး။

ဆင်ဖမ်းသမားတို့ရဲ့ ဇနီးမယား၊ သားသမီး၊ ကျန်ရစ်သူတွေ လည်း ဆင်ဖမ်းသွားတဲ့ လင်သားမိဘ ပြန်မလာမချင်း အိမ်ကနေ ပြုမူရ တဲ့ 'စည်း' တွေရှိတယ်။

ကျန်ရစ်သူတွေ ...

ဦးခေါင်းမလျှော်ရဘူး။

ဆံပင်ဖားလျား မချရဘူး။

စိတ်ကူးသစ်စာပေ



အိမ်မှာစိုက်ထားတဲ့ ဘူးသီး၊ ကင်းပိတ်သီး ဟင်းချက်မစားရဘူး။ ချက်တက်ပုန်းရည်ကို ကိုယ်ဆီလာတောင်းလည်း မပေးရဘူး။ သူများအိမ် အလည်း သွားမတောင်းရဘူး။

အသုဘအိမ် မသွားရဘူး။

အိမ့်သူမိန်းမက အခြားလင်ယောက်ျားသားနဲ့ မဖောက်ပြန်ရဘူး။

ကျန်ရစ်သူ အိမ်သူအိမ်သား ဇနီးမယားက အဲဒီအမှုတွေ ပြုမိ တာနဲ့ ဆင်ဖမ်းသွား တောဝင်နေတဲ့ လင်သားဖခင်မောင်ဘွားတို့ဟာ တော ထဲမှာ ဘေးဒုက္ခအမျိုးမျိုးနဲ့ကြုံတွေ့ပြီး အသက်ပါ အန္တရာယ်ရှိသလို ...

ရည်မှန်းချက်လုပ်ငန်းတွေလည်း ပျက်ရော။

ဒါကြောင့် ဆင်ဝန်တွေ ...

ဆင်ရုံကြီးတွေ၊ ဆင်မှူးတွေဟာ ကိုယ့်လက်အောက်က အမှုထမ်း တွေကို အမြဲ တဖွဖွ သတိပေးနေရတယ်။ အမှားမခံဘူးလေ။

ရဲသီဟတို့ရဲ့ အကြီးအမှူးက ဥတိန္န (ဥတေန) မင်းကြီးပွဲကို ကျက်ပျောပွဲ၊ အုန်းပွဲ၊ အရက်၊ ဆားနယ်ထားတဲ့ မန်ကျည်းမှည့်နှစ်လုံး၊ ယောင်းတိုင်မီး၊ မုန့်နီ၊ မုန့်ဖြူ စတဲ့ ရိုးရာစားဖွယ်အစုံအလင်နှင့် တင်မြှောက် ပြီး ဆင်ဖမ်းသွားရာမှာ ဆင်ကောင်းဆင်သန့် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည့် ဆင်ဖြူတော်များ လက်ရဖမ်းမိစေရန် အပိုင်အဆိုင်တို့က ကူညီ ကြပါ။ ဥတေနအရှင်က ကူညီမှိုင်းမပါ။

ကျားဆိုး၊ သစ်ရဲ၊ သစ်ကြုတ်၊ တောဆင်ဆိုးနှင့် အဆိပ်ရှိသော မြွေဆိုးတို့ရန် အန္တရာယ်မှ ကင်းဝေးအောင် စောင့်ရှောက်တော်မူပါ။

ဆင်ဖမ်းလိုသူများ အန္တရာယ်ကင်းဘေးရှင်း၍ စိတ်သွားကိုယ်ပါ ပြီး လုပ်ရိုးလုပ်ငန်းများ ပျော်ပျော်ရွှင်ရွှင်နှင့် အောင်မြင်ရန်အတွက် ...

ဆင်ပေါင်းတို့ကို နိုင်နိုင်နင်းနင်း ပိုင်စိုးတော်မူသော ဥတေန အရှင် ...

တောစိုး၊ တောင်စိုး၊ ဘုမ္မာစိုး၊ ရုက္ခစိုး ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ရှင်၊ နယ်တော်ရှင်တို့အား စားဖွယ်အဖျော်တို့ဖြင့် တင်မြှောက်ပသပူဇော်ပါ၏။

အောက်မားအဖွဲ့သားအားလုံး ရှိသေစွာ တောင်းပန်ကန်တော့မေတ္တာပို့သ ဆုတောင်းကြရတယ်။

"ဆင်မှူး ..."

"အမိန့်ရှိပါ ... ဆင်ရုံကြီး"

"အောက်မားဆင်တွေ နေကောင်းတယ်နော်"

"ကောင်းပါတယ် ... ဆင်ရုံကြီး"

"မုန်မကျဘူးနော်"

"မကျပါဘူးခင်ဗျ ... အားလုံး အစားအသောက် အပြုအစုအကုန်ကောင်းပါတယ်"

"ဒါဆို ရိက္ခာရောစုံအောင် စီစဉ်ပြီးပလား"

"ဆယ်ရက်စာ စီစဉ်ပြီးပါပြီ"

"ကောင်းပြီ ... မိုးလင်းရင် ငါတို့ တောင်ပေါ်တက်ကြမယ်"

"ဟုတ်ကဲ့ ..."

မျှားဆင်ကို 'အောက်မားတော်'လို့လည်း ခေါ်ကြတယ်။ 'အောက်မားဆင်မတော်' လို့လည်း ခေါ်တယ်။

ဒီဆင်မကြီးတွေဟာ အားကောင်းမောင်းသန် အရွယ်ကောင်းစွယ်စုံဆင်မကြီးတွေပဲ။

သူတို့ကို နှစ်နဲ့ချီပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးထားတာလေ။ သူတို့ဟာ လူတမျှနီးပါး သခင်ရဲ့စကားကို နားလည်တယ်။

နောင်အခါမှာ ...

တိုက်ဆင် (ခေါ်) တိုက်ပွဲဝင် စစ်မြေပြင်သုံး ဆင်ဆိုရင်လည်းတိုက်ဆင်တို့ရဲ့အတတ် ...

သစ်ဆွဲဆင်ဆိုရင်လည်း သစ်ဆွဲရာမှာ ဆင်နားလည်အောင် သင်ကြားပေးရတယ်။





မက် (ဝပ်၊ ထိုင်)

လွှတ် (ထ)

တက် (သွား)

အောင်း (သစ်လုံးကို အစွယ်နှင့် မ,ကော်)

ဦးခေါင်းနှင့်တိုက် ...

ဟောင် (ရပ်)

ရား၍ (ငြိမ်ငြိမ်နေ)

စသည်ကနေ ဆင်နားလည်နိုင်သည့် လုပ်ငန်းအလိုက် သုံးတဲ့စကားတွေကို သင်ပေးရတယ်။ စစ်တိုက်ဆင်ဆိုရင်လည်း တိုက်ပွဲစကားတွေကို သင်ပေးရတယ်။

ဆင်တွေရဲ့ အသိဉာဏ်ဟာ လွန်စွာ ထူးဆန်းအံ့ဩဖို့ကောင်းတယ်။

ဆင်တွေကို သစ်ဆွဲရာ၊ ဝန်သယ်ရာ၊ စစ်တိုက်ရာ၊ အခမ်းအနားလှည့်ရာ၊ ဆင်ကိုဆင်ချင်း ဖမ်းဖို့ရာမှာ သင်ကြားပေးရတဲ့ စကားလုံးလေးပေါင်း များစွာရှိတယ်။

အထူးသဖြင့် မြန်မာဆင်တွေဟာ တိုင်းရင်းသား ဆင်ဦးစီးတွေ၊ ဆင်ကိုင်တွေ၊ လေ့ကျင့်သင်ကြားတဲ့ စကားတွေကိုလည်း အလွယ်တကူနားလည်တာ အံ့ဩစရာပဲ။

ရှမ်းဆင်ဦးစီး၊ ကရင်ဆင်ဦးစီး၊ ကချင်ဆင်ဦးစီး စတဲ့ ဆင်ဦးစီးတွေ သင်တဲ့ ဒေသစကား၊ လေ့ကျင့်ပေးတဲ့ စကားကိုလည်း မှတ်ဉာဏ်ဖြင့် နားလည်ကြတယ်။

ဆင်ဦးစီးချင်း လူမျိုးကွဲသော်လည်း အမိန့်ပေးစကားကို နားလည်နိုင်စွမ်းရှိကြတယ်။

(မှတ်ချက် ။ အချို့သော ဆင်တို့သည် (၁၂) ဘာသာစကားကို နားလည်ကြသည်ဟု ရှေးဆရာ ဆင်သုပ်သားများက ပြောပြဖူးသည် ....)

(ကျမ်းကိုး – မြန်မာဆင်)

(စာရေးဆရာ အောင်စိုး)



www.burmeseclassic.com

www.burmeseclassic.com



အောက်မားဆင်တို့၊ နေက်ပလာဆင်တို့ဆိုတာ ဆင်ရိုင်းတွေကို ကျေးရွာ၊ ငင်ရာ၊ ဖမ်းရာမှာ အလွန်အရေးပါပြီး လိမ္မာရေးခြားရှိတဲ့ ဆင်တွေပါ။ တန်ဖိုးကြီး ဆင်လိမ္မာတွေပါ။

အောက်မားဆင်မရဲ့အလုပ်က တောဆင်ရိုင်းကို ဆင်မတို့ရဲ့ မာယာပရိယာယ်နဲ့ မျှား၊ ဖြားယောင်းပြီး ကျုံးရှိရာကို မြူခေါ်လာရတယ်။

တောဆင်ရိုင်းဆိုတာ အလွန်ရိုင်းတဲ့ဆင်ပါ။

သူ့မှာ အစွယ်ရှိတယ်။ သန်မာတဲ့ ခြေထောက်တွေရှိတယ်။

အစွယ်မရှိတဲ့ ဟိုင်းဆင်က နှာမောင်းကိုအားကိုးတယ်။ ခွန်အားကို အားကိုးတယ်။ ဒီလို မာန်လည်းကြီး၊ ရန်လည်းများတဲ့ ဆင်ထီးတွေကို မာန်ကျအောင်၊ ဒေါသမဖြစ်အောင် အချစ်ရဲ့သဘော မ,ရဲ့သဘော သီလာသလိုရှိအောင် မြူဆွယ်မာယာပြုရတာသည် အောက်မားဆင်မများရဲ့ အရေးပါဆုံး အလုပ်ပဲ။

ဆင်ဦးစီးတွေ ...

ဆင်ထိန်းတွေက ...

အောက်မားဆင်တော်ကို သီးသီးသန့်သန့် သင်ကြားထိန်းကျောင်းရတယ်လေ။

အောက်မားဆင်မကို လူမိန်းမတစ်ဦးနီးပါး ဆင်ထိန်းတွေက မာယာပရိယာယ်တွေ အချိန်ယူ သင်ကြားပေးရတယ်။

တောဆင်ရိုင်းအနီးကို ဘယ်လိုချဉ်းကပ်ရမှာလဲ။

တောဆင်ရိုင်း အန္တရာယ်ပြုမယ်ကြံရင် ဘယ်လိုသိရမလဲ။

တောဆင်ရိုင်းကို ငြိမ်သွားအောင် ...

ဆင်မာန်ကျသွားအောင်၊ ရန်မလုပ်ရဲအောင် ...

ခြေသုတ်ပဆိုး မြွေစွယ်ကျိုးသလိုဖြစ်အောင် ဘယ်လိုအသံပေးရမလဲ၊ ချဉ်းကပ်ရမလဲ၊ အလိမ္မာသုံးရမလဲ၊ ရင်ဆိုင်ရမလဲ။

ဒီနည်းပညာ ပရိယာယ်တွေကို ဆင်ထိန်းကြီးတွေက သင်ကြားလေ့ကျင့်ပေးရတာ။





တောဆင်ရိုင်းကို အငြိမ်နဲ့ ချဉ်းကပ်မိသွားရင် ...

တောဆင်ရိုင်းရဲ့ နှာမောင်းနဲ့ အောက်မားဆင်မားရဲ့ နှာမောင်းချင်း ထိတို့ပွတ်သပ် ...

ကျည်ကျည်ကျာကျာ အသံပေး ...

အစ်ကိုရေ ... မောင်ရေ ... အချစ်ရေ ဆိုတဲ့ အသံမျိုးပေး။

ပြီးရင် ကိုယ်လုံးချင်း ပွတ်ထိ။

ဆင်ထီး၊ ဆင်ရိုင်းဆိုတာ ဗိုသတ္တဝါ။ သူ့မှာ တဏှာရှိတယ်။ ရာဂရှိတယ်။ အကြင်နာခံချင်တယ်။ အယုယခံချင်တယ်။

ဆန့်ကျင်ဖက်လိင်ရဲ့ ပွတ်သီးပွတ်သပ် အရသာကို ကြည်နူးတယ်။ ဟုတ်ပြီ ... တောဆင်ရိုင်း ကိုယ့်အပေါ်ကို ညွတ်လာပြီလား၊ ကျလာပြီလား။

ညွတ်လာရင် ဟိုနားဒီနား အတူသွားလိုက်၊ အတူစားလိုက်၊ ချစ်ရည်လူးလိုက်၊ အရေးကြီးတာ တောဆင်ရိုင်းက ကိုယ့်(ဆင်မ) အပေါ် လုံးဝဥဿုံ ယုံကြည်စွဲလမ်းလာအောင် အလိုက်အထိုက် လိုက်လျောပေး။

တောဆင်ရိုင်းက ကိုယ်ကြိုးဆွဲရာ ကတဲ့အဆင့် ရောက်လာပြီလား။ ရောက်လာပြီ။

ရှင်မကိုမှ မမြင်ရရင် မောင်တော့ သေရပါလိမ့်မယ်ဆိုတဲ့ မမြင်ရမနေနိုင်ဖြစ်လာပြီဆိုရင် ...

ကိုယ့်သခင်များ စီရင်ထားတဲ့ ဆင်ဖမ်းကျုံးရှိရာကို တရွေ့ရွေ့ ဖြားယောင်းခေါ်လာခဲ့ရတယ်။

ကျုံးထဲရောက်ပြီဆိုရင် ...၊

ကျုံးမှူးက ကျုံးတံခါးကို ဝုန်းခနဲ ပိတ်ချ။

ဆင်မက မလွယ်ပေါက်က အမြန်ထွက်။

အဲဒီလို ဆင်မမာယာ သဲကိုးဖြာအတတ်တွေကို သခင်ဆင်ထိန်းတို့က စေ့စေ့စုံစုံ သင်ကြားလေ့ကျင့်ပေးခဲ့ရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ရဲသီဟတို့ အောက်မားဆင်ဖမ်းအဖွဲ့မှာ အလွန်ကို ပါးနပ်လိမ္မာတဲ့ အောက်မားဆင်မကြီးတွေ ရှိတယ်။

မားကြီး၊ မားလေး၊ မားညို၊ မားသွယ်၊ မားစုံ စတဲ့ ဆင်လိမ္မာကြီးတွေမှ အများကြီး။

ဒါကြောင့် ... ဆင်ဖမ်းထွက်မယ်လို့ ဆုံးဖြတ်ပြီးတော့ ဥတေနံ (ဥဒိန္န)အရှင် အပါအဝင် အပိုင်အဆိုင်တွေကို ပွဲကြီးပွဲငယ် စားဖွယ်အစုံနဲ့ တင်မြှောက်ပသရတာ။

ဒါ မပြစ်မနေလုပ်ရတဲ့ ရိုးရာဓလေ့ပဲ။

✿ ✿ ✿

| ၁၅ |

❑

"မောင်ကြီးရယ် ... မျှော်လိုက်ရတာရှင်"

"မောင်ကြီးလည်း သတိရနေတာပါပဲ ... ရှင်ဖြူရယ်။ လာချင်တွေ့ချင်လွန်းလို့ အချိန်လုနေရတာပါဗျာ။ မယုံရင် ညီလေးကိုသာ မေးကြည့်"

ရှင်ဖြူက ချစ်သူရဲ့သီဟကို တွေ့လိုက်ရလို့ ဝမ်းသာအားရ ပြောလိုက်လေရဲ့။

ရှင်ညိုကလည်း ချစ်သူရဲ့ဒိဗ္ဗကို ရွှန်းရွှန်းစားစားကြည့်ပြီး ပျော်နေတာပေါ့။

"မောင်ကြီးဒိဗ္ဗ ..."

"ဗျာ ... ဗျာ ..."

"သတိမရလို့ မလာပဲနေတာပေါ့ ... ဟုတ်လား"

"အင်း ..."

"ဘာ ... ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... မဟုတ်ပါဘူး ... ရှင်ညိုရယ်၊ အစ်ကိုသီဟပြောသလို မောင်ကြီးတို့ ဆင်ဖမ်းထွက်မှာမို့ ဆိုင်ရာပိုင်ရာ နတ်တွေကို တင်မြှောက်ပ,သ နေရလို့ပါ ... ရှင်ညိုရဲ့"

"နတ်မြှောက်ရတယ် ... ဟုတ်လား"

"ဟုတ်တယ် ... ရှင်ညို"

ဒီမှာ အစ်မလုပ်သူ ရှင်ဖြူက မေးရဲ့။

"မောင်လေးဒီဇ ..."

"ဗျာ ... အစ်မဖြူ"

"ဆင်ဖမ်းထွက်ရင် နတ်မြှောက်ရတယ်ဆိုတာက ဘယ်လိုနတ်တွေကို မြှောက်ရတာလဲဟင်။ နတ်မြှောက်မှ ဆင်ရတာလားဟင်"

"အစ်မဖြူ ... ဒီအကြောင်းတွေ သိချင်ရင် အစ်ကိုသီဟကို မေးဗျ အစ်မရဲ့ အစ်ကိုသီဟက အဲဒါတွေ နားလည်တယ်ဗျာ"

"ဟုတ်လား"

"မောင်ကြီးသီဟ ..."

"ပြော ... ရှင်ဖြူ"

"ဆင်ဖမ်းထွက်ရင် နတ်တွေမြှောက်ရတာ ဟုတ်လားဟင်"

"ဟုတ်တယ် ရှင်ဖြူ"

"ဘယ်နတ်တွေကို မြှောက်ရလဲဟင်"

"တောကိုဝင်ရင် တောစိုး ရုက္ခစိုးကြီးတွေ၊ တောင်ပေါ်တက်ရင် တောင်ပိုင်နတ်ကြီးတွေကို စားဖွယ်စုံလင်နှင့် တင်မြှောက်ပသ ခွင့်တောင်းရတယ် ... ရှင်ဖြူရဲ့။ အဓိကကတော့ ဥတေနမင်းကြီးကို စားဖွယ်များနှင့် ပူဇော်ခွင့်တောင်းရတာပဲ"

"ဥတေနမင်းကြီး ... ဟုတ်လား ကိုသီဟ"

"ဥတေန နတ်မင်းကြီးလို့လည်း ခေါ်တယ်။ ဥဒိန္နမင်းကြီးလို့လည်း ခေါ်တယ်"





"မောင်ကြီးရယ် ... ရှင်ဖြူတို့ မကြားဖူးလို့ ဗဟုသုတဖြစ်အောင် ပြောပြပါလားဟင်"

"ရှင်ဖြူ နားထောင်ချင်လို့လား"

"အင်းပေါ့"

"ညီမလေး ရှင်ညိုကရော ..."

"နားထောင်ချင်တာပေါ့ ... အစ်ကို"

"ဒါဆို နားထောင်ကြကွယ်"

ဒီနေရာမှာ ဥတေနမင်းကြီးအကြောင်း ပြောရတော့မယ်။

ရဲသီဟတို့ဆင်ဖမ်းအဖွဲ့သားတိုင်းဟာ ဥတေနမင်းကြီးအကြောင်းကို စေ့စေ့စပ်စပ်သိထားပြီး ရှိသေကြရတယ်။ ,

ရှေးတုန်းက ဥတေနမင်းကြီး ဆင်ဖမ်းရာမှာ ...

ဆင်ဖမ်းဂါထာကို ရွတ်ပြီး ဖမ်းတယ်တဲ့။

(မှတ်ချက် ။ ယနေ့တိုင် ဆင်ဖမ်းဂါထာ၊ ဆင်ချော့ဂါထာနှင့် ဆင်နားဝင်သည့် သီချင်းများရှိသည်။)

ကောသမ္ဗီပြည့်ရှင်က ဥတေနမင်းတဲ့ ရှင်ဖြူရဲ့။

ဥတေနမင်းကြီးမှာ သိကြားမင်းကိုယ်တော်တိုင် ဆက်သတဲ့ နတ်စောင်းရှိတယ်။ ,

မင်းကြီးရဲ့ စောင်းတီးသံကြားရင် လူတင်မကဘူး၊ နတ်သမီးတွေပါ ခစားရသတဲ့။

ထီးဆောင်းမင်းအပေါင်းကလည်း ခန့်ညားကြရတယ်။ သာသာ တီးရင် ငြိမ့်ညောင်းသာယာ စောင်းသံမြည်သလို၊ စောင်းသံကြားရရင် ဒေါသ ပြေသတဲ့ဗျ။

ဥတေနမင်းကြီးက ဆင်နိုင်ဂါထာ ရထားတယ်။

ဒီဂါထာကလည်း သိကြားမင်းကိုယ်တိုင် နတ်စောင်းနဲ့အတူ မင်းကြီးကို ဆက်သခဲ့တဲ့ ဂါထာ။

ဆင်နိုင်ဂါထာလို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဆင်နိုင်ဂါထာကို ရွတ်ဖတ်လိုက်ရင် နာဠာဂီရိလို ဆင်ဆိုးတောင် မင်းကြီးရှေ့မှာ ဒူးတုပ်ခစား ကြောက်ရွံ့တုန်လှုပ်ရတယ်တဲ့။

တောတကာ့တောမှာရှိတဲ့ စွယ်စုံဆင်ပေါက် ဆင်ကောင်း၊ ဆင် သန်မှန်သမျှ ဥတေနမင်းကြီး အလိုရှိပါက တောထဲဝင် ဆင်နိုင်ဂါထာကို ရွတ်ဆိုလိုက်တာနဲ့ မင်းကြီးအလိုရှိရာအရပ်မှာ ဝပ်ပျပ်ဦးခိုက်ရတယ်လေ။

ဒီလို ဘုန်းတန်ခိုးကြီးလွန်းလို့ မင်းအပေါင်းတို့က ခန့်ညားရိုသေ ကြောက်ရွံ့ရတာပေါ့။

ဥတေနမင်းကြီး ခုလိုဘုန်းတန်ခိုးကြီးနေတာကို မလိုတဲ့ မင်းဘုရင် တစ်ပါး ရှိတယ်။

မင်းရဲ့အမည်က စန္ဒပဇ္ဇောတမင်းတဲ့။

ဥဇ္ဇေနပြည်ကို အစိုးရတဲ့မင်း။

(အချို့က စမ္ပာနဂိုရ်ပြည်လို့ ဆိုပါသည်။)

စန္ဒပဇ္ဇောတမင်းက ဆင်ဖမ်းဂါထာနှင့် စောင်းအတတ်ပညာကို အလွန်လိုချင်တာကိုး။ ဒီဂါထာကလည်း ဥတေနမင်းကလွဲပြီး ဘယ်သူမှ မရဘူး။

သိကြားမင်းရဲ့ စောင်းကိုတီးခတ်လိုက်ရင် ကြားရသူတိုင်း ဒုက္ခ သောက ငြိမ်းချမ်းသွားရတာကိုး။ ဂီတသံစဉ်ထဲ နစ်ဝင်မိန်းမောသွားကြသတဲ့ ခင်ဗျ။

တစ်နေ့ . . . စန္ဒပဇ္ဇောတမင်းက ဆင်အတုနဲ့ ဖြားယောင်းတယ်။ အလွန်လှပတဲ့ ဆင်ကြီး၊ စွယ်စုံကြီး၊ ဆင်ဖြူကြီးပေါ့။

ဒီဆင်ကြီးကို ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ဖမ်းလို့မရဘူးလို့ သတင်းလွှင့် တယ်။ ဒီသတင်းစကား ဥတေနမင်းကြားတော့ . . .

ငါလို ဆင်နိုင်ဂါထာရှိတဲ့ ဘုန်းကြီးသောမင်းကို ဘယ်လိုဆင်မျိုး ခံဝံ့တုန်း ဆိုပြီး ဆင်(အတု)ရှိရာ စန္ဒပဇ္ဇောတမင်းပိုင် တောကိုဝင်ပြီး ဆင် နိုင်ဂါထာနဲ့ရွတ်လို့ ဖမ်းတော့တာပဲ။

ဆင်က အစစ်မဟုတ်ဘူးလေ။





နီး၊ ဝါးနဲ့ လုပ်ထားတဲ့၊ ဆေးတင်ထားတဲ့ ဆင်ရုပ်အတုကြီးဥစ္စာ။ ဆင်နိုင်ဂါထာရွတ်လည်း ဆင်က လုံးဝမလှုပ်။ မလှုပ်လို့ အနီးကပ် စုံစမ်း ခရော ဆင်က အတုကြီး။

ဥတေနမင်းကြီး အံ့ဩနေရော။

ဒီမှာပဲ အကြံသမား စန္ဒပဇ္ဇောတမင်းက စစ်သည်အင်အားနဲ့ ဝိုင်း ဖမ်းကြတာ။ ဥတေနမင်း အဖမ်းခံရပါရော။

အဖမ်းခံရတော့မှ မေးတော့တာပေါ့။

"စန္ဒပဇ္ဇောတမင်း . . . သင် ဘာကြောင့် ငါ့ကို ဆင်အတုနှင့်ဖြား ယောင်းပြီး တပ်နဲ့ ဖမ်းရတာလဲ"

"ဥတေန . . . ငါသည် သင်ရရှိထားတဲ့ • ဆင်နိုင်ဂါထာနဲ့ နှတ် စောင်းအတတ်ပညာကို အလိုရှိပေတယ်။ ဒါကြောင့် သင့်ကို ဆင်အတုနှင့် ဖြားယောင်းလို့ လက်ရဖမ်းရတာပါ . . . ဥတေန"

"ပဇ္ဇောတ . . . ငါကမပေးမှု သင် ရအံ့လော"

"ဥတေန . . . သင် စဉ်းစားလော့။ သင့်မှာ တိုင်းပြည်နှင့်တကွ ကြီးမတ်ရာ၊ ဥစ္စာရွှေငွေ၊ ရာဇပလ္လင်နှင့် ကျေးကျွန်ပေါင်းများစွာ စည်းစိမ် ဥစ္စာတို့ရှိနေတာ သင် စွန့်ဝံ့လော"

"ကောင်းပြီ . . . ပဇ္ဇောတ။ သင် အမှန်တကယ် စောင်းပညာ နှင့် ဆင်နိုင်ဂါထာ အလိုရှိပါသလော"

"ရှိပါ့ . . . ဥတေန"

"သင်အလိုရှိလျှင် ငါ သင်ကြားပေးအံ့။ သို့သော် ငါ့ကိုရှိခိုးသူကို သာလျှင် ငါ သင်ပေးမည်။ မရှိခိုးမူ လုံးဝမသင်။ သင်ပြုလိုရာ ပြုလော့"

ဥတေနမင်းကလည်း ရှင်းရှင်းနဲ့ ပြတ်ပြတ်ပဲ ပြောရော။

စန္ဒပဇ္ဇောတမင်း အကြပ်ရိုက်သွားတော့တယ်။

ဥတေနကို သူ ရှိမခိုးနိုင်ဘူး။ မိမိက အနိုင်ရဘုရင်။

ဥတေနက ခုခါမှာ သုံ့ပန်း။

သို့သော် တန်ဖိုးမဖြတ်နိုင်တဲ့ပညာကို အလွန်လိုချင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဥတေန ..."

"ပဇ္ဇောတ ... မိန့်ပါ"

"သင့်ကို ရှိခိုးတဲ့သူဆိုရင် သင် ကေန်သင်မှာ သစ္စာပါလား"

"ငါ့သစ္စာကတိ ကေန်ပေ"

"ကောင်းပြီ ... ငါ့ရဲ့ကိုယ်စား ငါ့ကျွန် ကုန်းမအိုအား သင်ပေးလော့"

"ပဇ္ဇောတ ... မိန်းမသားဖြစ်ဘိမူ ငါ မျက်နှာချင်းဆိုင် မသင်လို့။ ငါ့သီလ အပျက်မခံ"

"ကောင်းပြီ ... ကန့်လန့်ကာ ခုနစ်လွှာခြား၍ သင်လော့"

စန္ဒပဇ္ဇောတမင်းကလည်း အကြံသမားလေ။ ဥတေနကို ရှိမခိုးချင်ဘူး။ အမယ်အို (ကုန်းမ)ကြီးကို သင်ပေးပါလို့ ပြောတယ်။

အနိုင်ရသူမင်းက အမယ်အို(ကုန်းမ)ကြီး သင်ပေးဆိုတော့ တတ်နိုင်ဘူးလေ။ မင်းကတိစကားပဲ သင်ပေးရတာပေါ့။

အမှန်က အမယ်အို(ကုန်းမ) ကြီးလို ရုပ်ဖျက်ထားတာက စန္ဒပဇ္ဇောတမင်းရဲ့ သမီးတော်အရင်းခေါက်ခေါက်ပဲ ရှင်ဖြူရဲ့။

ပဇ္ဇောတမင်းက သမီးတော်ကို တိုးတိုးတိတ်တိတ်ပြောတယ်။

"သမီးတော် ... ခမည်းတော်တို့ ရွှေနန်းတော်ကို စောင်းပညာမှာ အံ့ဖွယ်ကောင်းအောင် ကျွမ်းကျင်တဲ့ သူတစ်မိန်းယောကျ်ားတစ်ဦး ရောက်ရှိနေတယ်။ သူဟာ ဆင်နိုင်ဂါထာကိုလည်း ရထားတယ်။ သူက ကိုယ်ခန္ဓာနူရွဲနေတယ်"

"မှန်ပါ ... ခမည်းတော်ဘုရား"

"ဖခမည်းတော်အနေနှင့် သူ့ဆီကပညာကို သင်ယူဖို့ မသင့်ဘူးလေ။ ဖခမည်းတော်ကိုယ်စား သမီးတော်က သူ့ကိုရှိခိုးပြီး အဲဒီစောင်းပညာနဲ့ ဆင်နိုင်ဂါထာကို လက်ရ၊ နှုတ်ရ သင်ယူရမယ်"

"မှန်ပါ့ ဘုရား"





"သို့သော် သူက တစ်မိန်းယောကျ်ားသား အနူအရွဲ။ သမီးတော်က အလွန်ချောမောလှပတဲ့ ဘုရင့်သမီးတော်။ မျက်နှာချင်းဆိုင်လို့ မဖြစ်ဘူး"

"ခမည်းတော်ဘုရား ... ဒါဆိုလည်း အခြားယောကျ်ားသားတစ်ဦးကို မျက်နှာချင်းဆိုင် သင်ယူနိုင်းပါလား ဘုရား"

"မဖြစ်ပေဘူး ... သမီးတော်။ ဒီလိုတန်ဖိုးကြီးတဲ့ ပညာတွေကို အခြားသူတစ်မိန်း သင်ယူရရှိသွားလို့ မဖြစ်ဘူး။ သမီးတော်ကသာ ရုပ်ဖျက်ပြီး သူ့အို၊ ဘွားအိုသဏ္ဌာန်နဲ့ ပညာသင်ယူပါ။ ရခဲ့ပြီးမှ အဖခမည်းတော်ကို ပြန်သင်ပေးပါ"

"ကောင်းလှပါပြီ ... ခမည်းတော်ဘုရား၊ သမီးတော် အဲဒီစောင်းပညာနဲ့ ဆင်နိုင်ဂါထာကို အရသင်ယူပါ့မယ်။ စိတ်ချတော်မူပါ ဘုရား"

"သမီးတော် ..."

"အမိန့်ရှိပါ ... ခမည်းတော်ဘုရား"

"အနူအရွဲ စောင်းဆရာကို စကားလုံးဝ မပြောပါနဲ့။ လူချင်းမတွေ့ပါနှင့်"

"ဘယ်အကြောင်းကြောင့်ပါလဲ ဘုရား"

"သူက အနူကြီးလေ။ သူ့ရဲ့ရုပ်သွင်ကို သမီးတော်မြင်လိုက်ရရင် အော့နလုံးနာ အော့အန်မူးဝေပြီး ဘုရင့်သမီးတော်ရဲ့ ရာဇက္ကာန္ဒြေပျက်ယွင်းသွားမှာစိုးလို့ပါ သမီးတော်"

"ကောင်းလှပါပြီ ... ခမည်းတော်ဘုရား။ သမီးတော်သည် အနူအရွဲကြီးထံက ပညာကိုပဲ ရအောင်သင်ယူပါမည်။ သူ့ကို လုံးဝ စကားလည်းမပြော၊ ကြည့်လည်းမကြည့်ပါဘူး ခမည်းတော်ဘုရား"

ပဇ္ဇောတမင်း ဝမ်းသာသွားတယ်။

အမှန်က မျက်နှာမကြည့်စေချင်၊ စကားမပြောစေချင်တာက အခြားကြောင့်မဟုတ်ဘူး ရှင်ဖြူရဲ့။ ဥတေနမင်းကလည်း အရွယ်ကောင်း၊ ရုပ်ချောလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဥတေနက ကောသမ္ဗီပြည့်ရှင် ဘုရင်တစ်ပါးလေ။

ဘုရင်ဥတေနထံကနေ စောင်းပညာနဲ့ ဆင်နိုင်ဂါထာ သင်ရမယ် လို့ အမှန်အတိုင်းပြောလိုက်ရင် ...

အိုးချင်းထား အိုးချင်းထိမှာစိုးလို့။

အနူအရွဲ ရှုံ့စရာ စောင်းသမားအိုကြီးလို့ လိမ်ညာပြောလိုက်တာ

ဒီလိုနဲ့ စောင်းပညာသင်ရမည့်နေ့ ရောက်လာတယ်။

တင်းတိမ်ကန့်လန့်ကာ နှစ်လွှာခြားထားတဲ့ ဒီမှာဘက်မှာ ရှင်ဘုရင် ပဇ္ဇောတမင်းရဲ့ သမီးတော်။ ဟိုမှာဘက်မှာက စောင်းဆရာ ဥတေန (အ အရွဲ သူအိုကြီး)။

စောင်းဆရာ ဥတေနကလည်း သူစောင်းပညာ သင်ပေးရမ တပည့်သည် သူအို (ကုန်းမ)ကြီးလို့ပဲ မှတ်ယူတယ်။

ဘုရင့်သမီးတော် (သူအိုကုန်းမ)ကြီးက အမယ်အိုကြီးအသံ ကိုယ်ပိုင်စောင်းကို ပိုက်ပြီး ...

"ကျွန်မ ကန်တော့ပါသည် ... စောင်းဆရာ"

"ကောင်းပြီ ... သင် စောင်းပညာကို စတင်နာယူ လေ့လာ ပေရော့ ... တပည့်။ စောင်းကြိုးတို့မည်သည် သုံးကြိုး၊ ခုနစ်ကြိုးရယ် ရှိပေတယ်။

အောက်ဆုံးကြိုးက စလို့ရေတွက်ရင် (၁) သံဖျားကြိုး၊ (၂) ချပ်ကြိုး၊ (၃) တျာကြိုး၊ (၄) တျော့ကြိုး။ (၅) တျောကြိုး၊ (၆) က မဇ္ဈိမကြိုးလို့ ခေါ်တယ်။ တစ်ခါ နားထောင်လော့။ ဟောဒီအသံကို နှာ ဥသဘတွန်သံလို့ ခေါ်တယ်။ 'ဥသဘ' လို့ ခေါ်သကွယ်။

ဟောဒီအသံက 'ဓေဝတ' တဲ့။

မြင်းဟီသံနဲ့တူတဲ့ အသံပေါ့။

ဟောဒီအသံကိုတော့ 'ဆဇ္ဇသံ' လို့ခေါ်တယ်။

နားထောင် ... ဥဒေါင်းအော်တဲ့အသံ၊ ဥဒေါင်းသံတဲ့။

တပည့် ...





ဘာကြောင့် ဆဇ္ဇလို့ ခေါ်သလဲဆိုတော့ ဒီအသံကို နှာခေါင်း၊ သွား၊ ရင်ဘတ်၊ နှုတ်ခမ်း၊ အာခေါက်၊ လည်ချောင်း အရပ် (၆)ပါးကို မှီပြီး အသံထွက်ရလို့ 'ဆဇ္ဇ' လို့ ခေါ်သကွယ်။

ဒီအသံကို မှတ်ထား။

ဆိတ်မြည်တဲ့အသံ။ အဲဒီအသံကို 'ဂန္ဓာရ' လို့ခေါ်တယ်။

ဘာလို့ ဂန္ဓာရလို့ ခေါ်သလဲဆိုတော့ ဂန္ဓာရတိုင်းသားတွေ သိဆို ကြတာကြောင့် ဂန္ဓရသံလို့ ခေါ်တယ်။

နားထောင် ..."

ဥတေနဘုရင်က စောင်းသံတစ်မျိုးကို တီးခတ်လိုက်ပြီး ...

"တပည့် ဘာသံနဲ့ တူပါသလဲ"

"ကြိုးကြာမည်သံနဲ့ တူပါတယ် ဆရာ"

ဘုရင့်သမီးတော်က အမယ်အိုသံလုပ်ပြီး ဖြေလိုက်တယ်။

"မှန်လိုက်လေ ... ငါ့တပည့်၊ သင်သည် ဉာဏ်ရည်ကောင်းသူ ။ စောင်းပညာအခေါ်အရ 'မဇ္ဈိမသံ' လို့ခေါ်တဲ့ ကြိုးကြာသံပါတဲ့။ ဘာ ကြောင့် မဇ္ဈိမသံလို့ ခေါ်လည်းဆိုတော့ စောင်းကြိုးညှိတဲ့အခါ အလယ်သံ လယ်ဖြစ်လို့ မဇ္ဈိမလို့ခေါ်တယ်။ နားထောင် ..."

ဥတေနမင်းက စောင်းသံတစ်သံကို တီးပြလိုက်တယ်။

အသံက ညြညြ၊ အောင်အောင် အသံ။

"ဘာသံနဲ့ တူတုံး"

"ဥသြအော်မြည်သံပါ ဘုရား"

"မှန်လိုက်လေ။ ဒီအသံကို 'ဒေဝတ' လို့ ခေါ်တဲ့ အစသံကနေ တွက်ရင် ပဉ္စမမြောက် ကြိုးသံဖြစ်လို့ 'ပဉ္စမသံ' လို့ခေါ်တယ်။ ပြီး မဟာ တ် (၅)ပါးတို့ရဲ့ (၅) ခုမြောက်ဖြစ်လို့လည်း ပဉ္စမလို့ခေါ်တယ်။ ကဲ ... ဆုံးတစ်သံကို မှတ်ယူပါဦး ... တပည့်အို"

အသံက ဝုန်းဝုန်းဝေါဝေါ အသံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်အို ... အဲဒီစောင်းကြိုးခတ်သံက ဘယ်လိုအသံမျိုးနဲ့ တူပါသလဲ"

"ဆရာ ..."

"ပြောပါ ..."

"သတ္တဝါအကောင်ကြီးကြီးတွေ တောတိုးတဲ့အသံနဲ့ တူပါတယ် ဆရာ"

"မှန်လိုက်လေ ... တပည့်အို၊ အဲဒါ ဆင်တွေတောတိုးတဲ့အခါ မြည်တဲ့အသံမျိုးပဲ။ ဒီအသံကို ပါဠိလို 'နိသာဒ' ဆင်တောတိုးသံလို့ ခေါ်တယ်။ ကိုင်း ... စောင်းရဲ့ အခြေခံအသံ (၇)သံကို မှတ်မိပါရဲ့လား ... တပည့်အို"

"မှတ်မိပါတယ် ဆရာ"

"မှတ်မိရင် တစ်သံချင်း ပြန်တီးပြပါဦး"

ဘုရင့်သမီးတော် (ကုန်းအို)က ပထမအသံ ဥသဘသံကနေ နိသာဒ ဆင်သံရောက်အောင် တစ်ကြိုးချင်း တီးပြလိုက်ရော။

အနူလို့ ပြောထားခြင်းခံရတဲ့ စောင်းပညာရှင် ဘုရင်ဥတေန အလွန် အံ့ဩသွားခဲ့တယ်။ ဒီတပည့်ကုန်းမအိုဟာ တတ်သိနားလည်လွယ် သူပါလား။ တတ်မှာပေါ့ ဘုရင့်သမီးတော်ကလည်း စောင်းတီးတတ်သူပဲ လေ။

ဒီလက်သံမျိုးသည် စောင်းရဲ့အခြေခံပညာကို သိရှိနားလည် ထိ ခတ်တတ်သူသာ အလွယ်သိနိုင်တဲ့ လက်ပဲ။ ဥတေနစောင်းဆရာ သိရှေ တယ်။

ဒီလိုနဲ့ စောင်းပညာကို အခြေခံအဆင့်ကနေ တစ်နေ့ နည်းနည်း ချင်း တက်ပေးလိုက်တာ။

ကြိုးသီချင်းတို့၊ ဘွဲ့သီချင်းတို့ပါ ကုန်းအိုမ နားလည်တီးခတ်နိုင် တာကို သိလာခဲ့တယ်။





အနူစောင်းဆရာ (ဘုရင်ဥတေန) စောင်းသင်ပေးရင်း စဉ်းစား တယ်။ တစ်ခါတစ်ခါ မေးလိုက်ရင် ကန့်လန့်ကာခုနစ်လွှာ ဟိုမှာဘက်က စောင်းသင်တပည့်မအိုကြီးရဲ့အသံက သက်ကြီးအမယ်အိုတစ်ဦးရဲ့ အသံနဲ့ မတူဘူး။

အရွယ်ကောင်း မိန်းမရွယ်တစ်ဦး အသံမျိုးလို့ ထင်ရတယ်။

မဟုတ်မှလွဲရော အသံဖျက်ပြီး စောင်းပညာ သင်ယူနေရော့ လား။ ဒါကြောင့် ဥတေနဘုရင် (အနူစောင်းဆရာ) က တစ်နေ့ ပညာစမ်း လိုက်တယ်။

"တပည့် ..."

"အမိန့်ရှိပါ ဆရာ"

"ကြိုးသီချင်းကို ဆိုတီး ပြန်ဆိုတီးပြစမ်းကွယ်"

"ဆရာ ..."

"ပြော ... တပည့်"

"ကျွန် ... ကျွန်မ ... လည် ... လည်ချောင်း ... နာ ... နာနေလို့ ... မ .... မဆိုပါရစေနဲ့။ တီး ... တီးပဲ တီးပြပရစေဆရာ"

"ကိစ္စမရှိဘူး ... တပည့်၊ အသံမကောင်းလည်း စည်းဝါးနရီ မိမိ ဆရာသိချင်တယ် ... ဆိုပါ"

"မ ... မဆိုပါရစေနဲ့ ဆရာ"

"မဆိုရင် ဆရာ သင်မပေးတော့ဘူး"

သူ့အိုမကြီးသဏ္ဍာန် အသံတုနဲ့ စောင်းပညာသင်နေတဲ့ ပဒ္မာဝတီ ဘုရင့်သမီးတော် အခက်ကြုံသွားရပါရော။

စကားပြောတုန်းက အသံကို ဖျက်ပြီး လုပ်ပြီး လျှို့လျှို့ဝှက်ဝှက် သင်ယူခဲ့ရသော်လည်း ...

တစ်ချက်တစ်ချက် ပင်ကိုမူလ အရွယ်ကောင်းမိန်းမပျိုရဲ့အသံပါ ထွက်သွားလို့ စိုးရိမ်နေချိန်မှာမှ ...

ဆိုတီး တီးပါလို့ ဆရာကပြောလာတော့ ခက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်ကလည်း စကားမပြောရဘူး။ အမယ်အိုသံနဲ့ပဲ ပြော။ ခုတော့ သီချင်းမဆိုရင် သင်မပေးတော့ဘူးဆိုတော့ …

စဉ်းစားရပြီ။

သီချင်းဆိုရင် ဘယ်လိုလုပ်ပြီး အမယ်အိုသံနဲ့ ဆိုလို့ရမှာတုံး။ ခမည်းတော်ဘုရားကလည်း စောင်းပညာရအောင် သင်ရမယ်လို့ အမိန့်ပေးထား။

ဟယ် … ဖြစ်ချင်ရာဖြစ် …

သီချင်းဆိုတာပဲဥစ္စာ။

စောင်းတီးပညာတောင် သီချင်းပုဒ်ရေ အတော်များများ ရနေပြီ။ အနူစောင်းဆရာကို ဆိုပြရရော ဘာဖြစ်တုံး။

အသံမကောင်းလည်း အရေးလား။

ခမည်းတော်လိုချင်တာက အဆင့်မြင့်စောင်းပညာ။

ပြီးတော့ ဆင်နိုင်ဂါထာ။

ဒီပညာတွေရဖို့ ခိုင်းတဲ့အတိုင်း လိုက်နာရမှာပဲ။

ဘယ်သူကြားမှာတုံး။

အပြင်မှာစောင့်ကြပ်နေတဲ့ အစောင့် မင်းမှုထမ်းတွေပဲ ကြားမှာ။ ကိစ္စမရှိ။ တိုးတိုးဆိုရင် ရတာပဲဥစ္စာ။ ပြီး ဒါက ပညာသင်ယူနေတာ။

ဒါနဲ့ ကြိုးသီချင်းတစ်ပုဒ်ကို အမယ်အိုမသံနှင့် ဆိုလိုက်တယ်။ သို့သော် ကြာတော့ လုပ်ဆိုလို့ မရတော့ဘူး။ မူလပင်ကို ပျို့ရွယ်သူ့အသံဖြစ်သွားရှာတော့တယ်။

စောင်းဆရာ ဥတေနဘုရင်လည်း ကန့်လန့်ကာခုနစ်လွှာ ဟိုမှာဘက်က သီချင်းဆိုနေတဲ့ တပည့်ကုန်းအိုမရဲ့ သီချင်းဆိုသံ အသံပြောင်းလာတာကို နားထောင်ပြီး ပြုံးလိုက်သတဲ့။

အင်း …

ဥဒ္ဒေနပြည့်ရှင် စန္ဒပဇ္ဇောတမင်းရဲ့ အကြံက ဒီလိုကိုး။ ငါ့ကိုပြောတော့ အမယ်အိုစောင်းသမားကို သင်ပေးရမှာတဲ့။





ခုကြားလိုက်ရတဲ့ အသံက ပျို့ရွယ်သူရဲ့အသံ။

ကြည်လင်နွဲ့ချို့ သာယာအေးမြတဲ့အသံ။

ဒီအသံရှင်တပည့်မ ရှိလှရင် သင်းအသက် (၂၀)ကျော် ပျို့ရွယ်တဲ့အသက်ပဲ ရှိရမယ်။

အသံကောင်းရင် ရုပ်ဆိုးသတဲ့။

ဟုတ်ပါ့မလား။

ဒီအသံရှင်တပည့်မရဲ့ အသံက မေတ္တာသံပေါက်တယ်။

စမ်းရေစီးသံလို ငြိမ့်ညောင်းနေတယ်။

ဘုရင်ဥတေန စည်းနဲ့ဝါးကို လိုက်ပေးနေရင်း သူမရဲ့အသံမှာ နစ်မျောစီးဝင်သွားခဲ့တယ်။ သီချင်းဆုံးသွားပြီ။

တီးလုံးနဲ့ အနားသတ်လို့လည်း ပြီးသွားပြီ။

ခန်းမကြီး တိတ်ဆိတ်ငြိမ်သက်သွားခဲ့တယ်။

အပ်ကျရင်တောင် ကြားရတဲ့ အနေအထား။

သစ်ရွက်ငယ်လေး ကြွေကျသွားရင်တောင် လန့်သွားနိုင်တဲ့ တိတ်ဆိတ်မှုမျိုး။

"တပည့် …"

"ရှင် …"

"ဆရာ့ရဲ့နားထဲကို စမ်းရေချိုတွေ စီးသွားခဲ့ပြီ တပည့်"

"ရှင်"

ဘုရင့်သမီးတော် စောင်းပညာနဲ့ လုံးဝမဆိုင်တဲ့စကားကို ကြားလိုက်ရလို့ အံ့အားသင့်သွားခဲ့တယ်။

ပြီး သူမရဲ့ဘဝမှာ ဒီလိုစကားမျိုး တစ်ခါမှ မကြားဖူးဘူး။

"တပည့် …"

"ရှင် … ရှင် ဆရာ"

"မင်း ဆရာ့ကို ညာနေဦးမှာလား ဟင်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်အရွယ်လဲဆိုတာ ဆရာ ခန့်မှန်းမိပါတယ်"

"ဟို . . . ဟို . . ."

"အသံတောင် ဒီလောက် ချိုသာအေးမြနေရင် ရုပ်ရည်ကလည်း ဖော့ဖယောင်းလို၊ ငွမ်းအနုစ်လို နုအိရှွန်းစိုနေမယ်ဆိုတာ ဆရာ ယုံကြည်တယ်။

ဘုရင့်သမီးတော် ရင်တွေဖိုနေပါပြီ။

နှင်းဆီးဖူးလို နှုတ်ခမ်းဖူးဖူး နှစ်လွှာလည်း စောင်းကြိုးလို တုန်ခါနေပါပြီ။

စောင်းဆရာရဲ့အသံမှာ ကရုဏာနဲ့ မေတ္တာ သစ္စာတို့ ရောပြွန်းနေတာကို ဘုရင့်သမီးတော် ခံစားရရှိနေတယ်။

ပြီးတော့ . . .

စောင်းဆရာရဲ့အသံမှာ ဩဇာလေးနက်တဲ့အသံ ရှိတယ်။

ဘုရင့်သမီးတော်လည်း စဉ်းစားတယ်။

နူနေတဲ့၊ တစ်နည်း ကိုယ်ပျက်နေတဲ့ စောင်းဆရာဆိုတာ ဘယ်လိုအသွင်သဏ္ဍာန်လဲ။

ခမည်းတော်ပြောတော့ နှာခေါင်းမရှိဘူး။ လက်တွေ၊ ခြေတွေက တိုပြတ်နေတယ်တဲ့။ နားရွက်လည်း မရှိဘူးတဲ့။

အဲလို ကိုယ်ရေပြားရောဂါ အနူအရွဲက စောင်းကို ကျွမ်းကျင်ဂုဏ်မြောက်အောင် ဘာလို့ တီးခတ်နိုင်ရတာလဲ။

ပြီး . . . စောင်းဆရာရဲ့ စကားပြောသံ။

ဆရာ စောင်းပညာရှင်ရဲ့အသံမှာ နှာတိုတဲ့အသံ၊ နှုတ်ခမ်းပြတ်နေလို့ မပီသတဲ့အသံမျိုး မရှိဘူး။

စဉ်းစားစရာပဲ။

ဒီစောင်းဆရာနဲ့ ခမည်းတော် ဘယ်လိုအကြောင်းများ ရှိလို့ပါလိမ့်။

စိတ်ကူးသစ်စာပေ



ဘုရင့်သမီးတော်လိုပါပဲ ဥတေနဘုရင် (စောင်းဆရာ) ကလည်း တွေးနေတယ်။ သူ့ထံက စောင်းပညာသင်ယူနေသူသည် နန်းတွင်းသူလား၊ သဘင်သည်လား။

ဘာကြောင့် ကုန်းအိုမကြီးကို သင်ပေးပါလို့ ဘုရင်စန္ဒပဇ္ဇောတ လိမ်လည်ပြောရတာလဲ။ ဘယ်လိုလျှို့ဝှက်ချက်လဲ။

မိမိနှင့် ပရောပရီ ဖြစ်သွားမှာစိုးလို့လား။

"တပည့် . . ."

"တပည့် ဆရာခေါ်နေတာ ကြားရဲ့လား ဟင်"

"ရှင် . . . ရှင် . . ."

"တပည့်နာမည် မည်သို့ခေါ်ပါသည်လဲ"

" . . . . . ."

"တပည့်မရဲ့အသက်ရော မည်မျှ ရှိပါပြီလဲ"

" . . . . . ."

"မင်း စောင်းပညာကို တတ်ခဲ့ဖူးမဟုတ်လား"

" . . . . . ."

"တပည့် . . ."

"ရှင် . . ."

"အသံတုတွေ၊ အသံဖျက်တွေ ဆရာ့ကို မလှည့်စားပါနဲ့တော့။ ဆရာမေးတဲ့ မေးခွန်းတွေကို မဖြေချင်ဘူးနဲ့ တူရဲ့။ ဒါ ကျေးဇူးဆပ်တာပဲလား မသိ။ ရှိစေတော့။ သို့သော် တပည့် သင်အသံဖျက်ပြီး ကုန်းမအိုယောင် သရုပ်မဆောင်ပါနှင့်တော့။ ပင်ပန်းလှပါတယ်။ ဆရာခွင့်လွှတ်နားလည်ပေးပါ့မယ်။ မူလအသံနှင့်သာ ပညာယူတော့"

ဒီလိုနဲ့ ဘုရင့်သမီးတော်လည်း ပညာရှိစောင်းဆရာကို လိမ်လည်လှည့်ဖျားလို့မရမှန်း နားလည်သွားပြီး အစောင့်တွေဝေးသည်နှင့် သူမရဲ့ မူလပင်ကိုသံနှင့်ပဲ သီဆိုတီးခတ် မှတ်သားသင်ယူခဲ့တာ ရက်အတန်ကြာလာတော့ . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး ရင်းနှီးလာကြတယ်။

ဥတေန (စောင်းဆရာ)က အမြဲကြိုပြီး နေရာမှာရောက်နေတော့ ရှိတယ်။ ကြာတော့ ဆရာတပည့်တို့ ရင်းနှီးလာပြီး အစောင့်တွေမရှိသည်နှင့် တိုးတိုးတိတ်တိတ် လှမ်းလှမ်း ပြောကြမေးကြတယ်ပေါ့။

"တပည့် ..."

"ရှင် ... ဆရာ"

"တို့များ ပညာသင်ရင်း ခင်မင်ရင်းနှီးခဲ့တာ ကြာပြီနော်"

"ဟုတ်ကဲ့ပါ ... ဆရာ"

"တပည့် ... ဆရာ့ကို ယုံကြည်မှုရှိသလား"

"ဟုတ်ကဲ့ ... ရှိပါတယ် ဆရာ"

"မင်းနာမည် ဘယ်လိုခေါ်ပါသလဲ"

"သီရိရှင်လို့ ခေါ်ပါတယ် ဆရာ"

ဘုရင့်သမီးက နာမည်တစ်မျိုး ပြောလိုက်တယ်။

"သီရိရှင် ... ကျက်သရေရှိတဲ့ နာမည်ပါပဲလား။ ဒါနဲ့ တပည့်က မင်းမျိုးထမ်းလား။ မင်းမျိုးမင်းနွယ်လား သီရိရှင်"

"မင်းမှုထမ်းပါဆရာ"

"ဟုတ်လား"

"ဆရာ ..."

"ပြောပါ တပည့်။ တပည့်သိချင်တာ မေးပါ"

"ဆရာ့နာမည်ကရော ဘယ်လိုခေါ်ပါသလဲရှင်"

"တပည့် ... ငါသည် ဘယ်တုန်းကမှ လိမ်ညာမပြောခဲ့ဘူး။ လိမ်ညာရမှာကိုလည်း ရှက်ရွံ့တယ်"

"ရှင် ..."

"တပည့်ကိုယုံကြည်လို့ အမှန်အတိုင်း ပြောပြမယ်။ ဒီအကြောင်း သီရိရှင် မည်သူ့ကိုမျှ မပြောရဘူး။ ကတိပေးနိုင်မလား"

"ပေးနိုင်ပါတယ် ... ဆရာ၊ ကျွန်မ မည်သူ့ကိုမျှမပြောပါဘူး"





"ကတိနော် ... သီရိရှင်"

"ဟုတ်ကဲ့ ... ကတိပါ ဆရာ"

"ဆရာ့ရဲ့အမည်က 'ဥတေန' တဲ့။

"ရှင် ... ဥ ... တေ ... န ... ဒါ ... ဒါဆိုရင် ... ဟို ... ကောသမ္ဗီပြည့်ရှင် ..."

"ဟုတ်ပါတယ် ... တပည့်၊ ဆရာက ကောသမ္ဗီပြည့်ရှင် ဥတေန ဘုရင်ပါပဲကွယ်"

"အရှင်မင်းကြီး ..."

"ဆရာလို့ပဲခေါ်ပါ ... သီရိရှင်"

ဘုရင့်သမီးတော် သိလိုက်ပြီ။ ဖခမည်းတော်သည် လက်ရမိထားတဲ့ သုံ့ပန်းဘုရင် ဥတေနထံကနေ ဂန္ဓိရစောင်းပညာနှင့် ဆင်နိုင်ဂါထာကို လိုချင်လို့ကိုး။

သူ့မကိုပြောတော့ အနူရောဂါသည် စောင်းဆရာတဲ့။

"အရှင် ..."

"ဆရာလို့ခေါ်ပါ သီရိရှင်"

"ဆရာ့မှာ ... ဟို ... ဟို ... ကုဋ္ဌနူနာရောဂါ ... ရှိ ... ရှိ"

"အို ... တပည့်ရယ်၊ ပေါက်ပေါက်ရှာရှာကွယ်။ နေပါဦး ... ဆရာ့မှာ ကုဋ္ဌနူနာရောဂါရှိတယ်လို့ ဘယ်သူပြောလို့တုံး"

"ဟို ... ဟို ... အဲ ... အဲ ... ပြောသံကြားလို့ပါ ဆရာ"

ခမည်းတော်ပြောတယ်လို့ ပြောရင် မင်းဇကရာဇ်ချင်း ပိုပြီးမေတ္တာပျက်မှာလေ။ ဖုံးဖိရမှာပေါ့။

"ဒါ ... ဒါဆို အရှင် ... အဲ ... အဲ ... ဆရာ့မှာ ... ဟို .. ရောဂါ ... မ ... မရှိ ..."

"လုံးဝမရှိပါဘူး ... တပည့်ရယ်၊ မယုံရင် ဟောဒီလိုက်ကာကို အသာလှပ်ပြီး လာကြည့်လှည့်"

"ရှင် ... အို ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အစောင့်တွေလစ်ရင် ဆရာနဲ့တပည့် ရင်းနှီးခင်မင်တဲ့ စကားတွေကို ကန့်လန့်ကာခြားပြီး ပြောကြ၊ ပျော်ကြ။

ဆရာတပည့် တစ်နေ့တခြား ပိုပိုရင်းနှီးလာခဲ့ကြတယ်။

နေ့ရက်အချိန်တွေ ကြာလာတော့ ...

သံယောဇဉ်တွေ ဖြစ်လာခဲ့ကြတယ်။

အသံမကြားရ မနေနိုင်။

သို့သော် ... ခမည်းတော်အလိုရှိတဲ့ ဆင်နိုင်ဂါထာကို မရသေးဘူး။ ခမည်းတော်ဘုရားကလည်း သမီးတော်ကို မေးနေပြီ။

"သမီးတော် ... စောင်းပညာ ဘယ်အဆင့်ရောက်ပြီလဲ"

"သင်ရိုးကုန်လုနီးပါး ရောက်ရှိပါပြီ ... ခမည်းတော်"

"ဟုတ်လား"

"ကိုင်း ... ဖခမည်းတော်ကို သမီးတော် တတ်ကျွမ်းနေပြီဖြစ်တဲ့ စောင်းပညာနဲ့ အဆိုတော် ဆက်စမ်းကွယ်"

ဒါနှင့် ဘုရင့်သမီးတော်က ဝမ်းသာအားရနှင့်ပဲ ဆရာရှိနိုင်မည့် အရပ်ကို ရှိသေစွာ ဦးချကန်တော့လိုက်တယ်။

ဆရာ (ဥတေနဘုရင်)ကို ဘယ်နေရာမှာထားရှိမှန်း သူမ မသိဘူးလေ။ ပြီးတော့ ခမည်းတော်ကို ဦးချကန်တော့လိုက်တယ်။ သည့်နောက် စောင်းကို ရင်မှာတင်လိုက်ပြီး သိဂါသံသီချင်းတစ်ပုဒ်ကို သီဆိုတီးခတ်လိုက်ရော ...

ခမည်းတော် ဥဒ္ဒေနပြည့်ရှင် စန္ဒပဇ္ဇောတမင်းဟာ စောင်းသီချင်းသံကို နားဆင်အံ့သြပြီး မိန်းမောနစ်မျောသလို ဖြစ်သွားခဲ့ရတယ်။

ဒါနဲ့အတူ အနီးမှာခစားနေကြတဲ့ မှူးမတ်၊ ပုဏ္ဏား၊ ပရောဟိတ်နှင့် စစ်သူကြီးတို့လည်း စောင်းသီချင်းသံမှာ အာရုံစိုက်နစ်မျောသွားကြတော့တယ်။

သီချင်းအဆုံး စောင်းအနားသတ်လိုက်သည့်တိုင် မိန်းမောသလို ရှိနေကြရဲ့။

စိတ်ကူးသစ်စာပေ



"သမီးတော် ..."

"ခမည်းတော်ဘုရား"

"နတ်စောင်းသံကို ကြားရသလိုပါပဲလား ... သမီးတော်။ သမီးတော် ဒီလို အံ့သြဘနန်း စောင်းတီးခတ်သီဆိုတာကို ကြားရတာ ခမည်းတော် ဝမ်းသာကြည်နူးလိုက်ပါဘိကွယ်။ မင်းကြီးတို့၊ မတ်ကြီးတို့ ..."

"ဘုရား ..."

"ငါ့သမီးတော်ရဲ့စောင်းပညာ ပသို့ ရှိတုံးကွယ်ရို့"

"မကြုံစဖူး၊ မကြားစဖူးမို့ အံ့ချီးမကုန်ပါပဲ မင်းကြီးဘုရား"

ဒီလိုချီးကျူးသံတွေကြားရတော့ သမီးတော် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသလို၊ ရှက်ရွံ့စနိုးလည်း ဖြစ်သွားခဲ့ရတယ်။

"သမီးတော် ..."

"ဘုရား ..."

"စောင်းပညာ အကုန်တတ်မြောက်ခဲ့ပါပြီလား ... သမီးတော်"

"သင်ရိုးမကုန်သေးပါဘူး ... ခမည်းတော်ဘုရား။ ဆက်လက်သင်ကြားရပါဦးမည် ... ခမည်းတော်ဘုရား"

"တော်လိုက်တာကွယ်"

"ခမည်းတော်ဘုရား ... အမှန်က သမီးတော် တော်လွန်းလို့ မဟုတ်ပါဘူး။ စောင်းပညာသင်ကြားပေးတဲ့ ဆရာကြီးကသာလျှင် အလွန်တော်ကြောင်းပါဘုရား"

"ဟုတ်ပေပေါ့လေ ... သမီးတော် ကြိုးစားကွယ့်"

"မှန်ပါဘုရား"

"မင်းကြီးတို့ ..."

"ဘုရား ..."

"နေ့ညီလာခံ သိမ်းတော်မူမယ်"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှူးကြီး၊ မတ်ကြီး၊ ပုဏ္ဏားတော်ကြီးများနှင့် စစ်သူကြီးတို့၊ မင်းသားကြီးတို့ ရွှေနန်းတော်က ထွက်ခွာသွားတော့မှ သမီးတော်ကို နှစ်ကိုယ်ကြားမေးရတယ်။

"သမီးတော် ..."

"အမိန့်ရှိပါ ... ခမည်းတော်ဘုရား"

"အနူစောင်းဆရာကြီးထံက ဆင်ဖမ်းဂါထာများကော လက်ရသင်ကြားပြီးပါပြီလား ... သမီးတော်"

"မှန်လှပါ ... ခမည်းတော်ဘုရား။ စောင်းပညာသင်ရိုးကုန်သည်နှင့် ဆင်ဖမ်းဂါထာကို သင်ကြားပေးပါမည်တဲ့ဘုရား"

"အိမ်း ... အိမ်း ... အရေးကြီးဆုံးက ဆင်ဖမ်းဂါထာ၊ ဆင်နိုင်ဂါထာကို ရဖို့ အရေးကြီးသကွယ့်။ ဒီဆင်နိုင်ဂါထာကိုသာ ရခဲ့ရင် ခမည်းတော်တို့ တောကြီးတောင်ကြီးထဲမှာရှိတဲ့ ဆင်ဖြူ၊ ဆင်မဲများကို လိုသလိုဖမ်းလို့ရမှာ သမီးတော်။ မင်းရှင်ဘုရင်တို့မည်သည် ဆင်တပ်အင်အားကြီးရှိနေမှကွယ့်။ တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်မှာ ဇရာမဆင်တပ်ကြီးရှိနေရင် ဘယ်လိုရန်သူမျိုးကိုမှ ကြောက်စရာ မလိုဘူး။ ထီးဆောင်းမင်းဧရာဇ်ဖြစ်ရော။ ဩဇာအာဏာလည်း ကြီးရော။ တိုင်းပြည် အသီးသီးကလည်း ဦးခိုက်ခစားပြီး ဘုန်းကြီးတဲ့ မင်းဧကရာဇ်ဘဝ စကြဝတေးမင်းလို ဩဇာကြီးရော သမီးတော်"

"မှန်ပါ ... ရအောင်သင်ယူပါ့မည် ခမည်းတော်ဘုရား"

"ဒါပေမင့် သမီးတော် ..."

"အမိန့်ရှိပါ ... ခမည်းတော်ဘုရား"

"စောင်းဆရာက အနူကြီးနော်။ ကိုယ်မကောင်းဘူးနော်"

"သိကြောင်းပါဘုရား"

"အရောတဝင် မဆက်ဆံနဲ့။ စကားတွေ အပိုမပြောနဲ့။ ကိုယ်ကဘုရင့်သမီးတော်။ သူက ကျေးကျွန်၊ သူတောင်းစားအဆင့်ပဲ ရှိတယ်။ မတန်ဘူး။ နားလည်လား"





"နားလည်ပါတယ် ... ခမည်းတော်ဘုရား"

"ကိုင်း ... သမီးတော်လည်း စောင်းပညာ သင်စရာရှိနေတော့ နားချေဖျာ"

"ဦးတော်တင်ပါသည် ... ခမည်းတော်ဘုရား"

"သာဓု ... သာဓု ... သာဓု ... သမီးတော်"

"ကျန်းမာ ချမ်းသာပါစေ"

သမီးတော် ခမည်းတော်ဘုရားကို ဦးချပြီး စောင်းတော်ကိုပိုက်လို့ သူမရဲ့ ပညာသင်အဆောင်ရှိရာကို ပြန်သွားတော့တယ်။ ဘုရင်မင်းကြီးပဇ္ဇောတလည်း ဝမ်းသာလို့ မဆုံးဘူးပေါ့။

သမီးတော်ထံကနေ သူ့ စောင်းပညာကို ပြန်သင်ယူမယ်။

ဒီစောင်းသံနဲ့ မောင်းမတွေကို စိတ်ညွတ်အောင်လုပ်ရမယ်။

အရေးကြီးတာ ဆင်နိုင်ဂါထာပဲ။

ဥတေနဘုရင်ဟာ ဆင်နိုင်ဂါထာကို အရင်သင်မပေးဘဲ စောင်းပညာကို အရင်သင်ပေးတာ တစ်ဖူနာတာပဲ။

အေးလေ ... ဥတေနက သင်မပေးဘူးဆိုရင်ရော မိမိ ဘာတတ်နိုင်မှာလဲ။

ခဏတော့ သည်းညည်းခံပြီး စောင့်ရဦးမှာပေါ့။

✿ ✿ ✿

www.burmeseclassic.com

## | ၁၆ |

❑

"ဆရာ ..."

"ပြောပါ ... ဘုရင့်သမီးတော်"

"စောင်းသင်ရိုးကုန်ဖို့ အတော်လိုသေးလား ဆရာ"

"ဘုရင့်သမီးတော် ..."

"ဆရာ ..."

"ကျွန်တော်မျိုးမကို ဘုရင့်သမီးတော်လို့ မခေါ်ပါနဲ့လား ဆရာ။ ကျွန် ... မ ... က ... မင်းခစား ... အမှုတော်ထမ်းသူပါ ဘုရား။ တပည့်လို့ပဲ ခေါ်ပါလားဟင်"

"ဘာလို့လဲ"

"ကျွန်တော်မျိုးမကို ဆရာက ဘုရင့်သမီးတော်လို့ ခေါ်ရင် ကျွန်တော်မျိုးမကလည်း ဆရာ့ကို အရှင်မင်းကြီးလို့ ခေါ်ရမှာပဲ အရှင်"

"အို ... မခေါ်နဲ့၊ ကျွန်ုပ်ကို အရှင်မင်းကြီးလို့ မခေါ်ပါနှင့်။ သီရိရှင်နှင့် ကျွန်ုပ်တို့ဟာ ဆရာနဲ့တပည့်ပါ။ ကောင်းပါပြီ ... ကျွန်ုပ် သင့်ကို တပည့်လို့ ခေါ်ပါမယ်"





"ဘုရားကျွန်မကလည်း ..."

"ဘုရားကျွန်မလို့ မပြောနဲ့လေ"

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်မကလည်း ဆရာလို့ ခေါ်ပါ့မယ်ရှင်"

"ကောင်းပြီ ... တပည့်။ အခု တပည့်ကိုသင်ပေးထားတာသည်ကြိုးသီချင်း၊ ဘွဲ့သီချင်း၊ သီချင်းခံများ ဖြစ်ပေတယ်။ နောက်ထပ် ပတ်ပျိုးနဲ့ လောကနတ်ချင်း၊ မြင်းခင်းပဲ ကျန်ပါတော့တယ် ... တပည့်"

"အို ... ဒါဖြင့် ပြီးတော့မှာပေါ့"

"ဘာဖြစ်လို့လဲ ... တပည့် ငြီးငွေ့လို့လား"

"မငြီးငွေ့ပါဘူး ဆရာ"

"ဒါဆို ပဏာကြောင့်လဲ"

"ဟို ... ဟိုလေ ... ဆရာ ... ဆင်နိုင်ဂါထာ ရတယ်ဆို"

"ဘယ်သူပြောတုံး ... တပည့်"

ဘုရင့်သမီးတော် ပြန်မပြောနိုင်ရှာဘူး။ ခမည်းတော်ပြောတာလို့ ပြောလိုက်ရင် ဘုရင်ဥတေနစောင်းဆရာ သိသွားပြီး သူမကိုပါ ဖခင်နှင့်တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်းလို့ အထင်တော်လွဲမှာလည်း စိုးရ။ ဘယ်လိုပြောရမှန်းမသိ။

ဒီမှာပဲ စဉ်းစားမိတာနဲ့ ... .

"သူများတွေပြောတာ ကြားမိလို့ပါ ဆရာ"

"ဘယ်လိုကြားလို့တုံး ... တပည့်ရဲ့၊ ပြောပါဦး"

"စောင်းပညာရှင်ကြီး ဝေရာကွန့်ဟာ စောင်းပညာမှာ ပြိုင်ဖက်မရှိတဲ့ စောင်းဆရာကြီးတစ်ဦး ဖြစ်သလိုပဲ တောကြီးတောင်ကြီးထဲက ဆင်ရိုင်းတွေကို ဖမ်းတဲ့နေရာမှာလဲ သူများလို အောက်မားတွေ၊ ခနက်ဝလာတွေနဲ့ ကျုံးသွင်းဖမ်းတဲ့သူ မဟုတ်ဘူးတဲ့။ ဆင်ဖမ်းတဲ့ဂါထာ၊ ဆင်နိုင်တဲ့ဂါထာကို တောထဲဝင်ပြီး ရွတ်လိုက်တာနဲ့ ဆင်ဆိုးဆင်ရိုင်းတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



စောင်းဆရာကြီး ဦးဝေရာကွန့်ရှိရာကို ဦးညွှတ်ခစား အဖမ်းခံရတယ်လို့ ပြောနေသံ ကြားလို့ပါ ဆရာ''

''ဒီတော့ ဘာဖြစ်တုံးတပည့်''

''ကျွန်မကို အဲဒီဆင်နိုင်ဂါထာ သင်ပေးနိုင်မလားဟင်''

''တပည့်ဘာလုပ်ဖို့ သင်ယူချင်ရတာလဲ ပြော''

''ကျွန်မ ဆင်တွေကို ချစ်တယ်။ ကိုယ်တိုင် ဆင်တွေကို ဖမ်းချင်လို့ပါ ဆရာ''

စောင်းဆရာကြီး(ဘုရင်ဥတေန) သိလိုက်ပါပြီလေ။

ဒါ ... စန္ဒပဇ္ဇောတမင်းရဲ့ မင်းမှုထမ်း မဖြစ်နိုင်ဘူးလေ။ လေယူလေသိမ်းက နန်းတွင်းသူတို့ လေယူလေသိမ်း စကားအသွားအလာကို ကြည့်ရင် ဒါ ဘုရင့်သမီးတော် သေချာတယ်။

ဒါ ဘုရင့်သမီးတော်လေးရဲ့ ရင်ထဲကစကား မဟုတ်နိုင်ဘူးလေး ဥဇ္ဇေတပြည့်ရှင် သူမရဲ့ခမည်းတော် ပဇ္ဇောတဘုရင်ရဲ့ညာဏ်၊ သင်ကြားချက်။ ဘုရင်ပဇ္ဇောတလိုချင်တာ ...

စောင်းပညာ အဓိကမဟုတ်ဘူး။

ဆင်နိုင်ဂါထာ။

ဒီဂါထာကို ရယူဖို့ သမီးတော်ကို ကုန်းမကြီးလို့ပြောပြီး မိမိကို စောင်းပညာ သင်ကြားစေတာ။

အေးလေ ...

ဘုရင့်သမီးတော်လေးက အခိုင်းခံလေးဥစ္စာ။

သူ့ခမည်းတော်ရဲ့အမိန့်ကို လွန်ဆန်လို့ မရနိုင်ဘူးပေါ့။ သို့သော် ပဇ္ဇောတဘုရင်ဟာ လူလိမ်လူညာပဲ။

ငါ့သမီးတော်ကို သင်ပေးပါလို့ မပြောဘဲ ...

သူ့အိုမကြီးက ကန်တော့လိမ့်မယ်။ သူ့အိုမကြီးကို သင်ပေးပါလို့ ညာခဲ့တယ်။





အခု သူတို့နှစ်ဦး စောင်းပညာကို အခြေခံပြီး ဆရာနဲ့တပည့် မမြင်ရဘဲ အသံနှင့် ရင်းနှီးရာက အချိန်တွေ၊ နေ့ရက်တွေ ကြာရင့်လာတော့ ...

ဘုရင့်သမီးတော်ရဲ့ ဇာတိလည်း ပေါ်ခဲ့ရသလို ...

မိမိရဲ့ဇာတိလည်း ပေါ်ခဲ့ရပြီ။

လူချင်းမမြင်ရပေမင့် ...

ရှင်ဘုရင်နှင့် ဘုရင့်သမီးတော်မှန်း နှစ်ဦးစလုံး သိရှိရင်းနှီး ရှိသေလေးစား အသံချင်း သံယောဇဉ် ဖြစ်နေကြပြီ။ ဥတေနဘုရင် (စောင်းဆရာ)က ဘုရင့်သမီးတော် စောင်းသင် တပည့်မလေးရဲ့ဘဝကို သနားလို့မဆုံးတော့။

သနားစရာကောင်းလိုက်ဘိလေ။

ဒါ ... မင်းဖခင် ဘုရင်ပဇ္ဇောတရဲ့ ညာဏ်နီညာဏ်နက်တွေပဲလို့ မပြောရက်၊ မဆိုရက်ခဲ့။

မင်းခမည်းတော်က ငါ့ကိုရိုနိုးပြီး စောင်းပညာနဲ့ ဆင်နိုင်ဂါထာကို ယူဝံ့လို့၊ သိက္ခာကျမှာစိုးလို့ ...

သူ့သမီး မင်းလေးကို သူ့အိုကုန်းမအသွင်နဲ့ လိမ်ညာစေပြီး ငါ့ဆီက စောင်းပညာနဲ့ ဆင်နိုင်ဂါထာကို အရသင်စေတာ။

ငါ လုံးဝသင်မပေးဘူးလို့ မပြောရက်။

ရွှေနှုတ်တော်က မထွက်ရက်။

မိမိကိုလည်း ကောသမ္ဗီပြည်က လာမကယ်ရဲကြ။

မိမိ(ဥတေန)ကို ကောသမ္ဗီက ဆင်တပ်၊ မြင်းတပ်နဲ့ လာကယ်ကြရင် ဦးစွာ မိမိကို အဆုံးစီရင်ပစ်မှာ။

မိမိရဲ့တိုင်းပြည် ကောသမ္ဗီကလည်း အဲဒီလို ကိုယ့်အရှင်သခင် အသက်ဆုံးရသည့် စွန့်စားမှုမျိုးကို လုပ်ရက်လိမ့်မည်မဟုတ်။ ကောသမ္ဗီမှာ မင်းမရှိရင် ဆူပူကုန်လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ပြည်ထောင်မင်းချင်းမို့ သံကြိုး၊ တမန်ကြီးတို့နှင့် အရေး ဆိုကြလိမ့်မယ်။

အတွေးတွေက ဥဒဟိုဖုံးလွှမ်း။

"တပည့် ..."

"ဆရာ ..."

"တပည့် ... အမှန်တကယ် ဆင်နိုင်ဂါထာကို သင်ယူရယူလိုပါ သလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ... ဆရာ"

"ကောင်းပြီ ... ဆရာ အမြန်သင်ပေးပါ့မယ်"

"တ ... တကယ်လား ... ဆ ... ဆရာ"

"ဒါပေမင့် ..."

"ဒါပေမင့် ဘာဖြစ်လဲ ... ဟင် ... ဟင်လို့"

"မင်းမျက်နှာကို ဆရာ ကြည့်မြင်ရပြီးမှ ဆင်နိုင်ဂါထာကို သင် ပေးနိုင်မယ် ... တပည့်"

"ရှင် ..."

ဘုရင့်သမီးတော် စဉ်းစားရပြီပေါ့။ အမှန်က သူမ လိမ်ညာ အလုပ်ကို မလုပ်ချင်ပါဘူး။ သို့သော် ခမည်းတော်ရဲ့အမိန့်လေ။

လွန်ဆန်လို့မရဘူး။

ခုတော့ ခက်ကပြီ။

စောင်းဆရာ(ဥတေန)က သူမမျက်နှာကို မြင်ရ၊ ရှုရပြီးမှ ဆင်နိုင် ဂါထာကို သင်ပေးမယ်တဲ့။ ခက်ကပြီ။

ဘယ်လိုပြုရပါ့။

ခမည်းတော်က မျက်နှာမပြရဘူးတဲ့။

ခမည်းတော်လိုချင်တာက ဆင်နိုင်၊ ဆင်ဖမ်းဂါထာ။

မထူးပါဘူး။ အရေးကြီးတာ ခမည်းတော်အလိုရှိတဲ့ ဆင်နိုင်ဂါထာ ကို ရဖို့က အဓိကပဲ။ ဖြစ်ချင်ရာဖြစ်တော့။





ဘုရင့်သမီးတော် ဆုံးဖြတ်ချက် ချလိုက်တယ်။

"ဆရာ ..."

"ပြောပါ ... တပည့် ... ပြော"

"ကျွန်မတို့ တွေ့ကြမယ်ဆရာ"

"ဟင် ... တကယ် ... တကယ်လားဟင် ... တပည့်"

ဘုရင်ဥတေန (စောင်းဆရာကြီး) ရဲ့ ရင်ထဲမှာ လှိုက်ခနဲဖြစ်ပြီး ဝမ်းသာသွားခဲ့တယ်။

"တကယ်ပါ ... ဆရာ။ ဆင်နိုင်ဂါထာကို သင်ပေးရမယ်နော်"

"စိတ်ချပါ ... တပည့်"

"ဒါဆိုရင် ကန့်လန့်ကာခုနစ်လွှာအနက်က အလယ်စတုတ္ထမြောက် ကန့်လန့်ကာကို ဖွင့်ပြီး တွေ့ကြစို့ ... ဆရာ"

"ကောင်းပါပြီ ... တပည့်။ ဆရာအခုပဲ အလယ်က ဒုတိယ မြောက် ကန့်လန့်ကာရှိရာကို လာခဲ့ပါမယ်"

စောင်းဆရာဘုရင်ဥတေန သူ့ရှေ့က ကန့်လန့်ကာသုံးခုကို မ,ပြီး အလယ်ခေါင်က ကန့်လန့်ကာရှေ့မှာ ထိုင်လိုက်တယ်။

ဒီလိုပါပဲ။ ဘုရင့်သမီးတော် (တပည့်မ) ကလည်း သူမရဲ့ရှေ့က ကန့်လန့်ကာကိုမပြီး အလယ်က ကန့်လန့်ကာရှေ့မှာ ထိုင်လိုက်တယ်။

နှစ်ဦးစလုံးရဲ့ ရင်တွေဟာ လှိုက်မောတုန်ခါနေကြရဲ့။

ဘုရင့်သမီးတော်ခမျာမှာလည်း သူတစိမ်းယောကျ်ားဆို တစ်ဦး နဲ့ မျက်နှာချင်းမဆိုင်ဖူးဘူးလေ။

သူမရဲ့ အပျို့ရွှေရင်ဟာ တဒိတ်ဒိတ်ခုန်နေရှာတယ်။

ဘုရင်ဥတေန (စောင်းဆရာ) က အလယ်ကန့်လန့်ကာရှေ့မှာ ထိုင်နေရင်းက အသံတိုးတိုးနဲ့ မေးလိုက်လေရဲ့။

"တပည့် ... ရောက်နေပြီလား ဟင်"

တိုးတိုး နှစ်ကိုကြားမေးလိုက်တဲ့ အသံ တုန်တုန်ခါခါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့"

သူမလည်း အသံတွေတုန်နေတယ်။

"ဆရာ ... ကန့်လန့်ကာ မလိုက်မယ်နော်"

"ဟုတ် ... ဟုတ် ..."

စောင်းဆရာဘုရင်ဥတေန တုန်ယင်နေတဲ့လက်နှင့် ကန့်လန့်ကာ အောက်ခြေကို အသာပင့်မပြီး ကြည့်လိုက်ရော ...

"ဟင် ..."

"ဟင် ..."

နှစ်ဦးစလုံး တစ်ပြိုင်နက်တည်း အာမေဍိတ်သံတွေ ပြိုင်တူထွက်သွားကြပြီး တစ်ဦးကိုတစ်ဦး အံ့အံ့ဩဩ မျက်လုံးတွေနဲ့ ငေးစိုက်ကြည့်နေမိလျက်သား ဖြစ်သွားကြတယ်။

ဘုရင်ဥတေန(စောင်းဆရာ) မြင်လိုက်ရတာက ...

သူ့ရှေ့မှာ ရွှေသားရုပ်သွင် ဝင်းဖန့်သန့်စင်၊ နှမွတ်ချောမောသွယ်လျလွန်းလှတဲ့ ရွှေစင်ရုပ်ရှင်ကလေး။

ပြတင်းအလင်းရောင်နဲ့ မြင်နေရတဲ့ ပြိုင်ဖက်ကင်းလှတ် အချော စုလေး။ ယဉ်ယဉ်သန့်သန့်၊ ဝင်းဝင်းပြည့်ပြည့် ဘုရင့်သမီးတော်လေး။

ဒီလိုပါပဲ။

ဘုရင့်သမီးတော် မြင်လိုက်ရတာကလည်း ...

အနူအရွဲ၊ ပြည်၊ သားငန်ရေ တရွှဲရွှဲနှင့် စောင်းဆရာအိုကြီး မဟုတ်ဘူးလေ။ အသက်အရွယ် အိုမင်းရင့်ရော်တဲ့ စောင်းဆရာဘုရင်ကြီးမဟုတ်ဘူး။

သူမ မြင်နေရတာက ...

အသားဖြူဖြူ၊ ကိုယ်လုံးတောင့်တောင့်၊ နှုတ်ခမ်းမွှေးစစနှင့် ရှေ ကျင်ခတ်ပဝါကို သေသပ်စွာ ပေါင်းထားတဲ့ ခန့်ခန့်ငြားငြား အရွယ်ကောင်း ယောကျာ်းသားတစ်ဦး။

စိတ်ကူးသစ်စာပေ



အံ့ဩသလိုရှိနေတဲ့ စောင်းဆရာ(ဘုရင်ဥတေန)ရဲ့ ပြုံးစစမျက်နှာ၊ နှစ်လိုဖွယ် အပြုံးစတွေက ဆရာရဲ့ နှုတ်ခမ်းပေါ်မှာ တရွရွပြေးလွှားနေတာကို ဘုရင့်သမီးတော် မြင်လိုက်ရတယ်။

ရှူမနားနှစ်ဖက်က စိန်နားတောင်းနှစ်ခုရဲ့ အလင်းက တစ်ချက် တစ်ချက် ဝင်းခနဲ လင်းခနဲ။

"မင်း ... သ ... မီး ..."

"အ ... ရှင် ... မင်းမြတ်"

"လှလိုက်ပါပေ့ ... မင်းသမီးရယ်"

"အို ..."

"ကျွန်ုပ် မင်းသမီးကို စောင်းပညာသင်ပေးရတာ တန်ဖိုးရှိလိုက်ပါတိ ... ဘုရင့်သမီးတော်"

"ဒီ့မျှပဲ ကျေနပ်တော်မူပါ ... အရှင် ... မင်းမြတ်"

သူမက စို့စို့စွင့်စွင့် အပြုံးလေးနဲ့ ပြုံးရင်းက ကန့်လန့်ကာကို အသာဆွဲချလိုက်တော့တယ်။

ဘုရင်ဥတေန(စောင်းဆရာ)ရဲ့ ရင်ထဲမှာ ရွှေသားရုပ်သွင် နုလွှင်နွှန်းစိုတဲ့ အလှငွေလမင်းရဲ့ရုပ်သွင် စွဲမြဲနိုင်ကြည် ထင်ကျန်ရစ်ခဲ့တယ်။

ကိုယ်သင်းနံ့က လိုက်ကာကြား မွှေးပျံ့သင်းထုံနေဆဲ။

ဘယ်အရာဝတ္ထုနဲ့မှ ဖျက်လို့မပျက်နိုင်တဲ့ စွဲထင်မှုမျိုးပါ။

ရေနဲ့ဆေး၊ မီးနဲ့တိုက်၊ လေပြင်းနဲ့ရိုက်လည်း ပျောက်ပျက်လွင့်စင် ကွယ်လောင်ပျောက်ပြယ်ခြင်း အလျဉ်းမရှိတဲ့ စွဲထင်ခြင်းမျိုးပါ။

မျက်လုံးအိမ်ထဲမှာ အစဉ်ထာဝရ ပြုံးစစလေး ထိုင်နေလျက်ပါ။

မိမိရဲ့ နှလုံးအိမ်မှာ မနွမ်းမသွေ့ မပွန်းမပဲ့ မရွဲ့မယိုင် ထိုင်နေတဲ့ အပြုံးရှင်ပါ။

အို ... ဘုရင့်သမီးတော် ...

ရွှေစင်နုမြစ် လဝန်းသစ်လေးရယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့ရင်ထဲမှာ မင်းရဲ့ အပြုံးနဲ့ရိပ်လေး အမြဲထာဝစဉ် စိမ်းလန်း ဖူးပွင့်နေမှာပါ … ဘုရင့်သမီးတော်။

သို့ကလိုပါပဲ …

ဘုရင့်သမီးတော်ရဲ့ ရွှေသမင်မ မျက်လုံးအိမ်မှာ ခန့်ခန့်ညားညား ဖြူဖြူတောင့်တောင့် ပြုံးတုံ့အုံ့ညြရှိနေတဲ့ အရှင်ဥတေနရဲ့ ယောက်ျားပီသ ရုပ်သွင် စွဲထင်နေတယ်။

ဘုရင့်သမီးတော်ရွှေရင်ဟာ တလှပ်လှပ်ဖြစ်နေတယ်။

စောင်းကြိုးပေါ်ကို လက်ညှိုးတင်ထားပေမင့်၊ လက်ညှိုးတင်ကြည့်ပေမင့် လက်ညှိုးဟာ စောင်းကြိုးတုန်ခါတာမျိုးလို တုန်ခါနေတယ်။

ဘုရင်ဥတေနရဲ့ ခန့်ညားရုပ်သွင်က …

စောင်းကြိုးပေါ်မှာ ထိုင်ပြီး ပြုံးလို့။

'အို … အရှင်မင်းမြတ်ရယ်၊ ကျွန်တော်မျိုးမ ရင်ဖိုရပါရော'

✿ ✿ ✿

[ ၁၇ ]

❑

သူတို့နှစ်ဦးရဲ့ စောင်းသံတွေဟာ စောင်းသင်ခန်းမထဲကနေ ပြတင်းတံခါးပေါက်ကို ခုန်ကျော်ပြီး နန်းတော်ဝရိယာထဲမှာ ကခုန်လွင့်ပျံ့နေတယ်။

စောင်းသံတွေဟာ မြူးတူးရွှင်ပျ လန်းကြလို့။

ပဉ္စသိခ်နတ်သားရဲ့ စောင်းသံ။

ဒေဝစ္ဆရာရဲ့ အလှဖွဲ့။

သူရိယဝစ္ဆသာနတ်သမီးရဲ့ အလှဖွဲ့။

ဘယ်စောင်းသံက ဘုရင့်သမီးတော်ရဲ့ စောင်းသံပါ၊ ဘယ်စောင်းသံက ဘုရင်ဥတေနရဲ့ စောင်းသံပါလို့ ခွဲခြားရ ခက်နေကြတယ်။ စောင်းသံနှစ်ခုရဲ့ အပြိုင်လက်သံက …

ပဉ္စသိခ်နတ်သားနှစ်ဦး ဗေလုဝနတ်စောင်းကို အပြိုင်တီးခတ်နေသလို ဖြစ်နေတယ်။

ဒါနဲ့အတူ ဘုရင့်သမီးတော်နဲ့ ဘုရင်ဥတေနတို့ နှစ်ဦးမှာလည်း သူတို့ဘဝစစ်၊ ဘဝမှန်ကို သိသွားကြပြီးနောက် …



www.burmeseclassic.com

www.burmeseclassic.com



စောင်းသင်ရင်း ချစ်သူတွေဘဝကို ရောက်သွားကြတော့တယ်။

သူတို့နှစ်ဦးရဲ့ အချစ်နဲ့မေတ္တာဟာ နေခုနစ်စင်း ခြားလို့မရတဲ့ အချစ်ပါ။

ဓားခုနစ်လက်၊ လှံခုနစ်ချောင်း၊ မြားခုနစ်စင်း တားလို့မရတဲ့ အချစ်ကို ရောက်ရှိသွားခဲ့ကြပါပြီ။

ဘုရင့်သမီးတော်ရဲ့ သမုဒယပါးပြင်ပေါ်မှာ ...

ဘုရင်ဥတေနရဲ့ အယုအယအနမ်းတွေ ရှင်သန်ဖူးပွင့်နေတယ်။ ဘုရင့်သမီးတော်ရဲ့ ဖယောင်းသားလို နူးညံ့ပျော့ပျောင်းတဲ့ လက်အစုံနဲ့ ဖက်ထားတဲ့ အရသာကို ဘုရင်ဥတေန တမ္ဘိက်မက်မက် ဖြစ်နေတယ်။

အပျိုစင် ရင်ဖိုတောင်မသန်းဖူးတဲ့ ဘုရင့်သမီးတော်ရဲ့ ရင်ထဲမှာ ...

အချစ်သည်သာ ကိုးကွယ်ရာ။

အချစ်သည်သာ အားထားရာ။

အချစ်သည် သတ္တိ။

အချစ်သည် ခွန်အား ဖြစ်နေပါပြီ။

ဒါနဲ့အတူ ဥဇ္ဇေနပြည့်ရှင် ခမည်းတော် ဘုရင်စန္ဒပဇ္ဇောတကလည်း တစ်မေးတည်း မေးမေးနေပြီ။

ဆင်နိုင်ဂါထာ မရသေးဘူးလားတဲ့။

ဆင်နိုင်ဂါထာကို မသင်ပေးရင် စောင်းသင်တဲ့အလုပ်ကို ရပ်လိုက်တော့မယ်တဲ့။

ဘုရင်ဥတေနကိုလည်း ပြင်းပြင်းထန်ထန် ပြောဆိုခြိမ်းခြောက်ခဲ့တယ်။

ဆင်နိုင်ဂါထာကို သင်ပေးရင် ဥ်တေနကို ကောသမ္ဗီပြည် လွှတ်ပေးမယ်တဲ့။ ဆင်နိုင်ဂါထာကို (၃)ရက်အတွင်း သင်မပေးရင် အဆုံးစီရင်မယ်။

သမီးတော်ကိုလည်း စောင်းပညာသင်ခွင့် မပေးတော့ဘူး။

စိတ်ကူးသစ်စာပေ



ဥတေနကလည်း နောက်ဆုံး ပြောရတော့တာပေါ့။

သူလည်း အသည်းနင့်အောင်ချစ်ရတဲ့ ချစ်သူ ဘုရင့်သမီးတော်ကို တစ်နေ့မမြင်ရရင် မနေနိုင်ဘူးလေ။

"ကောင်းပါပြီ ... ဘုရင်ပဇ္ဇောတ နက်ဖြန်ကစ၍ (၃)ရက်အတွင်း ဆင်နိုင်ဂါထာကို ကျွန်ုပ် သင်ကြားပေးပါမည်"

ဒီလိုနဲ့ အစောင့်အကြပ်တွေ တိုးချပြီး ဆင်နိုင်ဂါထာကို သင်ဖို့ စီစဉ်ရတော့တယ်။

အစောင့်အချို့ကလည်း ဘုရင့်သမီးတော်ကို ချစ်ခင်လေးစားတဲ့ သူတွေဆိုတော့ ဘုရင့်သမီးတော်ကို သနားကြတယ်။

သိပ်ပြီး အနီးကပ် စောင့်မကြည့်ကြပါဘူး။

ဒီလိုနဲ့ ချစ်သူနှစ်ဦး ကန့်လန့်ကာကြားမှာ ပြန်တွေ့ရေး တစ်ညဝေးတာကိုပင် နှစ်ပေါင်းခုနစ်ရာ လွမ်းကြ ဆွေးကြတဲ့ စန္ဒကိန္နရီမောင်နှံလို မျက်ရည်ကျလို့မဆုံး။

အနမ်းမိုးတွေ ရွာလို့မဆုံး။

"မင်းသမီး ... ဒီအတိုင်းဆို မောင်ကြီးတို့ ခွဲကြရတော့မယ် ထွယ်"

"ကွဲလို့၊ ခွဲလို့ မဖြစ်ဘူး ... အရှင်"

"မင်းရဲ့ခမည်းတော်ဟာ ဆင်နိုင်ဂါထာရပြီးရင်လည်း ကျုပ်ကို ပြန်လွှတ်မှာ မဟုတ်ဘူး။ မင်းနဲ့လည်း ထိမ်းမြားပေးမှာ မဟုတ်ဘူး ... ဘုရင့်သမီးတော်"

"ဒါ ... ဒါဆို ... ဘယ်လိုလုပ်ကြမတုံး .. မောင်တော်အရှင်"

"တို့ ညဥ့်အခါ ဆင်နဲ့ထွက်ပြေးကြမယ် ... မင်းသမီး"

"ဖြစ်ပါ့မလား ... မောင်တော်ရယ် ဟင်"

"မင်းဖခမည်းတော်ရဲ့ ဆင်တင်းကုပ်မှာ အမြန်ပြေးသွားနိုင်တဲ့ ဆင် ရှိတယ်မဟုတ်လား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် ...၊ မောင်တော်။ ဘဒ္ဒဝတီဆင်မဆိုတာ အမြန်ဆုံး ပြေးသွားနိုင်တဲ့ ဆင်မပါအရှင်"

"ကောင်းပြီ ... မောင်တော် စုံစမ်းလေ့လာလိုက်မယ်။ အဆင်သင့်ရင် မနက်ဖြန်ညဉ့်မှာ မောင်တော်ရဲ့တိုင်းပြည်ရောက်အောင် မောင်တော်တို့ ဆင်နဲ့ပြေးကြမယ် ... နှမတော်"

"လွတ်ပါ့မလား ... မောင်တော်"

"လွတ်ပါတယ် ... စိုးရိမ်တော်မမူပါနဲ့ ... နှမတော်"

ဥတေနဘုရင်ကလည်း စန္ဒပဇ္ဇောတမင်းရဲ့ သုံ့ပန်းဘဝ ရောက်ပါသော်လည်း လုံခြုံရေးအစောင့်တို့နှင့် အကျွမ်းတဝင်ရှိအောင် သူတို့ကို ချစ်ခင်အောင် နေထိုင်တယ် သိပ္ပံပညာ စွမ်းရည်ပြနေတော့ ရသမျှအချိန်တိုင်း အစောင့်တို့ကို ရင်းနှီးအောင် ပေါင်းသင်းတယ်။ သူရတဲ့ ပွဲတော်စာထဲက အချို့ကို ဖဲ့ဝေကျွေးတယ်။

ဒီတော့ ... လုံခြုံရေးအစောင့်တွေက ဥတေနဘုရင်သုံ့ပန်းကို သနားကြတာပေါ့။

ဥတေနဘုရင်ဟာ စစ်တိုက်လို့ တိုက်ပွဲမှာ လက်ရဖမ်းမိတဲ့ ဘုရင်သုံ့ပန်းလည်း မဟုတ်ဘူး။

သူတို့အရှင် ဆန္ဒပဇ္ဇောတမင်းက ဥတေနတစ်ဦးပဲ သိကြားမင်းချီးမြှင့်လို့ရတဲ့ ဆင်နိုင်ဂါထာကို လိုချင်လို့ တောထဲမှာ ဆင်အတုနဲ့ ဖြားယောင်း၊ မြူဆွယ်ပြီး မသမာစိတ်နဲ့ လက်ရဖမ်းခဲ့တာ။

သူတို့အမြင် မျက်စိရှေ့မှောက်မှာတော့ ...

ဥတေန သုံ့ပန်းဘုရင်သည် ...

စောင်းပညာကို ပြိုင်ဖက်မရှိ တီးခတ်နိုင်သည်။ စောင်းပညာရှင် သူ့ရဲ့စောင်းကို မည်သူမျှ တီးခတ်လို့မရ။ အခြားသူစမ်းတီးခတ်လျှင် အသံမလာ။ အသံ လုံးဝမထွက်။

ဥတေနကိုယ်တော်တိုင် တီးခတ်မှသာ ငြိမ့်ညောင်းသာယာ နားဝင်ပီယံရှိတဲ့စောင်းသံ။





ဒေါသမီးကို ငြိမ်းစေတဲ့ စောင်းသံ။

သောကကို ပြေစေသည့် စောင်းသံ။

ချစ်ခြင်း၊ ကြင်နာခြင်း၊ သနားခြင်းကို ဖြစ်စေတဲ့ စောင်းသံ။

ပေါ်လွင်အောင်၊ တိမ်းညွတ်ယစ်မူးအောင် တီးခတ်နိုင်သည့် စောင်းသံ။

နတ်စောင်းသံကို ဖန်တီးသူ အနုပညာရှင်။

ဒါကြောင့် အစောင့်တွေက ဘုရင်ဥတေနကို သနားပြီး စကားပြောကြတယ်။ ဥတေနမေးသမျှကိုလည်း ဖြေကြားပေးကြတယ်။

ဒီလိုနဲ့ စန္ဒပဇ္ဇောတမင်းအကြောင်း သိခွင့်ရလာခဲ့တယ်။ စန္ဒပဇ္ဇောတမင်းမှာ ထူးခြားတဲ့ ယာဉ် (၅)ပါး ရှိသတဲ့။

အဲဒါတွေကတော့ ...

(၁) ယူဇနာ (၅၀) ရှိသောခရီးကို နေ့ချင်းအရောက်သွားနိုင်တဲ့ 'ဘဒ္ဒဝတီ' ဆင်မတစ်စီး။

(၂) ယူဇနာ (၁၀၀) ရှိသောခရီးကို နေ့ချင်းအရောက်သွားနိုင်တဲ့ 'နာဠာဂီရိ' ဆင်ပြောင်တစ်စီး။

(၃) ယူဇနာ (၁၂၀)တိုင်တိုင် သွားနိုင်စွမ်းသော 'ဝေဠုကဏ္ဍ' အမည်ရှိတဲ့ မြင်းတစ်စီး။

(၄) 'မုဉ္စကာသိ' မြင်းတစ်စီး။

(၅) တစ်နေ့ကို ယူဇနာ (၆၀) တိုင် သွားနိုင်စွမ်းရှိတဲ့ "ကာက' အမည်ရှိတဲ့ ကျွန်တစ်ဦး ... ပေါင်း လျင်မြန်တဲ့ ယာဉ် (၅) မျိုးရှိတာကို ဥတေန စုံစမ်းမေးမြန်း သိရှိခဲ့ရတော့တယ်။

ဒီလိုနဲ့ လူခြေတိတ်တဲ့ ညသန်းခေါင်မှာ ...

ယူဇနာ (၅၀)ရှိတဲ့ ခရီးကို မရပ်မနား၊ မမောမပန်း ပြေးသွားနိုင်တဲ့ ဘဒ္ဒဝတီဆင်မကို ခိုးဖို့ ကြံစည်ရတော့တယ်။

ဦးစွာ သန်းခေါင်ယံမတိုင်မီမှာ ...



www.burmeseclassic.com

www.burmeseclassic.com



သာယာနာပျော်ဖွယ်စောင်းကို တီးခတ်လိုက်တော့ အစောင့်တွေ သာယာယစ်မူးသွားခဲ့ပြီး ကြည်နူးနေကြတယ်။

ဒီမှာပဲ ဥတေနဘုရင်က စောင်းသံကြားရုံမျှနှင့် အိပ်ပျော်စေနိုင်တဲ့ ညို့စောင်းသံကို တီးခတ်လိုက်တော့တယ်။

ဒီစောင်းက နတ်စောင်းတော်လေ။

သိကြားမင်းကိုယ်တော်တိုင် ချီးမြှင့်ခဲ့တာ။

စောင်းတော်ရဲ့အမည်က 'အတ္ထိကန္တ' စောင်းတဲ့။

ဒီစောင်းသံကြားရင် ဆင်ရိုင်းတောင် မာန်ကျတယ်လေ။

ဒီစောင်းတော်ဟာ မူးယစ်ရီဝေတဲ့ ဂီတသံကိုလည်း ပေးနိုင်စွမ်းတော့ ဥတေနမင်းရဲ့ မကြားစဖူး ထူးခြားတဲ့စောင်းသံကို ကြားရပြီးနောက် အစောင့်တွေ မိန်းမောအိပ်ပျော်သွားကြတော့တယ်။ အစောင့်တွေ အိပ်မောကျတော့မှ အိပ်ခန်းထဲက တိတ်တဆိတ်ထွက်ပြီး ပဇ္ဇောတမင်းရဲ့ အထူးဆင်တင်းကုပ်ရှိရာကို သွားခဲ့တယ်။ အစောင့်တွေလည်း အိပ်မောကျလို့။

အနီးကိုရောက်ရင် ဆင်တွေ လူစိမ်းနံ့ရပြီး မအော်နိုင်အောင် သိကြားမင်းချီးမြှင့်တဲ့ ဆင်နိုင်ဂါထာကို ခပ်တိုးတိုးရွတ်လိုက်တော့ တင်းကုပ်ထဲက ဘဒ္ဒဝတီဆင်မဟာ ငြိမ်သွားပြီး အခိုင်းခံဘာဝကို အသင့်ရောက်ရှိသွားခဲ့တယ်။

**ဥတေနက အိပ်ပျော်နေတဲ့ အစောင့်တွေကို ရှောင်ပြီး ဆင်တင်း**ကုပ် မင်းတုပ်တံခါးကို ဖွင့်၊ ဘဒ္ဒဝတီဆင်မကို ချော့စီးလို့ ထွက်လမ်းမှာ ဆင်မကို စောင့်နေလို့ အမိန့်ပေးလိုက်တယ်။

ဘဒ္ဒဝတီဆင်မခမျာ ဆင်နိုင်ဂါထာကို ရွတ်ခံရလို့ ကျွန်လိုဖြစ်ပြီး ဥတေနစကားကို ရိုသေစွာ နားထောင်ခဲ့တယ်။

သည့်နောက် ဘုရင့်သမီးတော် အဆောင်အနီးကို အစောင့်တွေ မသိအောင် ပုန်းကွယ်ခုန်လွှား ဝင်လိုက်ပြီး ...

နှစ်ဦးတည်းသိတဲ့ အချက်ကိုပြလိုက်ရော ...

ဘုရင့်သမီးတော် ခြေဖော့ပြီး ထွက်ခဲ့လိုက်တယ်။





"ရှူး ... တိုးတိုး"

"မောင်တော် ..."

"မောင်တော်တို့ ဒီကနေ ပြေးကြစို့။ မောင်တော် ဘဒ္ဒဝတီဆင်မကို ရလာခဲ့ပြီ။ လာ ... နှမတော်"

သူတို့ မှောင်ရိပ်တွေကို ခိုပြီး သစ်ပင်အောက်မှာ ထားခဲ့တဲ့ ဘဒ္ဒဝတီဆင်မရှိရာကို ရောက်ရော ...

နှစ်ဦးသား ဘဒ္ဒဝတီဆင်မကိုစီး၊ စောင်းတော်ကို ပိုက်ပြီး နန်းတော်ဧရိယာကနေ အမြန်ထွက်ပြေးခဲ့ကြတော့တယ်။ နန်းတော်ရဲ့ ထွက်ဝင်တံခါးအရောက်မှာ တံခါးစောင့်တွေ သိသွားလို့ ဓား၊ လှံတွေနဲ့ တားကြစဉ်မှာပဲ ဥတေနမင်းက ဘဒ္ဒဝတီဆင်မနဲ့ နင်းတိုက်ပြီး တံခါးကို ချိုးဖွင့်လို့ တံခါးအပြင်လည်းရောက်ရော ဆင်တော်ကို အပြင်းနှင်လိုက်တော့တာပဲ။

နန်းတွင်းမှာလည်း ဥတေနဘုရင် ဘဒ္ဒဝတီဆင်မကို ခိုးယူပြီး တိုက်ခိုက်ထွက်ပြေးတဲ့အကြောင်း သိသွားလို့ ဆူညံအော်ဟစ်နေကြပြီ။

ဒီမှာ အပျိုတော်တွေလျှောက်လို့ သမီးတော်ပါ မရှိမှန်းသိရော နောက်ကနေ ယူဇနာ (၁၀၀)ခရီးကို သွားနိုင်အောင် မြန်တဲ့ နာဠာဂီရိဆင်၊ ယူဇနာ (၁၂၀)ခရီးကို မနားမနေ ပြေးလွှားနိုင်တဲ့ ဝေဠုကဏ္ဍအမည်ရှိတဲ့ မြင်းနဲ့ စစ်သည်တွေ အပြင်းလိုက်ကြပါရော။

သို့သော် မမီတော့ဘူး။

ဥတေနဘုရင်က ... ဥဇ္ဇေနတိုင်းပြည်ကနေ သူ့နေပြည်တော် ကောသမ္ဗီရှိရာကို လမ်းရိုးကမသွားဘဲ လမ်းတိုကနေ ဆင်နဲ့နှင်တော့ လိုက်သူနှင့် ပြေးသူ လမ်းလွဲသွားကြပြီ။

ဥတေနနဲ့ ဘုရင့်သမီးတော်တို့ ဘဒ္ဒဝတီဆင်မတို့ ကောသမ္ဗီနယ်ကို ဝင်လာရော။

နောက်ကလိုက်လာတဲ့ နာဠာဂီရိ ဆင်မြန်တော်ရော၊ ဝေဠုကဏ္ဍမြင်းလျင်ရော တွေ့ပင်တွေ့သော်လည်း မလိုက်ရဲတော့ဘူး။



www.burmeseclassic.com

ဘာလို့လဲဆိုတော့ . . .

ဥတေနမင်းကို စန္ဒပဇ္ဇောတက ဆင်တုနဲ့ လှည့်ဖြား ဖမ်းဆီးခေါ်ဆောင်သွားပြီးကတည်းက အခွင့်သာရင်၊ အခွင့်ရေးရလျှင် ပြန်တိုက်ဖို့ အစဉ်သတိရှိ စောင့်လင့်နေကြတဲ့ ဥတေနမင်းရဲ့ နယ်ခြားစောင့်တပ်တွေက ပိုင်းတိုက်ဖို့ အင်နဲ့အားနဲ့၊ မြင်းတွေ၊ ဓားလှံလေးမြားတွေနဲ့ ပိုင်းလာတာ မြင်ရော။

စန္ဒပဇ္ဇောတမင်းရဲ့တပ်တွေ နောက်ပြန်ဆုတ်ပြေးသွားကြတာပဲ။

တိုတိုပြောရရင် . . .

ဥတေနမင်းနဲ့ စန္ဒပဇ္ဇောတမင်းရဲ့ သမီးတော်တို့လည်း ညှာသွားကြတယ်။

သမီးကို 'တိုင်' ပြီး၊ သမက်နှင့် ယောက္ခမ မင်းနှစ်ပါးတို့လည်း စစ်ပွဲကြီး မဖြစ်ကြတော့ဘူး။

အချစ်က စစ်ကို ငြိမ်းသတ်နိုင်တာပဲ။

ဥတေနမင်းဟာ ဆင်တွေကို နိုင်တယ်။ သူ့ရဲ့ ဆင်နိုင်ဂါထာကြောင့် သူ့ကို ဘယ်လိုဆင်မျိုးမှ ရန်မူလို့မရဘူး။

နောင်အခါ ဥတေနမင်း မရှိတော့သည့်တိုင် ဆင်ဖမ်းထွက်တော့မယ်ဆိုရင် ဆင်နိုင်ဂါထာပိုင်ရှင် ဥတေနမင်းကို ရည်စူးပြီး ငှက်ပျောပွဲ၊ အုန်းပွဲ၊ အရက်၊ ကြက်ဥ၊ ကြံသကာ၊ ဆားနယ်ထားတဲ့ မန်းကျည်းသီးမှည့်နှစ်လုံး၊ ဖယောင်းတိုင်၊ မုန့်ဖြူ၊ မုန့်နီ၊ ထမင်းဖြူပွဲ၊ ကောက်ညင်းဖြူပွဲ၊ အုန်းသီးစိတ်၊ အလင်းတိုင်၊ ဆင်စာတို့နှင့် တင်မြှောက်ပသရတာ မောင်ကြီးတို့အောက်မားတွေ၊ ခနက်ပလာတွေရဲ့ ရိုးရာဓလေ့ပဲပေါ့ ရှင်ဖြူ''

''မောင်ကြီးသီဟပြောပြမှပဲ ဥတေနမင်းကြီးရဲ့အကြောင်းရော၊ စန္ဒပဇ္ဇောမင်းရဲ့အကြောင်းကိုပါ သိရတော့တယ်။ မောင်ကြီးက အတော့်ကို ဗဟုသုတ စုံတာပဲနော်''

''ရှင်ဖြူရယ် . . . မောင်ကြီးရဲ့ ဆင်ဖမ်းသမားတိုင်း ဥတေနမင်းအကြောင်း မသိလို့ မရဘူးလေ''





ဒီမှာ ရှင်ညို့က . . .

''ကိုသီဟ . . .''

''ပြော . . . ညီမလေး ရှင်ညို''

''စန္ဒပဇ္ဇောတမင်းကလည်း ဆင်မြန်၊ ဆင်ကောင်းတွေပိုင်တဲ့ မင်းပဲနော် အစ်ကို''

''ဟုတ်တယ် . . . ညီမလေးရဲ့၊ စန္ဒပဇ္ဇောတမင်းကလည်း ပေါ့သေးသေးမင်း မဟုတ်ဘူးဗျ။ အတော်ထူးခြားတဲ့ မင်းပဲဗျ''

''ပြောပြပါလား . . . အစ်ကိုသီဟ။ ညီမလေး နားထောင်ချင်ပရှင်''

''နားထောင် . . . ညီမလေး။ စန္ဒပဇ္ဇောတမင်းက ထောပတ်ရနံ့ကို မခံနိုင်တဲ့မင်းကွယ့်။ အဲဒီထောပတ်နံ့ကြောင့်ပဲ သမားတော်ဆရာဇီဝက ကောင်းလို့ မသေရတာများ''

''ဟုတ်လား . . . ဆရာဇီဝကဆိုတာ မြတ်စွာဘုရားကိုတောင် ဆေးကုသပေးတယ်ဆိုတဲ့ ဇီဝကလားဟင် . . . မောင်ကြီး''

''ဟုတ်တယ် . . . ရှင်ဖြူ''

''အစ်ကို . . .''

''ပြော . . . ညီမလေး''

''စန္ဒပဇ္ဇောတမင်းက ဘာလို့ ထောပတ်အနံ့ကို ကြောက်ရတာလဲဟင်''

''စန္ဒပဇ္ဇောတမင်းရဲ့ ဘဝကလည်း အံ့ဩစရာတွေနဲ့ . . . ညီမရဲ့။ စန္ဒပဇ္ဇောတမင်းကို သန္ဓေတည်ရတာလည်း သူ့မိခင်က ကင်းမြီးကောက်ကို စွဲလမ်းပြီး သန္ဓေတည်ရတာတဲ့''

''ဘယ်လို ကင်းမြီးကောက်ကို စွဲလမ်းပြီး သန္ဓေတည်ရတာလဲဟင် . . . မောင်ကြီး''



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒပဇ္ဇောတမင်းရဲ့ မယ်တော် စက်တော်ခေါ်ဖို့ပြုချိန်မှာ နားနဲ့ မနာ၊ ဖဝါးနဲ့ နာနေဘ်။ သူမရဲ့မိန်းမ အင်္ဂါစပ်ပေါ်ကို ကင်းမြီးကောက်က တက်လာတာတဲ့"

"ဟင် ... အလိုလေး လေး"

"ဒီမှာ မိဖုရားကြီးက ကင်းမြီးကောက်ရဲ့ တရွေ့ရွေ့တက်နေတဲ့ အရသာကို ခံစားရင်း ကင်းရဲ့အတွေ့မှာ တပ်မက်တဏှာဖြစ်လို့ သန္ဓေဖြစ် လာတဲ့။ ကင်းကိုက်လို့ အဆိပ်တက်ရင် ထောပတ်နှင့် လူးခြေလိမ်းပေးပါ က ကင်းဆိပ်ပြယ်သတဲ့။ ဆိုလိုတာက ကင်းမြီးကောက်ဟာ ထောပတ်ကို ကြောက်တယ်။ ကင်းမြီးကောက်နဲ့ ထောပတ်ဟာ ကမ္ဘာ့ရန်ပဲ။

ကင်းမြီးကောက်ရဲ့ အရသာတဏှာကို စွဲပြီး သန္ဓေဖြစ်ခဲ့ရတဲ့ စန္ဒ ပဇ္ဇောတမင်းကလည်း ထောပတ်နံ့ကို မခံနိုင်ဘူး။ သူ့အနီးမှာ ထောပတ် ထားရင် စားရင် အဲဒီအမှုထမ်းကို ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိတယ် တဲ့။

စန္ဒပဇ္ဇောတမင်းဟာ ဒေါသလည်းကြီးသလို၊

ကာမရာဂစိတ်ကလည်း မိခင်လိုပဲ အားကြီးတယ်။

နားနဲ့မနာ ဖဝါးနဲ့နာ ပြောရရင် ...

သူ ကာမစိတ်ဖြစ်ပေါ်နေချိန်မှာ သူ့လက်မောင်းကို ဓားနဲ့ အပ် နဲ့ဖောက်ရင် သွေးမထွက်ဘဲ သုက်ရည်ထွက်သတဲ့"

"အို ..."

"အမယ်လေးတော် ... လန့်စရာကြီး"

"အဲဒါ ကြားချင်ဦးလေ ... အခုမှ အမယ်လေးမတနဲ့"

ညီလုပ်သူ ရဲဒိဗ္ဗက ချစ်သူရှင်ညို့ကို ရယ်ပြီးပြောရော။

"အံ့ဩလို့ပါ ... ကိုဒိဗ္ဗရဲ့၊ ဆက်ပြောပါဦး ... အစ်ကို"

"စန္ဒပဇ္ဇောတမင်းသည် ကာမရာဂ ကြီးမားသော်လည်း သူ့ အတိတ်ဘဝတုန်းက ကံအကျိုးပေးက အလွန်ကောင်းတယ် ရှင်ညို့ရဲ့"





"ဟုတ်လား ... မောင်ကြီး"

"အစ်ကို ... သူက ဘယ်လိုကံကောင်းပြန်တုံး ဟင်"

ညီလုပ်သူ ရဲဒိဗ္ဗက ...

"ခြေသလုံးကို ဖောက်ရင်လည်း ထွက်တာပဲ"

"ကိုဒိဗ္ဗ ..."

"ဘာလဲ ... ရှင်ညို့ရဲ့"

"မောင်ကြီးနော် ... မဟုတ်က ဟုတ်က မပြောနဲ့နော်"

"ဟ ... ထွက်လို့ထွက်တယ် ပြောတာပဲ ... ရှင်ညို့ရ"

"ကဲ ... ပြော၊ ခြေသလုံးကို အပ်နဲ့ဖောက်ရင်ရော ဘာထွက် သတုံး"

"သွေး"

"ဟွန်း ... သွေးတဲ့ ... မဟုတ်ကဟုတ်က ပြောလို့ကတော့ ဟောဒီမှာတွေ့လား"

"အား ... အား ... နာတယ်ဟ ... ရှင်ညို့ရ ... လွှတ်ပါဟ"

"ဟား ဟား ဟား ဟား"

"အဟတ် အဟတ် ဟတ်"

"မှတ်ထား ..."

ရှင်ညို့က နောက်တီးနောက်တောက် ပြောချင်တဲ့ ချစ်သူရဲဒိဗ္ဗရဲ့ ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်လို့ ရဲဒိဗ္ဗ တအားအားအော်၊ ရဲသီဟနှင့်ရှင်ဖြူ တို့က သဘောကျလို့ရယ်။

"ညီလေး ..."

"ဗျာ ... အစ်ကို၊ အား ... နာလိုက်တာ"

"မယားနေစ ကြောင်သေမှတဲ့။ ခုတော့ ငါ့ညီ လင်နေစ ဆင် သေမှမဖြစ်ဘဲ ရည်းစားနေစ ဗိုက်သားပြတ်ဖြစ်နေပြီ ... ငါ့ညီရ ... ဟား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်လို့မဟုတ်ပါဘူး ... အစ်ကိုရာ"

"ဒါဖြင့် ဘာဖြစ်လို့တုံး ... ငါ့ညီရာ ... ဟေ"

"လန့်လို့ပါဗျာ"

"ဟား ဟား ဟား ဟား ... အဲဒါ ဆင်ဖမ်းထွက်မည့် ငါ့ညီရဲ ရှင်ညိုရေ ... ဟား ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

"အစ်ကိုရေ ... ညှားပြီးရင်တော့ ကျွန်တော့်ဘဝ ဘယ်လိုဖြစ်မလဲမသိဘူး"

"ခေါင်းမွေးပါ ရှိတော့မှာမဟုတ်ဘူး ... ငါ့ညီရေ"

"ဟား ဟား ဟား ဟား"

"ကဲ ... ရယ်စရာတွေ တော်ပါတော့ ... မောင်ကြီးရဲ့။ စန္ဒပဇ္ဇောတ ကံကောင်းပုံလည်း ပြောပါဦးရှင်"

"ဒီလိုကွ ... စန္ဒပဇ္ဇောတမင်းဟာ မောင်ကြီးတို့ ဂေါတမမြတ်စွာဘုရားရှင် မပွင့်ခင်တုန်း ကာလက အမျိုးသားတစ်ဦးဘဝပေါ့။ တစ်နေ့ အိမ်တစ်အိမ်ရဲ့ အိမ်ရှေ့ကို ပစ္စေကဗုဒ္ဓါတစ်ဦး ဆွမ်းရပ်နေတာကို သူက မြင်တယ်။ အိမ်ရှင်ကို လှမ်းပြောလိုက်တယ်။

"အိမ်ရှင်တို့ ... ခင်ဗျားတို့အိမ်ရှေ့မှာ ပစ္စေကဗုဒ္ဓါ ဆွမ်းခံရပ်နေတယ်ဗျို့"

အိမ်ရှင်ကလည်း ဆွမ်းလောင်းဖို့ ထွက်လာလိုက်ရော။

ဆွမ်းခံရပ်တဲ့ ပစ္စေကဗုဒ္ဓါ မရှိတော့ဘူး။

ရှေ့ကို ကြွသွားပြီ။

ဒီမှာပဲ အိမ်ရှင်က ...

"အချင်းယောကျာ်း ... သင် ရဟန်းရှိရာကို အမြန်လိုက်ပြီး သပိတ်ကို ယူခဲ့ပါ။ မြန်မြန်သွားပါ"

ဒါနဲ့ စန္ဒပဇ္ဇောတ အလောင်းအလျာက ရဟန်းနောက်ကို အပြေးလိုက် သပိတ်ကို ခွင့်တောင်းယူပြီး အိမ်ရှင်ရှိရာကို ယူလာလိုက်တယ်။

စိတ်ကူးသစ်စာပေ



အိမ်ရှင်ယောကျာ်းကလည်း စားအုံ့ဟု ပြင်ဆင်ထားတဲ့ ထမင်းဟင်းတို့ကို သပိတ်တော်ထဲ လောင်းလှူလိုက်တယ်။

ပဇ္ဇောတအလောင်းအလျာ အမျိုးသားကလည်း သပိတ်ကိုယူပြီး ပစ္စေကဗုဒ္ဓါရှိရာကို အပြေးအမြန်လာလို့ ကပ်လှူလိုက်ရင်းက ...

"အရှင်မြတ်ဘုရား ... တပည့်တော်သည် အလှူ့ဒါယကာ၏ အကျိုးကိုလည်းကောင်း၊ အရှင်မြတ်ရဲ့ ဝေယျာဝစ္စကိုလည်းကောင်း၊ ဆောင်ရွက်ရသော ကုသိုလ်ကံကြောင့် သံသရာဘဝ ဖြစ်တိုင်းဖြစ်တိုင်း အလွန်လျင်မြန်သော ဆင်ယာဉ်၊ မြင်းယာဉ်တို့နှင့် ပြည့်စုံသူဖြစ်ရပါလို၏ဘုရား"

အဲဒီလို ဆုတောင်းလိုက်တယ်တဲ့။

အဲဒီ ပတ္တာနုမောဒနာကြောင့် အလှူ့အတွက် ဝေယျာဝစ္စအကျိုးဆောင်တဲ့ အမျိုးသားသည် သေလွန်ပြီးနောက် စန္ဒပဇ္ဇောတမင်း ဖြစ်လာပြီး ဆင်မြန်၊ မြင်းမြန်၊ လူမြန် စသည့်ယာဉ်မျိုး (၅)ပါးကို ရတဲ့မင်း ဖြစ်လာတာပါ။

စန္ဒပဇ္ဇောတမင်းမှာ တစ်နေ့ အလွန်အခံရခက်တဲ့ ဝေဒနာဖြစ်ပြီး ခုက္ခဆင်းရဲ ရောက်နေရတယ် ... ရှင်ဖြူရဲ့"

ဘယ်သမားတော်မှလည်း ကုသလို့ မရဘူးတဲ့။

ဒါနဲ့ ဗိမ္ဗိသာရမင်းကြီးထံ တမန်စေပြီး ထင်ရှားကျော်ကြားတဲ့ ဆေးဆရာသမားတော်ရှိရင် ကျွန်ုပ်ရဲ့ရောဂါကို ကုဖို့ လွှတ်ပေးပါလို့ အကူအညီတောင်းခဲ့တယ်။

ဗိမ္ဗိသာရမင်းလည်း အကြည်တော်မဟာမိတ်ဖြစ်သမို့ သမားတော်ဆရာဇီဝကကို ဆေးကုရန် စန္ဒပဇ္ဇောတမင်းရှိရာ တိုင်းပြည်ကို လွှတ်လိုက်တယ်။

သမားတော် ဆရာဇီဝကဟာ မြေကြီးပေါ် ပေါက်သည့်အပင်မှန်သမျှ ဆေးဖက်ဝင်တာကို သိသလို ...

မည်သို့သော ရောဂါဝေဒနာမျိုးဖြစ်ပစေ ကုသပေးနိုင်တဲ့ သမားတော်ဖြစ်တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ စန္ဒပဇ္ဇောတမင်းထံရောက်ပြီး ဝေဒနာသည်မင်းကြီးရဲ့ရောဂါကို စစ်ဆေးမေးမြန်း ကြည့်ရှုလိုက်တော့ ...

"အရှင်မင်းကြီး ..."

"ပြောပါ ... သမားတော်ဇီဝက"

"အရှင်မင်းကြီးရဲ့ ရောဂါဝေဒနာ ပျောက်ကင်းစေချင်လျှင် ဆေးကို ထောပတ်နှင့် ချက်၍သောက်သော် ပျောက်ကင်းချမ်းသာပါမည် ... အရှင်မင်းမြတ်"

"သမားတော်ဇီဝက ..."

"အမိန့်ရှိပါ ... အရှင်မင်းမြတ်"

"ငါသည် ထောပတ်နှင့် လုံးဝမသင့်။ ထောပတ်ရနံ့ကို ငါ သည်းမခံနိုင်။ ထောပတ်နှင့် လုံးဝကင်းစင်တဲ့ ဆေးဖြင့်သာလျှင် ငါ့အား ကုသပေးပါ ... ဇီဝက"

ခက်တာပဲ။

မင်းကြီးရဲ့ရောဂါက ထောပတ်နှင့် ရောစပ်သည့် ဆေးနှင့်ကုမှ ရမည့်ရောဂါ။ မင်းကြီးကလည်း ထောပတ်လုံးဝစက်ဆုပ်။ နန်းတွင်းသားတို့ကလည်း ဆရာဇီဝကကို သတိပေးကြရဲ့။

"ထောပတ်ပါတဲ့ဆေးနှင့် မကုလေနဲ့ ... ဆရာဇီဝက"

"ကုရင် ကျွန်ုပ် ဘာဖြစ်မှာလဲ"

"သင့်ကို အဆုံးစီရင်လိမ့်မယ် ... ဆရာဇီဝက"

"သမားတော် ... ငါတို့အရှင်မင်းကြီးက ထောပတ်ကို အလွန်မုန်းတယ်။ ထောပတ်ဆိုတဲ့ အသံကိုတောင် မကြားလိုတဲ့သူပဲ။ သင် ထောပတ်ပါတဲ့ ဆေးနဲ့ ကုခဲ့ရင် သမားတော်ကြီး ပြန်လမ်းမရှိဘူးနော်"

"မတတ်နိုင်ဘူး။ ထောပတ်ကို အနံ့ပျောက်အောင် အထပ်ထပ်ချက်ပြီး ဖန်ရည်အဆင့်ကို ဖြစ်စေပြီးမှ ဆေးနှင့်ရောစပ်တိုက်မှ ဖြစ်တော့မယ်။ ဒါမှပဲ ဘုရင့်ရောဂါ ပျောက်မှာ"

---

စိတ်ကူးသစ်စာပေ



သို့သော် ရောဂါနှင့်ဆေး တွေ့ပြီးနောက်ပိုင်း အစာကြေ၍ လေကြို့ရင် ထောပတ်ရဲ့ မူလရနံ့ ပြန်ပေါ်မှာပဲ။

အဲဒီကျရင် ပဇ္ဇောတမင်း ဒေါသတွေပေါက်ကွဲပြီး မိမိကို သေဒဏ်ပေးမှာ ကြိမ်းသေတယ်။ ဒါကြောင့် ကြိုပြီးရှောင်တိမ်းဖို့ ကြံစည်တော့တယ်။

"အရှင်မင်းမြတ် ..."

"လျှောက်တင်ပါ ... သမားတော်ဇီဝက"

"အရှင်မင်းမြတ် ... ကျွန်ုပ်တို့ သမားတော်ဟူသည် အရေးပေါ်၌ အလိုရှိပါက ဆေးမြစ်၊ ဆေးရွက်တို့ကို တောတောင်အနှံ့မှာ အမြန်ရှာရပါမည်။ မင်းကြီးရောဂါအတွက် လိုအပ်သော ဆေးပင်၊ ဆေးမြစ်တို့ကို အရေးပေါ် ရှာကြံရန်အတွက် ဆင်တင်းကုပ်၊ မြင်းတင်းကုပ်တို့မှ ဆင်သော်လည်းကောင်း၊ မြင်းသော်လည်းကောင်း ချက်ချင်း အသုံးပြုခွင့်ပေးပါ။ တံခါးလေးမျက်နှာတို့၌လည်း သမားတော်ဇီဝက အလိုရှိပါက အချိန်မရွေး ဝင်စေထွက်စေ ယူစေလို့ အမိန့်ပေးတော်မူပါ ... အရှင်မင်းကြီး"

"ငါ့ရောဂါ ဤမျှ အရေးကြီးပါသလား ... ဇီဝက"

"အလွန်အရေးကြီးကြောင်းပါ အရှင်"

"ကောင်းပြီ ... ငါ အမိန့်ထုတ်ပေးမည် ... ဇီဝက"

အဲဒီနောက် ဆင်ထိန်း၊ မြင်းထိန်းတို့ကိုလည်း သမားတော်ဇီဝက အလိုရှိပါက အလိုရှိရာ ဆင်မြင်းကို အသုံးပြုစေ။ တံခါးလေးရပ်ကိုလည်း အချိန်မရွေး ဝင်စေထွက်စေ အမိန့်ထုတ်ပေးရတယ်။

ရှေ့မှာ ပြောခဲ့သလိုပဲ စန္ဒပဇ္ဇောတမင်းမှာ အမြန်ယာဉ် (၅)ပါးရှိတယ်။

ဘဒ္ဒဝတီဆင်မ။

ဒီဆင်မက နောင်အခါ ဥတေနဘုရင်က ပဇ္ဇောတရဲ့သမီးတော်ဆင်နိုးပေးတဲ့ ခြေမြန်ဆင်မ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီဆင်မထက် မြင့်တဲ့ နာဠာဂီရိဆင်ပြောင်ကြီး။

အဲဒီဆင်ပြောင်ကြီးထက် ပိုမြင့်တဲ့ ဝေဠုကန္တမြင်း။

မုဠကာသီမြင်း။

ပြီး ... ယူဇနာ (၆၀) ပြေးနိုင်တဲ့ ခြေမြန်တော် ကာကဆိုတဲ့ ခြေလျင်ရှိတာကို သိရတယ်။

ဒီလို စုံစမ်းသိရှိပြီးနောက် စန္ဒပဇ္ဇောတမင်းကို ထောပတ်နံ့မရအောင် ပြုပြင်စီရင်ထားတဲ့ဆေး ဆက်သွင်းတယ်။

"အရှင်မင်းမြတ် ... ဤဆေးဖန်ရည်ကို သောက်တော်မူပါ .. မင်းမြတ်"

မင်းကြီးက ဆရာဇီဝကတိုက်တဲ့ ဆေးဖန်ရည်ကို လိုလိုလားလား သောက်တော်မူတယ်။

ဒီဆေးက ထောပတ်ကို အကြိမ်ကြိမ်စစ်ထားတဲ့ ဖန်ရည်ဆေး။

ဆေးလည်း တိုက်ပြီးရော ဆင်တင်းကုတ်ကို သွားပြီး ဘဒ္ဒဝတီဆင်မကိုစီးလို့ တောတောင်မှာ ဆေးအရှာထွက်မယ်ဆိုပြီး ဗိမ္ဗိသာရမင်းကြီးရှိရာ ရာဇဂြိုဟ်ပြည်ကို ဥပါယ်တံမျဉ်နဲ့ ထွက်ပြေးတော့တာပဲ။

မကြာခင်မှာ ဆန္ဒပဇ္ဇောတမင်း သောက်ထားတဲ့ဆေးက ဝမ်းဗိုက်မှာမွှေပြီး လေကြို့တက်ရော ထောပတ်နံ့ ပေါ်လာပါရော။

စန္ဒပဇ္ဇောတ အကြီးအကျယ် ဒေါသတွေ ပေါက်ကွဲတော့တာပဲ။

ငါမုန်းတဲ့ ထောပတ်ကိုမှ ညာပြီးတိုက်တဲ့ ဆေးဆရာ။ သင်းကို ချက်ချင်း သေဒဏ်ပေးရမယ်။

"အမတ်တို့၊ စစ်သူကြီးတို့ ..."

"ဘုရား ... အရှင်မင်းမြတ်"

"ဆေးဆရာဇီဝကသည် ငါနှင့်မတည့်မသင့်တဲ့ ထောပတ်ကို အတန်တန်ကြိုပြောသည့်ကြားက လိမ်ညာပြီး ငါ့ကိုတိုက်ခဲ့တယ်။ ဇီဝကကို အခုချက်ချင်း အဆုံးစီရင်စေ"

စိတ်ကူးသစ်စာပေ



ဒါနဲ့ သမားတော်ဇီဝကကို ရှာတော့ မကြာမတင်ကပဲ တောထဲမှာ ဆေးမြစ်၊ ဆေးပင်ရှာရန် ဘဒ္ဒဝတီဆင်မကိုစီး၍ နန်းတွင်းမြို့ရိုးမှ ထွက်ပြေးသွားပြီဆိုတာ ပြန်လျှောက်ကြရော။

ဒါ ရာဇဂြိုဟ် သူ့အရှင့်ရှိရာကို ပြေးတာ။

မင်းကြီးလည်း နတ်ဘီလူးနဲ့ လူမိန်းမတို့ ညားပြီးမွေးတဲ့ ကာကဆိုတဲ့ ခြေမြန်ယောက်ျားကို ခေါ်ပြီး ...

"ကာက ..."

"ဘုရား ..."

"သမားတော်ဇီဝက ဘဒ္ဒဝတီဆင်မကိုစီးပြီး ရာဇဂြိုဟ်ကို ပြေးပြီ။ သင် အမြန်လိုက်ပြီး ငါ့အမိန့်နှင့် ဇီဝကကို ခေါ်ချေ"

"မှန်ပါ အရှင်"

"မောင်မင်း ဆင်ခြင်ရမှာက ဆေးသမားဆိုတာ အလွန်ဉာဏ်များတယ် ... ကာက"

"မှန်ပါ ... မင်းမြတ်"

"ဇီဝက စားဖွယ်တစ်ခုခုကို ကျွေးရင် မောင်မင်း လုံးဝမစားလေနှင့်"

"အမိန့်တော်အတိုင်း သတိရှိပါမည် အရှင်"

ဒီလိုနဲ့ ယူဇနာငါးဆယ်ခရီးကို မရပ်မနားပြေးနိုင်တဲ့ ခြေမြန်တော် သူ့ဘီလူးသားကာက နောက်ကနေလိုက် လိုက်တာ။

ကောသမ္ဗီပြည်မှာ ခဏနားပြီး ထမင်းစားဖို့ပြင်နေတဲ့ ဇီဝကကို မီပါရော။ အနီးမှာ ဘဒ္ဒဝတီဆင်မလည်း ရှိတယ်။

"ဆရာဇီဝက ... ငါ့ကို မင်းကြီးက သင့်ကို ပြန်ခေါ်ခဲ့ရမည်ဟု အမိန့်တော် ပါးလိုက်တယ်။ အခု ပြန်လိုက်ခဲ့ပါ ဆရာ"

"အေး ... လိုက်တာပေါ့။ ငါ ထမင်းစားလိုက်ပါဦးမယ်။ သင်လည်း ငါနှင့်အတူ ဝင်စားပါ ... ကာက"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ လုံးဝ မစား။ သင့်ကိုစောင့်၍ခေါ်မည် . . . ဆေးဆရာ"

မင်းကြီးက မှာထားတာကိုး။

ဇီဝကကျွေးရင် ဘာမှမစားနဲ့လို့။

ဒီမှာ ဆရာဇီဝက ထမင်းစားပြီး ရှားသီးတစ်လုံးကို ခါးနှိုက် တစ်ခြမ်းကို ဆားပွတ်စားသလိုပြုရင်း လက်ခလယ်လက်သည်းကြားမှာ လျှို့ ဝှက်စွာထည့်ထားတဲ့ ဆေးတစ်စကို ကျန်တစ်ခြမ်းမှာသုတ် ခပ်တည်တည် ထည့်လို့ ခြေမြန်တော်ကာကကို ကျွေးတယ်။ ဆရာဇီဝကလည်း တစ်ခြမ်း ကို စားပြတယ်။

ကာကကလည်း ဆရာဇီဝကကတောင် တစ်ခြမ်းစားတာ ဘာမှ မဖြစ်ဘူး။ သူပေးတဲ့တစ်ခြမ်း ငါစားရင် ဖြစ်တာပဲဆိုပြီး ဆာလွန်းလို့ စား ရော။ ဒီမှာပဲ ဗိုက်ထဲက ရစ်အောင့်နာလာပြီး ဝမ်းတွေသွားပါရော။

ဆရာဇီဝကက ရှားသီးတစ်ခြမ်းမှာ ဝမ်းသွားစေတဲ့ဆေးကို ဆား သုတ်သလိုပြုပြီး ပြုစားလိုက်တာကိုး။ ဒီပညာလက်လှည့်ကို မသိနားမလည် တော့ ယုံကြည်ပြီးစားတော့ ခံရပြီ။ ခြေမြန်တော်ကာက ဝမ်းတွေဒရဟော သွားလိုက်တာ မတ်တတ်မထနိုင်တော့ဘူး။

သူ ခံလိုက်ရတာကိုလည်း ခုမှ သိလိုက်ပြီ။

သေရမှာကို အရမ်းကြောက်နေပြီ။

"ဆရာ . . . ငါ့ . . . ငါ့ကို ကယ်ပါ။ ငါ မသေပါစေနှင့်"

"မကြောက်ပါလင့် . . . ကာက၊ သင့်ဝေဒနာပျောက်ရန် ငါ ဆေး ပေးအံ့။ သို့သော် စန္ဒပဇ္ဇောတမင်းရှိရာသို့ ငါမလိုက်။ ငါ ထောပတ်ဆေး ဆေးကုသည်ကို သိပြီးဖြစ်တာနှင့် ငါလိုက်ခဲ့ရင်လည်း ငါ့ကို မင်းကြီးသော် သတ်လိမ့်မယ်။ ရော့ . . . ဟောဒီဆေးကို သောက်၍ ဘဒ္ဒဝတီဆင်တော် ယူပြီး သင်ပြန်တော့"

သည့်နောက် ဝမ်းရပ်ဆေးကို ပေးပြီး ရာဇဂြိုဟ်ပြည်ကို ဝင်၍ ဗိမ္ဗိသာရမင်းကြီးကို အကျိုးအကြောင်းစုံ တင်လျှောက်လိုက်တယ်။

စိတ်ကူးသစ်စာပေ



"ဇီဝက . . . သင် ဉာဏ်ကောင်း၍သာ အသက်ရှင်ပေတယ်။ စန္ဒ ပဇ္ဇောတမင်းကား ရက်စက်ကြမ်းကြုတ်တဲ့ မင်းဖြစ်တယ်။ သင့်ကို သတ် ဖြတ်ညှဉ်းဆဲမှာ ကေန်ပဲ . . . ဇီဝက"

ကံကောင်းချင်တော့ . . .

စန္ဒပဇ္ဇောတမင်းရဲ့ ကာလရှည်ကြာ ခံစားနေရတဲ့ ဝေဒနာလည်း ဆရာဇီဝကတိုက်ခဲ့တဲ့ ထောပတ်ဆေးအစွမ်းကြောင့် မကြာခင် ပျောက်ကင်း ချမ်းသာသွားခဲ့ပြီး နောင်တရခဲ့တော့တယ်။

ဇီဝကကျေးဇူးကြီးမှန်း၊ တော်မှန်း သိပြီး တမန်လွှတ်လို့ ချီးမြှင့် ရန် လာခဲ့ပါလို့ ဖိတ်ခေါ်တယ်။

"ဆရာဇီဝက . . . ဆရာ့အား ငါ ပူဇော်လိုသည်။ ငါ့ရောဂါ ပျောက်ကင်း ချမ်းသာပါပြီ။ ဆရာလိုက်ခဲ့ပါတဲ့"

"ပြောလိုက်ပါ . . . တမန်တို့၊ အရှင်မင်းကြီး ကျွန်ုပ်ရဲ့ကျေးဇူး ကိုသာ အောက်မေ့တော်မူပါ။ ကျွန်ုပ် မလာနိုင်ပြီ"

စန္ဒပဇ္ဇောတမင်းလည်း ဆရာဇီဝက မလိုက်ရဲမှန်း သိတယ်။ ကျေးဇူးပြုတဲ့အနေနဲ့ သိဝိရာဇ်တိုင်းဖြစ် ပုဆိုးကောင်း တန်ဖိုးကြီးကြီးတစ်စုံ ကို ဆရာဇီဝကထံ ပို့လိုက်တယ်။

ဆရာဇီဝကကလည်း တန်ဖိုးအသပြာ သိန်းထိုက်ကြီးမားလွန်းလှ တဲ့ ပုဆိုးကိုကြည့်ပြီး . . .

"ဤမျှ အဖိုးထိုက်ပြီး ကောင်းမွန်လှတဲ့ပုဆိုးကို ငါ မဝတ်ထိုက်။ ငါ့ရဲ့ဘိုးတော် ကျေးဇူးရှင်ဘုရင် ဗိမ္ဗိသာရမင်းကြီးနှင့် ဘုရားသခင်မှတစ်ပါး အခြားသူတို့နှင့်လည်း မထိုက်တန်ပြီဟု ကြံရွယ်ကာ မြင့်မြတ်တဲ့နေရာ သိမ်း ဆည်းထားလေသတဲ့"

ကိုင်း . . . စန္ဒပဇ္ဇောတမင်းရဲ့အကြောင်း သိကြပြီမဟုတ်လား။

"မောင်ကြီး . . . သိဟ"

"ပြော . . . ရှင်ဖြူ၊ မင်း ဘာသိချင်သေးတုံး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးက အောက်မားဆိုတဲ့အတိုင်း ဆင်နဲ့စပ်လျဉ်းတဲ့ ဥတေနဘုရင်အကြောင်းရော၊ ဥတေနဘုရင်နဲ့ ပတ်သက်တဲ့ စန္ဒပဇ္ဇောတဘုရင်အကြောင်းရော စေ့စေ့စပ်စပ်ပြောနိုင်အောင် ဗဟုသုတ ကြွယ်ဝတာပဲနော်"

ဒီမှာ ရဲဒိဗ္ဗက မရီးလောင်းမရှင်ဖြူကို မေးပါရော။

"အစ်မ ..."

"ဘာတုံး ... မောင်လေးဒိဗ္ဗ"

"အစ်မက တစ်ဖက်သတ်ကြီး ချီးကျူးနေတာပဲကို ... အစ်မရဲ့"

"ဟဲ့ ... ဟဲ့ ... မောင်လေးရဲ့၊ အစ်မက ဘယ်လိုတစ်ဖက်သတ်များ ချီးကျူးလို့ပါလိမ့် ... ငါ့မောင်ရယ်၊ ပြောပါဦးကွယ်"

ရှင်ဖြူကလည်း ညီမငယ် ရှင်ညို့ရဲ့ ချစ်သူလည်းဖြစ်၊ ကိုယ့်ချစ်သူ ရဲသီဟရဲ့ အချစ်ဆုံးညီလည်းဖြစ်တဲ့ ...

မတ်တော်လောင်းလေး ရဲဒိဗ္ဗကို မောင်လေးအရင်းနှယ် ချစ်ခင်ရတာကိုး။

"အစ်မက အစ်ကိုရဲသီဟကိုပဲ တော်တယ်၊ တတ်တယ်၊ ဗဟုသုတ ကြွယ်ဝတာပါလို့ ချီးကျူးနေတော့ သူ့ညီ ကျွန်တော်က ဖွတ်ကျားဖြစ်မသွားတော့ဘူးလား"

ဒီမှာ ညီမရှင်ညို့ကလည်း ချစ်သူရဲဒိဗ္ဗဘက်က စစ်ကူဝင်ပါရော။

"ဒါတော့ ဟုတ်တယ် ...အစ်မက မျှမျှတတ မချီးကျူးဘူး။ အစ်မချစ်သူ အစ်ကိုရဲသီဟကိုပဲ ချီးကျူးနေတော့ ကျွန်မချစ်သူ ကိုဒိဗ္ဗက ဘယ်လိုနေမတုံး"

"မောင်လေးဒိဗ္ဗ ..."

"ဗျ ..."

"အမယ် ...အသံက 'ဗျ' တဲ့ ဆောင့်ကြီးအောင့်ကြီး။ ငါ့မတ်ကလေး မောင်လေးကလည်း တော်ပါသတဲ့တော်"





"အစ်မ ..."

"ဘာတုံး ... ရှင်ညို့"

"ကိုဒိဗ္ဗက ဘာတော်တာတုံး ရှင်းအောင်ပြော"

"ငါ့မတ်ကလေးက ဆင်ဖမ်းတဲ့နေရာမှာ အလွန်ရဲရင့်တာတဲ့။ တစ်ခါ ပုပ္ပားဘက်မှာ ဆင်လိုက်ရင်း ကျားဆိုးနဲ့တိုးတာ။ ကျားကို အောက်မားဆင်ပေါ်ကနေ ရပ်ပြီး လှံရှည်နဲ့ပစ်တာ ကျားဆိုး စင်းစင်းသေသတဲ့။ ဒါကြောင့် အောက်မားဆင်ဖမ်းအဖွဲ့မှာ ကိုရဲသီဟရဲ့ညီ မောင်ရဲဒိဗ္ဗပါရင် ကျားကိုရော၊ သစ်ဆင်ရော ကြောက်စရာမလိုဘူးလို့ ဂုဏ်ယူနေကြတာတဲ့"

"ဟုတ်လား"

"ဟုတ်တယ် ... ရှင်ညို့"

ဒီမှာ ရဲဒိဗ္ဗက မရီးလောင်းရှင်ဖြူကို အံ့သြအားနာနှင့်ကြည့်ပြီး..

"အစ်မ ..."

"ဘာတုံး ...မောင်လေး၊ အစ်မပြောတာ မဟုတ်လို့လားဟင်"

"အစ်မကို ဒီအကြောင်း ဘယ်သူပြောတာလဲဟင်"

"အဲ ... အဲ ..."

"အစ်ကိုသီဟ ပြောပြတာလား"

"မဟုတ်ဘူး ... မောင်လေး"

"ဒါဖြင့် ဘယ်သူပြောတာတုံး ... အစ်မ"

"ဆင်မှူးကြီးဦးထော် ပြောပြလို့ အစ်မသိရတာ .. မောင်လေး။ ဒီတော့မှ ငါ့မောင်လေး၊ မတ်ကလေး ရဲရင့်လိုက်တာ၊ သတ္တိရှိလိုက်တာ ငါ့ညီမလေးအတွက် အားကိုးရတဲ့ လင်သားယောကျ်ားကောင်းဖြစ်ပြီဟဲ့လို့ ကျိတ်ဝမ်းသာနေတာပါ ... မောင်လေးရဲ့"

"ဟင် ... ဟုတ်လား။ ကိုဒိဗ္ဗ ..."

"ဘာလဲ ... ရှင်ညို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်း ကျွန်မကို ဘာလို့ ပြောမပြတာလဲဟင်"

"ဟို ... ဟို ... မကြွားချင်လို့ပါ ... ရှင်ညို"

"ကျွန်မကို မယုံမှာစိုးလို့ပေါ့ ... ဟုတ်လား"

"ကဲ ... ကဲ ... မရှင်ညိုရော၊ အစ်မရှင်ဖြူရော ကျွန်တော် အရှုံးပေးပါပြီဗျာ ... မှားပါတယ်။ ကျွန်တော်မျိုးမှားပါတယ် ... ဒေါ်ညို"

"ဟား ဟား ဟား ဟား"

"ခစ် ... ခစ် ..."

"ဒါကြောင့် မင်းကိုပြောတာပေါ့။ မယားနေစ ကြောင်သေမှ ရည်းစားဖြစ်စ မီးသေမှတဲ့ကွ"

"ဟား ဟား ဟား ဟား"

"ကိုင်း ... ကိုင်း ... နက်ဖြန် မောင်ကြီးတို့ ဆင်ဖမ်းထွက်ရ တော့မယ်။ ရှင်ဖြူတို့လည်း ဆုမွန်ကောင်းများ တောင်းကြပါနော်"

"မောင်ကြီး ..."

"ရှင်ဖြူ"

"မောင်ကြီးတို့ ဆင်ဖမ်းထွက်တာ ဘယ်နှရက်ကြာမှာလဲဟင်"

ဒီမှာ ရှင်ညိုကလည်း မေးရဲ့။

"ဟုတ်တယ် ... အစ်ကိုတို့၊ မောင်ကြီးဒို့ဗွတို့ ဘယ်နှရက် ကြာ မှာတုံးဟင်"

"ပြောလို့မရဘူး ... ရှင်ဖြူနဲ့ ရှင်ညိုရဲ့"

"ဒီအလုပ်က ပုံသေမရှိဘူး။ တောဆင်နောက်ကို လိုက်ရမှာ ဆိုတော့ (၅)ရက်လည်း ဖြစ်ချင်ဖြစ်မယ်၊ (၁၀) ရက်လည်း ကြာချင်ကြာ မယ်။ မမိမချင်း လိုက်နေရမှာပဲ ... နှမ"

"အကြာကြီးပဲနော်"

"အေးလေ ..."

"မြန်ချင်လည်း ရက်ပိုင်းအတွင်းပါပဲ ... နှမရဲ့"





"ကျွန်မတို့ မျှော်နေမယ်နော် ... မောင်ကြီး။ အန္တရာယ်ကင်း အောင်လည်း သတိရှိပါနော် ... မောင်ကြီးရော၊ မောင်လေးရော"

"စိတ်ချပါ ... မစိုးရိမ်ပါနှင့်။ အစ်မတို့သာ ကျန်းမာရေး၊ သာ ရေးကို ဂရုစိုက်ကြပါနော်"

"ရှင်ဖြူ"

ရဲသီဟက ချစ်သူရဲ့လက်ကို ယုယုယယကိုင်ရင်း တိုးညှင်းစွာ ခေါ်လိုက်တယ်။

"ရှင် ... မောင်ကြီး"

"မောင်ကြီးတို့ ဆင်စခန်းကို ပြန်တော့မယ်နော်"

"ဟုတ် ... ဟုတ်ကဲ့"

"သွားမယ်နော် ... ရှင်ညို"

"အင် ... အင် ..."

သူတို့ညီအစ်ကို ချစ်ရသူညီအစ်မနှစ်ဦးရဲ့ လက်ကို အသာလွှတ် လိုက်ပြီး ကျောခိုင်းလိုက်ကြတယ်။

ချစ်သူရဲ့ပါးပြင်ပေါ်မှာ ...

စိမ်းစိုလန်းဆန်းတဲ့ အနမ်းပွင့်တွေ ခြွေချချင်ပါရဲ့။

ဖွေ့ဖွေ့ပိုက်ပိုက်နဲ့ ရင်ငွေ့တွေ စိုက်ခဲ့ချင်ပါရဲ့။

မစိုက်ရက်ပါဘူး။

မခြွေချရက်ပါဘူး။

မစိုက်၊ မခြွေဝံ့ပါဘူးလေ။

ဘာကြောင့်လဲဆိုတော့ မနက်ဖြန်မိုးသောက်ရင် သူတို့ ဆင်ဖြူ တော် အဖမ်းထွက်ရတော့မယ်။

သူတို့က အောက်မားအဖွဲ့လေ။

အောက်မားတွေ ဆင်ဖမ်းထွက်မယ်ဆိုရင် စည်းစောင့်ဆင်ခြင်ရ မယ့် မိုးရာဓလေ့တွေရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းကျပ်ကျပ် ယုံယုံကြည်ကြည် ရှိကြတာ။

မဖြစ်မနေ လိုက်နာရတာ။

ချစ်တင်းနှီးနှောယုယဖို့ မပြောပါနှင့်။

ချက်ပြုတ်စားသောက်ပြီးတဲ့ ထမင်းအိုး၊ ဟင်းအိုးပေါ်မှာတော့ ယောက်မကို ကန့်လန့်မတင်ခဲ့ရဘူး။ ယောက်မကို မစိုက်၊ မနှစ်ခဲ့ရဘူးလေ။

အဲဒီလို ဆင်ခြင်ရမည့် ရိုးရာဓလေ့ကို မဆင်ခြင်ဘဲ ပြုချင်သလို ပြုခဲ့မယ်ဆိုရင် …

ဆင်ဖမ်းသွားတဲ့ခရီးစဉ်မှာ …

ကျားဆိုး၊ ဆင်ဆိုး၊ သစ်ဆင်ရိုင်း၊ တောကြီးမြွေဟောက်တို့နဲ့ အန္တရာယ်ပြုတာမျိုးနှင့် မလွဲမသွေ ကြုံရသလို …

တောခြောက်၊ တောမှောက်၊ မြေပြို၊ မြေမျိုတဲ့ အန္တရာယ်ဘေးဆိုး တို့လည်း တစ်ခုမဟုတ်တစ်ခု ကြုံရတော့တာပဲလေ။

✿ ✿ ✿

## |၁၈|

❑

နံနက်မိုးသောက်သည်နှင့် အောက်မားဆင်လိမ္မာမကြီးတွေနဲ့ သူတို့အောက်မားအဖွဲ့ ဆင်ဖြူတော် (၃) ကောင်ရှိရာ ပေါင်းလောင်းရှေ့ ဆင်ဖြူတောင်ပေါ်ကို တက်ခဲ့ကြတယ်။

ဆင်စခန်းနဲ့ အတန်လှမ်းတဲ့နေရာမှာတော့ ကျူးအဖွဲ့တွေ နေခဲ့ကြတာပေါ့။

ဆင်(၅)စီးနဲ့ သူတို့ သစ်တောထူထပ်တဲ့ တောင်ပြန့်တောင်ကျောပေါ်ကို တက်ခဲ့ကြတယ်။

ရိက္ခာတင်ဆင်တွေက နောက်မှာ။

အောက်မားဆင်တွေပေါ်မှာ ဆင်ဦးစီးကွေ့ဟာ ချွန်းတွေနဲ့ စီးသွား သူ့အနီးမှာ ဆင်မှူး၊ ဆင်ကဲ၊ နောက်ပဲ့၊ လုံကိုင်တွေက ရံလို့။

အောက်မားအဖွဲ့မှာ ထုံးစံအရ ဆင်ဦးစီး၊ ပဲ့ကိုင်၊ ဆင်ထိန်း၊ ဆင်ကွပ်၊ ဆင်ပိုက်၊ အောက်မထိန်း၊ ယရည်း၊ ဆင်ကန်ကွေး စသည့် အမှုထမ်းတွေ အဆင့်ဆင့် ပါဝင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းစကတည်းက သူတို့အောက်မားဆင် (၅)စီးနဲ့ တက်ခဲ့ကြတာ။ ဘုန်းကြီးဆွမ်းစားချိန်ရောက်တော့ တောင်မကြီးကျောပေါ်ကို ရောက်ခဲ့ကြတယ်။

ရှေ့တစ်ခေါ်မှာ ဆင်ကြားသား၊ ဆင်စမ်းသားဖြစ်ကြတဲ့ ရဲသီဟနှင့် ရဲဒိဗ္ဗတို့ ညီအစ်ကို ရှေ့ပြေး စုံစမ်းထောက်လှမ်းဖို့ ကြိုတင်ခရီး နှင်နေကြတယ်။

သူတို့ကိုယ်ခန္ဓာတွေမှာ ချွေးတွေ စို့ရွဲနေကြသလို တောခြင်တွေ ကျွတ်ကြီးတွေကလည်း ဝင်ကိုက်၊ ဝင်တွယ်လို့ ရိုက်ချွေချနေရတယ်။

တောင်ပေါ်က တောကြီးဟာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကနစို၊ သစ်ကြီးဝါးကြီးတွေ မိုးမိုးမြင့်မြင့်၊ ထူထူထပ်ထပ်နဲ့။

သူတို့ တောဆင်ရိုင်းတွေ သွားနေကျ ဆင်လမ်းဟောင်းအတိုင်း တရွေ့ရွေ့ တက်လာနေကြတာ။

အောင်လောင်းငှက်ကြီးတွေရဲ့ အော်သံ။

မျောက်လွှဲကျော်၊ မျောက်ဖင်နီတို့ရဲ့ အော်သံ။

ယောက်ဖခွေးခေါ်ငှက်တွေရဲ့ အော်သံ စတဲ့ အသံတွေကြောင့် သူတို့လာနေတဲ့ အသံကို အဝေးကဆင်ရိုင်းတွေ သိပ်မကြားနိုင်ဘူး။

အရေးကြီးတာက ကျားဆိုး၊ ကျားသစ်နဲ့ တောကြီးမြွေဟောက်၊ ငန်းပုတ်၊ ငန်းဝါ၊ ဆင်ပစ်မြွေတို့ အန္တရာယ်ပဲ။

ဆင်ပစ်မြွေကို ဆင်တွေ အရမ်းကြောက်ကြတယ်လေ။

ဆင်ပစ်မြွေတွေက သစ်ပင်မြင့်တွေမှာ နေကြတာ များတယ်။

ဆင်သံကြားရင် ဆင်ရဲ့ကျောကုန်းပေါ်၊ ဦးကင်းပေါ်ကို ခုန်ပေါက်ကိုက်ကြတယ်။ အလွန်အဆိပ်ပြင်းတဲ့ မြွေပဲ။

တစ်ခါတစ်ရံ မြေပြင်ကနေ ခုန်ပစ်တာမျိုး လုပ်တတ်တယ်။

ပြီး တောကြီးမြွေဟောက်ကြီးတွေ။

တောကြီးမြွေဟောက်တို့၊ ငန်းဝါကြီးတို့က အလုံးတင် ခြေသလုံးပေါင်လုံးနီးပါးရှိပြီး အရှည်က နှစ်လံကနေ သုံးလံအထိ ရှည်လျားကြတာလေ။





လူကိုမြင်ရင် ကြေးလင်ပန်းခန့် ပါးပျဉ်းတွေထောင်၊ ခန္ဓာကိုယ်ကို လူတစ်ရပ်သာသာဆန့်ပြီး လိုက်တာ။

သို့သော် . . .

သူတို့ ဆင်ဖမ်းသွားချိန်မှာ မြွေတွေ့လည်း လုံးဝမသတ်ရဘူး။

သတ်ရင် ဆင်ဖမ်းသွားတဲ့ခရီးမှာ အခက်အခဲတွေနှင့် အန္တရာယ် အမျိုးမျိုး ကြုံရတော့တာပဲ။

တစ်ခါမှာ အောက်မားတစ်ဖွဲ့ ကျားကိုက်လို့သေနေတဲ့ ပြောင်သေကအသားကို ရိက္ခာအလို့ငှာ ကောင်းတဲ့အသားတွေ လှီးဖြတ်ယူပြီး စားသောက်မိကြတာ . . .

ဆင်ဖမ်းသွားတဲ့ခရီးရှေ့မှာ ကျားနဲ့၊ ကျားသစ်တွေကို ခဏခဏ ကြုံရပြီး ဆင်နောက်ကို လိုက်လို့ကို မရတော့ဘူး။

တောဆင်ရိုင်းတွေက ကျားနဲ့ကျားသစ်ကို ကြုံရင်၊ မြင်ရင် အန္တရာယ်ပြုမှာသိလို့ ရှောင်ကြ၊ တိမ်းကြတာကိုး။

ဒီတော့ တောဆင်ရိုင်းနောက်ကို လိုက်လို့မရတော့ဘူး။

ပြီး . . . ဆင်ဖမ်းသွားသူ အောက်မားအဖွဲ့ပဲဖြစ်ဖြစ်၊ မနက်ပလာဆင်ဖမ်းအဖွဲ့ပဲဖြစ်ဖြစ် ဆင်ဖမ်းသွားရင် ဦးခေါင်းဆံပင်ကို ဆီမလိမ်းရဘူး။

ကြုံရှူးပါရောလား။

မနက်ပလာ ဆင်ဖမ်းအဖွဲ့က အောက်မားအဖွဲ့လို ဆင်လိမ္မာမနဲ့ မြှေပြီးဖမ်းရတာ မဟုတ်ဘူးလေ။

သူတို့အလုပ်က လိုက်ဆင်လိမ္မာ စွယ်စုံဆင်ပေါ်ကနေ လိုချင်တဲ့ ဆင်ပေါက်ကို လွန်ကြိုးနဲ့ပစ်ပြီး ဖမ်းရတဲ့အလုပ်။ အလွန်ကို ပင်ပန်းပြီး ရှုန်းစားရတယ်။ အသက်နဲ့ရင်းရတယ်။

မြန်မာမင်းများလက်ထက်မှာ ရွှေလွန်ကြိုးနဲ့ ပစ်ဖမ်းရတာ။

လွန်ပစ်တဲ့ ဆင်ဖမ်းသမားတွေ (ရွှေလွန်အမှုထမ်းလို့ ခေါ်တာပေါ့) က တောဆင်ရိုင်းကို ကျော့ဖမ်းဖို့ ကြိုးကျစ်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာမှုမှတ်တမ်းမှာတော့ ရွှေလွှန်ကြိုးကျစ်ဖို့ လွှန်ကြိုးကို နက်ပလာဆင်ဝန်ထံက လုံလုံလောက်လောက် ထုတ်ပေးရသတဲ့။

ဆင်ကျော့တဲ့ရွှေလွှန်ကြိုးက သာမန်ကြိုးမဟုတ်ဘူး။

စာမရီသားရေ။

သစ်နက်ရဲ့သားရေ။

ပြောင်ရဲ့သားရေ။

ဆတ်ရဲ့သားရေ။

နွားသားရေ။

ဝံသားရေ။

သားကောင်ခုနစ်မျိုးရဲ့သားရေကို စုပေါင်းပြီး လိုချင်တဲ့အရှည်ရအောင် ကြိုးကျစ်ရတာ။

(ညောင်ရမ်းခေတ်မှာ ဓနက်ပလာဆင်ဖမ်းအဖွဲ့တော်လို့ စာရေးဆရာ (ဦး) အောင်စိုး (တိရစ္ဆာန်ဆေးကု)ရေးတဲ့ စာပေဗိမာန်စာမူ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)စာမူပထမဆုရတဲ့ မြန်မာ့ဆင်စာအုပ်မှာ မှတ်တမ်းတင်ဖော်ပြထားပါသည်။)

အဲဒီကြိုးကို ရွှေလွှန်ကြိုးလို့ တန်ဖိုးထား ခေါ်သတဲ့။

စွယ်စုံဆင်ပေါ်က ရွှေလွှန်ကြိုးပစ်သူက လိုချင်တဲ့ ဆင်ပေါက်၊ ဆင်ကောင်းနောက်ကို တောတိုး၊ ချုံတိုး၊ ပညာခန်းခက်ခက်ခဲခဲတွေ သုံးပြီး လိုက်ရတယ်။

ဆူးချုံနဲ့တိုးရင် သွေးသံရဲရဲ ဖြစ်လေရော။

လိုချင်တဲ့ဆင်ကိုမှ လွှန်ကြိုးနဲ့ပစ်ဖမ်းပြီး စွယ်စုံဆင်နဲ့ ကျုံးရှိရာကို ပါလာအောင် ဖမ်းခေါ်လာပြီး ဆင်ဝန်ထံကို အပ်ရတာ။

သည့်နောက် တောဆင်ရိုင်းကို အသုံးချလို့ရတဲ့ ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်သင်ကြားပေးရတယ်။





ပြောထားတဲ့ကြားက လွှန်ပစ်သမားက အမှားတစ်ခုကို ကျူးလွန်ခဲ့တယ်။ အခြားမဟုတ်ဘူး လွှန်ပစ်သမားက သူ့ရဲ့ဆံပင် (သျှောင်) ကို ဆီလူး လိမ်းခဲ့မိတယ်။

မဖြစ်တန်ဘူး မှတ်ထင်လို့ပေါ့။

ဒီမှာ ဆင်ပေါက်ကို စွယ်စုံဆင်နဲ့ ချဉ်းကပ်ပြီး ရွှေလွှန်ကြိုးနဲ့ပစ်လိုက်တာ စွယ်စုံလိုက်ဆင်ကို မြင်တော့ တောဆင်ပေါက်က ကြောင်ပြီး နှာမောင်းကို ခွေလိုက်တဲ့အချိန် ...

ရွှေလွှန်ပစ်သမားကလည်း စွယ်စုံဆင်ပေါ်ကနေ ကျွမ်းကျင်စွာ လွှန်ကြိုးကို ပစ်လိုက်တယ်။ တောဆင်ရိုင်းရဲ့ဦးခေါင်းမှာ စွပ်နေပါရော။ ဒါနဲ့ ကြိုးတင်ပြီး စွယ်စုံဆင်နဲ့ ဆွဲခေါ်လာတာ အားလုံး ဝမ်းသာနေကြတာပေါ့။

ဆင်ကောင်းတို့ရဲ့ ကြန်အင်လက္ခဏာနဲ့ ပြည့်စုံတဲ့ ဆင်ပေါက်ကြီးကို မိထားတာ။ တောဆင်ရိုင်းပေါက်က ရှန်း၊ နက်ပလာဆင်က ဆွဲ။

ဒီလိုနဲ့ သေချာစွာမိထားတဲ့ ဆင်ရိုင်းဟာ ရှန်းကန်ရင်းက လွှန်ကြိုးက ကျွတ်ပြီး လွတ်သွားတာ လုံးဝ မမိတော့ဘူး။

ဒီတော့မှ ရွှေလွှန်ပစ်သူဟာ သူ့အမှား သူသိခဲ့ပြီး နောင်တရလို့ မဆုံး ဖြစ်ခဲ့ရသတဲ့။

"ရှူး ..."

"ဘာတုံး ...ညီလေး၊ ဘာတွေ့လို့တုံး"

ညီလုပ်သူ ရဲဒိဗ္ဗက လက်ညှိုးထိုးပြလို့ ကြည့်လိုက်တော့ ဆင်ခြေးပုံ နှစ်ပုံ။

တစ်ပုံက အပုံကြီး။

တစ်ပုံက အပုံသေး။

ချေးယိုသွားတဲ့ပုံက မကြာသေးတဲ့ပုံ။

မနွေးတော့သည့်တိုင် လတ်ဆတ်နေတဲ့ သဏ္ဌာန်။

ခြေရာတွေလည်း တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခြေရာတွေကွ ... ဟောဒါ ဆင်ပေါက်ခြေရာ၊ ဟောဒီခြေရာက နည်းနည်း သေးသကွ"

"သုံးကောင်ရဲ့ ခြေရာဗျ"

"ဟုတ်တယ် ... စားရင်း ချေးယိုသွားတာ။ ကြာရင် ကွမ်းနှစ်ရာညက်ပဲဟေ့၊ ဆင်မှူးကို သွားပြောလိုက်။ ရှေ့မှာ ဆင်ရိုင်းတွေ ရှိနိုင်ပြီလို့"

ရဲသီဟက လုံရှည်ကို ကိုင်ပြီး နောက်တစ်ခေါ်ခန့်က အောက်မားဆင်မှူးကို သွားအကြောင်းကြားပြီး အစ်ကိုရဲသီဟရှိရာကို အမြန်ပြန်လာခဲ့လိုက်တယ်။

သူတို့ ဆင်စားသွားတဲ့ ဝါးပင်၊ သစ်ပင်၊ ငှက်ပျောပင် အကျိုးအပြတ်တွေကို ကြည့်ပြီး .လေအောက်ကနေ လိုက်ခဲ့ကြတယ်။

ဆင်တွေဟာ အနံ့ခံကောင်းတဲ့ သတ္တဝါတွေလေ။

လေတင်ကလိုက်ရင် လှူနံ့ရပြီး ပြေးရော။

ဒီလိုနဲ့ ဆင်ခြေရာကိုခံပြီး သူတို့စားသွားတဲ့ လမ်းကြောင်းကို လိုက်ခဲ့လိုက်ကြတာ ...

နေမွန်းတည့်မှာ ဆင်ဖြူသုံးကောင်ကို မမျှော်လင့်ဘဲ တွေ့ရပါရော။

ဆင်အော်သံသဲ့သဲ့ ကြားနေရပြီ။

တဖြောင်းဖြောင်းသံ၊ ချိုးသံ၊ ကျိုးသံလည်း ကြားနေတယ်။

"ညီလေး ... နောက်အဖွဲ့ သွားပြော၊ ရောက်ရာမှာ ရပ်နေကြ၊ ဆင်နံ့ ငါတို့ရနေပြီလို့ ပြော"

ရဲဒိဗ္ဗ နောက်ကြောင်းကို ပြန်ပြေးပြီး အသံတွေလုံကြဖို့နဲ့ ခဏရပ်နေကြဖို့ ပြောပြလိုက်တယ်။

ညီအစ်ကိုနှစ်ဦး နှစ်ခေါ်နီးပါးခန့်က ကြားရတဲ့ ဆင်အုပ်လှုပ်သံကို လေအောက်သစ်ပင်ကြီးတွေ ချုံနွယ်တွေ အကာအကွယ်ယူပြီး လိုက်ခဲ့ကြတယ်။





"တွေ့ပြီ ... ညီလေးရေ ဟိုမှာ ... ဟိုမှာ ..."

"ဟာ ... ဟုတ်တယ်ဗျ ... အစ်ကိုရေ ... မွေးနေတာလဲများ၊ ဒီလိုဆင်ဖြူမျိုး ကျွန်တော် ဒီတစ်ခါပဲ မြင်ဖူးတယ်ဗျ"

"ရှူး ... တိုးတိုးကွ ... ညီလေးရ၊ အဲဒါမှ ဆင်ဖြူတော်အစစ်ကွ။ ဒီမှာ ညီလေးစောင့်ကြည့်နေ။ အစ်ကို ဆင်မှူးတို့အဖွဲ့ကို သွားပြီးပြောမယ်"

"မြန်မြန်သွား ... အစ်ကို"

ရဲသီဟ အောက်မားဆင်အဖွဲ့ရှိရာကို ခြေသံလုံလုံနဲ့ လာခဲ့လိုက်ပြီး ...

"ဆင်ရုံကြီး ..."

"တွေ့ပြီလား ... ရဲသီဟ"

"တွေ့ပြီ ... ဆင်ရုံကြီး။ ဆင်ဖြူတော် ဆင်ပေါက် သုံးကောင်ဗျ။ ရှေ့တစ်ခေါ်သာသာက ငှက်ပျောတောထဲမှာ စားနေကြတယ် ... ဆင်ရုံကြီး"

"သေချာတယ်နော် ... ရဲသီဟ"

"သေချာပါတယ် ... ဆင်ရုံကြီး"

"ကိုင်း ... အားလုံး ဆင်ပေါ်က ဆင်းကြဟေ့"

ဆင်ဦးစီးတွေ၊ အောက်မားဆင်မတွေပေါ်က ဆင်းလာလိုက်ကြတာ အောက်မား ဆင်လိမ္မာမကြီးတွေကလည်း ဆင်နံ့ရလို့ နှာမောင်းတထောင်ထောင် ဖြစ်နေကြလို့။

ဆင်မှူးနဲ့ ဆင်ဦးစီးတွေက အစာတွေကျွေးပြီး တိတ်တိတ်နေဖို့ ဆင်မတွေကို ဆင်စကားနဲ့ ပြောဆိုနေကြတယ်။

"ဆင်မှူး ..."

"အမိန့်ရှိပါ ... ဆင်ရုံကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အောက်မားဆင်မထဲက မားကြီးနဲ့ မားလေးကို လွှတ်ဖို့ပြင်တော့။ ကျန်လူတွေက ဒီတောင်ကျောမှာ စခန်းချကြ။ ငါတို့ မားကြီးတို့နောက်ကနေ လိုက်ကြမယ်"

"ဟုတ်ကဲ့ဗျာ"

အောက်မားဆင်မကြီးဖြစ်တဲ့ မားကြီးနဲ့ မားလေးက တောဆင်ရိုင်း ကျော့ရာ လိုက်ရာမှာ အတွေ့အကြုံကြွယ်ဝတဲ့ ဆင်လိမ္မာကြီးတွေလေ။ လူ့စကားကို နားလည်တယ်။ လူ့သဘောရော၊ ဆင်ရိုင်းသဘောရော သိတယ်။

ပြီး သူတို့က ခွယ်စုံဆင်မကြီးတွေ။

အားကောင်းမောင်းသန်၊ အရပ်မြင့်မြင့်၊ ဝစိုချောမောပြေပြစ်တဲ့ ဆင်မတွေ။ နှစ်နဲ့ချည်ပြီး နေ့စဉ်လေ့ကျင့်သင်ကြားပေးထားလို့ တောအထာလည်း ကျွမ်း ...

ဆင်မြူ။ ဆင်ဆွယ်လည်း ကောင်းတယ်။

သူတို့ကြောင့် ပုဂံမင်းထံမှာ အရွယ်ကောင်းဆင်တွေ ကောင်းကောင်းများများ ရခဲ့ပြီးပြီ။

ပြီး ... သူတို့ဟာ တိုင်းရင်းသား ဆင်ထိန်း၊ ဆင်ဦးစီးတွေပြောတဲ့ အမိန့်စကားလည်း နားလည်ကြတယ်။

ဒီမှာ ဆင်ဦးစီး ကိုဖိုးရော်က ...

"မားကြီးနဲ့မားလေး ... သမီးတို့ ခုချိန်ကစပြီး ပုဂံမင်းမြတ် အနော်ရထာမင်းကြီးရဲ့ ပေးအပ်တဲ့တာဝန်ကို အဖေတို့နဲ့အတူ ထမ်းဆောင်ရတော့မယ်။ ဟိုးရှေ့ ငှက်ပျောတောထဲမှာ ဆင်ဖြူသုံးကောင်ရှိတယ်။ သမီးတို့ရဲ့ မာယာပရိယာယ် ပညာတွေနဲ့ အဖေတို့ကျုံးရှိရာကို ဖြားယောင်းပြီး ဆင်ဖြူသုံးကောင်ကို အပါခေါ်ခဲ့။ နားလည်ရဲ့လား ... သမီးတို့"

မားကြီးနဲ့မားလေးက နှာမောင်းတွေကို ညွှတ်ပြပြီး နားလည်ကြောင်း အချက်ပြတယ်။

---

စိတ်ကူးသစ်စာပေ



"ကိုင်း ... ငါ့သမီးများ ကြိုးစားကြပေတော့။ ဥတေနဆင်နိုင်မင်းကြီးနှင့်တကွ တောစိုး၊ တောင်စိုး၊ ဘုမ္မာစိုးတို့ကပါ ကူညီညာပိုင်း၍ မှိုင်းမတော်မူကြပါ ... အရှင်တို့"

သည့်နောက် ...

ဆင်ရုံကြီး၊ ဆင်မှူး၊ ဆင်ဦးစီးနဲ့ ရဲသီဟတို့ဟာ ရှေ့တစ်ခေါ်ရှိ ဆင်ဖြူတော်သုံးကောင် စားသောက်နေကြတဲ့ ငှက်ပျောတောရှိရာကို ညွှန်ပြဖို့ အောက်မားဆင်မကြီးနှစ်ကောင်ကို ခေါ်ပြီး ဆင်လမ်းအတိုင်း လာခဲ့လိုက်ကြတယ်။

မားကြီးနဲ့မားလေးတို့က အဝေးကဆင်သံနဲ့ ဆင်နံ့ကိုရလို့ နှာမောင်း တထောင်ထောင်၊ နားရွက်တခတ်ခတ်နဲ့ လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ။

"ဆင်ရုံကြီး ... ဟောဟိုက ငှက်ပျောတောပဲဗျ"

"ဟာ ... ဟုတ်တယ်ဟေ့၊ ဆင်ဦးစီး လွှတ်တော့ဟေ့"

"သမီးအလိမ္မာတို့ ... ဟောဟိုမှာမြင်ရတဲ့ ဆင်ဖြူတော်သုံးကောင်ရှိရာကို သွားပြီး ဖြားယောင်းခေါ်ဆောင်ခဲ့ကြတော့။ ကိုင်း ... တက်"

'တက်' ဆိုတာ ဆင်နားလည်တဲ့ သင်စကားပါ။

အဓိပ္ပာယ်က 'သွားတော့' လို့ ပြောတာ။

'ရားရ်' ဆိုတဲ့ စကားက 'ငြိမ်ငြိမ်နေ'လို့ ပြောတာ။

'အောင်း'ဆိုတာက 'သစ်လုံးကို အစွယ်နဲ့ကော်'လို့ ပြောတာ။

အောက်မားဆင်လိမ္မာနှစ်ကောင်ဟာ သခင်လုပ်သူက တက်လို့ပြောလိုက်ရော ဆင်သွားလမ်းကနေ ဆင်ဖြူသုံးကောင်ရှိတဲ့ ငှက်ပျောတောရှိရာကို တရွေ့ရွေ့ နှာမောင်းကြီးတွေမြှောက်၊ အနံ့ခံရင်း သွားကြပါရော။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## |၁၉|

❏

ရဲသီဟတို့၊ ဆင်ရိုင်းကြီးတို့ အောက်မားအဖွဲ့ကလည်း အဆင်ပြေ ပါ့မလားဆိုပြီး ရင်တထိတ်ထိတ်နဲ့ လေအောက်ကနေ လိုက်ချောင်း တယ်။

သို့သော် ကိုယ့်ဆင်မကြီးတွေအကြောင်း သိနေတော့ ...

သိပ်အစိုးရိမ်ကြီးတော့ မဖြစ်။

ခက်တာက ဆင်မည်းဆင်ရိုင်းကို ဖြားယောင်းအောင် သွား တာ မဟုတ်ဘူး။ ဆင်ဖြူတွေ။ ဆင်ဖြူဆိုတာ ရှားပါးပစ္စည်း။

တန်ဖိုးလည်းကြီးတယ်။ တွေ့ရခဲတယ်။

ဆင်ဖြူရှိရာ တောတောင်ဟာလည်း နတ်ကြီးတယ်။

ဆင်ဖြူတော်ကို ပိုင်ဆိုင်တဲ့ ရှင်ဘုရင်ဆိုရင်လည်း တန်ခိုးဩ ကြီးမားပြီး အခြားမင်းများ လာခန့်ညားရတာမို့ ရှင်ဘုရင်မှန်ရင် ဆင် တော်ကို အာသာငမ်းငမ်း အလိုရှိကြတယ်။

သည့်အတွက် မိမိတို့အောက်မားအဖွဲ့တွေ၊ ခနက်ပလာအဖွဲ့ က ဆင်ဖြူတော်ရှိရာအရပ်ကို သက်စွန့်ဆံဖျား သွားရောက်ဖမ်းဆီးရ ပဲ။





ရဲသီဟတို့ ရင်တမမနဲ့ ကြည့်နေကြတယ်။

စိုးရိမ်တာက ဆင်ဖြူအရိုင်းတွေက အောက်မားဆင်တွေကို ပြန် တိုက်ပြီး ရန်လိုကြမှာကို စိုးရိမ်တာ။ အခန့်မသင့်ရင် ဆင်ရိုင်းအစွယ်ထိုးမိ ပြီး ကိုယ့်ဆင်သေရော။

အောက်မားဆင်တစ်ကောင် သေဆုံးခဲ့ရင် တန်ဖိုးအများကြီး ဆုံး ရသလိုပဲ။ ဆင်လိမ္မာတစ်ကောင်ဖြစ်ဖို့ နှစ်နဲ့ချီ အချိန်ပေး သင်ရ၊ လေ့ကျင့် ရတာကိုး။

မားကြီးနဲ့မားလေးက တရွေ့ရွေ့နဲ့ ချဉ်းကပ်နေတယ်။

ဟော ... ဆင်ဖြူတွေက အိမ်ဆင်အနံ့ရပြီး နှာမောင်းတွေမြှောက် လို့ လှည့်ပြီး အော်ဟစ်ကုန်ကြပြီ။

"ကျီ ... ကျီ ... ကျီ"

"ကျီ ... ကျီ ... ကျီ"

မားကြီးနဲ့မားလေးက ဝင်မကပ်ဘူး။ ဝါးနှစ်ပြန်အကွာကနေ ရပ် ကြည့်ပြီးနောက် မသိသလို သိသလိုနဲ့ ဟန်ရေးပြနေကြတယ်။

ဆင်ဖြူသုံးကောင်ဟာ ဆင်မနှစ်ကောင်မှန်းသိသွားရော နှာမောင်း တွေမြှောက်ဆန့်ပြီး တစ်လှမ်းချင်း ရှေ့တိုးလာနေပါရော။

မားကြီးကလည်း ကျီခနဲ မ,သံပေးတယ်။

အမိပွားယ်က ငါတို့ ရန်သူမဟုတ်ပါဘူးကွယ်။ ခင်မင်ရင်းနှီးချင် လို့ပါ ဆိုတဲ့သဘော။

ပြီး နီးရာအပင်က အရွက်တွေကို ချူးစားလိုက်၊ ဆင်ဖြူတွေကို ဟန်ရေးပြလိုက် လုပ်လို့။

ဆင်ဖြူတော်သုံးကောင်ကလည်း သူတို့ကို ရန်မလုပ်မှန်း သိနေ တယ်။ ပြီး သူတို့က အထီးတွေလေ။ ဆန့်ကျင်ဘက်ဆင်မတွေကို နှာမောင်း တွေ မြှောက်ပြီး မားကြီးတို့အနီးကို တရွေ့ရွေ့ တိုးကပ်လာရော မားကြီး နဲ့ မားလေးက သင်ထားသည့်အတိုင်း နောက်ကိုစိုးရွံ့ဟန်နဲ့ အနည်းငယ် ဆုတ်ပေးလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျီ ..."

"ကျီ ..."

"ဝူး ... အူး"

ရန်လိုသံမဟုတ်ဘူး။ မိတ်ဖွဲ့ချင်တဲ့ အသံတွေပေးပြီး ဆင်မတွေ အနီးကို ကပ်လို့ ယှဉ်ပြီး အစာစားသလိုလိုနဲ့ ကပ်လာရော။ မားကြီးနဲ့မား လေးက စားလက်စအရွက်တွေနဲ့ ဆင်ဖြူတွေကျောပေါ်ကို လှမ်းပစ်ပေး လိုက်တယ်။ သူတို့ကလည်း နှာမောင်းတွေယမ်းပြီး ဖမ်းယူစားလိုက်ကြ တယ်။ တစ်ဖန် ...

ဆင်ဖြူတွေကလည်း သစ်ရွက်၊ ငှက်ပျောအူနုတွေကို ဖားသလို လို၊ ပိုးပန်းသလိုလိုနဲ့ မားကြီးတို့ကို လှမ်းပစ်ကျွေးပါရော။

မကြာပါဘူး ...

သူတို့ ရင်းနှီးသွားကြပါရော။

ကြည့်စမ်း ...

ဆင်မနဲ့ ဆင်ထီးတို့ နှာမောင်းချင်း တို့ထိလို့။

မားကြီးက လည်တယ်လေ။

သူ့ကိုယ်လုံးနဲ့ ဆင်ဖြူထီးရဲ့ကိုယ်လုံးကို အသာပွတ်ပြီး ရှေ့ကို တိုးသွားရော။

မခါတ်နဲ့ အသားချင်းထိမိတဲ့ ဆင်ဖြူစွယ်စုံပေါက်စက ဆင်မရှိ ရာကို ကျီလို့အော်ပြီး ပြေးလိုက်။

မားလေးကလည်း ကျန်ဆင်ဖြူပေါက်နှစ်ကောင်ကို မြူဆွယ်ပြီး နှာမောင်းချင်းထိလိုက် ရှေ့ကိုပြေးလိုက်။

နောက်ကနေ သူတို့ကလိုက်။

ကိုယ်လုံးချင်း ပွတ်ပေး။ ကြည့်စမ်း ...

သူတို့ ဆင်ချစ်သူတွေလို ဖြစ်သွားကြပါရောလား။

သို့သော် ...

ဆင်ဖြူတော်အကြီးကောင် စွယ်ငှက်ပျောဖူးက မားကြီးခေါ်ရာ သွားရာကို မလိုက်ချင်ဘူး။ သူ သွားရာကို လိုက်စေချင်ပုံမျိုး။





သဘောက မားကြီးက ကိုယ့်သခင်ပြထားတဲ့ ကျုံးရှိရာကို မျှား ခေါ်ဖို့ သွေးတိုးစမ်းကြည့်တယ်။ ရှေ့ဆောင်ပြတယ်။

ဆင်ဖြူကြီးက မလိုက်ချင်ဘူး။

ဒါကြောင့် အောက်မားဆင်မကြီး မားကြီးက ဆင်ဖြူကြီးရဲ့အလို ကို လိုက်ပြီး အသားချင်းပွတ်လို့ ဆင်ဖြူတော်ကြီးနောက်ကနေ ပျော် ပျော်ကြီးလိုက်သွားတော့ မားလေးနဲ့ရွယ်တူ ဆင်ဖြူကြီးနှစ်ကောင်လည်း အောက်မားဆင်မ မားလေးကို ညှပ်ပြီး နှာမောင်းနှင့်အစာကို မျက်နှာလို ရျက်နှာရ ကျွေးလိုက်။

နှာမောင်းချင်းထိလိမ်ပြီး ကျီစယ်လိုက်။ ဝူးခနဲ အော်လိုက်။

မားလေးက ရှက်တဲ့ဟန်နဲ့ ရှေ့ကို ပြေးသွားရင် ...

ဆင်ဖြူပေါက်နှစ်ကောင်ကလည်း ကျီခနဲအော်ပြီး သူ့ထက်ငါ နောက်ကနေပြေးလိုက်။ ပူးကပ်ကြ။

ဒီလိုနဲ့ ငှက်ပျောတောထဲကနေ ကိုင်းတောရှိရာကို စားပင်တွေ စားလိုက်၊ နှာမောင်းနှင့် ချိုးလိုက်။ 'အူး ... အူး ... ဝူး ... ဝူး'လို့ ဗိုသံ သံပေးရင်း မားကြီးနှင့်မားလေးတို့ လိုက်ပါသွားကြလေရဲ့။

သူတို့အပေါင်းအသင်း မိတ်ဆွေဆင်တွေ ဖြစ်သွားကြပြီ။

ခုတော့ ဆင်အုပ်အဖွဲ့သဏ္ဍာန် ဖြစ်သွားကြပြီပေါ့။

မကြာခင် သူတို့ ချစ်သူဘဝကို ရောက်သွားကြမှာ ကေန်ပါ။

မားကြီးနဲ့မားလေးက အောက်မားသခင်တွေ သင်ကြားပို့ချခဲ့တဲ့ ညာတွေနဲ့ ဖမ်းစားမှာပါ။

အချစ်ကို သူတို့ လမ်းခင်းပေးကြမှာလေ။

မတို့ရဲ့မာယာ သဲကိုးဖြာနဲ့ ညှို့ယူဖမ်းစားကြမှာ။

ဆင်ဖြူတော်သုံးကောင်က အရှိုင်းလေးတွေ။

ဆန့်ကျင်ဘက်လိင် အတွေ့အကြုံမရှိဘူး။ မ,ကိုမြင်ရင် ဖိုစိတ်နှင့် သွေးသားက တောင့်တကြမှာ။ ကြည့်လေ ... မားကြီးနဲ့မားလေးကို သူ ထို ရန်သူလို မဆက်ဆံကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



မားကြီး၊ မားလေးတို့ရဲ့ ကျိုကျိုကျာကျာ အသံမှာ သူတို့နှလုံးသားတွေ နစ်မျောကြရတော့မယ်။

မားကြီးနဲ့မားလေးတို့ရဲ့ လှပဆူဖြိုးတဲ့ အသားစိုင်ရဲ့ ပွတ်သီးပွတ်သပ် ကလူညို့ယူတဲ့ အတွေ့အထိမှာ သူတို့ရဲ့အချစ်တွေကို ပုံအပ်ပြီး ကြည်နူးယုံကြည်ကြတော့မယ်။

ဒီလိုယုံကြည်မှုနဲ့ အချစ်တွေသည်းလာအောင် အောက်မားဆင်မနှစ်ကောင်က မာယာပရိယာယ်တွေ အစွမ်းကုန် ထုတ်သုံးကြမှာပါ။

မားကြီးနဲ့မားလေးက ဒီလိုအရှိန်းလေးတွေကို ဖမ်းစားပြီးမှ သခင်ရှိရာ၊ ကျုံးရှိရာကို မျှားခေါ်လာမှာလေ။

ဒါ သူမတို့ရဲ့ ဝမ်းစာအလုပ်ပဲ၊ ပညာအလုပ်ပဲ။

ကျုံးရှိရာကို မျှားခေါ်လာရင် မိမိတို့ အောက်မားအဖွဲ့က နောက်ကနေ တိတ်တဆိတ် ကျုံးထဲကို ဝင်အောင် ပိတ်ဆို့ဝိုင်းပတ်ပေးကြရမယ်။ အရေးကြီးတာ ညဘက် ခေါ်လာဖို့ပဲ။

ကျုံးထဲကို ဒီဆင်ဖြူသုံးကောင် ဝင်သွားရင် မိမိတို့အောက်မားတာဝန်ကျေပြီ။

ကျန်တဲ့အလုပ်က ကျုံးသမားတွေရဲ့ အလုပ်။

ဒီမှာ ကျုံးမှူး၊ ယရည်း၊ ကျုံးရံသား၊ ကျုံးစောင့်၊ ဆင်ကိုင်သားတွေက …

ကျုံးတံခါး ဝုန်းခနဲမြည် တုန်ခါသွားအောင် ပိတ်ကြလိမ့်မယ်။

အောက်မားဆင်မတွေကိုတော့ ကျုံးရဲ့ လျှို့ဝှက်တံခါးကနေ ထုတ်ယူကြမယ်။ နောင်တော့ ဆင်ဖြူတွေကို ကြိုးပစ်ဖမ်းပြီး ယရည်းလို့ခေါ်တဲ့ ဆင်ဆရာတွေက ဆင်ရိုင်းကို အမိန့်နာခံတတ်လာအောင် သွန်သင်မွေးမြူဆောင်ကြလိမ့်မယ်။

ဟော … မျက်စိအောက်မှာ ဆင်ငါးကောင် ပျောက်သွားပြီ။

ရဲသီဟတို့၊ ဆင်ရုံကြီးတို့၊ ဆင်မှူး၊ ဆင်ဦးစီးတို့ စိုးရိမ်တာ နောက်နေ့ နောက်နေ့တွေမှာ ကိုယ့်ရဲ့ အောက်မားဆင်မတွေက ဆင်ဖြူ





သုံးကောင်ကို ကျုံးရှိရာ၊ မိမိတို့ အောက်မားအဖွဲ့သားတွေရှိရာကို မျှားခေါ်မလာဘဲ …

တောဆင်ရိုင်း၊ ဆင်မည်း၊ ဆင်ဖြူတွေနဲ့ တောကြီးတောင်ကြီးထဲမှာ အမှန်တကယ် အိမ်ထောင်ကျပြီး သားသမီးတွေ မွေးဖွားပြီး ပြန်မလာမှာကို စိုးရိမ်ပူပန်ကြတာပဲ။ သခင်ကို ဥပေက္ခာပြုသွားမှာ စိုးရိမ်ကြတာပဲ။

ဒီလိုမျိုး ပြန်မလာတာမျိုးတွေ ကြုံဖူးတယ်လေ။

မိမိတို့က ဘယ်လိုပဲ သင်ကြားသင်ကြား၊ အမိန့်ပေးပေး …

သူတို့က ဆင်သတ္တဝါတွေလေ။

ဘဝတူ၊ အမျိုးတူတွေလေ။

သူတို့ရင်ထဲမှာလည်း စစ်မှန်တဲ့အချစ်ဆိုတာ ရှိကြတယ်။ အဲဒီအချစ်နဲ့ သံယောဇဉ်က မာယာပရိယာယ်ကြီးကို ပိုင်းဖြတ်ခြေမွ တစ်စစီ ထုပ်ပစ်နိုင်တယ်။ လွတ်လပ်ခြင်းကို ရွေးရှုတယ်။

ဒီသံယောဇဉ်တွေကြောင့် …

မိမိတို့ လူသားတွေကို သစ္စာဖောက်ပြီး လုံးဝပြန်မလာတဲ့ အောက်မား ဆင်မတွေ ဆုံးရှုံးခဲ့ရတာလည်း ရှိတယ်ကိုး။

သူတို့အားလုံး ရင်တမမနဲ့ တိုင်ဘည်ဆုတောင်းနေကြရပြီ။

"ဥတေနမင်းကြီးနဲ့တကွ တောစိုး၊ တောင်စိုး၊ ရုက္ခစိုး ဘုမ္မာစိုး အပေါင်းတို့ခင်ဗျား … အောက်မားဆင်မကြီးတွေနဲ့အတူ ဆင်ဖြူသုံးစီး ကျုံးရှိရာအရပ်ကို ရောက်ရှိလာအောင် ဆောင်မကူညီတော်မူကြပါ … အရှင်တို့"

သည့်နောက် …

ဆင်ရုံကြီး၊ ဆင်မှူး၊ ဆင်ဦးစီးတို့က ပါးစပ်ကနေ ဥတေနမင်းကြီး ရွတ်လေ့ရှိတဲ့ ဆင်နိုင်ဂါထာကို ပြိုင်တူရွတ်လိုက်ကြတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၂၀

❑

ဒီလိုနဲ့ ရဲသီဟတို့၊ ရဲဒိဗ္ဗတို့ တောင်ချင်းဆက်နေတဲ့ ဆင်ဖြူ တောင်တောထဲမှာ သုံးရက်တိတိ ကြာသွားကြတယ်။ သူတို့ တောထဲမှာ စခန်းချ ချက်ပြုတ်စားပြီး ဆင်တွေနောက်ကို တောတိုးရှာကြရသလို ...

သစ်ပင်မြင့်ကြီးတွေပေါ် တက်ပြီး အောက်မြေပြင် သစ်ပင် ကိုင်းတော၊ ငှက်ပျောတောများကြားမှာ ဆင်တွေလှုပ်ရှားမှုကို စုံစမ်းမေ့ လာကြရတယ်။

ခက်တာက သုံးရက်တိုင်နေပြီ။

အောက်မားဆင်မ မားကြီးနဲ့မားလေးရော၊ ဆင်ဖြူတော်သုံး ကောင်ရော အစပျောက်နေတယ်။

တောထဲမှာ ဆင်ခြေရာ မတွေ့ရဘူး။

ဆင်ချေးပုံ မတွေ့ရဘူး။

ဆင်တွေစားသွားတဲ့ ခြေစလက်စ မတွေ့ရဘူး။

"ရဲသီဟနဲ့ရဲဒိဗ္ဗ ..."





"ခင်ဗျာ ... ဆင်ရုံကြီး"

"သဲလွန်စတောင် မတွေ့ပါလားဟေ့"

"ဟုတ်တယ်ဗျာ ... အတော်တော့ ထူးနေတာပဲ"

"တောပြောင်းသွားတာ နေမှာပ ... အစ်ကို"

"ရဲသီဟ ... မင်း ရှေကာန်တို့၊ စမ်းချောင်းတို့ကို ရှာကွယ့်။ သူ တို့ ရေမသောက်ဘဲနဲ့ မနေနိုင်ဘူးကွ"

"ဟုတ်ကဲ့ ... ရှာပါတယ် ... ဆင်ရုံကြီး"

"ဒီလိုလုပ်ကွာ"

"ငါတို့ ဆင်တွေကို ဆင်သံပေးကြည့်စမ်း။ ဟေ့ ... ဆင်ဦးစီး ထော်"

"ခင်ဗျာ ... ဆင်ရုံကြီး"

"မင်း အောက်မားနဲ့ ဝန်ဆွဲဆင်တွေကို အသံပေးခိုင်းစမ်း"

ဒါနဲ့ ဆင်ဦးစီးက သူ့ဆင်အုပ်ရှိရာကို ပြေးသွားလိုက်တယ်။

မကြာပါဘူး ဆင်အော်သံတွေ ကြားရရော။

"အူး ... ဝူး"

"အူး ဝူး ... အူး ဝူး"

"အူး ... ဝူး"

"ရပ်ထားဟေ့ ..."

သူတို့အားလုံး ကိုယ့်ဆင်တွေအော်သံကို ရပ်ခိုင်းပြီး နားစွင့်နေ တုန်းမှာပဲ ...

"အူး ... ဝူး"

"ကျီ ... ကျီ"

"ဟော ... ဟော ... အဝေးက ဆင်အော်သံဟေ့"

"ဟုတ်တယ် ... ဆင်ရုံကြီးရေ"

"တော်တော်ဝေးဝေးကကွ ... ရဲသီဟရ"

"ဟေ့ ... ဦးစီး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဆင်ရုံကြီး၊ ပြောပါခင်ဗျ"

"ငါတို့ အောက်မားဆင်မတွေများ ဖြစ်နေမလားမသိဘူး။ လိုလို မည်မည် သေချာအောင် မင်း အောက်မားဆင်မကို သင်ထားတဲ့အတိုင်း အသံပေးခိုင်းစမ်းပါဟေ့"

"ဟုတ် ... ဟုတ်ကဲ့ဗျာ"

ဆင်ဦးစီးဦးလုံက သူထိန်းကျောင်းရတဲ့ အောက်မားဆင်မတ ကောင်ကို နားနားကပ်ပြောလိုက်ရော ...

"ကျီ ..."

အသံတစ်သံ ပေးလိုက်တယ်။

"ကျီ ..."

"ဟော ... အဝေးကပြန်ပြီး အသံပြုသဟေ့။ ငါတို့ဆင်မကြီး တွေအသံ သေချာအောင် လုပ်ဟေ့ ... လို့"

ဒီမှာ ရဲသီဟတို့ အောက်မားဆင်မကြီးက ...

"ကျီ ... ကျီ ... ကျီ ... ဝူး"

အသံသုံးသံနဲ့ ဂူးလို့ အော်ပြလိုက်ရော ...

ဟိုးအဝေးကနေ ပြန်တုံ့ပြန်တဲ့အသံကို အံ့ဖွယ်ကြားရပါရော။

"ကျီ ... ကျီ ... ကျီ ... ဝူး"

"သေချာသွားပြီးဟေ့ ... ဒါ ငါတို့ မားကြီးရဲ့အသံဗျ"

"ဟုတ်တယ်ဗျ ... ဟုတ်ပဗျ ... တော်သေးရဲ့ဗျ"

မိမိတို့ရဲ့ အောက်မားဆင်တွေ အကယ်၍များ တောထဲတောင်ထဲ အုပ်ကွဲခဲ့ရင် ...

သို့ကလို ဆင်ရိုင်းနောက်ကို လိုက်ရင်း ခရီးလွန်သွားခဲ့ရင် အချင်း ချင်း ဘယ်နေရာကို ရောက်နေတယ်ဆိုတာ သိရအောင် အချက်ပြ တဲ့ နည်းကို ဆင်ကိုင်၊ ဆင်မှူး၊ ဆင်ဦးစီးတွေ သင်ထားပြီးသားလေ။

နီးရင် အသံမပြုရဘူး။

အခုဝေးသွားလို့ အသံနဲ့ အချက်ပြလိုက်တော့ ...





ဆင်ဖြူအုပ်နဲ့ပါသွားတဲ့ အောက်မားဆင်မကြီး မားကြီးက သင် ထားတဲ့အတိုင်း 'သုံးကျီ တစ်ဝူး' အသံပြန်ပေးရော ရဲသီဟတို့ အလွန် ဝမ်းသာသွားကြတာပေါ့။

"ရဲသီဟ ..."

"ဆင်ရုံကြီး ..."

"မှန်းစမ်းဟေ့ ... ဘယ်နေရာလောက် ရှိမလဲ"

"ဟိုးအရှေ့က တောင်ခြေလောက်ပဲ ... ဆင်ရုံကြီး"

"လိုက်ကြစို့"

သူတို့ ဝန်တင်ဆင်တွေ၊ အောက်မားဆင်မတွေ ချန်ထားခဲ့ပြီး လမ်းသစ်လည်းထွင်၊ ဆင်လမ်းဟောင်းလည်း ရှာရင်း လိုက်ခဲ့ကြတာ။

"ဝေါင်း ..."

"ဝေါင်း ..."

"ဟယ် ..."

"တောကောင်ကြီးအသံဟေ့"

"သတိထားကြနော် ... ဆင်သမားတွေ"

တစ်ခါလောက်ကနေ တောကောင်ကြီးခေါ် ကျားဟိန်းသံကို ကြားလိုက်ရလို့ ဆင်တွေ နှာမောင်းတယမ်းယမ်း ဖြစ်ကုန်ကြတယ်။

"အနောက်ဘက်ကအသံပါ ... ဆင်ရုံကြီး မပူပါနဲ့"

"ဘေးဘယ်ညာကြည့်ပြီး အသင့်ရှိနော်"

ရဲသီဟတို့ ဆင်ကိုင်လှံရှည်၊ ဆင်ထိုးလှံကြီးတွေကို အသင့်ပြင် ပြီး တောတိုးခဲ့ကြတယ်။

ဒီလိုနဲ့ ... ထမင်းအိုးကြီး နှစ်အိုးကျက်ခန့်ကြာတော့ တောင် တမ်းပါးယံတွေရှိတဲ့ သစ်ပင်အုပ်ရှိရာကို ရောက်ခဲ့ပြီး တသွင်သွင်စီးနေတဲ့ တောင်ကျချောင်းကလေးကို မြင်ကြရပါရော။

"ရဲသီဟရေ ... ဟန်ကျပြီဟေ့"

"ချောင်းဗျ ... တောင်ကျချောင်းဗျ"



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်က ရေကျပြီး ချောင်းမကျ၊ ကန်မကျဖြစ်တဲ့ ကျောက်ရေအိုင်ကျယ်ကို သွားတွေ့ကြတယ်။

"သွားကြည့်စမ်း ... ဒီနေရာဟာ ဆင်ရေသောက်ချင် သောက်မည့်နေရာပဲ"

ရဲသီဟနှင့် ရဲဒီဗ္ဗတို့ လုံရှည်တွေကိုင်ပြီး ရေကန်ရှိရာကို လာခဲ့လိုက်တော့ ဆင်ခြေရာအချို့ကို ရေစပ် မြေသားပေါ်မှာ တွေ့ကြပါရော။

"အစ်ကို ... ဆင်အုပ် ရေသောက်ဆင်းထားပုံပဲဗျ"

"ဟုတ်တယ်ကွ ... အနီးဝန်းကျင်ကို ကြည့်စမ်းဟေ့"

ဝန်းကျင်ကို လိုက်ရှာလိုက်တော့ ဆင်ချေးပုံအချို့ကို တွေ့ရတယ်။ သူတို့ ဆင်ချေးပုံတွေကို ဒူးထောက်ငုံ့ကြည့်ပြီး ...

"မနေ့ကချေးပုံပဲ ... အစ်ကို"

"ဟုတ်တယ်ဟေ့ ... ပိုးတောင် မကျသေးဘူးဟ"

"အစ်ကို ... ဒီမှာတွေ့လား။ ဒါ တောဝက်ခြေရာတွေ"

"အေးဟ ... သေချာပြီဟေ့။ ဒီအိုင်က သားကောင်တွေ ရေသောက်ဆင်းတဲ့အိုင်ပဲ။ ပြန်ကြစို့"

သူတို့ညီအစ်ကို ဆင်ရုံကြီးတို့နားနေတဲ့ တောင်ကမ်းပါးယံအောက်ရှိရာကို ပြန်လာပြီး မြင်တွေ့တာတွေကို အစီရင်ခံလိုက်တယ်။

"ဒါဆို ငါတို့ ဒီနားမှာနေဖို့ မသင့်ဘူး။ တို့များရဲ့ လူနံ့ကို ရသွားရင် တောဆင်ရိုင်း၊ ဆင်ဖြူတွေ လန့်ပြေးနိုင်တယ်။ တို့ လေအောက်ထဲ ပြန်ဆုတ်ပြီး သူတို့နဲ့ မလှမ်းမကမ်းကနေ စောင့်ကြည့်ရမယ်။ မင်းတို့ညီအစ်ကို ငါတို့ မားကြီး၊ မားလေးနဲ့ ဆင်ဖြူတွေ ရေသောက်ဆင်းမဆင်း စောင့်ကြည့်ကြ"

"ဟုတ်ကဲ့"

သည့်နောက် ဝန်တင်ဆင်နှင့် အောက်မားဆင်တွေရှိရာ သွားပြီး နောက်ကြောင်းပြန်လှည့်စေခဲ့တယ်။ ဆင်ရုံကြီးတို့အဖွဲ့ တစ်ခေါ်သာသာ ရောက်တော့မှ ရဲသီဟတို့ညီအစ်ကို ရေအိုင်ရဲ့ လေအောက်ကျောက်ထုံး





ကြီးတွေနံ့ဘေးမှာ ပုန်းကွယ်နေကြပြီး စားစရာတွေကို စားလို့ နားနေလိုက်ကြတယ်။

"ညီလေး ... ရေဘူးပေးစမ်း"

"ရော့ ..."

ရဲဒီဗ္ဗက ဘူးခါးခြောက်ရေဘူးကို လှမ်းပေးလိုက်လို့ ရဲသီဟက ရေတစ်ကျိုက်သောက်ပြီးနောက် ...

"ညီလေး ..."

"အစ်ကို ..."

"မင်း ရှင်ညို့ကို အမှန်တကယ်ချစ်ရဲ့လား ... ညီလေး"

"ချစ်ပါတယ် ... အစ်ကို။ ရှင်ညိုကလည်း ကျွန်တော့်ကို ချစ်ပါတယ်။ အစ်ကိုကော အစ်မရှင်ဖြူကို ချစ်တာပဲမဟုတ်လား"

"သူတို့မိသားစုက ရိုးသားကြတယ်။ ဝမ်းစာကိုလည်း ပင်ပင်ပန်းပန်း ရှာစားကြရတယ်"

"စားဖို့တော့ လုံလောက်မှာပါ ... အစ်ကို"

"အစ်ကို စဉ်းစားထားတာ ရှိတယ်"

"ဘယ်လိုစဉ်းစားထားတုံး ... အစ်ကို"

"ဒီဆင်ဖြူတော်သုံးစီး ရခဲ့ရင် ငါတို့ကို မင်းကြီးက ဆုတော်လာဘ်တော်တွေ ချီးမြှင့်မှာ မလွဲဘူးကွ"

"သေချာတာပေါ့ ... အစ်ကို။ ဆင်ရုံကြီးဆို ရာထူးတောင်တက်မှာ သေချာပြီးသား"

"အစ်ကို ဆင်ဖြူတော်တွေကို ပုဂံနေပြည်တော် ပြန်အပ်ရမှာပဲ။ နေပြည်တော်ကို ပြန်ရောက်ပြီးရင် သူတို့ညီအစ်မကို လာရောက်တောင်းရမ်းလက်ထပ်ဖို့ လုပ်ရမှာပဲ"

"ကျွန်တော်ကရော ..."

"တို့ညီအစ်ကိုပေါ့"

"တစ်ခါတည်းခေါ်သွားရင် မဖြစ်ဘူးလား ... အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"တာဝန်နဲ့ ကိုယ်ပိုင်ဆန္ဒကို မရောထွေးနဲ့ ... ညီလေး။ တာဝန်ကျေပွန်ပြီးမှ အစ်ကိုတို့ သူတို့နေတဲ့ ကျည်တောင်ရွာကို ပြန်လာခေါ်ရမှာပဲ"

"ဟုတ်ပါတယ်လေ ... ရှင်ညိုတို့ကိုတော့ နားလည်အောင် ရှင်းပြပြောပြရမှာပေါ့။ ယုံမှာပါ ... အစ်ကိုရာ"

ဒီအချိန်မှာပဲ ...

"အူး ... ဝူး ..."

"အူး ... ဝူး ..."

"ဟော ... ဆင်သံဟေ့ ... ညီလေးရေ၊ ပုန်းနေစမ်း"

ဟိုး ဝါးတောရှိရာကနေ ဆင်တွေ ချိုတိုးသံ၊ တဝူးဝူးအော်ပြီးလာနေသံကို သူတို့ ကြားလိုက်ရပြီး ဝါးလေးငါးပြန်အဝေး ကျောက်တုံးကျောက်စိုင်များကြားမှာ အမြန်ပြေးကပ်လိုက်ကြတယ်။

အချိန်က နေရီညိုညို။

ကွမ်းတစ်ဝါးခန့်ကြာတော့ ...

"အီ ... အီ ... အီ ... အီ"

"အီ ... အီ ... အီ ... အီ"

တောဝက်အုပ်ကြီး ရေသောက်ဆင်းလာတာကို မြင်ရတယ်။

သည့်နောက် ဒရယ်ချိုကားကြီးတွေ ရေသောက်ဆင်းလာတယ်။ ရေသောက်လိုက်၊ ရေခါလိုက်၊ ဝက်တွေက အော်။

"ဝူး ဝူး"

"ကျီ ကျီ ကျီ"

"အစ်ကို ... လာနေပြီဗျ"

"ဟာ ... ဟိုမှာ မားကြီးနဲ့ မားလေးကွ"

"ဘုရားရေ ... ဆွတ်ဆွတ်ဖြူ စွယ်စုံပေါက်တွေပါလား ... အစ်ကို ဟင်"

"ကျက်သရေရှိလိုက်တာကွာ"

စိတ်ကူးသစ်စာပေ



ဖွေးဖွေးဖြူ ကိုယ်မွေးတွေနဲ့ ဆင်ဖြူသုံးကောင်နှင့်အတူ အောက်မား ဆင်မကြီးနှစ်ကောင် ရေသောက်ဆင်းကြတယ်။ မားကြီးနဲ့မားလေးက ရေစိမ်ပြီး ရေတွေကို နှာမောင်းနဲ့မှုတ်ကစားတော့ ဆင်ဖြူတွေကလည်း ရေဆင်းသောက်ပြီး နှာမောင်းနှင့်ရေတွေကို စုပ်ယူလို့ မားကြီးတို့ကို ပြန်ပက်လို့။

ဆင်ဖြူတော်ကိုယ်ပေါ်မှာ ရေတွေ စိုရွှဲနေတယ်။

နေရောင်အချို့က သူတို့ကိုယ်ပေါ်ကို ကျတော့ ပုလဲရောင်ခနေတဲ့ သူတို့ခန္ဓာကိုယ်တွေဟာ အလွန်လှပနေတာပဲ။

မိမိတို့ဟာ ဆင်ရဲ့ကြန်အင်လက္ခဏာကို ဖတ်တတ်သူများ မဟုတ်ပေမင့် ဆင်ကောင်းတွေနဲ့ အနေကြာတဲ့ အတွေ့အကြုံကြောင့် ဆင်ဖြူသုံးကောင်ရဲ့ မျက်မြင်ကြန်အင်လက္ခဏာတွေကို ကြည့်ပြီး အံ့သြနေကြရဲ့။

ဆင်ကောင်းတွေမှာ ကြီးရာ (၁၀) ပါး။

ကျယ်ရာ (၁၀) ပါး။

ရှည်ရာ (၁၀) ပါး။

လုံးရာ (၁၀) ပါး။

ပါးရာ (၁၀) ပါး။

တင်းရာ (၁၀) ပါး။

နီရာ (၁၀) ပါး။

ပြေပြစ်ရာ (၁၀) ပါး။

ပေါ်ရာ (၁၀) ပါး။

တည်ရာ (၁၀) ပါး။

ဝန်းရာ (၁၀၊ ပါး။

အပြင်လှရာ (၁၀) ပါး။

ယတရရာ (၁၀) ပါး။

မြေထိရာ (၉) ပါး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



များရာ (၇) ပါး။

အတန့်ရှိရာ (၇) ပါး။

အသံကောင်းရာ (၅) ပါး။

လည်လက္ခဏာ (၅) ပါး။

ညွှံ့ရာ (၄) ပါး။

ညီရာ (၄) ပါး။

သွားစဉ်ထောင်ရာ (၄) ပါး။

အရောင်ထွက်ရာ (၃) ပါး ...

စသည့် ဆင်ကောင်းတို့ရဲ့ ကြန်အင်လက္ခဏာတွေက အကျဉ်း (၆၄) ပါး၊ အကျယ် (၃၁၅) ပါး ရှိတယ်လို့ ကြားသိရဖူးတယ်လေ။

ကြီးရာ (၁၀) ပါးဆိုတာက ...

မျက်လုံး၊ ဦးကင်း၊ နှာမောင်းရင်း၊ ရင်၊ လည်၊ ခြေမသည်း၊ လက်မသည်း၊ မောင်းနှစ်ဖက်၊ ခြေကျော၊ လက်ကျော၊ ပေါင်တွေနှစ်ဖက်၊ နားရွက်နှစ်ဖက် ကြီးမှ ဆင်ကောင်းရဲ့ လက္ခဏာတဲ့။

အရောင်ထွက်ရာ (၃) ပါးက ...

ဆင်ကောင်းတို့မည်သည် အစွယ်၊ ခြေသည်းလက်သည်း အရောင်ထွက်ရတယ်။ အစွယ်ဆိုတာ ဆင်ကိုယ်နှင့်တန်ရုံ ရှိရတယ်တဲ့။

အစွယ်ဟာ နွားနို့လိုလည်း ဖြူဖွေးရတယ်။

အချို့က ပျားရည်အဆင်း၊ ဆီကြည်အဆင်း ရှိရတယ်။

အသံကောင်းခြင်း (၅)ပါးကတော့ ဆင်ကောင်းဆင်မြတ် ဆင်အနွယ်တန်တို့ရဲ့ အော်သံဟာ ခြင်္သေ့ဟိန်းတဲ့အသံ၊ ကရဝိတ်ငှက်အော်တဲ့အသံလို သာယာတာမျိုး၊ မိုးကြိုးပစ်သံလို တုန်ခါတဲ့အသံမျိုး၊ ကြိုးကြာငှက်မြည်တဲ့အသံ၊ ခရာမှုတ်တဲ့အသံလို သာယာတဲ့အသံမျိုး ရှိရသတဲ့။

ဆင်ကောင်းတို့မည်သည် အစွယ်ဖြူ၊ ခွာဖြူ၊ ခြေသည်းလက်သည်း ဖြူရင် ဆင်ကောင်းစာရင်းဝင်တယ်လို့ ဆိုတယ်။





အခု ဆင်ဖြူတော်အော်တဲ့အသံက ဟိန်းဟိန်းဟက်ဟက် အသံမျိုး။ ပြီး တစ်ကိုယ်လုံး ဖြူဖွေးနေတာ။

အစွယ်က နို့နှစ်ရောင်တစ်ကောင်။

ကျန်နှစ်ကောင်က ပျားရည်ရောင်လို ရဲရဲတွတ်တွတ်။

ချောမောပြေပြစ်တဲ့ ဆင်ဖြူအရွယ်ကောင်းတွေ။ သူတို့ ရေသောက်ရေကစားပြီးနောက် ရှေ့နောက်ညီညီ တောအုပ်ရှိရာကို သွားနေကြတယ်။ ခုံသီဟတို့ လေအောက်ကနေ လိုက်ချောင်းကြတယ်။

ထမင်းအိုးကြီး တစ်ချက်ကြာတော့ ဆင်ငါးကောင်ဟာ သစ်ပင်ကြီးငယ်နှင့် နွယ်ချုံကြီးတွေရှေ့က ကျောက်ဂူကြီးတွေထဲကို ဝင်သွားကြတာ အံ့ဖွယ် မြင်လိုက်ရတယ်။

"အစ်ကို ..."

"ညီလေး ..."

"သူတို့ ဒီဂူထဲကို ဝင်သွားပုံထောက်ရင် သူတို့ ဒီဂူထဲမှာ အိပ်ကြတယ်နဲ့ တူတယ်ဗျ"

"ပြောလို့မရဘူး ... ညီလေး"

"ဘာလို့မရတာတုံး ... အစ်ကိုရဲ့ မြင်ရပြီဥစ္စာ"

"ဂူတိုလား၊ ဂူရှည်လား ... အစ်ကိုတို့ မသိဘူးလေ။ ဂူရှည်ဆိုရင် ဘယ်အထိပေါက်မလဲ၊ ဂူပေါက်တွေ ရှိသေးလား။ ဒီလို သေသေချာချာ သိရမှ ဒီဂူထဲမှာအိပ်တယ်လို့ ပြောလို့ရမယ်လေ ... ဟုတ်ဘူးလား"

"အင်း ... ဒါလည်း ဟုတ်တာပဲ။ ဒါပေမင့် သူတို့ ဒီဂူဝန်းကျင်မှာနေ အဝင်အထွက်လုပ်တာတော့ ကျိန်းသေနေပြီဗျ"

"အေးပေါ့ ... ကိုင်း ... မှောင်တော့မယ် ... အစ်ကို စခန်းချထားနေရာကို ပြန်ကြစို့"

"အစ်ကို ..."

"ဘာတုံး ... ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



"တောဝက်တွေဗျ ... တောက် ... လှံနဲ့ပစ်လိုက်ရင် တစ်ကောင်တော့ ရမှာဗျ"

"မလုပ်နဲ့၊ ငါတို့ရည်ရွယ်ချက်က တောဝက်ပစ်ဖို့ မဟုတ်ဘူး။ ဆင်ဖြူတော်တွေဖမ်းဖို့လာတာ"

သူတို့ ကျောက်ကမ်းပါးယံရှေ့ ဆင်စခန်းချတဲ့နေရာ ရောက်တော့ မှောင်နေပြီ။ ဆင်သမားတွေလည်း ညစာအတွက် ချက်ပြုတ်ပြီးကြပြီ။

"ဘယ့်နှယ်လဲဟေ့ ... မောင်သီဟနဲ့ မောင်ဒိဗ္ဗ"

"ကျွန်တော်တို့ အောက်မားဆင်မတွေရော၊ ဆင်ဖြူသုံးကောင်ရော စတည်းချနိုင်တဲ့နေရာကို တွေ့ခဲ့ပြီ ... ဆင်ရုံကြီး"

"ဘယ်နေတုံး ... မောင်သီဟ"

"ဂူကြီးတစ်ဂူထဲမှာ။ ကျောက်ဂူကြီးခင်ဗျ ... အဲဒီထဲကို ဆင်တွေအားလုံး ဝင်သွားကြတယ်ခင်ဗျ"

"တို့ဆင်မတွေရဲ့ အခြေအနေကရော"

"ပူးပူးလုံးလုံးတော့ ဖြစ်နေတာပဲ။ နက်ဖြန် ကျွန်တော်တို့ စောင့်ကြည့်ရင် အောက်မားဆင်မနှစ်ကောင်ရဲ့အကဲကို သိရမှာပဲ ... ဆင်ရုံကြီး"

"ဟုတ်ပြီလေ ... ဒါဆို ဆင်ဦးစီးတွေ မိုးလင်းရင် ဆင်ဦးစီးတို့က နောက်ကိုရွှေ့ကြ။ ငါတို့ ဆင်သွားလမ်းကြောင်းရောက်နေရင် ဆင်ရိုင်းတွေ လန့်သွားမယ်"

"ဟုတ်ကဲ့ ..."

"တို့များက ငါတို့အောက်မားဆင်မတွေရဲ့အကဲကို လိုက်ကြည့်ကြမယ်။ ကိုင်း ... ညစာ စားကြစို့။ ပြင်တော့ဟေ့"

ညနေစာ(ညစာ)ထမင်းက စားလို့ကောင်းပါ့။

ဆင်ဖြူတွေကို ခြေရာခံမိကြလို့ အောက်မားအဖွဲ့သားတွေအားလုံး ပင်ပန်းနေကြပေမင့် အလွန်ဝမ်းသာနေကြတယ်လေ။ သူတို့အားလုံး တောကြီးတောင်ကြီးထဲမှာ ရက်ကြာရှည် မနေချင်ကြဘူး။

---

စိတ်ကူးသစ်စာပေ



ငှက်ဖျားရန်၊ ကျား၊ ကျားသစ်ရန်နဲ့၊ မြွေဆိုးတွေရဲ့ရန်က အမြဲ စိုးရိမ်နေကြရတာယ်မဟုတ်လား။

စားလို့ကလည်း ကောင်းပါ့။

ဆင်သမားတွေ တောကြက်သုံးကောင် ရလာတာမို့ ကြက်ဆီကျန် ရေကျန် ငရုတ်သီးစပ်စပ်ကာလသားချက်ကလည်း စားလို့ကောင်း။

တောဟင်းရွက် ဟင်းချိုနဲ့ သရက်သီးနုနု တို့စရာကလည်း ငါးပိ ကင်လေးနဲ့ တို့မြုပ်စားရတာ မွှေးမွှေးလေး။

ဟင်းရော၊ ထမင်းရော ပြောင်သွားကြတယ်။

သည့်နောက် ထင်းတုံးတွေကို ဆင့်ပိုင်းနားမှာရော၊ ကျောက် ကမ်းပါးအမိုးအောက်မှာပါ မီးရှို့ထားလိုက်ကြတယ်။

ဝေးတော့ မီးရောင်တွေ့မယ် မထင်ဘူး။

အိမ်ဆင်တွေက မီးကိုမကြောက်ဘူး။

တောဆင်နဲ့ ကျား၊ သစ်တို့က မီးကို ကြောက်ကြတယ်။

အစောင့်ကျတဲ့ ဆင်သမားကိုလည်း သတိ၊ ဝီရိယရှိဖို့ မှာပြီး နောက် သူတို့ ဝါးပိုးဝါး ထက်ခြမ်းကွဲ ဝါးခေါင်းအုံးတွေ ခေါင်းအုံး။ စောင် ခြုံအိပ်လိုက်ကြတော့တယ်။

ဆင်ဖမ်းသမားတွေအားလုံးဟာ ရက်ဆက်တိုက် ညအိပ်ချိန်က လွဲပြီး တောင်ကြောပေါ်အနှံ့၊ တောအုပ်တွေအနှံ့၊ တောင်ဆင်းတောင်တက် လိုက်ရှာကြရတာမို့ ကိုယ်တွေလက်တွေပါ နာကြင်နေကြတယ်လေ။

ခေါင်းချလိုက်တာနဲ့ မျက်လုံးတွေ စင်းလာတယ်။

ဟိုးအဝေးက ညဉ့်ငှက်အော်သံနှင့် ကျားတစ်သံကို ကြားလိုက်ရ လို့ ညစောင့်ဆင်သမားက မီးပုံထဲကို သစ်ခြောက်တုံးတွေထည့်ပြီး မီး တောက်အား ကောင်းအောင်လုပ်လိုက်တယ်။

မကြာခင်မှာ သူတို့အားလုံး တခူးခူး တခေါ်ခေါ်နဲ့ အိပ်ပျော်သွား ကြတော့ရဲ့။

❀ ❀ ❀

www.burmeseclassic.com

[၂၁]

❑

''ဟော့ကောင်လေး ...''

''ဟော့ကောင်လေး ... ရဲသီဟ။ ဟော့ ... သူငယ် ... ထစမ်း''

''ရဲသီဟဆိုတဲ့ကောင်လေး ... မြန်မြန်ထစမ်းဟော့''

ရဲသီဟ လန့်နိုးသွားပြီး သူ့နာမည်ခေါ်သံလာရာကို လှမ်းကြည့်လိုက်တော့ ရှေ့ ခြေလှမ်းနှစ်ဆယ်ခန့်မှာ လူကြီးတစ်ယောက်။ လရောင်ပိုးဝါးအောက်မှာ ရပ်နေတဲ့ လူကြီး။

ဆင်ရုံကြီးများလား။

အိပ်နေသူတွေကို ကြည့်လိုက်တော့ ဆင်ရုံကြီးလည်း တခေါခေါဟောက်လို့။ ဘယ်သူများပါလိမ့်။ ဆင်အုပ်ရဲ့အနီးမှာ ဆင်စောင့်က မီးတိုကို ကျောပေးပြီး ငိုက်လို့။

''ဟော့ကောင် ... လာဦး''

''ရှူး ... ရှူး ... လာခဲ့လေ ... ဒီကိုလာခဲ့''





ရဲသီဟကို လူတစ်ဦးက လက်ရပ်လှမ်းခေါ်နေတာ။ ဒါနဲ့ ရဲသီဟ လက်ယပ်လှမ်းခေါ်တဲ့ လူ့ရှိရာကို အမိန့်ပေးခံရသလို တရွေ့ရွေ့ သွားနေမိတော့တယ်။

အနီးကိုရောက်လို့ ကြည့်လိုက်တော့ သျှောင်တစ်စောင်းထုံးထားပြီး ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ အဘိုးအိုတစ်ဦးကို လရောင်လင်းချိန်မှာ အထင်အရှား မြင်လိုက်ရပါရော။

အလို ... လူ့စိမ်းအဘိုးကြီးပါကလား။

နှုတ်ခမ်းမွေး ဖြူဖြူဖွေးဖွေးတွေက ပါးစပ်ထဲကို ကုပ်ဝင်လို့။ နက်ပြောင်နေတဲ့ ပုတီးတစ်ကုံးကိုလည်း လည်ပင်းမှာ ဆွဲထားရဲ့။

သူ့ညာလက်မှာတော့ ကောက်ကောက်ကွေးကွေး တောင်ဝှေး တစ်ချောင်းကို ကိုင်ထားလို့။

ထူးဆန်းတာက သူ့ဝန်းကျင်မှာ နံ့သာဖြူရနံ့လိုလို ရနံ့တွေ မွှေးကြိုင်နေတာပဲ။

ဒီအဘိုးကြီး ဘယ်ကရောက်လာတာပါလိမ့်။

နှစ်ရက် သုံးရက်ခရီးမှာ လူတစ်ဦးမှ သူတို့မတွေ့ရဘဲ ညဉ့်နက်သန်းခေါင်ကျမှ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုကြီးကို မမျှော်လင့်ဘဲတွေ့ရလို့ ရဲသီဟ အံ့သြနေတုန်းမှာပဲ ...

''ရဲသီဟဆိုတာ မောင်ရင်လားဟေ့''

''ဗျာ ...''

''ငါမေးတာ ဖြေလေကွာ''

အဘိုးအိုရဲ့ စကားပြောသံက အလွန်ဩဇာပါတဲ့အသံ။

''ဟုတ် ... ဟုတ်ပါတယ် ... အဘိုး ... ဒါနဲ့ အဘိုးက ကျွန်တော့်နာမည်ကို ဘယ်လိုလုပ် သိနေတာလဲဟင်''

''ဘယ်လိုသိသိပေါ့ကွာ ... ငါပြောတာ မှားလို့လား''

''မ ... မ ... မှားပါဘူး ... အဘိုးခင်ဗျ''

''မင်းတို့ ဒီတောင်ပေါ်မှာ ဘာလာလုပ်တာလဲ ငါသိတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဟို . . . ဟို . . . အဘိုးက ဘယ်သူပါလဲခင်ဗျာ"

"အဲဒါ မင်းသိဖို့ မလိုဘူး။ ဟုတ်တယ် မဟုတ်ဘူးပဲ ပြော"

"ဟုတ် . . . ဟုတ်ပါတယ်ခင်ဗျ"

"မင်းတို့ ဆင်ဖြူသုံးကောင်လာဖမ်းတာ ဟုတ်ရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့"

"အဲဒါ ဘယ်သူ့ခိုင်းတာလဲဟေ့"

"ဟို . . . ပုဂံဘုရင်မင်းကြီး အနုရုဒ္ဓါပါ အဘိုး"

"မင်းတို့ ပင်ပန်းရုံပဲ ရှိမှာပဲ"

"ဘာ . . . ဘာဖြစ်လို့ပါလဲ . . . အဘိုးရယ်"

"မင်းတို့အခု လိုက်ရှာဖမ်းနေတဲ့ ဆင်ဖြူသုံးစီးဟာ ဘယ်သူပိုင်တဲ့ဆင်လဲ . . . သိလား"

"ဟို . . . ဟို . . . တောဆင်ရိုင်းတွေမဟုတ်လား . . . အ . . . အဘိုး"

"တောဆင်ရိုင်းပေမင့် ပိုင်တဲ့လူရှိတယ်လေ။ မင်းတို့အားလုံး ဆင်သူခိုးတွေပဲ"

"ဗျာ . . ."

"ဒီဆင်ဖြူတော်သုံးကောင်ကို ဘာဆင်လို့များ မင်းတို့ထင်ပြီး အတင်းရော၊ အဓမ္မ လိုက်ဖမ်းနေတာတုံးကွ . . . ဟင်"

"ရှင် . . . ရှင်ဘုရင်အမိန့်ကြောင့်ပါ . . . အဘိုးရယ်"

"ရှင်ဘုရင်ကရော သူခိုင်းရင် ရမယ်ထင်လို့လား"

"အဲ . . . အဲဒါက . . ."

"မင်းရှင်ဘုရင် အနုရုဒ္ဓါကရော ဥတေနမင်းလို ဆင်နိုင်ဂါထာရတဲ့ ရှင်ဘုရင်မို့လား။ ကိုယ့်ကိုယ်ကိုယ် ဥတေနဘုရင်လို့ထင်ရင် ကိုယ်တိုင် ဆင်နိုင်ဂါထာရွတ်ပြီး လာဖမ်းလေ"

" . . . . . . . . ."

စိတ်ကူးသစ်စာပေ



"မင်းတို့ ဆင်ဖမ်းသမားတွေ ဒီဆင်ဖြူတော် သုံးစီးအကြောင်း ဘယ်လောက်သိလို့လဲ . . . ပြော"

"မ . . . မသိပါဘူး ခင်ဗျ။ ဆင်ဖြူတော် ပေါင်းလောင်းအရှေ့တောင်ပေါ်မှာ ပေါ်တယ်ဆိုလို့ ပေါက္ကံဘုရင်က သွားဖမ်းချေအမိန့်ပေးတာနဲ့ လာခဲ့ . . ."

"တော် . . . အေးလေ . . . အေးလေ . . . ငါကလည်း ဒေါသဖြစ်ပ။ မင်းတို့က မင်းခစား အခိုင်းခံ ကျွန်တွေပဲကိုး။ မင်းတို့ပြန်တော့ . . လူလေး"

"ဗျာ . . ."

"မင်းတို့ ပင်ပန်းလိမ့်မယ် . . . ပြန်တော့"

"မ . . . မဖြစ်ဘူး . . . အဘိုး။ ကျွန်တော်တို့ ဆင်ဖြူတွေ တွေ့ရဲ့သားနဲ့ မဖမ်းရင် မင်းကြီးက ပြစ်ဒဏ်ပေး . . ."

"ဒါဆို မင်းတို့ ရအောင်ဖမ်းမယ်ပေါ့ . . . ဟုတ်လား"

"အဲ . . . အဲ . . . ကြိုးစားရမှာပါပဲ . . . အဘိုး"

"အေးလေ . . . မင်းတို့ရှင်ဘုရင်ကလည်း ဆင်ဖြူလို့ အသံကြားရင် တယ်ရှုပိုးထိုး လိုချင်တာပဲကိုး"

"ဥတေနမင်းသာ ဆင်နိုင်ဂါထာရွတ်ရင် ဆင်ရိုင်းတွေ ဦးနိုက်ရတာပါ . . . လူလေး။ ဥတေနလိုဘုရင်မျိုး နောင် ဘယ်တော့မှ မပေါ်တော့ဘူး။ ဘုရင်ဖြစ်တိုင်းလည်း ဆင်ဖြူတော်မရသလို၊ ဆင်ဖြူတော်ဆိုတာ ထိုက်မှရတာ။ ဒီတောင်ပေါ်က ဆင်ဖြူတော်ဟာ ဘာဆင်ဖြူတော်လဲမသိဘဲ လာဖမ်းကြတော့ . . . လူလေး . . ."

"ခင်ဗျာ . . ."

"ဖမ်းလို့ရရင် မင်းတို့ဘုရင် စကြဝတေးမင်း ဖြစ်လို့ပဲဟေ့ . . . တစ်ခုတော့ သတိပေးလိုက်မယ် . . . လူလေး။ ဂူတွေ့တိုင်း စွတ်မဝင်ပါနဲ့"

"ဘာ . . . ဘာလို့ပါလဲ . . . အဘိုးခင်ဗျာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘုရင့်ကျွန်တွေကို သနားလို့ ပြောရတာပါ။ ဒီဆင်ဖြူ
တော်တွေကို ဘယ်သူပိုင်လဲ သိလား ... လူလေး"

"မ ... မသိပါဘူး ... အဘိုးရယ်"

"ပိုင်ရှင်ပေးမှ ရမှာပေါ့"

"ကိုင်း ... အဘိုးသွားမယ်။ မှတ်ထားနော် ... ဂူတွေ့တိုင်း
မဝင်နဲ့။ ဆင်ဖြူတော်စစ်စစ်ဆိုတာ အလွန်ဘုန်းကြီးတဲ့သတ္တဝါ ... လူ
ကလေး"

"ကိုင်း ... သွားပဟေ့"

"အဘိုး ... အဘိုး ... နေပါဦး ... အဘိုးခင်ဗျ"

"ဘာတုံး ... လူလေး"

"အဘိုး ... အဘိုးရဲ့အမည် ဘယ်လိုခေါ်ပါလဲ ... အဘိုး
ရယ်"

"လူလေး ..."

"ခင်ဗျာ ..."

"တို့များ တစ်သက်မှာ နောင်ပြန်ဆုံဖို့ ခက်ချင်ခက်မှာမို့ အမည်
ကို မမေးနဲ့။ သွားပြီဟေ့"

တောင်ဝှေးကောက်ကောက်နဲ့ ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုဟာ
လရောင်အောက် ဆင်သွားလမ်းပေါ်မှာ တရွေ့ရွေ့သွားနေတာကို မြင်ရ
တယ်။

မကြာခင် သစ်တောအုပ်ထဲကို ဝင်ရောက်ပျောက်ကွယ်သွားတော့
တယ်။

"အဘိုး ..."

"အဘိုး ... အဘိုး ... နေပါဦး ... နေပါဦး"

ရဲသီဟ ထူးဆန်းလွန်းလှတဲ့ အဘိုးအိုကြီးကို နောက်ကနေ သတိ
လက်လွတ် ပြေးလိုက်လှမ်းအော်ခေါ်လိုက်မိတယ်။ သူ့ရဲ့အသံဟာ တောင်
ကမ်းပါးယံနဲ့ တောင်တန်းတောအုပ်တို့ထံကနေ ပဲ့တင်သွားတယ်။





"အဘိုး ... နေပါဦး ... အဘိုးရဲ့"

"မောင်ရဲသီဟ ... မောင်ရဲသီဟ"

"ဟင် ..."

"မင်းတစ်ယောက်တည်း ဘာတွေအော်ခေါ်နေတာလဲဟင်"

သူ ခုမှ သူ့ကိုယ်သူ ပြန်သတိရသလိုဖြစ်ပြီး တုံ့ခနဲရပ်လို့ အနီးရှိ
လူတွေကို ကြည့်လိုက်တော့ ...

ဆင်ထိန်းလှံ၊ ဆင်ထိုးလှံရှည်တွေကိုင်၊ မီးတုတ်တွေ ကိုင်ထား
ကြတဲ့ ဆင်ရုံကြီးနဲ့ ဆင်ဖမ်းအဖွဲ့တွေကို တွေ့ပြီး အံ့သြသွားရဲ့။

"မင်း ဒီမှာ ဘာလာလုပ်နေတာတုံး ... မောင်သီဟ"

"အဲ ... အဲ ... ဟို ... ဟို ..."

"အစ်ကို ... အစ်ကို ... ဒီနေရာကနေ ဘယ်သူ့ကို လှမ်းအော်
ခေါ်နေတာလဲဟင် ... အစ်ကို"

"အဲ ... အဲ ... ဟို ... ဟို ..."

"မောင်သီဟ အိပ်ပျော်ရာက ယောင်ပြီး လမ်းလျှောက်သွားတာ
သား ... ဟုတ်လား"

"အဲ ... အဲ ... ဟို ... ဟို ... အပေါ့ ... သွား ... သွား
တာပါ ... ဆင်ရုံကြီး"

ရဲသီဟ သူ မြင်ခဲ့၊ ကြုံခဲ့၊ ကြားခဲ့ရတာတွေ ပြော မပြချင်ဘူး။
ပြောရင်လည်း ယုံရင်ကောင်းရဲ့၊ မယုံရင် ကြောင်သွားပြီ၊ ရူးသွားပြီပြော
ရင် နာမည်ပျက်ရဦးမည်။

"အပေါ့သွားရင် အနီးအနားမှာသွားရင် ရသား ... မောင်သီဟ
ရယ်။ မတော် ကျားတို့၊ မြွေတို့နဲ့တွေ့ရင် ကိုယ်ကျိုးနည်းရချည်ရဲ့။ ကိုင်း
ပြန်အိပ်တော့ ... လာ"

ရဲသီဟ စခန်းချအိပ်ရာနေရာကို ပြန်ရောက်တော့ အိပ်လို့မပျော်
ဘူး။ မျက်လုံးထဲမှာ ဝတ်ဖြူစင်ကြယ်၊ သျှောင်တစ်စောင်း၊ နှုတ်ခမ်းမွေး
ဘုပ်ကုပ်၊ တုတ်ကောက်နဲ့ အဘိုးအိုကိုပဲ မြင်နေတယ်။ ဒီလို တောကြီး
ထောင်ကြီးထဲမှာ လူနေသေးတာ ... ဟုတ်ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသီဟ ..."

အနီးမှာ ပက်လက်လှဲနေတဲ့ ညီလေး ရဲဒိဗ္ဗက အစ်ကိုလုပ်သူရဲ့ အကဲကို မသင်္ကာလို့ မေးရော ...

"အစ်ကို ... ဘာဖြစ်နေတာလဲဟင်"

"ဘာမှမဖြစ်ပါဘူးကွာ ... မျက်လုံး ကြောင်နေလို့ပါ"

"အစ်ကို စောစောတုန်းက ဘယ်သူ့ကို အော်ခေါ်တာလဲဟင်"

"အစ်ကို ခေါ်မိလို့လား ... ညီလေး"

"ခေါ်တယ် ... အဘိုးရေ ... အဘိုးဆိုပြီး အကျယ်ကြီးအော် ခေါ်နေတဲ့အသံ ကြားလို့ ကျွန်တော်တို့အားလုံး နိုးပြီး ကြည့်တော့ အစ်ကို အိပ်ရာထဲမှာ မရှိတော့ဘူး။ ဒါနဲ့ လက်နက်တွေစွဲပြီး ပြေးလိုက်ခဲ့ကြတာ။ အစ်ကို ဘယ်သူ့ကိုမြင်လိုက်လို့ ခေါ်နေတာလဲဟင်"

"မမြင်ပါဘူး ... ညီလေးရာ၊ အမြင်မှောက်ပြီး အော်မိတာနေမှာပါ။ ကဲ ... ကဲ ... အိပ်ကြစို့။ မနက်ကို စခန်းရွှေ့ရမှာဟေ့ .. အိပ်"

ရဲသီဟ သို့ကလိုပြောပြီး တစ်ဖက်ကိုလှည့်လို့ အိပ်ဖို့ကြိုးစား လိုက်တယ်။ မကြာခင် သူ အိပ်ပျော်သွားခဲ့တယ်။ အိပ်ပျော်နေတုန်းမှာ အိပ်မက်ထဲကို ဟို ပိတ်ဖြူစင်ကြယ်ဝတ်အဘိုးကြီး ရောက်လာပြန်ပါရော။

"မောင်ရင် ... ဒီဆင်ဖြူသုံးစီးကို ဘာထင်နေကြလို့လဲ"

"အဲဒီဆင်ဖြူတွေကို ဘယ်သူပိုင်လဲ ... သိလား"

"သတိပေးလိုက်မယ်နော် ... ဂူတွေထဲကို ဝင်ရင် သတိထား မောင်ရင်လေးရေ"

သူ အိပ်မက်ထဲမှာ အဘိုးအိုကြီးကို ရိုရိုသေသေ လေးလေးစားစားပဲ ပြောလိုက်တယ်။

"ဟုတ်ကဲ့ပါ ... အဘိုး"

✿ ✿ ✿

| ၂၂ |

❑

သူတို့အောက်မားအဖွဲ့တွေ စခန်းချရာနေရာကို နောက်ဘက်ဆီ ဝေးဝေး ရွှေ့ပြောင်းလိုက်ကြတယ်လေ။

သူတို့ အောက်မားဆင်မကြီးနှစ်ကောင်နဲ့ ဆင်ဖြူသုံးစီး လမ်းကြောင်းနှင့် နီးလို့မဖြစ်ဘူး။

အောက်မားဆင်မကြီးမြင်သွားလို့ ကိစ္စမရှိပေမဲ့ တောဆင်ရိုင်း ဆင်ဖြူသုံးစီး မြင်ပြီး လန့်ပြေးရင် ခရီးလမ်းကြောင်း ရက်ကြာရှည်သွားနိုင်တယ်။

ဆင်ဦးစီးတို့ နေရာရွှေ့ပြီးနောက် ရဲသီဟတို့ညီအစ်ကိုနဲ့ ဆင်ရုံးကြီး .....တို့ ဆင်ဖြူဂူဝန်းကျင်မှာ ချောင်းမြောင်းနေတုန်းမှာပဲ ...

"ကျိ ..."

"ရှူး ... ရှူး"

"ကျိ ... ကျိ ... ရှူး"

"ထွက်လာပြီဟေ့ ... မောင်သီဟ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဟုတ်တယ် ... ဆင်ရုံကြီးရေ၊ ကျွန်တော်တို့ကို မမြင်စေနဲ့နော်"

ဦးစွာ ဂူကြီးထဲကနေ အောက်မားဆင်မကြီး မားကြီး အရင်ထွက်လာပြီး နှာမောင်းကြီးမြှောက်လို့ 'ဂူး ... ကျို' နဲ့ အသံပြုနေတယ်။

မကြာဘူး၊ ဆင်ဖြူသုံးစီး အောက်မားဆင်မ မားလေးတို့ ရှေ့ဆင့်နောက်ဆင့် ထွက်လာကြပြီး အောက်မားဆင်မကြီးရဲ့ ဦးဆောင်မှုအတိုင်း ဆင်လမ်းဟောင်းကနေ တရွေ့ရွေ့ သွားနေကြလေရဲ့။

သွားရင်းကနေ အပင်အသီးအရွက်တွေကို ချိုးစားပြီး မားကြီးရဲ့နောက်ကနေ လိုက်နေကြလေရဲ့။

"မောင်သီဟ ..."

"ဗျာ ... ဆင်ရုံကြီး"

"တို့ အောက်မားကြီးတော့ မျှားခေါ်သွားနေပုံပဲကွ"

"ဟုတ်တယ် ... ဆင်ရုံကြီး၊ မားကြီးသွားနေတဲ့ လမ်းကြောင်းက အရင်လမ်းဟောင်းဗျ။ မားကြီးတို့ မျှားခေါ်သွားတာ သေချာတယ်ဗျာ"

"အူး ... ဂူး"

"ဂူး ... အူး"

သူတို့ ဆင်ငါးကောင်က ရှေ့ကနေ စားရင်းသွား၊ ရဲသီဟတို့က လေအောက်ကနေ ပုန်းရင်း၊ ချောင်းရင်း လိုက်။ ခေါင်းဆောင်စွယ်စုံပေါက် ဆင်ဖြူကြီးကို ကိုယ်လုံးချင်းပွတ်လိုက်၊ နှာမောင်းချင်း ချိတ်လိုက်၊ အစာကောင်းလေးတွေ နှာမောင်းကြီးနဲ့ ချိုးကျွေးလိုက် လုပ်ပြီး တွန်းတိုက်ချော့မော့ ခေါ်သွားနေတာ။

မားလေးကလည်း ဆင်ဖြူပေါက်နှစ်ကောင်ရဲ့ ရှေ့မှာ မ,ရုန်းပြေးပြီး ပြေးသွားလိုက်၊ ရပ်လိုက်၊ နောက်ကနေ တွန်းလိုက်။

ဆင်ဖြူပေါက် နှစ်ကောင်ကလည်း မ,အနံ့ကြောင့် မခွဲနိုင်မခွာရက် လိုက်နေကြတယ်။

သူတို့ စမ်းရေအိုင်တစ်ခုမှာ ရေသောက်ကြတယ်။





ရေသောက်ပြီး အသီးနုတွေကို ချိုးစားကြတယ်။

သည့်နောက် မားကြီးက ရှေ့ကနေ ကျူးရှိရာသွားတဲ့လမ်းကြောင်းပေါ် တက်လိုက်တော့ ဆင်ဖြူထီးတွေက မနေနိုင်ကြဘူး။

နှာမောင်းကြီးတွေဆန့်၊ ဖိုသံ၊ နှာသံပေးပြီး မားကြီးနောက်ကို လိုက်ကြတော့တာပဲ။

"ဆင်ရုံကြီး ..."

"ဘာတုံးကွယ့် ... မောင်သီဟ"

"သေချာပြီဗျ"

"မားကြီး မျှားခေါ်သွားပြီဗျ"

"သေချာတာပေါ့ဗျာ ... ခရီးအတန်ငယ် ကျူးနေပြီ ... ဆင်ရုံကြီးရ"

"တို့လူ ဆင်အုပ်နဲ့တိုးမှာ စိုးရသကွယ်"

"သူတို့လည်း ကြားမှာပါ။ ကြားရင် ရှောင်မှာပါခင်ဗျ"

ရဲဒိဗ္ဗက ဝင်ပြောလိုက်လို့ ဟုတ်မှာပေါ့လို့ ပြောပြီး ဘေးကနောက်ကနေ ပန်းလိုက်ခဲ့ကြတယ်။

ဟော ... မားကြီးတို့ ချောက်ကမ်းပါးကြီးတစ်ခုကို ရောက်နေကြပြီ။ ဆင်တွေက ကျွန်းပင်ကြီးရဲ့ပင်စည်နဲ့ ပွတ်တိုက်ပြီး အယားဖြေနေကြတယ်။

မွှားစားငှက်အချို့က ဆင်တွေရဲ့ ကျောကုန်းပေါ်မှာနားပြီး သန်းတွေကို ထိုးဆိတ်နေကြလို့ဗျား။

"ကျို ..."

"ဂူး ... အူး"

"ကျို ... အစ် ... အစ် ..."

မားကြီးက ကျူးရှိရာအရပ်ကို မှန်းပြီးသွားတော့ ဆင်ဖြူစွယ်စုံကြီးက မလိုက်ဘဲ ရပ်နေရော။ ဒီမှာ မားကြီးနဲ့မားလေးက တဂူးဂူး တကျိုကျိုအော်ပြီး သူတို့ကို ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူစွယ်စုံကြီး မလိုက်ဘဲရပ်နေတော့ ...

ကျန်တဲ့ဆင်နှစ်ကောင်ကလည်း ပေပြီး ရပ်နေကြပါရော။

ရပ်ရင်းကနေ လေထဲကို နှာမောင်းတွေမြှောက်ရင်း အနံ့ခံသလို လုပ်ရင်း အရပ်လေးမျက်နှာကို လှည့်ကြည့်နေကြရဲ့။

မားကြီးက သိတယ်။ ဆင်ဖြူသုံးကောင် သူမခေါ်ရာကို မလိုက်တော့ ကိုယ်လုံးနဲ့ ဝင်တွန်း၊ နှာမောင်းနဲ့တွန်း လုပ်ပါရော။

"ဂူး ..."

"ကျို ..."

"အူး ... ကျို"

ဘယ်လိုမှ မလိုက်ဘူး။ ဆင်ဖြူစွယ်စုံကြီးရဲ့ ဟန်ပန်က သက်ာရန့် ဖြစ်နေတဲ့ပုံ။ ဒေါသလည်း ဖြစ်ချင်ပုံရတယ်။ မြေကြီးတွေကို နှာမောင်းနဲ့စုပ်ယူပြီး မားကြီးရဲ့ကျောကုန်းပေါ်ကို မှုတ်တင်တယ်။

ပြီး နှာမောင်းတယမ်းယမ်းနဲ့ ခန္ဓာကိုယ်ကို လှည့်ပတ်ပြီး ...

"ကျို ..."

"ကျို ... ကျို"

မားကြီးခေါ်ရာကို မလိုက်ဘဲ ရှူးရှူးဝါးဝါးအော်ဟစ်ပြီး တောင်ကြောကြီးပေါ် ပြေးတက်သွားရော။ ကျန်ဆင်ဖြူနှစ်ကောင်ကလည်း စွယ်စုံကြီး ပြေးတက်သွားရာနောက်ကို အော်ပြီး ပြေးလိုက်ကြတော့တယ်။

မားကြီးကလည်း နောက်ကနေ အော်ပြီး ပြေးလိုက်။

မားလေးကလည်း မားကြီးနောက်ကနေ လိုက်။

"အူး ... ဂူး"

"ကျို ..."

"အူး ... ဂူး"

ဆင်ဖြူတွေရဲ့ ဟန်ပန်သဏ္ဌာန်က မသက်ာဖွယ် အနံ့ကိုသော်လည်းကောင်း၊ အာရုံရဟန်တူရဲ့။ တောင်ကြောပြန့်ကျယ်ကြီးပေါ်ကနေ ပြန်





ဆင်းပြီး ချုံကြီးတွေနဲ့ သစ်ပင်ကြီးတွေ ရောယှက်နေတဲ့ တောင်ကမ်းပါးယံကြီးရှိရာကို ပြေးကြတယ်။

သည့်နောက် ကမ်းပါးယံကြီးအောက်က ကျောက်ဂူကြီးထဲကို ဆင်ဖြူသုံးကောင်က ဝင်ပြေး၊ မားကြီးနဲ့ မားလေးကလည်း တကျိုကျို အော်ပြီး ဂူထဲကို ဝင်လိုက်သွားကြတော့တယ်။

ရဲသီဟတို့ ဆင်ရုံကြီးတို့ဟာ ရုတ်ခြည်းပြောင်းလဲသွားတဲ့ အခြေအနေကို မြင်ရပြီး အလွန်အံ့ဩသွားကြပါရော။

သူတို့ ဘယ်သူတွေကို မြင်သွားကြလို့လဲ။ ကျားလား၊ သစ်လား။ အောက်မား ဆင်ရဲတွေကိုလား။

အောက်မားဆင်အဖွဲ့ ဟိုးအဝေးကို ရောက်နေကြတာလေ။

သည့်နောက် သူတို့ ဂူကြီးရှေ့က ရာဝင်အိုးကြီးမက ကြီးမားလွန်းတဲ့ ကျွန်းပင်၊ ပျဉ်းကတိုးပင်ကြီးတွေကို အကွယ်အကာယူပြီး ဂူထဲကလှုပ်ရှားမှုကို စောင့်ကြည့်နေကြတယ်။

"ဂူထဲမှာ အားလုံးပဲကွယ့်"

"ဂူကျောရှည်ရင် ထွက်လမ်းရှိမှာပဲ ... ဆင်ရုံကြီး"

"စောင့်ကြည့်ကြတာပေါ့ကွယ်"

ဂူထဲက လှုပ်ရှားသံ မကြားရဘူး။ ငြိမ်ချက်သား ကောင်းနေတယ်။

ဒီလိုနဲ့ စောင့်ကြည့်နေတုန်းမှာပဲ ဆင်တစ်ကောင် ဂူဝကနေထွက်လာတာကို မြင်လိုက်ရတယ်။ မားကြီးပဲကိုး။

အောက်မားဆင်မ မားကြီးဟာ ဂူအပြင်ဘက်ကနေ နာနာကျင်ကျင် အော်လိုက်တော့တယ်။

"ကျို ... ကျ ... ကျို"

မားကြီးဟာ နှာမောင်းကြီးမြှောက်လိုက်၊ ဇော့ယမ်းလိုက်၊ ခွာနဲ့ မြေကြီးကို ရှပ်လိုက်၊ ကိုယ်လုံးကို လှည့်ပြီး အော်လိုက်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလင်သားနဲ့ ခွဲလိုက်ရလို့၊

ဒါမှမဟုတ် ချစ်သူ၊ ချစ်လင်ကို စိတ်အလိုမကျဖြစ်လို့ နာကြည်းကြေကွဲ ခံစားနေရပုံမျိုး။

"ကျွီ ... ရှူး"

မကြာဘူး။ ဂူထဲကနေ ဆင်မမားလေး ပြေးထွက်လာပြီး နှာမောင်းကြီးထောင်ပြီး ဟိုဟိုဒီဒီ အရပ်လေးပါးကို လိုက်ကြည့်လို့။

အဖော်ပျောက်ကို ရှာနေတဲ့ ဟန်မျိုး။

နှစ်ကောင်စလုံး ဂနာမငြိမ်ကြဘူး။

"ဘာဖြစ်နေတာလဲကွ ... မောင်သီဟ"

"တစ်ခုခုဖြစ်နေတာပဲ ... ဆင်ရုံကြီး။ အထဲမှာ ဆင်ဖြူတွေ ဘာများဖြစ်နေကြလို့လဲ မသိဘူးဗျ"

"အစ်ကို ..."

"အေ ... ညီလေး၊ ပြောကွ"

"အထဲမှာ ပြဿနာရှိနေပုံပဲဗျ၊ ကျွန်တော်တို့ ဆင်မကြီးတွေ ပေါက်ကွဲနေတယ်"

"ဘယ်လိုဖြစ်မယ်ထင်လို့လဲ ... ညီလေး"

"ဆင်ဖြူတွေ အထဲမှာ အန္တရာယ်နဲ့ ကြုံနေရပုံမျိုး။ ဟော ... ဟော ... ကြည့်စမ်း ... ကြည့်စမ်း ... အစ်ကို"

"ကျွီ ..."

"ကျွီ ..."

အောက်မားဆင်မကြီးနှစ်ကောင်ဟာ နှာမောင်းကို မြှောက်လို့ နင့်နင့်နဲနဲ အော်ဟစ်ပြီး ဂူပေါက်ထဲကို ပြေးဝင်သွားကြပါရော။

ဘာတွေဖြစ်နေပါလိမ့်ကွယ်။

ကြည့်နေတုန်းမှာပဲ မားကြီးနဲ့မားလေးတို့ ပြန်ထွက်လာပြန်ပါရော။ သူတို့ရဲ့ဟန်ပန်က စိတ်ဓာတ်ကျနေပုံမျိုး။

စိတ်ကူးသစ်စာပေ



သည့်နောက် နှာမောင်းကြီးတွေမြှောက်ပြီး ချုံတွေကို တိုးဝှေ့လို့ တစ်နေရာကို တစ်ဟုန်ထိုး ပြေးထွက်သွားပါရော။

"ငါတို့ အသံပြုရင်ကောင်းမလား ... မောင်သီဟ"

"မဖြစ်ဘူး ... ဆင်ရုံကြီး၊ အကယ်လို့ ဆင်ဖြူတွေ အထဲမှာရှိနေရင်၊ သိသွားရင် အန္တရာယ်များမယ်။ မားကြီးတို့ ပြေးသွားတာကလည်း အကြောင်းရှိမှာပဲ။ စောင့်ကြည့်ကြစို့ ... ဆင်ရုံကြီး"

"ဟုတ်တယ် ... မားကြီးတို့။ မားလေးတို့ကို ပြန်ခေါ်ဖို့က လွယ်တယ်။ ရှိနေတဲ့ အောက်မားဆင်မတွေနဲ့ ရှာရင် ရနိုင်တယ်။ သူတို့ ဘာတွေဖြစ်ကုန်ကြတာလဲဆိုတာ သိဖို့လိုတယ်"

ရဲသီဟတို့ အချိန်အတန်ကြာ ဂူဝကို စောင့်ကြည့်ပေမင့် ဆင်ဖြူ သုံးစီး လုံးဝ ပြန်ထွက်မလာတော့ဘူး။

"ဆင်ရုံကြီး ..."

"အေး ... ပြော၊ မောင်သီဟ"

"ကြည့်ရတာ ဂူကြောရှည်ပုံရတယ်။ အဲဒီဂူကြောကနေ ဆင်ဖြူတွေ ထွက်သွားပုံပဲခင်ဗျ"

"ဒါဆို မားကြီးတို့ ဘာလို့ သူတို့နောက်ကနေ လိုက်မသွားရတာတုံး"

"ရန်ပြု ဖွေပြီး နှင်လိုက်လို့ထင်ရဲ့ ... အစ်ကိုရ"

"ဖြစ်နိုင်တယ်"

"မားကြီးတို့ ပြေးသွားတာကရော"

"ဆင်ဖြူတွေကို သံယောဇဉ်စိတ်နဲ့ လိုက်ရှာတာလည်း ဖြစ်နိုင်တာပဲ။ ကျွန်တော် ဂူထဲကို ဝင်စုံစမ်းမယ် ... ဆင်ရုံကြီး"

"မဖြစ်ဘူး ... မောင်သီဟ"

"ဘာလို့မဖြစ်ရမှာလဲ။ ဝင်ကြည့်မှ သိရမှာလေ"

"အထဲမှာ ဆင်ရိုင်းသုံးကောင်ရှိရင် မင်း ဒုက္ခရောက်သွားမယ်လေ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆင်ရုံကြီးခင်ဗျ ... ဆင်ရိုင်းသုံးကောင် အထဲမှာရှိနေရင် ကျွန်တော်တို့အောက်မားတွေက သူတို့ကို စွန့်သွားမှာတဲ့လား။ ဂူဝကနေ သူတို့ကို စောင့်နေကြမှာပေါ့ခင်ဗျ"

ဒီမှာ ရဲဒိဗ္ဗကလည်း ထောက်ခံလိုက်တယ်။

"ဟုတ်တယ် ... ဆင်ရုံကြီး၊ ဆင်ရိုင်းတွေရှိရင် မားကြီးတို့စောင့်မှာပဲ။ ဂူကြောရှည်လို့ ထွက်ပြေးသလား၊ ဒါမှမဟုတ် အထဲမှာ ဘယ်လိုအန္တရာယ်နဲ့တိုးပြီး ဆင်ဖြူသုံးစီး သေသွားသလဲသိအောင် လုပ်သင့်တာပဲ ဆင်ရုံကြီး။ အကယ်လို့ ဆင်ဖြူတွေ သေနေရင် ..."

"မောင်သီဟရဲ့ အန္တရာယ်နဲ့ကြုံရင် အထဲကနေ ဆင်အော်သံ ရန်းကန်သံ ငါတို့ ကြားရမှာပေါ့ကွယ်"

"သေသေချာချာ သိရအောင် ကျွန်တော် ဝင်ကြည့်မယ်ဗျား အကြောင်းကြောင်းကြောင့် သေနေတာဆိုလည်း သူတို့အစွယ်တွေကို ဖြတ်ပြီး သက်သေခံယူရမှာပဲ ... ဆင်ရုံကြီး"

"ဒါဆိုလည်း ဝင်ကွာ။ သတိတော့ ထားနော်"

"စိတ်ချပါ ..."

"အစ်ကို ..."

"ညီလေး ..."

"ကျွန်တော်ပါ လိုက်ခဲ့မယ်ဗျ"

"မလိုက်နဲ့။ ဂူဝမှာစောင့်နေ အရေးအကြောင်းရှိရင် ကူဖို့ပြင်ထား ဆင်ရုံကြီး ... ကျောက်ခတ်နဲ့ မီးစည်းသာပေး"

ရဲသီဟက ကျောက်ခတ်နဲ့ မီးတုတ် မီးစည်းတစ်ဖက်၊ ဆင်ထိုးလှံကြီးတစ်ဖက် ကိုင်ပြီး ဆင်တစ်ရပ်ကျော်မကမြင့်တဲ့ နွယ်ဒါန်းကျဂူထဲကို တစ်လှမ်းချင်း ဝင်လိုက်တယ်။

ရဲဒိဗ္ဗနဲ့ ဆင်ရုံကြီးတို့ကလည်း ဆင်ထိုးလှံကြီးတွေ ကိုင်ပြီး ဂူဝရဲ့ တစ်ဖက်တစ်ချက်ကနေ စောင့်ကြည့် နားစွင့်နေလိုက်ကြတယ်။





ရဲသီဟ တစ်လှမ်းချင်းသတိနဲ့ ဝင်ခဲ့လိုက်တယ်။ ဂူထဲမှာ ကျောက်တုံးကျောက်ကြေတွေ ရှိနေတယ်။

နောက် ချေးနံ့လည်း ရနေတယ်။

ချေးနံ့က ဆင်ချေးနံ့။

ဂူထဲကို ခြေလှမ်း (၁၅)လှမ်းမြောက် ဝင်ခဲ့တော့ အထဲမှာ မှောင်နေပြီး သူ ဂူနံရံကို ကပ်ပြီး အသာနားစွင့်လိုက်တယ်။

"ချောက် ..."

"အလို ..."

ခဲလုံး၊ ကျောက်တုံး ပြုတ်ကျသံမျိုး။

"အင်း ... ဟင်း ဟင်း ဟင်း ဟင်း"

အသံပဲ။

အသံက ကျားဟဲသံမျိုးမဟုတ်ဘူး။

လူတစ်ယောက်ရဲ့ ပမာမခန့် ဟင်းသံမျိုး။

အို ... ဂူထဲမှာ လူရှိပါ့မလား။ ရှိရင် ဆင်ပဲရှိမှာပေါ့။ ဆင်နံ့မရဘူး။ ဆင်တွေလှုပ်ရှားသံ မကြားရဘူး။

"ဟော့ ... ဟော့ ... ဟော့"

ဟင် ... ဘာလဲဟ။

"အင်း ... ဟင်း ဟင်း ဟင်း"

အလို ... ဒါ လူတစ်ယောက်ရဲ့ အသံပဲ။ ရဲသီဟ ဖြစ်ချင်ရာဖြစ် မီးခတ်ကိုပွတ်ပြီး မီးစာတိုင်ကို ရှို့လိုက်တယ်။ မီးစာတိုင်ကို မီးစွဲပြီး မီးအလင်းရောင်က ဂူထဲမှာ လင်းထိန်မှာ လင်းထိန်သွားလေရဲ့။

ဟင် ... လူသံကြားပြီး လူမရှိဘူး။ မီးတိုင်ကို မြှောက်လိုက်တယ်။

ဆင်သုံးကောင်လည်း မတွေ့ရပါလား။ ကျောက်ဂူနံရံက ကျောက်လုံးတွေ မညီမညာထိစပ် တွဲရွဲဂူကြီးပဲ။

www.burmeseclassic.com



ဒီမှာ အနားညီ ကျောက်တုံးတစ်တုံးကို တွေ့ရပြီး ကျောက်တုံး ပေါ်မှာ တောစာ ငှက်ပျောသီးမှည့် စားလက်စတစ်ဖီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရပါရော။

ပြီး . . . ဝါးခွက်တစ်ခု။

ဝါးခွက်ထဲမှာ ရေတစ်ဝက်ခန့် ရှိနေတယ်။

အလို . . . ရေက မွှေးကြိုင်ရနံ့ ရလို့ပါကလား။

ဒီဂူထဲမှာ ဘယ်သူရှိလို့တုံး။ ထားတော့ . . . လူရှိနေရင် အန္တရာယ် မရှိနိုင်။ ရှိနိုင်တဲ့လူရော၊ ဆင်ရိုင်းသုံးကောင်နင်းလို့များ သေရောလား။ ဒါမှမဟုတ် မသေသေးလို့ အသံပြုနေတာလား။ အဲဒီသူ ဘယ်သူများတုံး။

အို . . .

ဟို . . . ဟို . . . အဘိုးများ ဖြစ်နေရော့လား။

ဘုရား . . . ဘုရား . . . ဒီအတိုင်းဆို အဘိုးတော့ ဆင်ရိုင်းတွေ နင်းလို့ ထိုးလို့များ မသေမရှင် ဖြစ်နေပြီလား။

ရဲသီဟရင်ထဲမှာ ပူပင်မှုတွေ စဉ်းစားရင်း ပေါ်လာပါရော။

သည့်နောက် မီးစည်းတိုင်ကို ဘယ်လက်ကကိုင်၊ ညာလက်က ဆင်ထိုးလှံရှည်ကို အသင့်ပြင်ရင်း ရှေ့ကို တစ်လှမ်းတိုးလိုက်၊ မီးတုတ်ကို မြှောက်လိုက်၊ လှမ်းကြည့်လိုက်။

အလို . . . ရှေ့မှာ (ဂူအလယ်မှာ) ရေတွင်းကလေး တစ်တွင်းပါ လား။ ရေတွင်းက လက်တစ်ဝိုင်းခန့်ကျယ်ပြီး ရေပြည့်လုနီးပါး ရှိလို့။

ဟင် . . . ဂူကလည်း ဂူပိတ်ကြီး။ ဒါဖြင့် စောစောဝင်သွားတဲ့ ဆင်ဖြူတွေ ဘယ်ကိုရောက်သွားလဲ။ ဘယ်အပေါက်ကနေ ထွက်သွားကြ သလဲ။ ရဲသီဟ မီးတုတ်ကိုမြှောက်ပြီး လိုက်ရှာတော့ . . . အလို . . . ကျောက် လိုဏ်ဂူကြီးက ဂူလမ်းကြောင်းရှည် ဥမင်လိုဏ်ဂူမှ မဟုတ်ဘဲကိုး။ ရှေ့ . . . လေးငါးလှမ်းမှာ လမ်းဆုံးသွားတယ်။ ရှေ့မှာ ကျောက်တုံးကြီးတွေ ဆင့် ဆင့်ပြီး ပိတ်လို့။

လုံးဝ အပေါက်မရှိ။

---

စိတ်ကူးသစ်စာပေ



ဒါဆို ဆင်ဖြူသုံးကောင် ဘယ်အပေါက်ကနေ ထွက်သွားတုံး။

အဲဒါ အတော်ထူးဆန်းနေတယ်။

အပေါက်မရှိဘဲနှင့် ဒီဆင်သုံးကောင် လုံးဝမထွက်နိုင်။

အထဲမှာ ဆင်ချေးပုံအသစ်တွေရော၊ အဟောင်းတွေရော တွေ့ရ တယ်လေ။ သူ ကျောက်ဂူကြီးရဲ့နံရံကို မီးတိုင်နဲ့ စေ့စေ့စပ်စပ် လိုက် ကြည့်ရှာတယ်။

ကြွက်ဝင်လို့ရတဲ့အပေါက် မရှိဘူး။

ဒါနဲ့ ဂူအလယ်က ကျောက်ရေတွင်းကို ကြည့်လိုက်တော့ ရေတွေ နောက်နေတာကို ထူးထူးခြားခြား တွေ့လိုက်ရပါရော။

ဘာလို့ ရေနောက်နေရတာတုံး။

ဆင်တွေရေသောက်လို့ ရေနောက်သွားတာ နေမှာပေါ့။

ဒါဆို ဆင်ဖြူသုံးကောင် ဘယ်ကထွက်သွားတုံး။

စဉ်းစားလို့ မရဘူး။ ကျောက်ဂူခေါင်မိုးမှာလည်း အပေါက်မရှိ။ သူ ကျောက်ရေတွင်းလေးကို ငုံ့ကြည့်နေတုန်းမှာပဲ . . .

"ဟင်း ဟင်း ဟင်း ဟင်း"

ဟင် . . .

"ဟင်း ဟင်း ဟင်း ဟင်း"

ဒါ . . . လူတစ်ယောက်ရဲ့ ရိတိတိအသံ။ မီးရောင်နဲ့ ရှာတယ်။ တွေ့ဘူး။ ရှေ့ကိုကြည့်ရင် နောက်ကကြားရတယ်။ နောက်ကိုကြည့်ရင် ရှေ့ဘက်က ကြားရပြန်ရော။

"ဟော့ . . . ဘယ်သူလဲ"

"ဟော့ . . . ဘယ်သူလဲ"

"ဟော့ . . . ဘယ်သူလဲ"

"ဟော့ . . . ဘယ်သူလဲ . . . လဲ . . . လဲ . . . လဲ"

သူမေးလိုက်တဲ့အသံဟာ ဂူထဲမှာ ပဲ့တင်ထပ်သွားသလို . . .

"ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ ရယ်သံကလည်း သူ့မေးသံနှင့်အတူ ပြိုင်တူ ပဲ့တင်ပြီး နားနှစ်ဖက် အူသွားတာပဲ။

"ခင်ဗျား ဘယ်သူလဲ"

"ခင်ဗျား ဘယ်နားမှာ ရှိနေတာလဲ"

ပဲ့တင်သံတွေ လိုက်ထပ်သွားတယ်။ ပြန်ထူးသံ မကြားရဘူး။ အရပ်လေးမျက်နှာကို လုံနဲ့ချိန်ပြီး ရှာတုန်းမှာပဲ ...

"ဘုတ် ... ဒေါက်"

ကျောက်ခဲတစ်လုံး သူ့အနီးကို ကျလာတာ။

"အစ်ကို ... အစ်ကို ... အစ်ကို ..."

ဟော ... ညီလေးရဲ့ အသံပဲ။ ဒီကျောက်ခဲက ညီလေး အချက်ပြတာနဲ့ တူရဲ့။

"အစ်ကို ကျွန်တော်ဝင်ခဲ့မယ်နော်"

"မဝင်ခဲ့နဲ့ ... မဝင်ခဲ့နဲ့"

သူ အသံကုန် လှမ်းအော်လိုက်တယ်။ ပဲ့တင်သံတွေကြောင့် နားထပ်အူသွားတယ်။

ဒီမှာပဲ ဂူကြီးက တုန်ခါသလိုဖြစ်ပြီး ကျောက်မှုန်တွေ သူ့ခေါင်းပေါ်ကို ကျလာပါရော။

"ပြေး ... ပြေး ... ပြေးတော့"

"သွား ... သွား ... မြန်မြန်ထွက်သွား"

သူ့ကို သတိပေးနေတဲ့အသံ။ ဘယ်နေရာက ပြောနေမှန်းမသိဘူး။ လူလား၊ နတ်လား၊ တစ္ဆေလား။

ကျောက်မှုန်တွေနဲ့ ကျောက်ခဲစတွေ ပဲ့ကျပြီး ဝုန်းဝုန်းဝေါဝေါ အသံတွေနဲ့အတူ ...

"ဂူး ... အူး"

"ဂူး ... အူး"

"ဝေါ ... ဝေါ ... ဝေါ ... ဝုန်း ... ဂလုံး"





"ကျွီ"

"အူး ... ဂူး ... အစ် ... ဟစ် ... အစ်"

ဘုရားရေ ... ဆင်တွေရဲ့အော်သံ၊ ကျောက်တုံးအချို့ ပဲ့ကျသံ။ ဆင်တွေမမြင်ရဘဲ ဆင်အော်သံတွေ ကျောက်ဂူထဲမှာ ပဲ့တင်နေတယ်။

ရဲသီဟ မီးတိုင်ကိုကိုင်ပြီး အပေါက်ဝရှိရာ ဆုတ်ကာဆုတ်ကာ လာလိုက်တုန်းမှာပဲ ...

ဂူအမိုးပေါ်က ကျောက်တုံးတွေ ပဲ့ကျလာပြီး ဖုန်လုံး၊ ကျောက်မှုန်တွေနဲ့ ဂူဟာ ပိန်းမှောင်သွားခဲ့ပါရော။

နားထဲမှာ ညီလေး ရဲဒိဗ္ဗရဲ့ခေါ်သံ။

ကျောက်ဂူနံရံက တဖျစ်ဖျစ်မြည်သံ။

ဆင်တွေရဲ့ နားကွဲလုလု အော်သံတွေကို ကြောက်ခမန်းလိလိ ကြားလိုက်ရော သူ အပေါက်ဝရှိရာကို ပြေးထွက်လိုက်တယ်။

"ဘုန်း ..."

"အင့် ..."

"အား ..."

"ဟင် ... ညီလေးဒိဗ္ဗ"

"အစ်ကို ... အစ်ကို့ အန္တရာယ်ကင်းတယ်နော် အစ်ကို"

"အစ်ကို ... ဘာမှမဖြစ်ဘူး ... ထွက် ... ထွက် ... မြန်မြန်ထွက်"

သူက ဂူဝရှိရာကို အပြေး။ ရဲဒိဗ္ဗက အစ်ကို့စိတ်မချလို့ ဝင်အလာ ရင်ဆိုင်တိုက်မိလိုက်ကြတယ်။ သူတို့ညီအစ်ကို ပြေးထွက်လာတုန်းမှာပဲ ကျောက်ရေကန်ထဲကို ကျောက်တုံးတစ်တုံး အရှိန်နဲ့ပြုတ်ကျလို့ ဝုန်းဗွမ်း ဆိုတဲ့ အသံနှင့်အတူ ရေနှင့် ကျောက်ဖုန်မှုန့်တွေ သူတို့ကို လာရောက်ထိမှန် စို့ရွှဲပေကျံကုန်ရော။

ကျောက်ဂူကြီးရဲ့ အပြင်ကိုရောက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



ရဲသီဟ ခေါင်းနဲ့ ကိုယ်ခန္ဓာပေါ်မှာ ရေ၊ ချွေးနဲ့ ကျောက်ဖုန်မှုန့်တွေ ပေကျံညစ်ပတ်နေသလို၊ ရဲဒိဗ္ဗရဲ့ ကိုယ်ခန္ဓာပေါ်မှာလည်း အရှိန်နဲ့လွှင့်စဉ် လာတဲ့ ရေတွေ စိုရွှဲလို့။

"မောင် ... မောင်သီဟ"

"ဗျာ ... ဗျာ ... အား ... ဟူး"

"တွေ့ခဲ့လား ... ဆင်ဖြူတော်တွေ တွေ့ခဲ့လား"

"မတွေ့ဘူး ... ဟူး ... ဟော ... ဟော"

"ဘယ်ကနေ ထွက်သွားကြတာတုံး ... မောင်သီဟ ဟင်"

မောရ၊ ရင်တုန်ရတဲ့ ကြားထဲ ဆင်ရုံကြီးက တစ်မေးတည်းမေး။ ရဲသီဟ ညီငယ်လှမ်းပေးတဲ့ ရေဘူးခါးကို အားရပါးရ မော့သောက်ပြီးနောက် ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရော ...

ညီရဲဒိဗ္ဗနဲ့ ဆင်ရုံကြီးတို့ အလွန်အံ့သြသွားခဲ့ကြပြီး ပါးစပ်တွေ ဟသွားကြတယ်။

သို့သော် ဆင်ရုံကြီးက မယုံချင်ဘူး။

ဒီမှာပဲ ရဲသီဟ ညတုန်းက ကြုံခဲ့ရတဲ့ ...

အိပ်မက်လိုလို၊ ပြုစားခံရသလိုလို ဖြစ်ရပ်ထဲက ဝတ်ဖြူစင်ကြယ် နဲ့ အဘိုးအိုကြီးကို သွားမြင်သတိရလိုက်တော့တယ်။


အဘိုးအိုရဲ့ စကားသံကိုလည်း အနီးကပ်လို ကြားလိုက်ရတယ်။

"မောင်ရင်လေး ... ဂူထဲကိုဝင်ရင် ... သတိထား"

"မင်းတို့ ဒီဆင်ဖြူတွေကို ဘာဆင်တွေ မှတ်နေလို့လဲ ဟင်"

မောင်ညိုမှိုင်း(သန်လျင်)

ဒုတိယပိုင်းကတ်သိမ်းအား ဆက်လက်ပတ်ရှုပါရန်




www.burmeseclassic.com